European Commission





# ကျားထက်သာလွန်၍



အာရှဒေသရှိ ဇီဝမျိုးစုံမျိုးကွဲ
ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာကျ
ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်း
ဖော်ထုတ်ရေးအတွက် သွင်းအားစုများ



## မဟာမဲခေါင်ဒေသဆိုင်ရာ အစီရင်ခံစာ





International Cooperation and Development

**LARGER THAN TIGERS**
**Inputs for a strategic approach to biodiversity conservation in Asia - Greater Mekong report**
European Commission
Directorate-General for Communication
Publications
1049 Brussels
BELGIUM

This study, *Larger than Tigers: Inputs for a strategic approach to biodiversity conservation in Asia*, is the operational response of

the Wildlife Crisis Window, an integral part of the 'EU Biodiversity for Life' (B4Life) flagship initiative. B4Life is a conceptual framework to ensure better coherence and coordination of EU actions in the area of biodiversity and ecosystems. B4Life was defined in 2014 with the purpose of highlighting the strong linkages between ecosystems and livelihoods in view of contributing to poverty eradication. It aims to tackle drastic biodiversity loss by promoting good governance of natural resources, securing healthy ecosystems for food security, and supporting innovative ways to manage natural capital in the framework of a green economy.

This is an authorised reproduction of Chapter #4 – Greater Mekong – which appears in "LARGER THAN TIGERS Inputs for a strategic approach to biodiversity conservation in Asia - Regional reports."
Print ISBN 978-92-79-80193-8 doi: 10.2841/74114 MN-04-17-847-EN-C
PDF ISBN 978-92-79-80194-5 doi: 10.2841/046399 MN-04-17-847-EN-N

More information on the EU is available on the internet (http://europa.eu)

Cover photo credits: All Shutterstock, except for photo of elephant bathing in the river: © George-Dian Balan

This version of the "Larger than Tigers - Greater Mekong Report" has been translated by Knowledge Space and edited by the Wildlife Conservation Society in Myanmar.

2019 March — pp. 128 — 21 × 29.7 cm

Print ISBN 978-92-9238-619-1 doi: 10.2871/094807 HM-01-19-219-MY-C
PDF ISBN 978-92-9238-618-4 doi: 10.2871/575739 HM-01-19-219-MY-N

Luxembourg: Publications Office of the European Union, 2018

© European Union, 2018
Reproduction is authorised provided the source is acknowledged.

The views expressed in this study are those of the authors and do not necessarily reflect the views of the European Commission or of its services.

The designations employed and the presentation of the material on the maps do not imply the expression of any opinion whatsoever on the part of the European Commission concerning the legal status of any country, territory, city or area or of its authorities, or concerning the delimitation of its frontiers or boundaries. Every effort is made to ensure that the maps are free of errors but there is no warrant the maps or their features are either spatially or temporally accurate or fit for a particular use. The maps are provided without any warranty of any kind whatsoever either express or implied.

Where original prices are in US dollars (USD), figures were converted to euros (EUR) using a rate of USD 1.3 : EUR 1, where appropriate.

Printed in Myanmar
Printer - Print City (01467), Phone - 09 96 5000 118
Publisher - Myanmar Heritage (01562)

# ကျားထက်သာလွန်၍

## အာရှဒေသရှိ ဇီဝမျိုးစုံမျိုးကွဲ
## ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာကျ
## ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်း
## ဖော်ထုတ်ရေးအတွက် သွင်းအားစုများ

**မဟာမဲခေါင်ဒေသဆိုင်ရာ အစီရင်ခံစာ**





# #

# မဟာမဲခေါင်ဒေသ

ခရုစုတ်ငှက် (Giant ibis) သည် မဲခေါင်ဒေသရှိ မြေပြန့်တောများနှင့် ရေဝပ်ဒေသများတွင် ကျက်စားနေထိုင်သည်။ အမဲလိုက်သတ်ဖြတ်မှုများကြောင့် နေရင်းဒေသများ ပျောက်ဆုံး၊ အတန်းအစား ကျဆင်းခဲ့ရသဖြင့် ထိုမျိုးစိတ်များ ကောင်ရေ ကျဆင်းခဲ့သည်။ ကျန်ရှိသော ငှက် ၂၀၀ ခန့်မှာ ကမ္ဘောဒီးယားနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် တွေ့ရသည်။ ဥပဒေအရထိန်းသိမ်းကာကွယ်ထားပြီး အစိုးရအဖွဲ့များနှင့် NGOs များမှလည်း အလေးထား ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသည်။

# မာတိကာ


ဓာတ်ပုံများ စာရင်း
ဇယားများ စာရင်း
စာကွက်များ စာရင်း
အတိုကောက်စာလုံးများ

၀ အစီရင်ခံစာ အနှစ်ချုပ် ၁၂

၁ နောက်ခံအချက်အလက်များ ၂၀

၁.၁ လူမှုစီးပွားရေးအခြေအနေများ ၂၁
၁.၁.၁ နိုင်ငံရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများ ၂၁
၁.၁.၂ လူဦးရေနှင့် အသက်မွေးမှုများ ၂၂
၁.၁.၃ စီးပွားရေးအခြေအနေ ၂၃
၁.၂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လက္ခဏာများ ၂၄
၁.၂.၁ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတု ၂၄
၁.၂.၂ နေရင်းဒေသများနှင့် ဂေဟစနစ်များ ၂၄
၁.၂.၃ မျိုးစိတ် စုံလင်ကွဲပြားခြင်း၊ ဒေသရင်းမျိုးစိတ်များ တည်ရှိမှု၊ မျိုးသုဉ်း ပျောက်ကွယ်နိုင်ခြေ ၂၇
၁.၂.၄ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပထဝီဝင်ဒေသဆိုင်ရာ ဦးစားပေးသတ်မှတ်ချက်များ ၂၉

၂ ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် စိန်ခေါ်မှုများ ၃၆

၂.၁ တိုက်ရိုက်ခြိမ်းခြောက်မှုများ ၃၈
၂.၁.၁ တောရိုင်းတိရစ္ဆာန်မှုခင်းများနှင့် ရေရှည်မတည်တံ့သော ထုတ်ယူသုံးစွဲခြင်း ၃၈
၂.၁.၂ စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းနှင့် သီးထပ်သီးညှပ် စိုက်ပျိုးခြင်း ၄၄
၂.၁.၃ ဆည်တည်ဆောက်ခြင်းနှင့် ရေလွှဲမြောင်းတူးခြင်း ၄၅
၂.၁.၄ သစ်ထုတ်လုပ်ခြင်း ၄၆
၂.၁.၅ လူအခြေချနေထိုင်မှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံများ ၄၈
၂.၁.၆ ဓာတ်ဆီ၊ ဓာတ်ငွေ့ထုတ်လုပ်ခြင်းနှင့် သတ္တုတူးဖော်ခြင်း ၄၉
၂.၁.၇ ဂဏန်း၊ ပုဇွန်မွေးမြူရေးလုပ်ငန်း ၅၀
၂.၁.၈ ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ် ၅၀
၂.၁.၉ ရာသီဥတုပြောင်းလဲခြင်း ၅၁
၂.၂ ခြိမ်းခြောက်မှုများကိုဖြစ်စေသော အကြောင်းအရင်းများ ၅၂
၂.၂.၁ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဦးစားပေးခြင်း ၅၂
၂.၂.၂ သယံဇာတများအပေါ် တိုးမြှင့်ကျရောက်လာသော ဖိအားများ ၅၄
၂.၂.၃ အားနည်းသောစီမံအုပ်ချုပ်မှု ၅၄
၂.၂.၄ ပြည်တွင်းမငြိမ်မသက်မှုများ၊ ပဋိပက္ခများနှင့် တိုက်ပွဲများ ၅၅
၂.၂.၅ လုပ်ပိုင်ခွင့်မရှိင်မာမှုနှင့် အငြင်းပွားမှုများကြောင့် ဖြစ်ပေါ်လာသော ရေရှည်မတည်တံ့သည့် သုံးစွဲမှုများ ၅၅

၃။ ထိန်းသိမ်းစောင့်ရှောက်ရေး ဆက်လက်လုပ်ဆောင်မည့် ကြိုးပမ်းအားထုတ်မှုများ ၅၈

၃.၁ အစိုးရအခန်းကဏ္ဍ ၆၀
၃.၁.၁ ကာကွယ်ထိန်းသိမ်းရေး အဖွဲ့အစည်းများ ၆၀
၃.၁.၂ သဘာဝထိန်းသိမ်းရေးနယ်မြေများ ၆၀
၃.၁.၃ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုများကို ကိုင်တွယ်အရေးယူခြင်း ၆၇
၃.၁.၄ နိုင်ငံအဆင့်နှင့် ဒေသန္တရမူဝါဒများ ၇၁
၃.၁.၅ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် အဖွဲ့အစည်းများ ၇၃
၃.၂ ဒေသခံအစုအဖွဲ့ကို အခြေခံသော ထိန်းသိမ်းရေး ၇၇
၃.၃ အရပ်ဘက် လူမှုအဖွဲ့အစည်း ၇၇
၃.၃.၁ မဲခေါင်ဒေသတွင်းရှိ CSOs အဖွဲ့အစည်းများ ၇၇
၃.၃.၂ CSO ချဉ်းကပ်ဆောင်ရွက်မှုနှင့် စီမံကိန်းများ ၇၉
၃.၄ ပုဂ္ဂလိကကဏ္ဍ လုပ်ကိုင်ဆောင်ရွက်မှု ၈၂
၃.၅ နိုင်ငံတကာအေဂျင်စီများနှင့် အလှူရှင်များ ၈၄

၄။ လေ့လာရရှိခဲ့သော သင်ခန်းစာများ ၉၄

၄.၁ တောရိုင်းတိရစ္ဆာန် ခိုးယူသတ်ဖြတ်မှုများ ၉၆
၄.၂ သဘာဝထိန်းသိမ်းရေးနယ်မြေများ ၉၇
၄.၃ ထိန်းသိမ်းရေးအတွက် တောတောင်ရေမြေ တစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်မှု ၉၉
၄.၄ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အချက်အလက်များ မလုံလောက်ခြင်း ၁၀၀
၄.၅ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ၁၀၁
၄.၆ ပုဂ္ဂလိကကဏ္ဍ ၁၀၂

၅။ မဟာဗျူဟာချဉ်းကပ်ဆောင်ရွက်မှုများ ၁၀၄

၅.၁ ဦးစားပေးနေရာဒေသများ ၁၀၆
၅.၁.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးအတွက် အရေးပါ သော တောတောင်ရေမြေ တစ်ခွင်တစ်ပြင်နယ်မြေများ (KLCs) သတ်မှတ်ဖွဲ့စည်းခြင်း ၁၀၆
၅.၁.၂ မဟာမဲခေါင်ဒေသရှိ KLCs ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အရေးပါသော နယ်မြေများ ၁၀၉
၅.၂ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များအပေါ်ကျရောက်နေသည့် ဖိအားများကို ဖြေရှင်းခြင်းဆိုင်ရာ မဟာဗျူဟာကျသော ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ ၁၁၇
၅.၂.၁ တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းဝယ်မှုနှင့် ဝယ်လိုအားကို လျှော့ချနိုင်ရန် နိုင်ငံတကာ ပူးပေါင်းဆောင်မှုကို တိုးမြှင့်ခြင်း။ ၁၁၇
၅.၂.၂ ပိုမိုထိရောက်သော သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ကူညီပံ့ပိုးပေးခြင်း ၁၁၈
၅.၂.၃ ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးများကို ခိုင်မာတည်ရှိစေရန်နှင့် အသက်မွေးမှုများ တိုးတက်ကောင်းမွန်လာစေရန် နယ်မြေတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်မှုကို တိုးမြှင့်ခြင်း ၁၂၃
၅.၂.၄ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများနှင့် တိုးချဲ့ပညာပေးမှုများကို မြှင့်တင်ခြင်း ၁၂၄
၅.၂.၅ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးတွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ကော်ပိုရိတ်တို့၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်း ၁၂၆

## ဓာတ်ပုံများစာရင်း


ပုံ ၁.၁ မဟာမဲခေါင်ဒေသ၏ မြေအသုံးချမှုနှင့် မြေဖုံးလွှမ်းမှုပြ မြေပုံ ၂၅

ပုံ ၁.၂ မဟာမဲခေါင်ဒေသရှိ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဦးစားပေးဒေသများနှင့် ကမ္ဘာလုံးဆိုင်ရာ ဂေဟာဒေသ ၂၀၀ ၃၃

ပုံ ၁.၃ မဟာမဲခေါင်ဒေသရှိ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဦးစားပေးဒေသများနှင့် ဒေသရင်း ငှက်မျိုးစိတ် ကျက်စားရာနယ်မြေများ ၃၄

ပုံ ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးအတွက် ပင်မနယ်မြေများနှင့် ဦးစားပေး ဒေသများ ၁၀၇

ပုံ ၅.၂ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ ပင်မနယ်မြေများ၊ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသောဒေသများနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ၁၁၅


## ဇယားများစာရင်း


ဇယား ၁.၁ မဟာမဲခေါင်ဒေသရှိ နိုင်ငံအလိုက် သစ်တောဖုံးလွှမ်းမှုနှင့် သစ်တောပြုန်းတီးမှုပြ ဇယား ၂၈

ဇယား ၁.၂ အဓိက အမျိုးစားအုပ်စုများနှင့် နိုင်ငံအလိုက် သတ်မှတ်ထားသော ကုန်းတွင်းပိုင်းနှင့် ရေချိုပိုင်းနေ ခြိမ်းခြောက်ခံ မျိုးစိတ်များ ၃၀

ဇယား ၁.၃ ခြိမ်းခြောက်ခံရမှုအဆင့်အတန်းနှင့် နိုင်ငံအလိုက် သတ်မှတ်ထားသော ကုန်းတွင်းပိုင်းနှင့် ရေချိုပိုင်းနေ ခြိမ်းခြောက်ခံ မျိုးစိတ်များ ၃၁

ဇယား ၁.၄ မဲခေါင်ဒေသတွင်း နိုင်ငံများအကြား သတ်မှတ်ထားသော ဦးစားပေးနေရာဒေသများ ၃၁

ဇယား ၂.၁ ဖန်လုံဓာတ်ငွေ့ ထုတ်လွှတ်မှုများ ၅၃

ဇယား ၂.၂ အဂတိလိုက်စားမှုဆိုင်ရာ အညွှန်းကိန်းများ၊ ၂၀၁၆ ၅၅

ဇယား ၃.၁ အစိုးရအေဂျင်စီများအကြား ထိန်းသိမ်းစောင့်ရှောက်မှုအတွက် တာဝန်ခွဲဝေမှု အနှစ်ချုပ် ၆၁

ဇယား ၃.၂ မဟာမဲခေါင်မြစ်ဒေသ၌ သဘာဝထိန်းသိမ်းရေးနယ်မြေ လွှမ်းခြုံမှု အနှစ်ချုပ် ၆၃

ဇယား ၃.၃ နိုင်ငံအလိုက် ထိန်းသိမ်းရေးနယ်မြေအတွင်းရှိ KBAs လွှမ်းခြုံမှု အခြေအနေ ၆၃

ဇယား ၃.၄ နိုင်ငံတကာ သဘောတူညီချက်နှင့် စာချုပ်တွင် စာရင်းသွင်းထားသော နယ်မြေစာရင်း ၇၃

ဇယား ၃.၅ မဲခေါင်ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲနှင့် ဆက်စပ်သည့် သဘောတူညီချက်ဆိုင်ရာ အတန်းအစား ၇၄

ဇယား ၃.၆ မဟာမဲခေါင်ဒေသရှိ နိုင်ငံတစ်ခုချင်းစီအလိုက် အသားတင် ODA ရရှိမှု၊ ၂၀၁၁-၂၀၁၅ ၈၅

ဇယား ၃.၇ OECD အလှူရှင်များမှ အသားတင် ODA ရရှိမှု ၈၇

ဇယား ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသော တစ်ခွင်တစ်ပြင် နယ်မြေများ KLCs ၁၀၉

ဇယား ၅.၂ မဟာမဲခေါင်ဒေသရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းထားသော KLCs များ ၁၁၄

ဇယား ၅.၃ မဟာမဲခေါင်ဒေသတွင် ဖော်ထုတ်ထားသော KLC အုပ်စုများအတွင်းရှိ အရေးပါသော သဘာဝထိန်းသိမ်းရေး နယ်မြေများ ၁၁၄


## စာကွက်များစာရင်း


စာကွက် ၁- ထိုင်းနိုင်ငံအနောက်ပိုင်းရှိ သစ်တောနယ်မြေများ (WEFCOM) နှင့် ယင်းနှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံရှိ သစ်တောနယ်မြေများ (KLCs ၆ နှင့် ၈) ၁၀၈

စာကွက် ၂- တောင်လဲဆတ် Tonle Sap ရေကန်၊ ကမ္ဘောဒီးယားနိုင်ငံ (KLC 16) ၁၁၉

စာကွက် ၃- Annamite တောင်တန်း (KLCs ၁၉၊ ၂၀ နှင့် ၂၅) ၁၂၂

# အတိုကောက်စကားလုံးများ

| | |
|---|---|
| ACB | အာဆီယံ ဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာန |
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| AHP | အာဆီယံအမွေအနှစ်ဥယျာဉ် |
| ARREST | ခြိမ်းခြောက်ခံမျိုးစိတ်များ မှောင်ခိုကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှဒေသအစီအစဉ် ASAP မျိုးစိတ်များဆိုင်ရာ အာရှ မိတ်ဖက် လုပ်ငန်းအဖွဲ့ |
| ASEAN | အရှေ့တောင်အာရှနိုင်ငံများအသင်း |
| ASEANAPOL | အာဆီယံရဲတပ်ဖွဲ့များ ကွန်ရက် |
| ASOF | အာဆီယံ သစ်တောကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဖွဲ့ |
| CBD | ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း |
| CEPF | အရေးပေါ်ဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့ |
| CITES | မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း |
| CMS | ပြောင်းရွှေ့ကျက်စားတတ်သည့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်း |
| CSO | အရပ်ဘက် လူမှုအဖွဲ့အစည်း |
| DAC | ဖွံ့ဖြိုးရေးအထောက်အပံ့ ပေးအပ်ခြင်းဆိုင်ရာ ကော်မတီ (OECD) |
| DNA | အောက်ဆီဂျင်မဲ့ နျူကလီယက်အက်စစ် |
| EAAFP | အရှေ့အာရှ-ဩစတေးလျ လေကြောင်းလိုင်းဆိုင်ရာ ပူးပေါင်းရေးအဖွဲ့ |
| EBA | ရှားပါးငှက် ထိန်းသိမ်းရေးနယ်မြေ |
| EIA | ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း |
| EU | ဥရောပသမဂ္ဂအဖွဲ့ |
| EUR | ယူရိုငွေကြေး |
| FAO | ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့  (UN) |
| FFI | အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ |
| FLEGT | သစ်တောဥပဒေစိုးမိုးရေး၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ် (EU) |
| FSC | သစ်တောကြီးကြပ်ရေးကောင်စီ |
| G200 | ကမ္ဘာ့ ဂေဟဒေသ ၂၀၀ |
| GEF | ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အထောက်အပံ့အဖွဲ့ |
| GHG | ဖန်လုံအိမ်ဓာတ်ငွေ့ |
| GIZ | Deutsche Gesellschaft für Internationale Zusammenarbeit ( ဂျာမန်နည်းပညာ ကူညီပံ့ပိုးရေးအေဂျင်စီ) |
| GM/GMS | မဟာမဲခေါင်ဒေသ (မဟာမဲခေါင်ဒေသခွဲ) |
| IAS | ကျူးကျော်ဝင်ရောက်လာသော မျိုးစိတ်များ |
| IBA | အရေးပါသော ငှက်ထိန်းသိမ်းရေးနယ်မြေ |
| ICCWC | တောရိုင်းတိရစ္ဆာန် ခိုးယူသတ်ဖြတ်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာပေါင်းစည်းရေးအဖွဲ့ |
| (I)NDC | (ရည်ရွယ်ထားသော) အမျိုးသားအဆင့် သတ်မှတ်ထားသည့် ဆောင်ရွက်ချက်များ |
| IUCN | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ |
| KBA | အဓိက ဇီဝမျိုးစုံမျိုးကွဲ ကျက်စားရာနေရာ |
| KfW | KfW Entwicklungsbank (ဂျာမန်အစိုးရပိုင် နိုင်ငံတကာဖွံ့ဖြိုးရေးဘဏ်) |

| | |
|---|---|
| KLC | ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသော တောတောင်ရေမြေ တစ်ခွင်တစ်ပြင် |
| Lao PDR | လာအို ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ |
| MAB | လူသားနှင့် ဇီဝအသိုက်အမြုံဆိုင်ရာ အစီအစဉ် (UNESCO) |
| MAFF | စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန (ကမ္ဘောဒီးယားနိုင်ငံ) |
| METT | ထိရောက်သော စီမံအုပ်ချုပ်မှုကို ဆန်းစစ်သည့်နည်းလမ်း |
| MoE | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ကမ္ဘောဒီးယားနိုင်ငံ) |
| MoU | နားလည်မှုစာချွန်လွှာ |
| MRC | မဲခေါင်မြစ်ဆိုင်ရာ ကော်မရှင် |
| (M)tCO2e | (mega) ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ညီမျှသော တန် (ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုဆိုင်ရာ ယူနစ်) |
| NBSAP | အမျိုးသား ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| NP | အမျိုးသားဥယျာဉ် |
| NPA | အမျိုးသားထိန်းသိမ်းရေးနယ်မြေ (လာအို) |
| NTFP | သစ်မဟုတ်သော အခြား သစ်တောထွက်ပစ္စည်းများ |
| ODA | တရားဝင် ဖွံ့ဖြိုးရေး အထောက်အပံ့များ |
| OECD | စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်း |
| PA | သဘာဝထိန်းသိမ်းရေးနယ်မြေ |
| PADDD | PA အဆင့်အတန်းကျဆင်းခြင်း၊ ဧရိယာနည်းလာခြင်းနှင့် ပယ်ဖျက်ခြင်း |
| PES | ဂေဟစနစ် ဝန်ဆောင်မှုဆိုင်ရာ ငွေပေးချေမှု |
| PFES | သစ်တောဂေဟစနစ်ဝန်ဆောင်မှုဆိုင်ရာ ငွေပေးချေမှု (ဗီယက်နမ်) |
| PRC | ထိန်းသိမ်းရေးဆိုင်ရာ ဦးစားပေးဒေသများ |
| REDD+ | ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းမှုတို့မှ ကာဗွန်ထုတ်လွှတ်မှု လျော့ချခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း။ |
| RSPO | ရေရှည်တည်တံ့သည့် ဆီအုန်းလုပ်ငန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ |
| SDGs | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မျှော်မှန်းချက်များ |
| SEZ | အထူးစီးပွားရေးဖွံ့ဖြိုးရေးဇုန် |
| SMART | နေရာဒေသအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြသည့်နည်းလမ်း |
| TRAFFIC | စီးပွားဖြစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကုန်သွယ်မှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ ( IUCN နှင့် WWF တို့ ပူးပေါင်းဆောင်ရွက်သည်) |
| UK | ယူနိုက်တက်ကင်းဒန်း |
| UN/UNDP/UNEP | ကုလသမဂ္ဂအဖွဲ့/ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် /ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် |
| UNESCO | ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း |
| UNFCCC | ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း |
| UNODC | မူးယစ်ဆေးဝါးနှင့် ပြစ်မှုများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ |
| USA | အမေရိကန်ပြည်ထောင်စု |
| USAID | နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ အမေရိကန်အေဂျင်စီ |
| USD | အမေရိကန်ဒေါ်လာ |
| VPA | မိမိတို့ဆန္ဒအလျောက် မိတ်ဖက်ပြုရေးဆိုင်ရာ သဘောတူညီချက် (EU FLEGT အစီအစဉ်အောက်တွင် လက်မှတ်ထိုးထားသော) |
| WCPA | သဘာဝထိန်းသိမ်းရေးနယ်မြေဆိုင်ရာ ကော်မရှင် |
| WCS | သားငှက်ထိန်းသိမ်းရေးအဖွဲ့ |
| WEN | တောရိုင်းတိရစ္ဆာန်သတ်ဖြတ်မှုများ တိုက်ဖျက်ရေး ကွန်ရက် |

| | |
|---|---|
| WHS | ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေ |
| WWF | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ |
| ZSL | လန်ဒန် သတ္တဗေဒအသင်း |





# ၀

# အစီရင်ခံစာ အနှစ်ချုပ်

Ha Long Bay ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေ၊ ဗီယက်နမ်နိုင်ငံ။ ကျောက်တောင်များ၊ ရေချိုရင်းမြစ်များနှင့် သစ်တောများ ဝိုင်းရံတည်ရှိသော ထုံးကျောက်တောင်ဂေဟာစနစ်တွင် ဒေသတွင်း ထင်ရှားသည့် ခြိမ်းခြောက်ခံ မျိုးစိတ်များစွာ မှီတင်း နေထိုင်ကြပါသည်။



# အစီရင်ခံစာ အနှစ်ချုပ်

မဟာမဲခေါင်ဒေသတွင်းရှိ နိုင်ငံငါးခုဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်စသောနိုင်ငံများသည် ရှေးဟောင်းယဉ်ကျေးမှုများ ထွန်းကားဖြစ်တည်ရာ အရပ်ဖြစ်ပြီး လွန်ခဲ့သောနှစ်များတွင် နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ရုတ်ချည်းပြောင်းလဲတိုးတက်မှုများဖြစ်ပွားခဲ့သည်။ နိုင်ငံအသီးသီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ဆင်းရဲနွမ်းပါးမှုများကိုလျှော့ချနိုင်ခဲ့ကာ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် မြို့ပြနှင့် စက်မှုလုပ်ငန်းများအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ တစ်ဖက်တွင်လည်း မြေယာနှင့် သယံဇာတများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဆက်တိုက် ဖြစ်ပေါ်ခဲ့သည်။

မဲခေါင်ဒေသသည် မြန်မာနိုင်ငံမြောက်ဖျားရှိ နှင်းတောင်တန်းများ၊ တစ်ခွင်တစ်ပြင် ပေါက်ရောက်လျက်ရှိသော အမြဲစိမ်းတောနှင့် သမပိုင်း အမြဲစိမ်းတောများ၊ ထုံးကျောက်တောင်များ၊ မဲခေါင်မြစ်အပါအဝင် အခြားမြစ်ချောင်းစနစ်များနှင့် ရေချိုရေကန်များ၊ စိမ့်ချောင်း အင်းအိုင်များ စသော ဂေဟစနစ်နှင့် သဘာဝဝန်းကျင်အမျိုးမျိုးတို့ကိုလွှမ်းခြုံထားပါသည်။ မတူကွဲပြားသော ရာသီဥတု၊ မြေမျက်နှာ သွင်ပြင်နှင့် သဘာဝပေါက်ပင်များ စသည်တို့ကြောင့် မျိုးစိတ်များစုံလင်ကွဲပြားစွာ တည်ရှိပြီး ဒေသမျိုးရင်းများမှာလည်း ပေါများလေသည်။ ထိုသို့ အရေးပါသော တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ၏ နေရင်းဒေသများ ပျောက်ကွယ်ဆုံးရှုံးလျက်ရှိသောကြောင့် မဲခေါင်ဒေသကို ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ဦးစားပေး နေရာဒေသ အင်ဒို-ဘာမား ပင်မနယ်မြေ/ဟော့စပေါ့အဖြစ် သတ်မှတ်အသိအမှတ်ပြုထားကြပါသည်။

မဟာမဲခေါင်ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများသည် နေရင်းဒေသများ ပျောက်ကွယ်ခြင်းနှင့် ထုတ်ယူသတ်ဖြတ်သုံးစွဲခြင်း စသော အန္တရာယ်များနှင့် ရင်ဆိုင်နေရလျက်ရှိသည်။ နေရင်းဒေသများ ပျောက်ကွယ်ရခြင်းမှာ လုပ်ကွက်ငယ်တောင်သူများ ချဲ့ထွင်စိုက်ပျိုးမှုများအပြင် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ မြို့ပြချဲ့ထွင်တည်ဆောက်မှုများနှင့် အခြေခံအဆောက်အဦများ တိုးတက်များပြားလာခြင်း စသည်တို့မှာလည်း နေရင်းဒေသ ဆုံးရှုံးပျောက်ကွယ်မှုများကို ဖြစ်ပေါ်စေပါသည်။ ရေချိုအရင်းအမြစ်များမှာလည်း ညစ်ညမ်းခြင်း၊ ရေတားတမံများ တည်ဆောက်ခြင်းနှင့် ရေအားလျှပ်စစ်အတွက် ဆည်များ တည်ဆောက်ခြင်း စသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပါသည်။ လူဦးရေတိုးပွားလာခြင်း၊ တောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်စားသုံးခြင်း၊ တရုတ်နိုင်ငံသာမက နိုင်ငံတကာရှိ တောရိုင်းတိရစ္ဆာန်ဈေးကွက်များနှင့် နီးကပ်စွာတည်ရှိခြင်း စသည်တို့သည် မဲခေါင်ဒေသတွင်းရှိ တောရိုင်းတိရစ္ဆာန်များအပေါ် ခြိမ်းခြောက်လျက် ရှိပါသည်။



ဗီယက်နမ်နိုင်ငံရှိ Van Long သဘာဝကြိုးဝိုင်းသည် လူနေထူထပ်သည့် မြစ်နီမြစ်ဝကျွန်းပေါ်ဒေသရှိ သဘာဝနေရင်းဒေသများစွာ ရှိသော ကျွန်းငယ်တစ်ခုဖြစ်သည်။ သစ်တောများ ဖုံးလွှမ်းထားသည့် ထုံးကျောက်တောင်များတွင် Delacour's langur မျိုးစိတ် ၅၀ ခန့် ကျက်စား နေထိုင်ကျသည်။ အဆိုပါ ခြိမ်းခြောက်ခံ မျောက်မျိုးစိတ်ကို ကောင်းစွာ ကာကွယ်စောင့်ရှောက်ထားလေသည်။ သဘာဝကြိုးဝိုင်းကို ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်ကြပါသည်။

သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်လျက်ရှိသော ခြိမ်းခြောက်မှုများကို ဖြေရှင်းဆောင်ရွက်သည့်အနေဖြင့် မဲခေါင်ဒေသတွင်းရှိ အစိုးရအသီးသီးသည် ကုန်းမြေဧရိယာ၏ ၁၄ ရာခိုင်နှုန်းခန့်ကို သဘာဝ ထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ် ဖွဲ့စည်းထားပြီး စုစုပေါင်း ထိန်းသိမ်းရေးနယ်မြေမှာ ၇၅၀ ကျော်ခန့် ရှိပါသည်။ တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုများကို တိုက်ဖျက်လျှော့ချလျက် ရှိသည်။ တစ်ခွင်တစ်ပြင် ကျယ်ပြန့်စွာ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက် ရှိသည်။ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံ၏ သစ်တောများကို စီမံ အုပ်ချုပ် ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သော ဒေသခံများကို ဆုချီးမြှင့်သည့်စနစ်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်၍ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သော အရင်းအမြစ်များနှင့် နည်းပညာကျွမ်းကျင်မှုများကို ရယူလျက်ရှိပြီး ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် မလိုလားအပ်သောအငြင်းပွားမှုများကို ဖြေရှင်းနိုင်သည်ကို တွင်ကျယ်စွာ အသိအမှတ်ပြု လက်ခံလာကြပါသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များမှာလည်း မိမိတို့လုပ်ငန်းများ၏ ပတ်ဝန်းကျင် ထိခိုက်မှုများကိုလည်း နားလည်သိရှိလာကြကာ ဥပမာအားဖြင့် ဘိလပ်မြေစက်ရုံ၊ ဆီအုန်းနှင့် သစ်တောစိုက်ခင်း စသည့် လုပ်ငန်းများတွင် ဖြစ်ပေါ်လာသော သက်ရောက်မှုများကို လျှော့ချရန် အားထုတ်လျက်ရှိသည်။ မဲခေါင်ဒေသတွင်း နိုင်ငံများသည် အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများ ဖြစ်သောကြောင့် တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုများကို တိုက်ဖျက်နိုင်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သတင်းအချက်အလက်များနှင့် စွမ်းဆောင်ရည် တည်ဆောက်မှုများကို တိုးမြှင့်ဆောင်ရွက်လာနိုင်ရန် အာဆီယံ ဒေသတွင်း အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။

ထိုသို့ပူးပေါင်းဆောင်ရွက်မှုများကိုအကောင်အထည်ဖော်လျက်ရှိသော်လည်း မဲခေါင်ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟာစနစ်များအပေါ် သက်ရောက်မှုများ/ခြိမ်းခြောက်မှုများမှာ များပြားလာပြီး ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၏ အရေအတွက်မှာလည်း သိသိသာသာ ကျဆင်းလာပါသည်။ သဘာဝထိန်းသိမ်းရေးနယ်မြေ အများစုကို လက်တွေ့မြေပြင်တွင် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းမရှိဘဲ အရင်းအမြစ်များ အနည်းငယ်သာရရှိပြီး အချို့ထိန်းသိမ်းရေးနယ်မြေများကို ပယ်ဖျက်ထုတ်နုတ်ခဲ့၍ အခြား မြေအသုံးချမှုများကို ပြောင်းလဲခဲ့ပါသည်။

တရားမဝင် တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုများကို တိုက်ဖျက်နိုင်ရန်တရားဥပဒေလိုက်နာဆောင်ရွက်မှုကိုမြှင့်တင်ဆောင်ရွက်ရာတွင်

လည်း အရင်းအမြစ်များ မရရှိခြင်း၊ စွမ်းဆောင်ရည်နိမ့်ပါးခြင်း၊ အကျင့်ပျက်ချစားခြင်းနှင့် နိုင်ငံရေး ထောက်ခံအားပေးမှု မရရှိခြင်း စသည် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ဒေသတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ စီမံအုပ်ချုပ်မှု တိုးတက် ကောင်းမွန်လာစေရန် လက်ရှိ ဆောင်ရွက်ချက်များကို အခြေခံကာ ဖြည့်စွက် မြှင့်တင်ဆောင်ရွက်နိုင်သော အခွင့်လမ်းကောင်း များစွာလည်း ရှိပါသည်။ အဆိုပါ မဟာဗျူဟာကျသော ချဉ်းကပ်ဆောင်ရွက်မှုများ၏ အရေးပါသော နည်းလမ်းများကို အောက်တွင် ဖော်ပြထားပါသည်။

* တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှုများနှင့် တောရိုင်းတိရစ္ဆာန်များ ခိုးယူသတ်ဖြတ်မှုများဖြစ်စေသော ဈေးကွက်ဝယ်လိုအားများ စသည်တို့ကို လျှော့ချဖြေရှင်းနိုင်ရန် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ခြင်း၊ ရောင်းဝယ်ဖောက်ကားသည့် လမ်းကြောင်းတစ်လျှောက် အရေးပါသောအဆင့်များ၌ ကြပ်မတ်ဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊ နိုင်ငံအသီးသီးတွင် ကျင့်သုံးလျက်ရှိသော ဥပဒေမူဝါဒများ၏ အားနည်းချက်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အကျင့်ပျက် ခြစားမှုများကို လျှော့ချ၍ ငွေကြေးခဝါချမှုများကို တိုက်ဖျက်သည့် ပြဋ္ဌာန်းချက်များကို ထုတ်ပြန်ခြင်းအားဖြင့် ဖြစ်ပေါ်လာသည့် မှုခင်းများကို ဖြေရှင်းနိုင်ရန် စသည်တို့အတွက် နိုင်ငံများကို ကူညီပံ့ပိုးပေးခြင်း။ တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်သော ပုဂ္ဂလိကကဏ္ဍကို လျှော့ချနိုင်ရန် ပူးပေါင်း ဆောင်ရွက်ခြင်း။ ဈေးကွက်ဝယ်လိုအား ကျဆင်းလာစေရန် အသိပညာပေး ဟောပြောပွဲများနှင့် အမြင်ဖွင့် လူထုလုပ်ရှားမှုများကို ကူညီ အားပေးခြင်း။

* သဘာဝထိန်းသိမ်းရေးနယ်မြေ၏ တရားဝင် အဆင့်အတန်း/ သတ်မှတ်ချက်အပေါ် အားနည်းစေနိုင်သည့် အချက်များကို ဖြေရှင်း ဆောင်ရွက်လျက် မြေပြင် ကွင်းဆင်းအုပ်ချုပ်လုပ်ကိုင်မှုများအတွက် လိုအပ်သောအရင်းအမြစ်များကို ထောက်ပံ့ပေးခြင်း အပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုများကို မြှင့်တင် အားကောင်းစေခြင်း။

* ဒေသခံများ၏ အသက်မွေးမှု တိုးတက်ကောင်းမွန်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးများကို ပေါင်းစပ်ဖော်ဆောင်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော နယ်မြေများ အထူးသဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေ အနီးဝန်းကျင်နှင့် နယ်မြေများကြားတွင် ဧရိယာတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်မှုကို တိုးမြှင့်ခြင်း။ အရေးပါသောနည်းလမ်းများတွင် စီမံချက်ရေးဆွဲခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်များ၊ အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် လုံခြုံစိတ်ချမှုဆိုင်ရာ မူဝါဒများ၊ ဒေသခံပြည်သူများနှင့် အရင်းအမြစ် သုံးစွဲသူများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြည်သူ ပူးပေါင်း ပါဝင်သော ချဉ်းကပ်ဆောင်ရွက်မှုစနစ် စသည်တို့ ပါဝင်လေသည်။

* သတ်မှတ်ထားသည့် မျိုးစိတ်များ၏ ထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်နှင့် အဆင့်အတန်းများကို သတ်မှတ်ခြင်း အပါအဝင် ဇီဝ မျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး စီမံချက်ရေးဆွဲခြင်းနှင့် အကဲဖြတ်လေ့လာခြင်းဆိုင်ရာ သိတတ်နားလည်မှုများကို တည်ဆောက်ခြင်း၊ ဦးစားပေးလုပ်ငန်းစဉ်များကို ဖြည့်စွက်ချမှတ်ခြင်း၊ ဆုံးဖြတ်ချက် ချမှတ်သူများကို အသိပေးနိုင်ရန် သုတေသနများကို လျာထားဆောင်ရွက်ခြင်း (ဥပမာ- ဂေဟစနစ်များ၏ သဘာဝ အရင်းအနှီး တန်ဖိုးများနှင့် ပတ်သက်သည့်သုတေသန)။ အာဆီယံ အဖွဲ့အစည်းများအကြား သတင်းအချက်အလက်များနှင့် သင်ခန်းစာများကို မျှဝေမှုကို တိုးမြှင့်ခြင်း။

* အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပေးခြင်း။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် သေးငယ်သော်လည်းအရေးပါသော ဆက်စပ် ပတ်သက်သူအုပ်စုတစ်ခုဖြစ်ပြီး စွမ်းဆောင်ရည် မြှင့်တင်ရာတွင် ကူညီပံ့ပိုးမှု များစွာဆောင်ရွက်ရန် လိုပါသည်။ပုဂ္ဂလိကကဏ္ဍသည် သယံဇာတအရင်းအမြစ်များကို အဓိက ထုတ်ယူသုံးစွဲသူများဖြစ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လုံခြုံစိတ်ချမှု အစီအမံများကို အစပြု၍ ပိုမို ဂရုပြု လိုက်နာလာကြပြီ ဖြစ်သည်။ အစိုးရချမှတ်ထားသော မူဝါဒများနှင့် ဈေးကွက်များအပေါ် သတ်မှတ်ထားသည့် ဖိအားများသည် ကုမ္ပဏီများအကြား ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်များ မြှင့်တင်ရာတွင် ကောင်းစွာ အထောက်အကူပြုလေသည်။





# ၁

## နောက်ခံအချက်အလက်များ

Red-shanked douc ကို လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ သစ်တောများတွင် တွေ့ရှိရပြီး မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်ထားပါသည်။ မဲခေါင်ဒေသတွင် ပရိုင်းမိတ်မျိုးစိတ်များ စုံလင်ကွဲပြားစွာ ကျက်စား တည်ရှိပြီး အများစုမှာ ရှားပါးမျိုးစိတ်နှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များ ဖြစ်သည်။

# ၁။ နောက်ခံအချက်အလက်များ

ယခုအခန်းတွင် မဟာမဲခေါင်ဒေသအတွင်း တည်ရှိသော ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ စသော နိုင်ငံငါးနိုင်ငံနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးဖော်ပြထားပါသည်။ အရှေ့တောင် အာရှနိုင်ငံများနှင့် ဇီဝဗေဒဆိုင်ရာ နီးစပ်မှုရှိကာ မဟာမဲခေါင်ဒေသ တွင် တစ်စိတ်တစ်ပိုင်း ပါဝင်သော တရုတ်နိုင်ငံ၏ တောင်ပိုင်းခရိုင်များ နှင့် ပတ်သက်သည့် အချက်အလက်များကို အရှေ့အာရှဒေသနှင့် စပ်လျဉ်းသည့် အခန်းခွဲတွင် ဖော်ပြထားပါသည်။



ဗီယက်နမ်နိုင်ငံ၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ Cai Rang ရေပေါ်ဈေး။ မဟာမဲခေါင်ဒေသရှိ စီးပွားရေးဖွံ့ဖြိုးမှုများသည် လူသန်းပေါင်းများစွာ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့သော်လည်း ပတ်ဝန်းကျင်ထိခိုက်မှုများသည် ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုကို ခြိမ်းခြောက်လျက်ရှိပြီး စီးပွားရေးတိုးတက်မှုကို ဟန့်တားနှောင့်ယှက်နိုင်ပါသည်။ စဉ်ဆက်မပြတ် တိုးတက်သော စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးရန်မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် များစွာ အရေးပါလှသည်။

ပြီးခဲ့သော နှစ်များတွင် ဆင်းရဲမွဲတေမှုနှင့် လူဦးရေတိုးပွားမှုတို့မှာ မဟာမဲခေါင်ဒေသရှိသဘာဝသယံဇာတများပျက်စီးဆုံးရှုံးမှုကိုဖြစ်စေသည့် အဓိကအကြောင်းရင်း ဖြစ်ခဲ့ပါသည်။ ဆင်းရဲမွဲတေမှုနှင့် လူဦးရေတိုးပွားမှုတိုးမှာ မြင့်တက်လာခဲ့ပြီး လူတစ်ဦးလျှင် သယံဇာတလိုအပ်ချက်များ တိုးမြင့်လာခဲ့ကာ အကျိုးဆက်အနေဖြင့် မျိုးစိတ်များနှင့် ဂေဟာစနစ်များ ပျောက်ကွယ် ပျက်စီးခဲ့ရပါသည်။ မဟာမဲခေါင်ဒေသသည် စီးပွားရေး ဖွံ့ဖြိုးမှုတိုးတက်သောဒေသဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အရေးပါသော နေရာဖြစ်ကာ ကမ္ဘာ့ဒုတိယ စီးပွားရေးအကြီးဆုံးနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက် ရှိသည်။ အဆိုပါ အချက်များသည် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟာစနစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရာတွင် စိန်ခေါ်မှုများပင်ဖြစ်ပြီး ရေတိုဖွံ့ဖြိုးတိုးတက်မှုများကိုသာ ကူညီဖော်ဆောင်နိုင်မည် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်စနစ်များ၏ ပြောင်းလဲနှုန်းမြန်သည်ကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့ အခြားဒေသများနှင့်မတူဘဲ အရှေ့တောင်အာရှဒေသတွင် အပြည်ပြည်ဆိုင်ရာ သဘာဝ ထိန်းသိမ်းရေးအဖွဲ့ (IUCN) မှ သတ်မှတ်ထားသော မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်များစွာ တည်ရှိသည်ကို သိနိုင်ပါသည်။

ယခုအခန်းတွင် ဇီဝမျိုးစုံ မျိုးကွဲများအကြောင်းကို ဖော်ပြထားပြီး အိမ်မွေးတိရစ္ဆာန် မျိုးစိတ်များ ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးတင်ပြထားခြင်း မရှိပါ။ သို့သော်လည်း တောရိုင်းနှင့် အိမ်မွေးတိရစ္ဆာန်များ ထိန်းသိမ်းရေး လုပ်ငန်းများသည် တစ်ခုနှင့် တစ်ခု ဆက်နွှယ်ဆင်တူလျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မဲခေါင်ဒေသတွင်းရှိ သစ်တောများ ရေဝပ်ဒေသများနှင့် မြက်ခင်းပြင်များသည် ယနေ့လူသားများ မှီခိုသုံးစွဲလျက်ရှိသော မွေးမြူထားသည့် တိရစ္ဆာန်များနှင့် အပင်များ၏ မျိုးရိုးဗီဇမူရင်းလက္ခဏာများ ပေါ်ပေါက်ဖြစ်တည်ရာ အရပ်များပင်ဖြစ်သည်အပြင် မိရိုးဖလာ ဘက်စုံသုံးမြေအသုံးချမှုစနစ်များသည် နှစ်မျိုးလုံးသော ဇီဝမျိုးစုံမျိုးကွဲများအတွက် အရေးပါပြီး ယင်းဇီဝမျိုးစုံ မျိုးကွဲနှစ်ခုလုံးမှာ ထိန်းချုပ်မှုမရှိဘဲ ဗီဇတူမျိုးစိတ်တစ်မျိုးတည်း စိုက်ပျိုး၍ အရင်းအနှီးအခြေပြု လုပ်ကိုင်သော စက်မှုလယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများ၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။

ဒေသတွင်းရှိ စပါးမျိုးစိတ်ကွဲပေါင်း ၁၀၀,၀၀၀ ခန့်သည် ဗီဇတူမျိုးစိတ်များကိုသာ ချဲ့ထွင်စိုက်ပျိုးခြင်းနှင့် မျိုးသစ်များကို မိတ်ဆက်စိုက်ပျိုးခြင်း စသည်တို့ကြောင့် ပျောက်ကွယ်သွားနိုင်ပါသည်။ ထိုဗီဇမျိုးစိတ်များကို သမားရိုးကျ ဂေဟာစနစ်အခြေပြု စိုက်ပျိုးကာ In situ ထိန်းသိမ်းခြင်းသည် ex situ ထိန်းသိမ်းရေး နည်းလမ်းများ (ဗီဇဘဏ်ဖြင့် ထိန်းသိမ်းခြင်း) အပြင် ဖြည့်စွက်နည်းလမ်းကောင်းများဖြစ်ပြီး[1] လယ်ယာစိုက်ပျိုးရေး ထွက်ကုန်မျိုးစုံ ကွဲပြားမှုကို ထိန်းသိမ်းထားနိုင်ခြင်းနှင့် နယ်မြေတစ်ခွင်တစ်ပြင်ရှိ သဘာဝမျိုးစုံ မျိုးကွဲများကို ထိန်းသိမ်းထားနိုင်ခြင်း စသည် နှစ်ခုအကြား နီးစပ် ဆက်နွှယ် ပတ်သက်မှုများ ရှိနိုင်ပါသည်။

## ၁.၁ လူမှုစီးပွားရေး အခြေအနေများ

............................

### ၁.၁.၁ နိုင်ငံရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာများ

မဟာမဲခေါင်ဒေသသည် အာရှယဉ်ကျေးမှုများ ထွန်းကား ဖြစ်တည်ရာ အရပ်ဖြစ်ပြီး ၁၂ ရာစုတွင် အန်ကိုရီယန်အင်ပါယာ (Angkorian Empire) ကြီးစိုး ထိန်းချုပ်ခဲ့သော နယ်မြေဒေသလည်း ဖြစ်သည်။ ရေသွင်းစပါးများကို စိုက်ပျိုးခဲ့ကြခြင်းကြောင့် အစာရေစာဖူလုံခဲ့ရုံမျှမက စီးပွားရေးအကျိုးအမြတ်များပါ ရရှိခဲ့ခြင်းကြောင့် အင်ပါယာသည် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ထိုကာလများတွင်ပင် မြေပြင်ဒေသရှိ သစ်တောဧရိယာများကို အပြောင် ခုတ်ထွင် ရှင်းလင်းခဲ့ကြသည်။ ထိုင်းနိုင်ငံမှလွဲ၍ ဒေသတွင်းရှိ အခြားသော နိုင်ငံများသည် ၁၆ ရာစုနှောင်းပိုင်းတွင် စတင်ပြီး ၁၉ ရာစုတွင် အရှိန်အဟုန်ဖြင့် ဖြစ်ပွားခဲ့သော ဥရောပနိုင်ငံများ၏ ကိုလိုနီနယ်ချဲ့ကျူးကျော်မှုများကို ခံခဲ့ရသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ဦးစွာပထမ လွှမ်းမိုးခံခဲ့ရပြီး ဥရောပတို့၏ နယ်ချဲ့ကျူးကျော်မှုများကြောင့် စက်မှုလယ်ယာ ဆန်စပါးထုတ်လုပ်မှုများ မြင့်တက်လာခဲ့ကာ စီးပွားဖြစ် ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း လုပ်ကိုင်လာခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ် ဝန်းကျင်ခန့်တွင် ဒေသတစ်ခုလုံးသည် ကိုလိုနီကြီးစိုးအုပ်ချုပ်မှုမှ လွတ်လပ်ရေးရရှိခဲ့ပြီး နိုင်ငံများသည် အင်အားချည့်နဲ့ကာ ကောင်းစွာ မရပ်တည်နိုင်ခဲ့ပေ။ အကျိုးဆက်အနေဖြင့် ပြည်တွင်း ပဋိပက္ခ စစ်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ ထိုသို့သော ပြည်တွင်း ပဋိပက္ခများသည် သိသာဆိုးဝါးသော ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ဥပမာအားဖြင့် ဗီယက်နမ်စစ်ပွဲတွင် အမေရိကန် တပ်ဖွဲ့များသည် သစ်ပင်များမှရရှိသော ဓာတုပစ္စည်းများကို လက်နက်ပြုလုပ်ရာတွင် အသုံးပြုခဲ့ခြင်းကြောင့် ပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံသည် တစ်ပါတီကွန်မြူနစ်စနစ်ကို ကျင့်သုံးလျက်ရှိသော်လည်း စီးပွားရေးကဏ္ဍတွင်မူ များစွာ ဖြေလျော့မှုများ ပြုလုပ်ထားကြသည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ဒီမိုကရက်တစ် စည်းမျဉ်းခံ ဘုရင်စနစ်ကို ကျင့်သုံးလျက်ရှိပြီး ထိုင်းနိုင်ငံတွင် လက်ရှိကာလ၌ စစ်တပ်ကောင်စီမှ အာဏာသိမ်း အုပ်ချုပ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ပထမဦးဆုံးသော ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပခဲ့ပြီးနောက် စစ်တပ်အာဏာရှင်အုပ်ချုပ်မှုမှ ဒီမိုကရေစီနည်းလမ်းကျ ရွေးချယ်ထားသော အရပ်သားအစိုးရအုပ်ချုပ်မှုသို့ သမိုင်းဝင် ပြောင်းလဲနိုင်ခဲ့သော်လည်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ပဋိပက္ခများသည် နေရာအနှံ့အပြားတွင် ဖြစ်ပွားဆဲပင် ဖြစ်သည်။[2]

[1] Food and Agricultural Organisation's Commission of Genetic Resources for Food and Agriculture, http://www.fao.org/nr/cgrfa/cthemes/plants/en/, accessed 16 August 2016.

[2] The Guardian newspaper, UK, 9 March 2016



စပါးစိုက်ပျိုးခြင်းလုပ်ငန်းသည် ဒေသ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် များစွာအခရာကျလေသည်။ ရေသွင်းစပါးစိုက်ပျိုးရေးလုပ်ငန်းကို လယ်ယာစပါးခင်း တော်တော်များများတွင် ဆောင်ရွက်ကြပြီး လူသန်းပေါင်း ၆၀ ခန့်၏ အဓိကအလုပ်ကိုင်တစ်ခု ဖြစ်သည့်အပြင် နိုင်ငံခြားအထိ တင်ပို့ထုတ်လုပ်ရောင်းချသော လုပ်ငန်းကြီးလည်း ဖြစ်သည်။

နိုင်ငံအချို့၏ စီမံအုပ်ချုပ်မှုများမှာ အားနည်းလျက် ရှိပြီး နိုင်ငံ ၃ ခုသည် ပွင့်လင်းမြင်သာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့မှ ထုတ်ပြန်သော အကျင့်ပျက်ခြစားမှု အညွှန်းကိန်းများစာရင်း၏ အောက်ခြေတွင် ပါဝင်နေသည်။[၃]

ဒေသတွင်းရှိ နိုင်ငံအားလုံးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို မြှင့်တင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့ကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသော အသင်းတစ်ခုဖြစ်သည့် အာ ဆီ ယံ အ သင်း (ASEAN)[၄] ဝင် နိုင်ငံများ ဖြစ်ကြပါသည်။

.........................

### ၁.၁.၂ လူဦးရေနှင့် အသက်မွေးမှုများ

နိုင်ငံ ၅ ခု၏ စုစုပေါင်းလူဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ၂၃၁ သန်းဝန်းကျင်ရှိပြီး[၅] အများစုမှာ (၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်) ကျေးလက်ဒေသတွင် နေထိုင်ကြပါသည်။ ပျမ်းမျှလူဦးရေ သိပ်သည်းဆမှာ များစွာကွဲပြားနိုင်ပြီး လာအိုနိုင်ငံတွင် ၁ စတုရန်း ကီလိုမီတာတွင် ၂၉ ဦးခန့် နေထိုင်၍ ဗီယက်နမ်နိုင်ငံတွင် ၁ စတုရန်း ကီလိုမီတာတွင် ၂၇၄ ဦးခန့် နေထိုင်ပါသည်။[၆] လာအိုနိုင်ငံ၏ လူဦးရေတိုးပွားနှုန်းမှာ အမြင့်ဆုံးပင်ဖြစ်ပြီး တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းတိုးပွားလျက်ရှိသည်။ နိုင်ငံအများစုတွင် ကျေးလက်ဒေသမှ မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်မှုများ သိသာထင်ရှားစွာ ဖြစ်ပွားလျက်ရှိသော်လည်း သယံဇာတ အရင်းအမြစ်များအပေါ် ကျရောက်သည့် ဖိအားများမှာမူ ကျဆင်းသွားခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် မြို့ပြများ ချဲ့ထွင်လာသည့်နှင့်အညီ ထင်းလောင်စာ၊ ဆေးဖက်ဝင်ပင်များ၊ တောကောင်သားများ၊ ငှက်များနှင့် အခြားသော သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်သည့် ဝယ်လိုအားများလည်း မြင့်တက်လာခဲ့ခြင်းကြောင့် ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှုများကို အလွန်အမင်း တွေ့ရပါသည်။

ပင်မနယ်မြေ/ နေရာဒေသတွင် တိုင်းရင်းသား မျိုးနွယ်စုများ စုံလင်စွာ နေထိုင်ကြပါသည်။ နိုင်ငံအသီးသီးရှိ မြေပြန့်ဒေသတွင် စပါးစိုက် တောင်သူတိုင်းရင်းသားအုပ်စုများ နေထိုင်ကြပြီး ၎င်းတို့သည် ယဉ်ကျေးမှုနှင့် နိုင်ငံရေးအခြေအနေများကို လွှမ်းမိုးမှု ရှိလေသည်။[၇] ကုန်းမြင့်ဒေသများတွင် တိုင်းရင်းသား လူနည်းစုများ နေထိုင်ကြပြီး အများစုမှာ ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ရှိကြသည်။

---

၃ http://www.transparency.org/cpi2015, accessed 3 March 2016. From 1 (best) to 167 (worst), Cambodia was 150, Myanmar 147, Lao PDR 139. Vietnam was ranked 112 and Thailand 76.

၄ အခြားသောအဖွဲ့ဝင်နိုင်ငံများမှာ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဘရူနိုင်းနိုင်ငံတို့ ဖြစ်ကြသည်။

၅ Asian Development Bank: https://www.adb.org/publications/basic-statistics-2015, accessed 28 May 2017.

၆ Downloaded from http://www.adb.org/publications/basic-statistics-2015, 3 March 2016

၇ ဥပမာအားဖြင့် ကမ္ဘောဒီးယားရှိ ခမာလူမျိုး၊ မြန်မာရှိ ဗမာ၊ ထိုင်းနိုင်ငံရှိ ထိုင်းလူမျိုး၊ ဗီယက်နမ်ရှိ ကင်မ်လူမျိုး၊ ADB (2012). Greater Mekong Subregion Atlas of the Environment

မဲခေါင်ဒေသ၏ သဘာဝထိန်းသိမ်းရေးနယ်မြေ အများစုသည် ကုန်းမြင့်အရပ်များတွင် တည်ရှိသောကြောင့် သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းနှင့် အနီးဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံ လူနည်းစု တိုင်းရင်းသားများမှာ အရေးပါသော အကျိုးဆက်စပ် ပတ်သက်သူများ ဖြစ်လာပါသည်။ မဲခေါင်ဒေသ တစ်နံတစ်လျားရှိ လူ အများစု ကိုးကွယ်ယုံကြည်သော ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်ပြီး တောင်တန်းဒေသရှိ တိုင်းရင်းသားအုပ်စုများမှာ နတ်ကိုးကွယ်ကြသူ များ သို့မဟုတ် ခရစ်ယာန်ဘာသာ ယုံကြည်ကြသူများဖြစ်သည်။ (ကိုလိုနီနယ်ချဲ့ လက်ထက်တွင် ဆောင်ရွက်ခဲ့သည့် ခရစ်ယာန် ဘာသာ ပြန့်ပွားရေးအဖွဲ့၏ လုပ်ဆောင်ချက်များကြောင့်)

ယေဘုယျအားဖြင့် အရှေ့တောင်အာရှဒေသသည် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့သော ဖွံ့ဖြိုးဆဲဒေသများထဲမှ တစ်ခုဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် နှင့် ၂၀၁၅ ခုနှစ် ကြားကာလများတွင် တစ်နေ့လျှင် အမေရိကန် ဒေါ်လာတစ်ဒေါ်လာသာ ဝင်ငွေရှိသော လူဦးရေ၏ ၈၄ ရာခိုင်နှုန်း ခန့်ကို လျှော့ချနိုင်ခဲ့ကာ အာဟာရမပြည့်ဝသော လူဦးရေအချိုးကို ၃၁ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့်သို့ လျှော့ချနိုင်ခဲ့ပါသည်။[၈] လွန်ခဲ့ သော ဆယ်စုနှစ်များတွင် ဒေသတွင်း နိုင်ငံအားလုံး၏ လူသားဖွံ့ဖြိုးမှု အညွှန်းကိန်းများမှာ မြင့်တက်လာခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် ဆင်းရဲ နွမ်းပါးမှုနှုန်းကို လျှော့ချနိုင်ခဲ့သည်။ သို့သော်လည်း လာအိုနိုင်ငံနှင့် ကျန်နိုင်ငံများ၏ ဝေးလံခေါင်ဖျားသော ဒေသများတွင် ဆင်းရဲနွမ်းပါး သူများ ကျန်ရှိနေဆဲပင်ဖြစ်သည်။ ထိုသို့ကျေးလက်ဒေသရှိ ဆင်းရဲ နွမ်းပါးသူများမှာ တောရိုင်းတိရစ္ဆာန်များ မှီတင်းကျက်စား၍ သဘာဝ ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းထားသော နေရာဒေသများ တွင် ရံဖန်ရံခါ နေထိုင်ကြပါသည်။ သို့ဖြစ်ပါ၍ အရှေ့တောင်အာရှ ဒေသတွင် ဖြစ်ပွားလျက်ရှိသော ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၏ အဓိကအကြောင်းရင်းမှာ ထုတ်ယူစားသုံးမှုများနှင့် စီးပွားရေး တိုး တက်မှုများကြောင့် ဖြစ်သော်လည်း ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံများ၏ အသက်မွေးမှုနှင့် လူမှုရေး လိုအပ် ချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။

## ၁.၁.၃ စီးပွားရေး အခြေအနေ

မဟာမဲခေါင်ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးမှုများမှာ ကမ္ဘာပေါ်ရှိ အခြားဒေသများ ကြားထဲတွင် အမြင့်ဆုံးပင် ဖြစ်သည်။[၉] ထိုင်းနိုင်ငံ သည် အတန်အသင့် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ပြီး ကျန်လေးနိုင်ငံမှာ ဖွံ့ဖြိုးဆဲ (ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ဝင်ငွေနိမ့်နိုင်ငံမှ အဖြစ်မှ တိုးတက်ခဲ့သည်)[၁၀၊ ၁၁] ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ စက်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှုနှင့် မြို့ပြချဲ့ထွင်တည်ဆောက်မှုများ သည် မြေပြောင်းလဲ အသုံးချမှုများနှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု များကို ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့ တွင် လက်မှုလယ်ယာစိုက်ပျိုးရေးစနစ်ကိုသာ ကျင့်သုံးလျက်ရှိပြီး စက်မှုကုန်ကြမ်း စိုက်ခင်းများ (ဆီအုန်း၊ ရော်ဘာ၊ ကြံ၊ ပီလောပီနံ၊ ကော်ဖီနှင့် စက္ကူပျော့ဖတ်) ကို အရှိန်အဟုန်ဖြင့် တည်ထောင်လျက် ရှိသည်။ စပါး (အထူးသဖြင့် ရေသွင်းစပါး စိုက်ပျိုးရေးခြင်း လုပ်ငန်း) ကို လယ်ယာစိုက်ပျိုးမြေ အများစုတွင် စိုက်ပျိုးကြပြီး ထိုလုပ်ငန်းသည် လူသန်းပေါင်း ၆၀ ခန့်၏ အဓိကဝင်ငွေရ အလုပ်အကိုင်လည်း ဖြစ် သည်။ မဲခေါင်ဒေသသည် ကမ္ဘာ့ဆန်စပါး လိုအပ်ချက်၏ ၄၄ ရာခိုင် နှုန်းကို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံများ အားလုံးသည် ပိုလျှံ စပါးများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ ရောင်းချကြသည်။[၁၂]

ဒေသတွင်းရှိ နိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှု အခြေပြု ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိကာ ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် စက်မှုနိုင်ငံကြီးတစ်နိုင်ငံ ဖြစ်ရမည်ဟု ရည်မှန်းချက် ချမှတ်ထားပါသည်။ ထိုမဟာဗျူဟာများ သည် ရေရှည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများ ကို အလေးမထားကြဘဲ မဲခေါင်မြစ်ကြီးနှင့် ၎င်း၏ မြစ်လက်တက်များ အပေါ် ဆည်များတည်ဆောက်လျက် ရှိသည်။ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲရာတွင် ရေရှည်လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက် မှုများကို ထည့်သွင်း စဉ်းစားခဲ့ခြင်း မရှိပေ။ ထိုင်းနိုင်ငံသည် ကျန်ရှိ သော ဒေသတွင်းနိုင်ငံများထက် စက်မှုလုပ်ငန်းများ ပိုမို ဖွံ့ဖြိုး တိုးတက်ပြီး အစိုးရသည် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးမျှတ သာယာ

---

[၈] http://www.un.org/millenniumgoals/2015_MDG_Report/pdf/MDG%202015%20rev%20(July%201).pdf, accessed 3 March 2016.

[၉] OECD မှ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ဂျီဒီပီမှာ ၆ % နှင့် ၈ % အကြား မြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံသည် ၃.၃ % ခန့်မြင့်တက်ခဲ့သည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ See http://www.oecd.org/dev/asia-pacific/SAEO2016_Update_Executive_summary_v2.pdf, accessed 10 October 2016.

[၁၀] Cambodia was one of the top performing low-income countries between 1990 and 2010. See: Shepherd A., L. Scott, C. Mariotti, F. Kessy, R. Gaiha, L. da Corta, K. Hanifnia, N. Kaicker, A. Lenhardt, C. Lwanga-Ntale, B. Sen, B. Sijapati, T. Strawson, G. Thapa, H. Underhill and L. Wild (2014). The Chronic Poverty Report 2014-2015. ODI, London, UK

[၁၁] Lao PDR was upgraded to low-middle-income status in 2011 on the basis of increases in gross national income, but the World Bank (2016) notes that poverty reduction has been slower than in its regional neighbours and that some Millennium Development Goals are off-track, with 44 % of children under 5 being stunted, 27 % severely underweight and a high maternal mortality rate. See http://www.worldbank.org/en/country/lao/overview, accessed 20 August 2016.

[၁၂] http://blogs.worldbank.org/taxonomy/term/14832, accessed 25 April 2016. စပါးတင်ပို့ရောင်းချသော်လည်း အစားရေစာ ဖူလုံမှုရှိသည်ဟု ယူဆ၍မရပေ။ ဥပမာအားဖြင့် လာအိုနိုင်ငံသည် စပါးတင်ပို့ရောင်းချသော်လည်း အစားအစာ လိုအပ်မှုများ ရှိခဲ့သည်။

ဝပြောရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့အကြား သဟဇာတဖြစ်မှုကို အလေးပေးစဉ်းစားသည့် သင့်လျော်မှန်ကန်သော စီးပွားရေးဆိုင်ရာ အတွေးအခေါ်များကို လက်တွေ့ကျင့်သုံးလျက်ရှိသည်။[၃၃]

ဒေသတွင်း အရှိန်အဟုန်ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများသည် ကျေးလက်ဒေသမှ မြို့ပြအရပ်များသို့ ပြောင်းရွှေ့နေထိုင်မှုနှုန်း မြင့်မားလာခြင်းနှင့်လည်း ဆက်စပ်မှုရှိပါသည်။ လာအိုနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ စုစုပေါင်းလူဦးရေ၏ ၃၈ ရာခိုင်နှုန်းသာလျှင် မြို့ပြတွင် နေထိုင်ကြပြီး ထိုကိန်းဂဏန်းမှာလည်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းခန့် မြင့်တက်လာပါသည်။ ထိုင်းနိုင်ငံ၏ မြို့ပြတွင် နေထိုင်သော လူဦးရေမှာလည်း ၁၉၉၀ ပြည့်နှစ်တွင် စုစုပေါင်း လူဦးရေ၏ ၂၉ ရာခိုင်နှုန်းမှ ၂၀၁၄ ခုနှစ် ရောက်သောအခါ ၄၉ ရာခိုင်နှုန်းခန့် များပြားလာပါသည်။ ၂၀၁၄ ခုနှစ်၌ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ပြ ဧရိယာ၏ ၁ ဒသမ ၃၃၅ စတုရန်းကီလိုမီတာတွင် လူသန်းပေါင်း ၉ ဒသမ ၈ သန်းခန့် နေထိုင်ကြပါသည်။[၃၄]

## ၁.၂ ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ လက္ခဏာများ

### ၁.၂.၁ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတု

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် စတုရန်းကီလိုမီတာပေါင်း ၁ ဒသမ ၉ သန်းခန့် ကျယ်ဝန်းပြီး အင်ဒို-ဘားမားလွင်ပြင်၏ ၇၅ ရာခိုင်နှုန်းခန့်ကို ပါဝင်ဖွဲ့စည်းထားပါသည်။[၃၅] မဲခေါင်ဒေသ၏ မြောက်ပိုင်းနှင့် အလယ်ပိုင်းခြမ်းတို့သည် လာအိုနှင့် ဗီယက်နမ်နိုင်ငံရှိ Annamite တောင်တန်းများ (တရုတ်ပြည်ထဲသို့ ဆန့်တန်းတည်ရှိသော) နှင့် မြန်မာ၊ ထိုင်းနိုင်ငံရှိ တနင်္သာရီ တောင်တန်းများ စသည်ဖြင့် ကြမ်းတမ်းမတ်စောက်သော မြေမျက်နှာသွင်ပြင် အနေထားရှိသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းတွင် နှင်းလွင်ပြင်များ ဖုံးလွှမ်းထားသော ခါကာဘိုရာဇီတောင် (၅၈၈၁ မီတာခန့် မြင့်ကာ အရှေ့တောင်အာရှ၏ အမြင့်ဆုံးတောင်ဖြစ်သည်) ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်းဒေသများ၊ မြစ်ဝှမ်းလွင်ပြင်များနှင့် ဘင်္ဂလားပင်လယ်အော်၊ အက်ဒမန်ပင်လယ်၊ ထိုင်းပင်လယ်ကွေ့နှင့် တောင်တရုတ်ပင်လယ် စသည်တို့ တစ်လျှောက်ရှိ ပင်လယ်ကမ်းရိုးတန်းဒေသများသည် မဲခေါင်ဒေသ၏ တောင်ပိုင်းကို လွှမ်းခြုံထားပါသည်။ ဒေသဖြတ်ကျော် စီးဆင်းလျက်ရှိသော အဓိကမြစ်ကြီး လေးခုမှာ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ မဲခေါင်မြစ်နှင့် မြစ်နီ၊ ထိုင်းနိုင်ငံရှိ ချောက်ဖရားမြစ်တို့ ဖြစ်ကြပါသည်။ ဒေသတွင်းရှိ လယ်ယာစပါးခင်းများတွင် မိုးစပါးများကို အဓိကထား စိုက်ပျိုးကြသော်လည်း ဖော်ပြပါ မြစ်ကြီးများသည် ဒေသ၏ ၁၀ ရာခိုင်နှုန်းခန့် လွှမ်းခြုံထားကာ လယ်ယာထွက်ကုန်၏ ထက်ဝက်ခန့် ထုတ်လုပ်ပေးနိုင်သော ရေသွင်းစပါး စိုက်ပျိုးရေးလုပ်ငန်းအတွက်[၃၆] လိုအပ်သော ရေချိုအရင်းအမြစ်များကို ထောက်ပံ့ပေးနိုင်သည့်အပြင် ထိုမြစ်ကြီးများသည် စီးပွားရေးအရ အရေးပါသည့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်ခုလည်း ဖြစ်သည်။

ဒေသတွင်းရှိ နေရာအများစုသည် အချိန်အခါလိုက် ရာသီဥတု ပြောင်းလဲမှုများကို သိသာစွာတွေ့ကြုံရပြီး တောင်ဘက်နှင့် အနောက်ဘက်ခြမ်းတို့တွင် အနောက်တောင် မုတ်သုန်ရာသီဥတု ကျရောက်ကာ အရှေ့မြောက်ခြမ်းတွင် အရှေ့မြောက် မုတ်သုန်ရာသီ ကျရောက်ပါသည်။ ဆောင်းရာသီကာလတွင် မြောက်ဘက်ခြမ်းသည် ခြောက်သွေ့ပါသည်။ ထိုသို့ နေရာအလိုက်မတူ ကွဲပြားမှုများသည် အမျိုးမျိုးသော ရာသီဥတုရပ်ဝန်းငယ်များကို ဖြစ်ပေါ်စေပါသည်။

### ၁.၂.၂ နေရင်းဒေသများနှင့် ဂေဟစနစ်များ[၃၇]

#### သစ်တောများ

မူလအစ ကာလများတွင် မဲခေါင်ဒေသတစ်ခုလုံးကို သစ်တောများ ဖုံးလွှမ်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းမှာ ၄၅ ရာခိုင်နှုန်းခန့် သို့မဟုတ် ၈၈၄,၃၁၀ စတုရန်း ကီလိုမီတာခန့်သာ ကျန်ရှိတော့သည်။ (ဇယား ၁.၁) ထိုကိန်းဂဏန်းများထဲတွင် လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံရှိ တည်ထောင်ထားသော စိုက်ခင်းဧရိယာများပါ ထည့်သွင်းထားပြီး သဘာဝတောမဟုတ်ဘဲ စိုက်ခင်းများဖြစ်သော ဇီဝမျိုးစုံ မျိုးကွဲတန်ဖိုးများမှာ နည်းပါးနိုင်လေသည်။ မဲခေါင်ဒေသရှိ သဘာဝတောများ၏ ၅ မှ ၉ ရာခိုင်နှုန်း

[၃၃] For example, see http://www.ipsnews.net/2016/08/thailands-sufficiency-economy-philosophy-and-the-sustainable-development-goals/, accessed 10 October 2016.

[၃၄] Friend R., C. Choosuk, K. Hutanuwatr, Y. Inmuong, J. Kittitornkool, B. Lambregts, B. Promphakping, T. Roachanakanan, P. Thiengburanathum, P. Thinphanga and S. Siriwattanaphaiboon (2016). Urbanising Thailand: Implications for climate vulnerability assessments. Working Paper Series 30. IIED, London. Available at http://pubs.iied.org/pdfs/10770IIED.pdf, accessed 17 June 2016.

[၃၅] Hotspots are terrestrial areas of exceptional biological richness, indicated by having over 1 500 species of vascular plants, which are under severe threat, and indicated by having lost more than 70 % of their original natural habitat. The world's 36 hotspots hold a significant proportion of species and ecosystems, but cover only 2.3 % of the land's surface. There are 8 hotspots in the area covered by this series of studies. https://www.cepf.net/our-work/biodiversity-hotspots, accessed 27 March 2018.

[၃၆] ADB (2012). Environmental Atlas of the Greater Mekong Sub-region. Asian Development Bank, Manila

[၃၇] This section is based on CEPF (2012). Ecosystem Profile: Indo-Burma Biodiversity Hotspot, 2011 Update. Critical Ecosystem Partnership Fund, Washington, DC.

ပုံ ၁.၁ မဟာမဲခေါင်ဒေသ၏ မြေအသုံးချမှုနှင့် မြေဖုံးလွှမ်းမှုပြမြေပုံ




(၁၀၀,၀၀၀ မှ ၂၀၀,၀၀၀ စတုရန်းကီလိုမီတာ) ခန့်သာလျှင် သဘာဝ အတိုင်း မပျက်စီးဘဲ ကျန်ရှိသည်ဟု ခန့်မှန်းတွက်ချက်ထားကြသည်။[၁၈, ၁၉, ၂၀] ကာလရှည်ကြာစွာ လူသားများ ခြေချနေထိုင်ခြင်း၊ လူဦးရေတိုးပွားလာခြင်း၊ အရှိန်အဟုန်ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် စားသုံးမှုပုံစံများ ပြောင်းလဲလာခြင်းစသည်တို့ကို အညွှန်းကိန်းများအဖြစ် အသုံးပြုကာ တွက်ချက်ခဲ့ကြသည်။

သဘာဝ တောကျန်များ၏ သုံးပုံတစ်ပုံခန့်မှာ မြန်မာနိုင်ငံတွင် တည်ရှိပြီး ဒေသတွင်းရှိ သစ်တောဖုံးလွှမ်းမှု အများဆုံးနိုင်ငံမှာ လာအိုနိုင်ငံ ဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် တစ်နှစ်လျှင် ၁ ရာခိုင်နှုန်းခန့်ဖြင့် သစ်တောများပြုန်းတီးနေပြီး လွန်ခဲ့သော ၅ နှစ်ခန့်တွင် မြန်မာနိုင်ငံသည်လည်း ၂၀၀၀ နှင့် ၂၀၁၀ ပြည့်နှစ် ကြားကာလများတွင် သစ်တောပြုန်းတီးမှုနှုန်းမှာ တစ်နှစ်လျှင် ၀ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိသော်လည်း ၂၀၁၀ နှင့် ၂၀၁၅ ကြားကာလများတွင် ပြုန်းတီးမှုနှုန်းမှာ ၁ ဒသမ ၈ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။[၂၁] သစ်တောပြုန်းတီးမှုများ ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းမှာ မြေမျက်နှာသွင်ပြင်၊ မြေဆီလွှာ၊ ရေဖုံးလွှမ်းမှု၊ မိုးရေချိန်နှင့် ခြောက်သွေ့

[၁၈] Costenbader J., J. Broadhead, Y. Yasmi and P. Durst (2015). Drivers Affecting Forest Change in the Greater Mekong Subregion: An Overview. FAO/USAID/LEAF Policy Brief, July 2015. Available at https://www.researchgate.net/publication/280082307, accessed 17 June 2016.

[၁၉] Mittermeier R.A., P. Robles-Gil, M. Hoffmann, J.D. Pilgrim, T.B. Brooks, C.G. Mittermeier, J.L. Lamoreux and G.A.B. Fonseca (2004). Biodiversity Hotspots Revisited: Earth's Biologically Richest and Most Endangered Ecoregions. CEMEX, Mexico City, Mexico. 390 pp.

[၂၀] Sloan S., C.N. Jenkins, L.N. Joppa, D.L.A. Gaveau and W.F. Laurance (2014). Remaining natural vegetation in the global biodiversity hotspots. Biological Conservation 177, pp. 12-24.

[၂၁] http://www.fao.org/3/a-i4808e.pdf, table 2, accessed 10 August 2016.

ကာလ ကြာချိန်နှင့် ပြင်းထန်နှုန်း စသော အချက်များ၏ အပြန်အလှန် ပတ်သက်ဆက်နွယ်မှုများကြောင့် မဲခေါင်ဒေသတွင် သဘာဝတော အမျိုးမျိုးသည် ပြန့်ကျဲစွာ ပေါက်ရောက်တည်ရှိသည်။ မြေပြန့်မြစ်ကြီး နှစ်စင်းဖြစ်သည့် မြန်မာနိုင်ငံရှိ ဧရာဝတီ/သံလွင်မြစ်နှင့် ထိုင်းနိုင်ငံ၊ လာအိုတောင်ခြမ်း၊ ကမ္ဘောဒီးယားတို့ရှိ မဲခေါင်မြစ်များ၏အနီး မြေပြန့် အရပ်ဒေသများတွင် ရွက်အုပ်ပွင့် တောခြောက်များ ပေါက်ရောက် လျက် ရှိပါသည်။ (အင်ဒို-တရုတ်အလယ်ပိုင်း တောခြောက်၊ ဧရာဝတီ ရွက်ပြတ်တောစိုနှင့် ဧရာဝတီတောခြောက်များဟု ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့မှ သတ်မှတ်ထားပါသည်)[၂၂] အဆိုပါ သစ်တောအများစုကို ရေသွင်းစပါးများ စိုက်ပျိုးရန်နှင့် လူများ အခြေချနေထိုင်ရန်အတွက် ခုတ်လှဲထားကြပြီး ကမ္ဘောဒီးယား၊ လာအိုတို့တွင် အဖိုးတန်သစ်တောများ ကျန်ရှိဆဲပင်ဖြစ်ကာနှင့် ထိုင်း နိုင်ငံရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများတွင်လည်း သစ်တောများ ကို ထိန်းသိမ်းထားပါသည်။ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းများသည် မြေပြန့်အရပ်ဒေသများရှိ သဘာဝတောကျန်များ ထိန်းသိမ်းရေးများအပေါ် ခြိမ်းခြောက်လျက်ရှိပြီး မြန်မာနိုင်ငံရှိ ကျွန်းတောများသည် သစ်ထုတ်လုပ်ခြင်း အန္တရာယ်နှင့် ရင်ဆိုင်ရ လျက် ရှိသည်။

မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ တောင်တန်းဒေသများ၊ လာအိုမြောက်ပိုင်းဒေသများနှင့် ဗီယက်နမ်မြောက်ပိုင်းဒေသများ စသည်တို့တွင် အာရှ၏ အကြီးမားဆုံးဖြစ်သော အမြဲစိမ်းတောများ နှင့် အပူလျော့ပိုင်း အမြဲစိမ်းတောများသည် သဘာဝအတိုင်း အကောင်းပတိ ပေါက်ရောက်လျက် ရှိသည်။ ရွက်အုပ်ပိတ် သစ်တော များသည် ထိုင်းမြန်မာနယ်စပ်တွင် တောင်စဉ်တောင်တန်းသဖွယ် သွယ်တန်းတည်ရှိကာ ကယား-ကရင်တောင်ပေါ် မိုးသစ်တောများနှင့် တနင်္သာရီသမပိုင်း မိုးသစ်တောများအဖြစ် ပျံ့နှံ့တည်ရှိပါသည်။ မိုးရေချိန်လက်မမှာ တောင်တန်း၏ အနောက်ဘက် မြန်မာနိုင်ငံခြမ်း တွင် ပို၍များသောကြောင့် အမြဲစိမ်းသစ်မျိုးများ ပေါက်ရောက်ပြီး ထိုင်း နိုင်ငံဘက်ခြမ်းတွင်မူ ရွက်ပြတ်/ရွက်ကြွေ သစ်မျိုးစိတ်များကို ပိုမို တွေ့ရသည်။ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား နယ်စပ်ဧရိယာတွင် နိမ့်မြင့်တက်ကျ သွယ်တန်းတည်ရှိသော တောင် တန်းဒေသတွင် Annamite မိုးသစ်တောများ ပေါက်ရောက်လျက် ရှိ သည်။ အမြဲစိမ်းမိုးသစ်တောများကို ကမ္ဘောဒီးယားတောင်ပိုင်းနှင့် ထိုင်းနိုင်ငံရှိ အခြားသော တောင်တန်းများမှ ကွဲထွက်ကာ သီးသန့် တည်ရှိသော Cardamom တောင်တန်း၏ မိုးရေချိန်လက်မများသော အရပ်များတွင် တွေ့ရသည်။ တောင်တန်းဒေသများရှိ အပူလျော့ပိုင်း သစ်တောများသည် မြေပြန့်တောများနှင့်မတူဘဲ ခြိမ်းခြောက်ခံရမှု နည်းပါးပြီး သဘာဝထိန်းသိမ်းရေး နယ်မြေ ဖွဲ့စည်းထားခြင်းဖြင့် ကောင်းမွန်စွာ ကာကွယ်ထားနိုင်သော်လည်း စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရန်နှင့် အခြားအသုံးချမှုများအတွက် သစ်တောများကို ခုတ် ထွင် ရှင်းလင်းခြင်း (အထူးသဖြင့် အနိမ့်ပိုင်းဒေသများတွင်) ကြောင့် တောအတန်းအစားများ ကျဆင်းလာပါသည်။

မြစ်ကြီးများ၏ မြစ်ဝှမ်းလွင်ပြင်ဒေသများတွင် အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၌ ရာသီအလိုက် ဒီရေအတက်အကျရှိခြင်းကြောင့် ရွှံ့နွံတောများ ဖြစ်ထွန်းလာကာ ရွက်ကြွေအင်တိုင်းတောများနှင့် အမြဲစိမ်းတောများ၊ မြက်ခင်းပြင်များနှင့် ရေဝပ်ဒေသများစသည်တို့ဖြင့် အကွက်အလိုက်ပျံ့နှံ့ တည်ရှိပါသည်။ အဆိုပါ ဒေသများသည် သွား လာရ လွယ်ကူပြီး ရေသွင်းစပါးစိုက်ပျိုးရန် လိုအပ်သော ရေချိုများကို ထောက်ပံ့ပေးနိုင်သောကြောင့် အရှေ့တောင်အာရှ ပြည်မအရပ် ဒေသတစ်လျှောက်ရှိ ရေချိုရွှံ့နွံတောများသည် ပြုန်းတီး ပျက်စီးကုန် ကြသည်။ ဥပမာ Tonle Sap ရေကန်အနီးရှိ သစ်တောများ၏ ၉၅ ရာခိုင်နှုန်းခန့်သည် ပြုန်းတီးသွားပြီး ဖြစ်သည်။[၂၃]

မြစ်ဝကျွန်းပေါ်ဒေသများနှင့် ပင်လယ်ကမ်းရိုးတန်း ဒေသများ တွင် ဆားငန်ဓာတ် မြင့်မားမှုနှင့် ပုံမှန်ဒီရေအတက်အကျရှိခြင်းတို့ ကြောင့် ဒီရေတောများ ဖြစ်ထွန်းလာပါသည်။ ၁၉၈၀ ပြည့်နှစ်နှင့် ၂၀၀၅ ခုနှစ်တွင် မဲခေါင်ဒေသ၏ ၂၅ ရာခိုင်နှုန်းခန့်သော ဒီရေတော များမှာ ဂဏန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ထင်းလောင်စာ၊ သစ် များထုတ်လုပ်ခြင်း စသည်တို့ကြောင့် ပြုန်းတီးပျောက်ကွယ် ခဲ့ရပါ သည်။ ၂၀၀၅ ခုနှစ်တွင် ဒီရေတောလက်ကျန်ဧရိယာ ၉,၇၃၂ စတု ရန်းကီလိုမီတာအနက် အများစုမှာ (၅၀၇၀ စတုရန်း ကီလိုမီတာခန့် သည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသများနှင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်တွင် ရှိသည်) မြန်မာနိုင်ငံတွင်တွေ့ရပြီး ထိုင်းနိုင်ငံတွင် ၂၄၀၀ စတုရန်း ကီလိုမီတာခန့် ကျန်ရှိကာ ဗီယက်နမ်နိုင်ငံရှိ မဲခေါင် မြစ်ဝကျွန်းပေါ် ဒေသအချို့တွင် တွေ့ရှိရပါသည်။ အဓိကအားဖြင့် ဗီယက်နမ်နိုင်ငံတွင် ဒီရေတော ၄၁ ရာခိုင်နှုန်း ပြုန်းတီးခဲ့ပြီး ကမ္ဘော ဒီးယားနိုင်ငံတွင် ၂၄ ရာခိုင်နှုန်း ပြုန်းတီးခဲ့ပါသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံရှိ ဒီရေတောများသည် ရေသွင်းစပါးခင်းများ တိုးချဲ့မှု ကြောင့် ပျက်စီး ပြုန်းတီးလျက်ရှိသည်။[၂၅] ဒီရေတောများကို ပြန်လည် တည်ထောင်ရာတွင် စနစ်တကျစီမံကိန်းများ ရေးဆွဲရန်လိုပြီး စီမံ ကိန်း ကောင်းစွာမချမှတ်ဘဲ အကောင်ထည်ဖော်သော ဒီရေတော ပြန်လည် စိုက်ပျိုးခြင်းလုပ်ငန်းများသည် ရွှံ့နွံပြင်များ၊ ပင်လယ်မြက် များနှင့် အခြားသတ္တဝါများအပေါ် ထိခိုက်မှုများ ဖြစ်စေနိုင်သည်။[၂၆]



---

၂၂ See http://www.worldwildlife.org/biomes, accessed 15 July 2016.

၂၃ Conservation International, http://www.conservation.org/where/pages/greater-mekong-region.aspx, accessed 17 June 2016.

၂၄ http://www.fao.org/3/a-i4808e.pdf, accessed 10 August 2016. Note that other data gives current forest cover in the region as low as 34 %, e.g. WWF Mekong. Seehttp://wwf.panda.org/what_we_do/ where_we_work/greatermekong

၂၅ Richard D.R. and D.R. Friess (2016). Rates and drivers of mangrove deforestation in Southeast Asia, 2000–2012. PNAS 113(2), pp. 344-349. DOI: 10.1073/pnas.1510272113

၂၆ For example, http://www.rappler.com/science-nature/environment/89163-unscientific-mangroverehabil-itation-yolanda, accessed 15 July 2016.



ထိုင်းနိုင်ငံ ဘန်ကောက်မြို့သည် ဒေသတွင်းစီးပွားရေးဗဟိုဌာနဖြစ်ပြီး လူပေါင်း ၁၀ သန်းခန့် နေထိုင်ကြပါသည်။ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ကာ ကျေးလက်နေပြည်သူများ ပြောင်းရွှေ့နေထိုင်မှုကြောင့် မြို့ပြဒေသများ အရှိန်အဟုန်ဖြင့် ကြီးထွားလာခဲ့သည်။

### ထုံးကျောက် တောင်တန်းဂေဟစနစ်များ

မဲခေါင်ဒေသတွင် ထုံးကျောက်တောင်များ တစ်ခွင်တစ်ပြင် တည်ရှိပြီး အချို့မှာ တောင်စဉ်တောင်တန်းများအဖြစ်သော်လည်းကောင်း၊ သီးခြား ခွဲထွက်တည်ရှိသော ထုံးကျောက်တောင်များအဖြစ်သော်လည်းကောင်း အမျိုးမျိုး တွေ့ရပါသည်။ ထုံးကျောက်တောင်များ၏ ထူးခြားသော ဖွဲ့စည်းတည်ရှိပုံ၊ ဓာတု ဓာတ်ဂုဏ်သတ္တိများနှင့် ကိုယ်ပိုင် ရာသီဝန်းကျင်များကြောင့် ထိုဒေသများတွင် ဒေသရင်းမျိုးစိတ် များစွာရှိနိုင်ပြီး အများစုမှာ အရေအတွက်နည်းပါးခြင်း၊ ပြောင်းလဲမှုဒဏ်ကို မခံနိုင်ခြင်း စသည်တို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရပါသည်။ ထုံးကျောက်တောင်မြေများသည် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် သင့်တော်မှု မရှိသော်လည်း အဆိုပါမြေများတွင် ပေါက်ရောက်လျက်ရှိသော သစ်တောသစ်ပင်များကို ထင်းလောင်စာများအတွက် အလွန်အမင်း သုံးစွဲလျက်ရှိပြီး အပင်များအပါအဝင် ထူးခြားသော မျိုးစိတ်များကို တရားမဝင်ရောင်းဝယ် ဖောက်ကားနိုင်ရန် ခုတ်လှဲသတ်ဖြတ်လျက် ရှိပါသည်။

### ရေချိုဂေဟစနစ်များ

မဲခေါင်ဒေသ၏ အဓိကမြစ်ကြီးများနှင့် ရေဝေရေလဲဒေသများသည် တောင်တန်းများရှိ စမ်းချောင်းများမှအစပြု၍ မဲခေါင်မြစ်၏ မြစ်လက်တက်ဖြစ်သော အရှေ့တောင်အာရှ၏ အကြီးဆုံးကန်ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံရှိ Tonle Sap ကန်အပါအဝင် ကွေ့ကောက်စွာ စီးဆင်းလျက်ရှိသည့် မြစ်ချောင်းများနှင့် ရေကန်များဆီအထိ အမျိုးမျိုးကွဲပြားသော ရေချို ဂေဟစနစ်များကို ထောက်ပံ့ပေးထားပါသည်။ ငါး၊ ပုစွန်စသော ရေနေသတ္တဝါများ လွတ်လပ်စွာ ရှင်သန်ကျက်စားနိုင်ရန်နှင့် မြစ်ချောင်းတို့၏ အောက်ရပ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သောနုန်းနှင့် မြေဆီဩဇာ အာဟာရများ ဖြစ်ထွန်းရရှိနိုင်စေရန် အဆိုပါ ဂေဟစနစ်များအကြား ချိတ်ဆက်မှုသည် အရေးပါလှသည်။[၂၇] ထိုသို့သော ချိတ်ဆက် တည်ရှိမှုကို ရေအားလျှပ်စစ်စီမံကိန်းအတွက် ဆည်များ ချဲ့ထွင် တည်ဆောက်လာမှုက ခြိမ်းခြောက်လျက် ရှိသည်။ (အခန်း ၂.၁.၃ ကို ကြည့်ရန်)

### ကမ်းရိုးတန်း ဂေဟစနစ်များ

အချို့သော ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပင်လယ်လှိုင်း၊ ဒီရေနှင့် နုန်းပို့ချမှုများသည် ပြောင်းကျက်စားသည့် ကမ်းခြေနေ ရေပျော်ငှက် မျိုးစိတ်များ၏ နားခို ကျက်စားရာအရပ်ဖြစ်သော ဒီရေ ရွှံ့နွံပြင် တစ်ခွင်တစ်ပြင်ကို ဖြစ်ပေါ်စေနိုင်သည်။ အဆိုပါ ဂေဟစနစ်များသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်မရှိကြချေ။ (အခန်း ၂.၁.၉ ကို ကြည့်ရန်)

.........................

### ၁.၂.၃ မျိုးစိတ် စုံလင်ကွဲပြားခြင်း၊ ဒေသရင်းမျိုးစိတ်များ တည်ရှိမှု၊ မျိုးသုဉ်း ပျောက်ကွယ်နိုင်ခြေ

မဲခေါင်ဒေသ၏ မတူကွဲပြားသော မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတုအခြေအနေတို့ကြောင့် အပင်မျိုးစိတ်ပေါင်း ၁၃၅၀၀ ဝန်းကျင်၊ နို့တိုက်သတ္တဝါ မျိုးစိတ်ပေါင်း ၄၀၀ ကျော်၊ ငှက်မျိုးစိတ်ပေါင်း ၁၂၀၀၊ တွားသွားသတ္တဝါ ၅၀၀၊ ကုန်းနေရေနေသတ္တဝါ ၃၀၀ စသည်ဖြင့်

[၂၇] WWF identifies 13 distinct but interconnected freshwater ecosystems in the Mekong basin. WWF (2013). Op. cit.

ဇယား ၁.၁- မဟာမဲခေါင်ဒေသရှိ နိုင်ငံအလိုက် သစ်တောဖုံးလွှမ်းမှုနှင့် သစ်တောပြန်းတီးမှုပြ ဇယား

| နိုင်ငံ | သစ်တော ဧရိယာ ၂၀၁၅ (စတုရန်း ကီလိုမီတာ) | ကုန်းမြေဧရိယာ (စတုရန်း ကီလိုမီတာ) | သစ်တော ဖုံးလွှမ်းမှု % (၂၀၁၅) | ၂၀၁၀-၂၀၁၅ ကြားကာလ နှစ်စဉ် ပျမ်းမျှ သစ်တော ပြုန်းတီးမှုနှုန်း (စတုရန်း ကီလိုမီတာ/နှစ်) | ၂၀၁၀-၂၀၁၅ကြားကာလ နှစ်စဉ် ပျမ်းမျှ သစ်တော ပြုန်းတီးမှုနှုန်း (တစ်နှစ်လျှင် ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ကမ္ဘောဒီးယား | ၉၄၅၇၀ | ၁၇၆၅၂၀ | ၅၄ | -၁၂၇၄ | -၁.၃ |
| လာအို | ၁၈၇၆၁၀ | ၂၃၀၈၀၀ | ၈၁ | +၁၈၉၂ | +၁ |
| မြန်မာ | ၂၉၀၄၁၀ | ၆၅၇၅၅၀ | ၄၄ | -၅၄၆၄ | -၁.၈ |
| ထိုင်း | ၁၆၃၉၉၀ | ၅၁၀၈၉၀ | ၃၂ | +၃၀၀ | +၀.၂ |
| ဗီယက်နမ် | ၁၄၇၇၃၀ | ၃၁၀၀၇၀ | ၄၈ | +၁၂၉၀ | +၀.၉ |
| စုစုပေါင်း | ၈၈၄၃၁၀ | ၁၈၈၅၈၃၀ | ၄၇ | -၃၂၅၆ | -၀.၄ |

အရင်းမြစ်- FAO Global Forest Resources Assessment (2015)[၂၇]

စုံလင်ကွဲပြားသော မျိုးစိတ်များ ရှင်သန် ကျက်စားရာဒေသဖြစ်သော ကုန်းပိုင်းနှင့် ရေချိုဂေဟစနစ်အမျိုးမျိုး ပေါ်ပေါက်လာပါသည်။ အပင်နှင့် အခြားမျိုးစိတ်ပေါင်း ၇၀၀ ခန့်ကို ထိုဒေသတွင်သာ တွေ့ရှိရပြီး[၂၈] Annamite တောင်တန်း၊ တောင်တရုတ်ကုန်းမြင့်၊ ဗီယက်နမ် တောင်ခြမ်းနှင့် မြန်မာနိုင်ငံမြောက်ပိုင်း ကုန်းမြင့်ဒေသများ စသော တောင်တန်းဒေသများတွင် ဒေသရင်း မျိုးစိတ်များကို များပြားစွာ တွေ့ရှိရပါသည်။ ဒေသ၏ ရေချိုဂေဟစနစ်များသည် ဧရာဝတီ လင်းပိုင်၊ မဲခေါင်ငါးရှူကြီး၊ ငါးရွှေနှင့် ရေချိုငါးလိပ်ကျောက်ငါး စသော ကမ္ဘာ့ အကြီးဆုံးရေချိုငါးများ ပေါက်ဖွားရှင်သန်ရာအရပ်ဖြစ်သည့်အပြင် ကမ္ဘာပေါ်ရှိ ရေချိုလိပ် မျိုးစိတ်များစွာ ကျက်စားသော အရပ်လည်း ဖြစ်သည်။ မျိုးစိတ်သစ်များကိုလည်း ဆက်တိုက် ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ၁၉၉၇ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် ကြားကာလများတွင်[၂၉] ရေချိုလိပ် မျိုးစိတ်သစ်တစ်ခု၊ Saola အမည်ရှိ ခွာပါသည့် မျိုးစိတ်နှင့် Burmese snub-nosed monkey မြန်မာ့နှာခေါင်းလန်မျောက်မျိုး စိတ်သစ် တစ်ခုအပါအဝင် မျိုးစိတ်သစ်ပေါင်း ၂၂၀၀ ခန့်ကို ဖော်ထုတ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ကုန်းနေရေနေ သတ္တဝါများမှာလည်း ရေဝပ်ဒေသတွင် မှီခိုကျက်စားကာ မျိုးစိတ် ၃၉ မျိုးကို မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်ထား၍ ကျန်မျိုးစိတ်များ၏ သရုပ်လက္ခဏာများနှင့် အဆင့်အတန်းကို သိရှိရခြင်း မရှိသေးပေ။[၃၀]

အင်ဒို-ဘားမားပင်မနယ်မြေရှိ မျိုးစိတ်ပေါင်း ၇၉၅ မျိုးကို IUCN မှ တစ်ကမ္ဘာလုံး အတိုင်းအတာအရ ခြိမ်းခြောက်ခံ မျိုးစိတ်များအဖြစ် သတ်မှတ်ထားပြီး ကျန်ရှိသော မျိုးစိတ်များ၏ အခြေအနေကိုလည်း ဆက်လက် ဆန်းစစ် ဖော်ထုတ်ရန်လိုပါသည်။ နေရင်းဒေသ ပျက်စီးမှုနှင့် သတ်ဖြတ်မှုကြောင့် ခြိမ်းခြောက်ခံမျိုးစိတ်များ၏ အရေအတွက်မှာ တိုးပွားလာနိုင်ပါသည်။ အာရှရေချိုလိပ်များ၏ ၇၅ ရာခိုင်နှုန်းခန့်မှာ ကမ္ဘာပေါ်တွင် ပျောက်ကွယ်သွားရန် ခြိမ်းခြောက်ခံနေရပါသည်။ ဥပမာအားဖြင့် ၅၀ ရာခိုင်နှုန်းကျော်သော မျိုးစိတ်များမှာ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်များ ဖြစ်ပါသည်။ ဇယား ၁.၂ နှင့် ၁.၃ တွင် ဒေသတွင်း နိုင်ငံတစ်ခုချင်းရှိ ခြိမ်းခြောက်ခံ မျိုးစိတ်များ အရေအတွက်ကို ဖော်ပြထားပါသည်။

ဒေသတွင် ဇီဝစနစ် အသိုင်းအဝိုင်းများအတွက် လွန်စွာအရေးပါသော ပင်မမျိုးစိတ်များစွာရှိပြီး ယင်းမျိုးစိတ်များမှာ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများ ရှိသောကြောင့် အဆိုပါတန်ဖိုးများကို အခြေခံ၍ ထိန်းသိမ်းရေးအစီအစဉ်များ ရေးဆွဲ လုပ်ကိုင်သင့်သည်။ ၎င်းမျိုးစိတ်များမှာ ကျား၊ အာရှဆင်၊ ဆူမားတြားကြံ့နှင့် လွန်ခဲ့သော ၂၅ နှစ်ခန့်က ရှာဖွေတွေ့ရှိခဲ့သော the saola, giant muntjac, Annamite striped rabbit and Laotian rock rat မျိုးစိတ်များနှင့် အခြားသော ခြိမ်းခြောက်ခံ ပရိုင်းမိတ်မျိုးစိတ်များတို့ ဖြစ်ကြသည်။ Javan rhinoceros မှာ ဒေသတွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီးဖြစ်ကာ a wild ox, the kouprey, and Schombergk's deer တို့မှာ တစ်ကမ္ဘာလုံးပေါ်တွင် ပျောက်ကွယ်သွားပြီး ဖြစ်သည်။ ကမ္ဘာ့အငယ်ဆုံး လင်းနို့၊ အသေးဆုံး နို့တိုက်သတ္တဝါဖြစ်သော Kitti's hog-nosed bat ကို ထိုင်းနိုင်ငံအနောက်ပိုင်းနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ထုံးကျောက်တောင်များတွင် တွေ့ရပါသည်။

၂၈ Conservation International (2011). At http://www.eoearth.org/view/article/150621/, accessed 4 March 2016.

၂၉ WWF. http://greatermekong.panda.org/discovering_the_greater_mekong/species/, accessed 27 April 2016.

၃၀ CEPF (2012). Ecosystem Profile: Indo-Burma Biodiversity Hotspot, 2011 Update. Critical Ecosystem Partnership Fund Washington, DC.




မြန်မာနိုင်ငံ မြို့တ်ကျွန်းစုများတွင် ပေါက်ရောက်လျက်ရှိသော ဒီရေတောများ။ ဒီရေတောများသည် ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ပေါက်ရောက်ကြသည်။ ငှက်များ၊ အဏ္ဏဝါသတ္တဝါများနှင့် ပြောင်းရွှေ့ငှက်များ စသည်တို့အတွက် နေရင်းဒေသများကို ထောက်ပံ့ပေးလေသည်။ ဒီရေတောများသည် ကမ်းရိုးတန်းဒေသများကို လှိုင်းနှင့်မုန်တိုင်းများဒဏ်မှ ကာကွယ်ပေးသည်။

ဒေသ၏ ပင်လယ်ကမ်းရိုးတန်း ဂေဟာစနစ်များသည် black-faced spoonbill နှင့် ရေညှောင့်နှုတ်ပိုင်းငှက် စသော ကမ္ဘာလုံး အတိုင်းအတာဖြင့် ခြိမ်းခြောက်ခံနေရသော ရေပျော်ငှက်များစွာ ရှင်သန်ကျက်စား အရပ်ဖြစ်သောကြောင့် လွန်စွာ အရေးပါလှသည်။[၃၁] ၁၉၇၈ ခုနှစ်တွင် ထူးခြား ဆန်းပြားသော ငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်ခဲ့သည့် white eyed river martin ငှက်သည် ဒေသတွင်းရှိ မြစ်ကြီးများတွင် ရှင်သန်ကျက်စားလျက်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မက်လုံးပေး ထိန်းသိမ်းသည့်စနစ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အခြားသော ခြိမ်းခြောက်ခံ ငှက်မျိုးစိတ် တစ်ခုဖြစ်သည့် ခရုစုတ်ငှက် giant ibis ၏ အကောင်ရေတွက်မှာလည်း များပြားလာခဲ့သည်။ (အခန်း ၃.၃ ကိုကြည့်ရန်)

## ၁.၂.၄ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပထဝီဝင်ဒေသဆိုင်ရာ ဦးစားပေး သတ်မှတ်ချက်များ

ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေးအတွက် ဦးစားပေးဒေသ သတ်မှတ်နိုင်ရန် လေ့လာဆန်းစစ်ရာတွင် မဲခေါင်ဒေသ၏ မျိုးစိတ်များနှင့် ဂေဟာစနစ်များမှာ အံ့မခန်း စုံလင်ကွဲပြားခြင်း၊ ထူးခြား ထင်ရှားခြင်းနှင့် ထိခိုက်ပျက်စီးလွယ်ခြင်း စသည်တို့ကို ထည့်သွင်း စဉ်းစားခဲ့ကြသည်။ ထိုလေ့လာဆန်းစစ်ချက် ရလဒ်များကို အောက်တွင် အကျဉ်းချုံး ဖော်ပြထားပြီး ဦးစားပေးနေရာဒေသများကို တွက်ချက်ဖော်ထုတ်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းစုများကို အခန်း ၅.၁ တွင် ဆွေးနွေး ဖော်ပြထားပါသည်။

### ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ ပင်မနယ်မြေ/ဟော့စပေ့

မဟာမဲခေါင်ဒေသသည် ရှေ့တွင် ဖော်ပြပြီးသည့်အတိုင်း အင်ဒို-ဘားမားဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အရေးပါသော ဒေသ၏ ၇၅ ရာခိုင်နှုန်းခန့် ဖွဲ့စည်းပါဝင်ထားသည်။[၃၂] အဆိုပါ ဒေသတစ်ခုလုံးသည် တရုတ်ပြည် တောင်ဘက်ပိုင်း၊ ယူနန်ပြည်နယ်တောင်ခြမ်း၊ အက်ဒမန်ကျွန်း (အိန္ဒိယ)၊ အိန္ဒိယ အရှေ့မြောက်ခြမ်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မလေးရှား စသည်တို့ အပါအဝင် စတုရန်းကီလိုမီတာပေါင်း ၂ ဒသမ ၄ သန်းခန့် ကျယ်ဝန်းလေသည်။ မြန်မာနိုင်ငံ၏ မြောက်ဖျားစွန်းပိုင်းသည် ကပ်လျက်ရှိသော ဟိမဝန္တာ ပင်မနယ်မြေဒေသတွင် ကျရောက်ပါသည်။

[၃၁] Round P.D. (2008). The Birds of the Bangkok Area. White Lotus, Bangkok; Zöckler C., E. Syroechkovskiy and P.W. Atkinson (2010). Rapid and continued decline in the Spoonbilled Sandpiper Eurynorhynchus pygmeus indicates imminent extinction unless conservation action is taken. Bird Conservation International 20, pp. 95-111.

[၃၂] Mittermeier R.A. et al. (2004). Op. cit.




ကမ္ဘောဒီးယားနိုင်ငံ၊ Tonle Sap ကန်တစ်လျှောက်တွင် ပေါက်ရောက်လျက်ရှိသော သစ်တောများ။ ဒေသတစ်ခုလုံးကို သစ်တောများ ဖုံးလွှမ်းခဲ့ပြီး အများစုမှာ ပျက်စီးအဆင့်အတန်း ကျဆင်းခဲ့ပြီး ဖြစ်သည်။ မြေပြန့်ဒေသရှိ တောခြောက်များနှင့် တောင်တန်းဒေသများရှိ သမပိုင်းအမြဲစိမ်းတောများစသည်တို့တွင် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝလေသည်။

^

အရေးပါသော အာရှဆင်မျိုးစိတ်များကို မြန်မာနှင့် ထိုင်းနိုင်ငံတို့တွင်သာ တွေ့နိုင်တော့သည်။ ဆင်များသည် အစွယ်အတွက် သတ်ဖြတ်ခံရခြင်း၊ လယ်သမားများနှင့် ပဋိပက္ခဖြစ်ပွားပြီး နေရင်းဒေသများ ဆုံးရှုံးရခြင်းတို့ကြောင့် အကောင်ရေ နည်းပါးလာသည်။ ဆင်ထီးများတွင်သာ အစွယ်ရှိပြီး စွယ်တံရှည်သော ဆင်များမှာ ယနေ့ခေတ်တွင် ရှားပါးလာပြီ ဖြစ်သည်။

ဇယား ၁.၂ အဓိကအမျိုးစားအုပ်စုများနှင့် နိုင်ငံအလိုက်သတ်မှတ်ထားသော ကုန်းတွင်းပိုင်းနှင့် ရေချိုပိုင်းနေ ခြိမ်းခြောက်ခံမျိုးစိတ်များ

| အမျိုးအစားအုပ်စု | ကမ္ဘောဒီးယား | လာအို | မြန်မာ | ထိုင်း | ဗီယက်နမ် | အခြားမဲခေါင်ဒေသ |
|---|---|---|---|---|---|---|
| နို့တိုက်သတ္တဝါများ | ၃၄ | ၄၅ | ၄၄ | ၅၀ | ၅၁ | ၈၅ |
| ငှက်များ | ၂၇ | ၂၄ | ၄၈ | ၅၁ | ၄၇ | ၇၈ |
| တွားသွားသတ္တဝါများ | ၁၉ | ၁၇ | ၃၀ | ၂၇ | ၄၃ | ၆၂ |
| ကုန်းနေရေနေသတ္တဝါများ | ၄ | ၉ | ၂ | ၄ | ၃၀ | ၃၉ |
| ငါးများ | ၂၆ | ၅၅ | ၁၆ | ၅၅ | ၃၅ | ၁၁၆ |
| ကျောရိုးမဲ့သတ္တဝါများ | ၁ | ၂၁ | ၇ | ၃၉ | ၃၀ | ၉၄ |
| အပင်များ | ၃၆ | ၄၁ | ၆၀ | ၁၄၉ | ၁၉၈ | ၃၂၃ |
| စုစုပေါင်း | ၁၄၇ | ၂၁၂ | ၂၀၇ | ၃၇၅ | ၄၃၃ | ၇၉၅ |

အရင်းမြစ်: IUCN Red List [၃၃]

[၃၃] IUCN Red List: http://www.iucnredlist.org/, accessed June 2016.





Balanophora fungosa သည် အရှေ့တောင်အာရှနှင့် ဩစတေးအေးရှားတို့ရှိ မိုးသစ်တောများတွင် ပေါက်ရောက်သည့် သစ်မျိုးများ၏ အမြစ်တွင် တွယ်ကပ်ပေါက်သော ကပ်ပါးပင်များ ဖြစ်သည်။ ဖော်ပြပါပုံ၏ မျိုးစိတ်နမူနာကို ကမ္ဘောဒီးယားနိုင်ငံ ကာဒမွန်တောင်တန်းများမှ ရရှိပါသည်။

ဇယား ၁.၃ ခြိမ်းခြောက်ခံရမှုအဆင့်အတန်းနှင့် နိုင်ငံအလိုက်သတ်မှတ်ထားသော ကုန်းတွင်းပိုင်းနှင့် ရေချိုပိုင်းနေ ခြိမ်းခြောက်ခံမျိုးစိတ်များ

| အမျိုးအစားအုပ်စု | ကမ္ဘောဒီးယား | လာအို | မြန်မာ | ထိုင်း | ဗီယက်နမ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသောမျိုးစိတ် | ၂၈ | ၃၄ | ၃၉ | ၇၅ | ၉၃ | ၁၅၂ |
| မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ် | ၅၄ | ၆၈ | ၇၈ | ၁၂၃ | ၁၄၁ | ၂၆၁ |
| မျိုးသုဉ်းရန် အန္တရာယ် ကျရောက်နိုင်သော မျိုးစိတ် | ၆၅ | ၁၁၀ | ၉၀ | ၁၇၇ | ၁၉၉ | ၃၈၂ |
| စုစုပေါင်း | ၁၄၇ | ၂၁၂ | ၂၀၇ | ၃၇၅ | ၄၃၃ | ၇၉၅ |

အရင်းမြစ်: IUCN Red List [၃၄]

ဇယား ၁.၄ မဲခေါင်ဒေသတွင်း နိုင်ငံများအကြား သတ်မှတ်ထားသော ဦးစားပေးနေရာဒေသများ

| နိုင်ငံ | အဓိက ဇီဝမျိုးစုံမျိုးကွဲ ကျက်စားရာနေရာ အရေအတွက် | ကုန်းတွင်းပိုင်း ဇီဝမျိုးစုံမျိုးကွဲများ ဆက်စပ်ကူးပြောင်းသွားလာသည့် နယ်မြေ အရေအတွက် |
|---|---|---|
| ကမ္ဘောဒီးယား | ၄၀ | ၉ |
| လာအို | ၄၃ | ၁၂ |
| မြန်မာ | ၁၃၂ | ၁၂ |
| ထိုင်း | ၁၁၄ | ၁၉ |
| ဗီယက်နမ် | ၁၁၀ | ၁၈ |
| စုစုပေါင်း | ၄၃၉ | ၅၇ |

အရင်းမြစ်- Critical Ecosystem Partnership Fund (CEPF) (2012) for Cambodia, Lao PDR, Thailand, Vietnam; CEPF (2013) for Myanmar

[၃၄] Ibid.



ကမ္ဘောဒီးယားနိုင်ငံ၊ Tonle Sap ရှိ ရေလွှမ်းတောများ။ ထိုဒေသရှိ ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝသော နယ်မြေ ၁၀ ခုကို ဖော်ထုတ်၍ အရေးပါသော ဇီဝမျိုးစုံမျိုးကွဲ နယ်မြေချင်းထိစပ်လမ်းကြောင်း (ကော်ရစ်ဒါ) တစ်ခု ဖွဲ့စည်းခဲ့သည်။ ထိုဒေသသည် မဲခေါင် အပြည်ပြည်ဆိုင်ရာ ဂေဟဒေသ ၂၀၀ တွင် ပါဝင်ပြီး ဇီဝ အသိုက်အမြုံ ဘေးမဲ့နယ်မြေနှင့် ရမ်ဆာဒေသအဖြစ်လည်း သတ်မှတ်ထားခြင်း ခံရသည်။

ကမ္ဘာလုံးဆိုင်ရာ ဂေဟဒေသ ၂၀၀ (G200) တွင် ပါဝင်သော ဒေသများသည် သီးခြား ပထဝီဝင်ဆိုင်ရာ နယ်မြေဒေသတစ်ခုအတွင်း ရှိ ဇီဝအသိုက်အဝန်းကို ကိုယ်စားပြု ဖော်ပြနိုင်သော ဧရိယာတစ်ခုပင် ဖြစ်သည်။[၃၅] မဲခေါင်ဒေသတွင် G200 ဂေဟဒေသ ၁၂ ခု[၃၇] ရှိပါသည်။ (ပုံ ၁.၂)[၃၆]

ဒေသရင်း ငှက်မျိုးစိတ် ထိန်းသိမ်းရေးနယ်မြေများ (EBAs)[၃၈] ကို ငှက်မျိုးစိတ်များ ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းမှ တစ်ကမ္ဘာလုံး အတိုင်းအတာရ ၅၀၀၀၀ စတုရန်း ကီလိုမီတာထက် နည်း၍ ဖြန့်ကျက်ရှင်သန်သည့် ငှက်များ၏ မူရင်းကျက်စားရာ ဒေသ များကို အခြေခံ၍ သတ်မှတ်ထားပါသည်။ ဒေသတွင် အဆိုပါနယ်မြေ များ (EBAs) ခုနစ်ခု ရှိပါသည်။ (ပုံ ၁.၃)

မဲခေါင်ဒေသ၏ တချို့တစ်ဝက်ကို အပင်မျိုးစိတ်ကွဲများ တည်ရှိ ရာ ဌာန ၂၈ ခုအဖြစ် သတ်မှတ်ထားပါသည်။[၃၉]

ဒေသတွင်းရှိ ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးနယ်မြေများကို ဖော် ထုတ်ခြင်းဆိုင်ရာ ရလဒ်များကို အနှစ်ချုပ် တင်ပြနိုင်ရန်အလို့ငှာ အရေးပါသော ဒေသများ၊ G200 ဂေဟဒေသများနှင့် EBAs များကို ပေါင်းစပ် စဉ်းစားကာ ထိန်းသိမ်းရေးအတွက် ဦးစားပေးဒေသများကို သတ်မှတ်ခဲ့ပါသည်။

ထိုသို့ ပေါင်းစပ်ကာ အမျိုးအစားခွဲခြားရာတွင် ဒေသတစ်ခုလုံးကို ဦးစားပေး ဧရိယာအဖြစ် သတ်မှတ်လုပ်ကိုင်ရန် အဖြေရလဒ် ထွက်ရှိ ခဲ့သောကြောင့် အဆိုပါ ခွဲခြားသည့် နည်းလမ်းထိန်းသိမ်းရေးလုပ်ငန်း အစီအစဉ်များကို ရေးဆွဲရာတွင် အသုံးဝင်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ပိုမို အသေးစိတ် တိကျသော ကျယ်ပြန့်သော နေရာဒေသအဆင့် သုံးသပ်ခြင်း သို့မဟုတ် ထိန်းသိမ်းရေးလုပ်ဆောင်ရန် ကျယ်ပြန့်သော နေရာဒေသ ဖော်ထုတ်ခြင်း နည်းလမ်းကို အခန်း ၅.၁ တွင် ဖော်ပြ ထားပါသည်။

## နယ်မြေအဆင့် ဦးစားပေးသတ်မှတ်ခြင်း

စံသတ်မှတ်ချက်နှင့် ကိုက်ညီသော နည်းလမ်းများကို အသုံးပြု၍ ခြိမ်းခြောက်ခံ မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ရန် ဦးစားပေး နယ်မြေများကို သတ်မှတ်ခဲ့ရာတွင် နိုင်ငံ ငါးနိုင်ငံတွင် အဓိက ဇီဝမျိုးစုံ မျိုးကွဲ ကျက်စားရာ နေရာ (KBAs) ၄၃၉ ခုကို ဖော်ထုတ်နိုင်ခဲ့ သည်။[၄၀] မြန်မာနိုင်ငံတွင် အဆိုပါနယ်မြေပေါင်း ၁၃၂ ခုရှိကာ အများဆုံးဖြစ်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့လည်း ဒုတိယ၊ တတိယအများဆုံး နိုင်ငံဖြစ်ခဲ့သည်။ KBAs များကို သတ်မှတ်ရာတွင် ငှက်မျိုးစိတ် ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ ကွန်ရက်အဖွဲ့နှင့် မိတ်ဖက်ပြု၍ အရေးကြီးသည့် ငှက်မျိုးစိတ် ထိန်းသိမ်းရေးနယ်မြေ ၂၄၈ ခုကိုလည်း သတ်မှတ်နိုင်ခဲ့သည်။

အဆိုပါ ၄၃၉ ခုသော KBAs များအနက် ၃၀၆ သည် ထိစပ် နယ်မြေ (ကော်ရစ်ဒါ) ၅၇ ခု အတွင်း ကျရောက်ပြီး ထိုကော်ရစ်ဒါများ သည် စတုရန်းကီလိုမီတာပေါင်း ၈၀၀,၀၀၀ ကျော် ကျယ်ဝန်းပါသည်။ ၎င်းကဲ့သို့ သတ်မှတ်ရခြင်းမှာ ထိုဒေသများသည် တောရိုင်း တိရစ္ဆာန် များအတွက် နေရင်းဒေသများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရုံမျှသာမက ဆင်၊ ရေဝတီလင်းပိုင် သို့မဟုတ် ကျားစသောရှားပါးသည့်မျိုးစိတ်များထိန်းသိမ်းကာကွယ်ရေးအတွက် လွန်စွာ အရေးပါသောကြောင့် ဖြစ်သည်။ ထိုကော်ရစ်ဒါများကို အခြေခံ၍ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပင်မနယ်မြေများ (KLCs) ကို ဖော်ထုတ်နိုင်ပါသည်။ (အခန်း ၅.၁ ကို ကြည့်ရန်)

---

[၃၅] http://www.worldwildlife.org/biomes

[၃၆] Olson D.M. and E. Dinerstein (2002). The Global 200: priority ecoregions for global conservation. Annals of the Missouri Botanical Garden 89, pp. 199-224.

[၃၇] Stattersfield A.J., M.J. Crosby, A.J. Long and D.C. Wege (1998). Endemic Bird Areas of the world: priorities for biodiversity conservation. BirdLife International, Cambridge, UK, as updated by http://www.birdlife.org/datazone

[၃၈] Davis S.D., V.H. Heywood and A.C. Hamilton (Eds.) (1995). Centres of plant diversity: a guide and strategy for their conservation. Volume 2: Asia, Australasia and the Pacific. IUCN Publications Unit, Cambridge, UK.

[၃၉] CEPF (2012). Op. cit.

[၄၀] Wildlife Conservation Society (2013). Myanmar Biodiversity Conservation Investment Vision. WCS, New York.

ပုံ ၁.၂ မဟာမဲခေါင်ဒေသရှိ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဦးစားပေးဒေသများနှင့် ကမ္ဘာလုံးဆိုင်ရာ ဂေဟဒေသ ၂၀၀




Note: Not all G200 Ecoregions are labelled. See Annex 1 for a full list.

ပုံ ၁.၃ မဟာမဲခေါင်ဒေသရှိ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဦးစားပေးဒေသများနှင့် ဒေသရင်း ငှက်မျိုးစိတ် ကျက်စားရာ နယ်မြေများ




Note: Not all EBAs are labelled. See Annex 1 for a full list.





# ၂

# ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် စိန်ခေါ်မှုများ

Owston's civet ကိုလာအိုအရှေ့ခြမ်းနှင့် ဗီယက်နမ်နိုင်ငံများရှိ မြေပြန့်တောများနှင့် တောင်ပေါ်အမြဲစိမ်းတောများတွင် တွေ့ရှိရပါသည်။ အသားနှင့် တိုင်းရင်းဆေးဝါးပြုလုပ်နိုင်ရန် ထိုသတ္တဝါကို သတ်ဖြတ်ကြပြီး မြေပေါ်သတ္တဝါများကို သိမ်းကျုံးထောင်ဖမ်းသော ညွှတ်ကွင်းထောင်ချောက်ဖြင့် ဖမ်းယူမှုသည် အဓိက ခြိမ်းခြောက်နေသော အချက်ပင် ဖြစ်သည်။

# ၂။ ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် စိန်ခေါ်မှုများ

## ၂.၁ တိုက်ရိုက်ခြိမ်းခြောက်မှုများ

.........................................

### ၂.၁.၁ တောရိုင်းတိရစ္ဆာန်မှုခင်းများနှင့် ရေရှည်မတည်တံ့သော ထုတ်ယူသုံးစွဲခြင်း

မဟာမဲခေါင်ဒေသရှိ သစ်တောများသည် ပြုန်းတီးပျောက်ကွယ်ရန် အန္တရာယ်ရှိလာပြီးဖြစ်ကာ ကြီးထွားလာသော နိုင်ငံတကာ ဈေးကွက် လိုအပ်ချက်ကို ထောက်ပံ့ပေးနိုင်ရန် ရေရှည်မတည်တံ့သော အမဲ လိုက်မှုများနှင့် စုဆောင်းမှုများကြောင့် သစ်ပင်များ ကျန်ရှိနိုင်သော်လည်း တောအတန်းအစားကျကာ အပင်နှင့်တိရစ္ဆာန်များ လျော့ပါး ပျောက်ကွယ်သွားနိုင်ပါသည်။[၄၁] တောရိုင်းတိရစ္ဆာန်များကို ရောင်းဝယ် ဖောက်ကားမှုများမှာ ရှေးယခင်ကတည်းက ရှိလာခဲ့သော်လည်း ဥရောပနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင်အာရှရှိ မြို့ပြကြီးများရှိ ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် သစ်တောများတွင်းသို့ ဆက်သွယ် ဝင်ရောက် သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုး တိုးတက်လာခြင်းကြောင့် မျိုးစိတ်များအပေါ် ဖိအားများ ကျရောက်လာကာ မျိုးသုဉ်းပျောက်ကွယ်ရန် လမ်းစ နီးလာပြီးဖြစ်သည့်အပြင် အမဲလိုက် စုဆောင်းခြင်း မရှိဖူးသေးသော သတ္တဝါများ၏ ဈေးကွက်တန်ဖိုးလည်း မြင့်တက်လာခဲ့ပါသည်။ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ဖမ်းဆီးရောင်းဝယ်မှုများကို စုံစမ်း စစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ခြင်းများ ရှိခဲ့သော်လည်း ဤစာတမ်းပြုစုရန် တွေ့ဆုံမေးမြန်းရာတွင် လက်ရှိ ဖြေရှင်း ဆောင်ရွက်မှုများသည် အမှန်တကယ် ဖြစ်ပွားလျက်ရှိသော ပြဿနာနှင့် နှိုင်းယှဉ်ပါက မပြောပလောက်ဟု ထောက်ခံ ပြောဆိုကြပါသည်။

ဒေသတွင်းရှိ တောရိုင်းတိရစ္ဆာန်များ ဝယ်လိုအားတွင် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရန် ၁၀၀၀ ကျော်သော အပင်နှင့် သတ္တဝါမျိုးစိတ်များ (ဥပမာ- ဝက်ဝံသည်းခြေအိတ်၊ ကျားရိုး၊ တောက်တဲ့၊ ကြံ့ချို၊ သင်းခွေချပ် အစိတ်အပိုင်းများနှင့် dendrobium သစ်ခွ)[၄၂] အစားသောက် ဟင်းပွဲများ (ဥပမာ- ရေချိုလိပ်များ၊ သင်းခွေချပ်၊ ငှက်သိုက်)၊ အဝတ်အထည်နှင့် အသုံးဆောင်ပစ္စည်းများ (ဥပမာ- ကျားနှင့် ကျားသစ်သားရေ၊ ဆင်စွယ်၊ မိကျောင်း) နှင့် ပြည်ပရှိ တောရိုင်းတိရစ္ဆာန်များကို ကုန်ကူးခြင်း (ဥပမာ- ရေချိုလိပ်၊ မြွေများ၊ ငှက်များနှင့် ပရိုင်းမိတ်များ) စသည်တို့ ပါဝင်လေသည်။ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ (ဟောင်ကောင်အပါအဝင်) တို့သည် အာရှရှိ တရားမဝင် တောရိုင်းတိရစ္ဆာန်များ အကြီးအကျယ် ရောင်းဝယ်ဖောက်ကားသော နိုင်ငံများဖြစ်ကြပြီး ကမ္ဘောဒီးယား၊ မြန်မာ (အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါနှင့် ဖိလစ်ပိုင်နိုင်ငံတို့ အပါအဝင်) တို့သည် ဆင်၊ လိပ်၊ ကြံ့နှင့် ကျားမျိုးစိတ်များကို မတရားမဝင် မှောင်ခိုကူးသန်း ရောင်းဝယ်ကြသော ထိပ်ဆုံးနိုင်ငံ ၃၀ တွင် ပါဝင်လေသည်။[၄၃] ၂၀၁၁ ခုနှစ်တွင် များစွာသော သိပ္ပံပညာရှင်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များနှင့် တိုင်ပင် ဆွေးနွေးချက်များအရ[၄၄] အမဲလိုက် သတ်ဖြတ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့သည် ဒေသတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် အဓိကခြိမ်းခြောက်လျက်ရှိသော အရာများဖြစ်ပြီး ထိုဖိအားများသည် ပိုမို များပြားလာပါသည်။ IUCN Red List စာရင်းတွင် ခြိမ်းခြောက်ခံ မျိုးစိတ်များအဖြစ် သတ်မှတ်ခြင်းခံရသော ဒေသတွင်းရှိ မျိုးစိတ် ၇၉၅ မျိုးအနက် ၁၂၃ မျိုးစိတ်အပေါ် ကျရောက်လျက်ရှိသော အန္တရာယ်မှာ[၄၅] တိုက်ရိုက် ထုတ်ယူသုံးစွဲခြင်းဖြစ်ပြီး ကျန်မျိုးစိတ်များအပေါ်လည်း ထိုအန္တရာယ် ကျရောက်လာနိုင်ဖွယ်ရှိပါသည်။ အမဲလိုက်သတ်ဖြတ်ခြင်းနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ဆုံးရှုံးခြင်းသည် ဂေဟစနစ်အပေါ် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်ပါသည်။ အမဲလိုက်ရာတွင် အဓိကလိုချင်သော မျိုးစိတ်မဟုတ်သည့် အခြားမျိုးစိတ်များသည်လည်း ငါးဖမ်းပိုက်များ၊ ငှက်ဖမ်းပိုက်များနှင့် ညှတ်ကွင်းထောင် ဖမ်းဆီးမှုများကြောင့် သတ်ဖြတ်ခြင်း ခံရပါသည်။ ကျားကဲ့သို့သော အစားကွင်းဆက် ထိပ်ဆုံးရှိ သားစားသတ္တဝါများမှာလည်း ၎င်းတို့၏ အစားခံသားကောင်များ (ဥပမာ- ဒရယ်၊ တောဝက်) လျော့နည်းလာခြင်းကြောင့် မျိုးသုဉ်းမှုအန္တရာယ်များနှင့် ရင်ဆိုင်ရလျက် ရှိသည်။

တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုများကို အမဲလိုက် သတ်မှတ်ဖြတ်ခြင်း၊ တရားမဝင် မှောင်ခိုကူး ရောင်းဝယ်ခြင်းနှင့် ဈေးကွက်ဝယ်လိုအားရှိခြင်း စသည်ဖြင့် ခွဲခြားသတ်မှတ်နိုင်ပါသည်။

တရားမဝင် ရောင်းဝယ်ဖောက်ကားနိုင်ရန် တောရိုင်းတိရစ္ဆာန်များကို အမဲလိုက် သတ်ဖြတ်ခြင်းများမှာ ဒေသတွင်းရှိ သဘာဝ

---

[၄၁] FAO (undated). Forest Biodiversity Conservation: GMS Forest Policy Brief No 3. http://www.fao.org/fileadmin/templates/rap/files/NRE/policybrief3.pdf

[၄၂] http://www.trafficj.org/cop13/pdf/cop13briefing_SoutheastAsia.pdf

[၄၃] Stokes E., S. Hedges, A. Holmes and S. Roberton (2014). A Strategic Approach to Combat Wildlife Trafficking in Africa and Asia. WCS, New York.

[၄၄] CEPF (2012). Op. Cit.

[၄၅] http://www.iucnredlist.org/



ဘန်ကောက်လေဆိပ်တွင် သိမ်းဆည်းရမိသော ကြံ့ချိုများ။ တရားဥပဒေ ကြပ်မတ် ဆောင်ရွက်ခြင်းနှင့် အစားထိုးပစ္စည်းများ ထွက်ရှိလာခြင်းတို့ကြောင့် ကြံ့ချိုဈေးကွက်သည် ၁၉၉၀ ပြည့်နှစ်များတွင် ကျဆင်းခဲ့ပါသည်။ သို့သော်လည်း ဗီယက်နမ်နိုင်ငံတွင် ဆေးဝါးဖြစ် အသုံးချမှုများနှင့် ရှားပါးတန်ဖိုးရှိမှုကြောင့် ဈေးကွက်တန်ဖိုး တစ်ဖန် မြင့်တက်လာခဲ့သည်။ အာရှနှင့် အာဖရိကဒေသများမှ ရရှိသော ဦးချိုများကို မဲခေါင်ဒေသအတွင်း မှောင်ခိုရောင်းဝယ် ဖောက်ကားကြပါသည်။

ထိန်းသိမ်းရေးနယ်မြေများနှင့် ကျန်ဇရိယာများတွင် ဖြစ်ပွားလျက်ရှိသည်။ (ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ ၇၀ ရာခိုင်နှုန်းတွင် အမဲလိုက် သတ်ဖြတ်မှုများဖြစ်ပွားလျက်ရှိသည်)[၄၆] အမဲလိုက်မုဆိုးများတွင် ကုန်သည်များမှ မှာယူသော ပစ္စည်းများကို ရောင်းချနိုင်ရန် မည်သည့်သားကောင်ကို မည်သည့် နည်းလမ်းသုံးကာ ထောင်ဖမ်းရမည်ဟု သိတတ်နားလည်သူများသာမက ငွေလိုအပ်သောအချိန် (ဥပမာ- ပွဲလမ်းသဘင်နှင့် လူမှုရေး အခမ်းအနားများ မတိုင်မီ)၊ လယ်ယာလုပ်ငန်းများ အားလပ်သော အချိန် စသည်ဖြင့် အလျဉ်းသင့်သလို အမဲလိုက်တက်သော ဒေသခံ ပြည်သူများလည်း ပါလေသည်။ ဈေးကွက်နှင့် နီးစပ်သော ဒေသများတွင် စီးပွားရေးအရ အရေးပါသော မျိုးစိတ်များ ရှားပါးပျောက်ကွယ်သွားခြင်းသည် အခြားသော နေရာဒေသများတွင် ကျန်ဆက်နွှယ်သော မျိုးစိတ်များကို အမဲလိုက်သတ်ဖြတ်ခြင်းများကို တိုး၍ဖြစ်ပေါ်စေနိုင်သည်။ ဥပမာအားဖြင့် သင်းခွေချပ်များကို အမဲလိုက် သတ်ဖြတ်မှုများကို တရုတ်ပြည်မှ စတင် လုပ်ကိုင်ခဲ့ကာ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား အထိပျံ့နှံ့ခဲ့ပြီး လက်ရှိအချိန်တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်အာရှနှင့် အာဖရိကနိုင်ငံများပါ လုပ်ကိုင်နေကြပြီး ဖြစ်သည်။[၄၇] တရုတ်သင်းခွေချပ် တစ်မျိုးတည်း (ယခု မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်ထား) ကိုသာ IUCN စာရင်းသွင်းခဲ့သော်လည်း လက်ရှိအချိန်တွင် အာရှရှိ သင်းခွေချပ် မျိုးစိတ် ၄ မျိုးလုံး (Sunda pangolin, ဖိလစ်ပိုင်နှင့် အိန္ဒိယ သင်းခွေချပ်များကို မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် သတ်မှတ်) နှင့် အာဖရိက သင်းခွေချပ်မျိုးစိတ် ၄ မျိုးတို့သည်လည်း IUCN မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် စာရင်းဝင် ဖြစ်လာပါသည်။

တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများကို နိုင်ငံတကာနယ်နိမိတ် ဖြတ်ကျော်ပြီး ဈေးကွက်သို့ မှောင်ခိုရောင်းဝယ်ဖောက်ကားမှုများမှာ စနစ်တကျ စီမံဆောင်ရွက်ပြီး အကျိုးမြတ်များစွာ ရရှိနိုင်သော စီးပွားရေး လုပ်ငန်းတစ်ရပ်ဖြစ်ကာ အရှေ့တောင်အာရှနှင့် ပစိဖိတ် ဒေသများတွင်[၄၈] တစ်နှစ်လျှင် ယူရိုသန်းပေါင်း ၁၇၀၀၀ ခန့် တန်ဖိုးရှိသောကြောင့် မူးယစ်ဆေးဝါး၊ လက်နက်နှင့် လူကုန်ကူးမှုပြီးနောက် စတုတ္ထမြောက် အကြီးဆုံး မှောင်ခိုလုပ်ငန်းပင် ဖြစ်သည်။ အခြားသော မှောင်ခို လုပ်ငန်းများထက်စာလျှင် တောရိုင်းတိရစ္ဆာန်များ ကုန်ကူးမှုနှင့် စပ်လျဉ်း၍ ထိရောက်စွာ အရေးယူ အပြစ်ပေးမှုများ၊ တရား ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း မရှိသည့်အတွက်ကြောင့် မှောင်ခိုဂိုဏ်းများသည် ပိုမိုအတင့်ရဲစွာ လုပ်ကိုင်လာကြသည်။ ကမ္ဘာပေါ်ရှိ အဓိက မှောင်ခို ရောင်းဝယ် ဖောက်ကားခြင်းခံရသည့် မျိုးစိတ်မှာ သင်းခွေချပ်ဖြစ်ပြီး လွန်ခဲ့သော ၁၀ စုနှစ်များတွင် အကောင်ရေ ၁

၄၆ CEPF (2012). Op. cit

၄၇ In Africa, the hunting of pangolin for the Asian market is in addition to intensive exploitation for local consumption. See http://www.iucnredlist.org/

၄၈ United Nations Office on Drugs and Crime (UNODC): http://www.unodc.org/southeastasiaandpacific/en/what-we-do/toc/wildlife-overview.html



ပိတောက်သစ်ပင်၊ ထိုင်းနိုင်ငံ။ တမလန်း မျိုးစိတ်များကို တရုတ်နိုင်ငံ၌ ပရိဘောဂပြုလုပ်ရာတွင် အသုံးပြုမှုများကြောင့် ဝယ်လိုအား မြင့်တက်လာခဲ့သည်။ မြန်မာနိုင်ငံသည် အဓိက တင်ပို့သည့် နိုင်ငံဖြစ်ကာ လာအို၊ ဗီယက်နမ်၊ အာဖရိကနိုင်ငံများနှင့် တောင်အမေရိက နိုင်ငံများလည်း တင်ပို့ရောင်းချကြပါသည်။ တမလန်း မျိုးစိတ်ကို ၂၀၁၂ ခုနှစ်တွင် CITES နောက်ဆက်တွဲ ၂ စာရင်းသွင်းခဲ့သည်။

သန်းကျော်ခန့် မျောင်ခို ရောင်းချခဲ့သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သင်းခွေချပ်အရေခွံ ၂၀၀၀၀ ကီလိုဂရမ်ခန့်ကို ဖမ်းဆီးရမိခဲ့သည်။[၄၉] မျောင်ခိုသမားများ အသုံးပြု ရောင်းဝယ်ဖောက်ကားသော လမ်းကြောင်းမှာ လမ်းသစ်များနှင့် ဆိပ်ကမ်းသစ်များ တည်ဆောက်ပြီးမှု (ဥပမာအားဖြင့် တရုတ်ပြည်နှင့် ထိစပ်လျက်ရှိသော မိုင်းလား အထူးဖွံ့ဖြိုးရေးဒေသသည် မျောင်ခိုဖောက်ကားမှုများ ပြုလုပ်ရာအရပ်လည်း ဖြစ်သည်) နှင့် ဥပဒေအရဖမ်းဆီးမှု အခြေအနေများ (လက်ရှိတွင် ထိုင်းနိုင်ငံတွင် ဖမ်းဆီးအရေးယူလျက်ရှိသည်) ကြောင့် ပြောင်းလဲလျက်ရှိသည်။[၅၀] မျောင်ခိုရောင်းဝယ်မှုများမှာ မဲခေါင်ဒေသတွင်း နိုင်ငံအားလုံးတွင် ဖြစ်ပွားလျက်ရှိပြီး ဗီယက်နမ်နိုင်ငံသည် နိုင်ငံတွင်းဈေးကွက် တန်ဖိုးရှိရုံမျှသာမက တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသော အဓိက အရပ်ဌာနကြီးလည်း ဖြစ်သည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများမှ ဒေသတွင်းသို့တင်ပို့ရောင်းချသော လမ်းကြောင်းများရှိသကဲ့သို့ ဒေသတွင်း မျောင်ခိုပစ္စည်းများကို ပြင်ဆင်ပြုလုပ်ပြီး ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချသော လမ်းကြောင်းများလည်း ရှိလေသည်။

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လူဦးရေတိုးပွားလာမှုနှင့် ဝယ်ယူသုံးစွဲမှု များပြားလာခြင်း စသည်တို့ကြောင့် မြင့်တက်လာခဲ့သော ဝယ်လိုအားများသည် အရှေ့တောင် အာရှဒေသတွင်းမှာသာမက ကမ္ဘာတစ်ဝန်းတွင် တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများ ရောင်းချသည့် ဈေးကွက်ကြီးများကို အဆိုပါနိုင်ငံများအတွင်း ပေါ်ပေါက်လာစေခဲ့သည်။ သို့သော်လည်း အချို့သော မျိုးစိတ်များ၏ ဈေးကွက်မှာ ဥရောပနှင့် အမေရိကမြောက်ပိုင်းတွင် ရှိပါသည်။ လက်ရှိချိန်တွင် တောရိုင်းတိရစ္ဆာန်များ၏ အရောင်းမြှင့်တင်ရေး လုပ်ငန်းများကို ဖေ့စ်ဘုတ်၊ အင်စတာဂရမ်နှင့် ဝီချက်စသော လူမှုမီဒီယာများကို[၅၁] အသုံးပြု၍ လုပ်ဆောင်လာကြပါသည်။

အချို့သော နေရာဒေသများတွင် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများသည် တိရစ္ဆာန်ထွက်ပစ္စည်းများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံရှိ လိပ်မွေးမြူရေးလုပ်ငန်းသည် ပြည်တွင်းဝယ်လိုအား ရာခိုင်နှုန်းတော်တော်များများကို ဖြည့်

၄၉ Nellemann C., R. Henriksen, A. Kreilhuber, D. Stewart, M. Kotsovou, P. Raxter, E. Mrema and S. Barrat (Eds.) (2016). The Rise of Environmental Crime – a Growing Threat to Natural Resources, Peace, Development and Security. UNEP-Interpol Rapid Response Assessment.

၅၀ http://www.traffic.org/home/2015/12/31/illegal-pangolin-trade-in-myanmar-booming.html, accessed 20 April 2016.

၅၁ Krishnasamy K. and S. Stoner (2016). Trading Faces. A Rapid assessment on the use of Facebook to trade Wildlife in Malaysia. TRAFFIC, Petaling Jaya, Selangor, Malaysia; D. Banks, Environmental Investigation Agency, pers. comm., April 2017



ခြိမ်းခြောက်ခံ သစ်ခွမျိုးစိတ် Paphiopedilum godefroyae သည် ထိုင်းနိုင်ငံ တောင်ပိုင်းရှိ ပင်လယ်နှင့် နီးကပ်လျက်ရှိသော ထုံးကျောက်အငူများတွင် ပေါက်ရောက်ကြပါသည်။ ထိုမျိုးစိတ်များအပေါ် ခြိမ်းခြောက်လျက်ရှိသောအရာမှာ CITES. မှ အပြည်ပြည်ဆိုင်ရာ ရောင်းဝယ် ဖောက်ကားမှုကို တားမြစ်ပိတ်ပင်ထားသော်လည်း အလှစိုက်ပင်အဖြစ် စိုက်ပျိုးရန် စုဆောင်းခြင်းပင် ဖြစ်သည်။

ဆည်းပေးလျက်ရှိပြီး[၅၂] တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ ဟိမဝန္တာ ဝက်ဝံ Asiatic black bears နှင့် မလေးဝက်ဝံ sun bears မွေးမြူရေး လုပ်ငန်းသည်လည်းတိုင်းရင်းဆေးဝါးဈေးကွက်လိုအပ်ချက်ဖြစ်သော သည်းခြေရည်များကို ထောက်ပံ့ပေးလျက်ရှိသည်။ အဆိုပါ လုပ်ငန်း များကို တရားဝင်လုပ်ကိုင်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံ တို့ရှိ ပြုစုမွေးမြူလျက်ရှိသော ကျားများ အပါအဝင် အခြားသော မျိုး စိတ်များကို တရားဝင် မွေးမြူရောင်းဝယ်ဖောက်ကားရန် ဖိအားပေး တိုက်တွန်းလျက် ရှိသည်။[၅၃] သို့သော်လည်း အဆိုပါ မွေးမြူရေး လုပ်ငန်းများသည် တောရိုင်းတိရစ္ဆာန်များ မှောင်ခိုရောင်းဝယ်ဖောက် ကားမှုကို ထိန်းချုပ်ရန် ဆောင်ရွက်ချက်များအပေါ် စိန်ခေါ်ချက် အသစ်များကို ဖြစ်ပေါ်စေသည်။ တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများကို တရားဝင် မွေးမြူရေးထွက်ပစ္စည်းများအဖြစ် လိမ်လည်ရောင်းဝယ် ဖောက်ကားခြင်းကြောင့် တရားဥပဒေအတိုင်း ကြပ်မတ်ဆောင်ရွက်ရာတွင် များစွာ ရှုပ်ထွေးခက်ခဲလာပြီး တောရိုင်း တိရစ္ဆာန်များကို မွေးမြူရေးခြံ၌ မျိုးဆက်ရန်လိုအပ်သော သားကောင် များအဖြစ် အသုံးပြုမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဥပမာအားဖြင့် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ် Siamese crocodile ၏ (တောရိုင်းသားကောင်) ဈေးကွက်လိုအပ်ချက်မှာ မြင့်မားသော ကြောင့် ထိန်းသိမ်းကာကွယ်သည့် ကြားထဲမှပင် ထိုမျိုးစိတ်များမှာ အကောင်ရေ တိုးပွားလာခြင်း မရှိပေ။[၅၄] ဝက်ဝံများကို တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် မွေးမြူခြင်း မရှိသည့်အတွက် တောတွင်း သားကောင် ဝယ်လိုအားမှာ ကျဆင်းသွားခြင်း မရှိပေ။[၅၅]

အလားတူပင် မွေးမြူရေးတိရစ္ဆာန်များကို မွေးမြူထောက်ပံ့ပေး ခြင်းဖြင့် တောတွင်းသားကောင် လိုအပ်ချက်ကို လျှော့ချနိုင်၊ မနိုင် သည်ကို သဲကွဲစွာ သိရခြင်း မရှိသေးပါ။ ဝယ်လိုအား အတက်အကျနှင့် ဈေးကွက်နစ်သက်မှုများကို မသိရှိခဲ့ပါက မွေးမြူရေးတိရစ္ဆာန်များကို ရောင်းချခြင်းသည် ဈေးကွက်လိုအပ်ချက်ကို တိုးပွားလာနိုင်ပေ သည်။[၅၆] မွေးမြူရေးသတ္တဝါများနှင့် တောတွင်းသားကောင် (တော ရိုင်း တိရစ္ဆာန်) များကို ခွဲခြားရန် ခက်ခဲသောကြောင့် ဥပဒေအတိုင်း ကြပ်မတ် ဆောင်ရွက်ရာတွင် ရှုပ်ထွေးမှုများဖြစ်သည့်အပြင် တရား

---

[၅၂] Horne B.D., C.M. Poole and A.D. Walde (Eds.) (2012). Conservation of Asian Tortoises and Freshwater Turtles: Setting Priorities for the Next Ten Years. Recommendations and Conclusions from the Workshop in Singapore, 21 to 24 February 2011.

[၅၃] It is estimated that there are 7 000 tigers in farms in China, Vietnam, Lao PDR and Thailand. https://eia-international.org/where-are-the-tigers, accessed 28 April 2017.

[၅၄] IUCN species account: http://www.iucnredlist.org/details/5671/0, accessed 20 April 2016, and Simpson B.K. and M.R. Bezuijen (2010). Siamese Crocodile Crocodylus siamensis. Pp. 120-126 in Crocodiles. Status Survey and Conservation Action Plan. Third Edition, ed. by Manolis S.C. and C. Stevenson. Crocodile Specialist Group: Darwin.

[၅၅] http://www.iucnredlist.org/details/22824/0, accessed 16 August 2016.

[၅၆] Brant A. and G.C. van Kooten (2009). Can Domestication of Wildlife Lead to Conservation? The Economics of Tiger Farming in China. REPA Working Paper 2009-01, University of Victoria. Available at http://ageconsearch.umn.edu/bitstream/46994/2/WorkingPaper2009-01.pdf



စပါးခင်းများ။ လယ်ယာစိုက်ပျိုးရေးအတွက် တောများ ခုတ်ထွင်ရှင်းလင်းခြင်းသည် မျိုးစိတ်များနှင့် ဂေဟစနစ်များအပေါ် အဓိက ခြိမ်းခြောက်လျက်ရှိသော အရာဖြစ်သည်။ အပူပိုင်းမြေပြန့်ဒေသများတွင် ရေသွင်းစပါးများကို စီးပွားဖြစ် စိုက်ပျိုးကြပြီး ချဲ့ထွင်စိုက်ပျိုးလာမှုကြောင့် မြေပြန့်ဒေသရှိ သစ်တောများ၊ မြက်ခင်းပြင်များနှင့် ရေတိမ်ဒေသများ ပြုန်းတီးခဲ့ရသည်။



ထိုင်းနိုင်ငံရှိ ရာဘာစိုက်ခင်းများ။ မိရိုးဖလာ တစ်နိုင်တစ်ပိုင် စိုက်ခင်းများကို လယ်ကွက်များ၊ စပါးခင်းများနှင့် တောကျန်များ စသည်တို့အကြားတွင် အကွက်လိုက် ထည့်သွင်းစိုက်ပျိုးခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများကို အထောက်အကူပြုပါသည်။ သစ်မျိုးတစ်မျိုးတည်း ဧရိယာများပြားစွာ စိုက်ပျိုးခြင်းနှင့် ဓာတုဓာတ်မြေသြဇာများကို အသုံးပြုခြင်းသည် မျိုးစိတ်များ ရှားပါးပျောက်ကွယ်ခြင်းကို ဖြစ်စေမည် ဖြစ်သည်။

ဝင် မွေးမြူရောင်းချခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရေး လူထုပညာပေးအမြင် ပြောင်းလဲရန် လှုပ်ရှားဆောင်ရွက်မှုများကို အားနည်းစေသည်။ အဘယ်ကြောင့်ဆိုသော် တရားဝင် မွေးမြူရောင်းချမှုများကြောင့် ပြည်သူလူထုအနေဖြင့် သားကောင်များကို စားသုံးနိုင်သည်ဟု နားလည် လက်ခံသွားနိုင်ပါသည်။ ဖော်ပြပါ ပြဿနာများကို မွေးမြူရေးနှင့်စပ်လျဉ်းသည့် တင်းကြပ်သော စည်းမျဉ်းများ ချမှတ်ကာ စောင့်ကြည့်လေ့လာခြင်းဖြင့် ဖြေရှင်းလျှော့ချနိုင်သော်လည်း ထိုသို့ အကောင်အထည်ဖော်ရာတွင် အရင်းအမြစ်များစွာဖြင့် ထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည့် အပြင် လာဘ်ပေးလာဘ်ယူ ကင်းရှင်းစွာ ဆောင်ရွက်သည့် စနစ်များလည်း ရှိရမည် ဖြစ်သည်။ ခြိမ်းခြောက်ခံနေရသော တောရိုင်းသတ္တဝါမျိုးစိတ်များကို မွေးမြူခြင်းသည် ထိန်းသိမ်းရေးဆိုင်ရာ ရလဒ်များကို ဖြစ်ပေါ်စေလာမည် မဟုတ်ပါ။

တောရိုင်းတိရစ္ဆာန် သတ်ဖြတ်မှုများသည် အပင်နှင့် သတ္တဝါမျိုးစိတ်များအပေါ် ဆိုးကျိုး သက်ရောက်မှုများရှိသော်လည်း ဆင်၊ ကျားနှင့် ကြံ့စသော တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများ ကုန်သွယ်ရောင်းချခြင်းကို လူများ စောင့်ကြည့် သတိထားမိကြပါသည်။ တောရိုင်းတိရစ္ဆာန် သတ်ဖြတ်မှုများနှင့် ပတ်သက်သည့် အသိအမြင် မြှင့်တင်နိုင်ရန်နှင့် မှောင်ခိုရောင်းဝယ်မှုပြဿနာကို ဖြေရှင်းတိုက်ဖျက်နိုင်ရေးအတွက် နိုင်ငံရေးအရ ထောက်ခံအားပေးမှုနှင့် အရင်းအမြစ်များ ရယူနိုင်ရန် လူထုပညာပေး လှုပ်ရှားမှုများတွင် ထိုမျိုးစိတ်များကို အသုံးပြုကြပါသည်။

အာဖရိက ဆင်စွယ်ရောင်းဝယ်ဖောက်ကားမှုများနှင့် စပ်လျဉ်း၍ အာဖရိကရှိ ခိုးယူသတ်ဖြတ်မှုများနှင့် အာရှသို့ မှောင်ခိုရောင်းဝယ်မှုများ စသည်တို့ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာလျက်ရှိပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အာရှဒေသသည် ဆင်စွယ်များကို သတ်ဖြတ်သည့် ပင်မဒေသမဟုတ်သော်လည်း ဖြတ်သန်း သယ်ယူပို့ဆောင် ရပ်နားရာဒေသ ဖြစ်လေသည်။ ဆင်ထီးများတွင်သာ အစွယ်ရှိပြီး ၎င်းအစွယ်များမှာ အာဖရိကဆင်များ၏ အစွယ်များထက် သေးငယ်သောကြောင့် အာရှဆင်များသည် အစွယ်ကြောင့် သတ်ဖြတ်ခံရခြင်း နည်းသော်လည်း အာရှဆင်ကောင်ရေမှာ သိသာစွာ ကျဆင်းလာသောကြောင့် ဆင်စွယ်များကို ရောင်းဝယ်ဖောက်ကားခြင်းမှာ အဓိကပြဿနာ ဖြစ်လာပါသည်။ (လူသားနှင့် တောရိုင်း တိရစ္ဆာန်များအကြား ပဋိပက္ခဖြစ်မှုများကြောင့် နေရင်းဒေသ ပျောက်ကွယ်ခြင်းနှင့် ခိုးယူသတ်ဖြတ်ခံရခြင်းလည်း ဖြစ်လာပါသည်) ထိုကိစ္စနှင့်ပတ်သက်၍ ပိုမိုဆောင်ရွက်နိုင်ရန် ဒီအန်အေ[၅၇] စမ်းသပ်စစ်ဆေးခြင်း နည်းလမ်းကို မိတ်ဆက်အသုံးပြုနေပြီဖြစ်သည်။ အာရှဆင်များအပေါ် ခြိမ်းခြောက်လျက်ရှိသော အခြားအန္တရာယ်တစ်ခုမှာ သက်ရှိသတ္တဝါများကို အထူးသဖြင့် ဆပ်ကပ်နှင့် ခရီးသွားလုပ်ငန်းတွင် အသုံးပြုနိုင်ရန် မြန်မာနိုင်ငံမှ ထိုင်း၊ တရုတ်နိုင်ငံများသို့ ကူးသန်းရောင်းဝယ်ခြင်းပင် ဖြစ်သည်။[၅၈] မြန်မာနိုင်ငံတွင် သစ်ထုတ်လုပ်ရေးအတွက် လေ့ကျင့်မွေးမြူ သင်ကြားပေးထားသော ဆင်ကြီးများစွာရှိသော်လည်း ခရီးသွားလုပ်ငန်းရှင်များသည် တောရိုင်းဆင်ငယ်များကိုသာ ဝယ်ယူလိုကြသည်။ ဝယ်ယူသည့် အရေ

---

[၅၇] DNA, deoxyribonucleic acid, a carrier of genetic code present in most living cells.

[၅၈] http://www.traffic.org/home/2014/7/6/thailand-must-act-to-prevent-resurgence-of-illegal-wild-elep.html, accessed 22 April 2016.

အတွက်မှာ နည်းပါးသော်လည်း (ခန့်မှန်းခြေအားဖြင့် ၁၀၀ ခန့်ရှိ) တသီးတခြားစီ ပျံ့နှံ့ကျက်စားနေသည့် ဆင်များ မျိုးသုဉ်းပျောက်ကွယ်မှု ဖြစ်စေနိုင်ပါသည်။

ကြံ့ချိုကို ရှေးစဉ်ဆက်ကတည်းက ရောင်းဝယ်ဖောက်ကားလာခဲ့သော်လည်း ၁၉၉၀ နှောင်းပိုင်း ခုနှစ်များတွင် စျေးကွက်ရှိသော နိုင်ငံများ (တရုတ်၊ ဗီယက်နမ်၊ တိုင်ဝမ်၊ ဂျပန်နှင့် တောင်ကိုးရီးယား) ရှိ ပြည်တွင်းနှင့် နိုင်ငံကျော် တင်ပို့ရောင်းချမှုများကို တားမြစ်ခဲ့ပြီး အစားထိုး တိုင်းရင်းဆေးဝါးတစ်မျိုးကို ဖော်ထုတ်ခဲ့ခြင်းကြောင့် ကုန်ကူးမှုများ သိသာစွာ ကျဆင်းလာခဲ့သည်။ သို့သော်လည်း ကြံ့ဦးချိုကို ကင်ဆာတိုက်ဖျက်ဆေး ဖော်စပ်ရာတွင်လည်းကောင်း၊ အရက်မူးပြေဆေးအဖြစ် လည်းကောင်း၊ လူ့မလိုင် (လူချမ်းသာများ) ၏ အမှတ်တံဆိပ်ဖြစ်လည်းကောင်း အသုံးပြုခြင်းကြောင့် ၂၀၀၀ ပြည့်နှစ်များတွင် ဗီယက်နမ်နိုင်ငံ၏ စျေးကွက်တန်ဖိုးများမှာ တစ်ဖန် မြင့်တက်လာခဲ့သည်။[၅၉] ကြံ့များသည် မဟာမဲခေါင်ဒေသတွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သော်လည်း (ဗီယက်နမ်နိုင်ငံရှိ ဂျာဗား ကြံ့မျိုးစိတ်သည် ၂၀၁၀ ပြည့်နှစ်တွင် သေဆုံးခဲ့ပြီး မြန်မာနိုင်ငံရှိ ဆူမားတြားကြံ့မျိုးစိတ်များ ရှိနေသေးသည်ဟု အတည်ပြုချက် မပြုနိုင်ပါ) ဝယ်လိုအား တစ်ဖန်ရှိလာခြင်းကြောင့် အာဖရိကကြံ့များနှင့် အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယနှင့် နီပေါနိုင်ငံများရှိ ကြံ့ကောင်ရေများကို ခိုးယူ သတ်ဖြတ်မှုများ ဖြစ်ပေါ်လာပါသည်။

သက်ရှိကျားများနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ရှေးယခင်ကတည်းက ကုန်သွယ် ရောင်းချခဲ့ကြပြီး လက်ရှိအချိန်တွင် ရောင်းဝယ်ဖောက်ကားမှုများသည် အဓိက အန္တရာယ်ဖြစ်လာပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ၂၀၁၄ ခုနှစ်၊ ဧပြီလအထိ အနည်းဆုံး ကျားကောင်ရေ ၁၅၉၀ ခန့်ကို ဖမ်းဆီးရမိခဲ့သည်။ ထိုစဉ်က ကမ္ဘာပေါ်တွင် ကျားကောင်ရေမှာ ၃၀၀၀ ကျော်ခန့်သာ ရှိလေသည်။[၆၀] မဟာမဲခေါင်ဒေသသည် ကမ္ဘာ့ကျားများ ကျက်စားရာ ဗဟိုဒေသတွင် တည်ရှိပြီး ကျားသားရေ၊ အရိုး၊ ကျားသားပေါက်များနှင့် အခြားသော အစိတ်အပိုင်းများကို သယ်ယူ ပို့ဆောင်ရောင်းချသော နေရာများနှင့် ချိတ်ဆက်လျက် ရှိသည်။ မဲခေါင်ဒေသတွင် လက်ရှိအချိန်၌ တောရိုင်းကျားသတ္တဝါများ နည်းပါးသွားပြီဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ ကျားများမှာ မျိုးသုဉ်းသွားပြီဖြစ်ပြီး[၆၁] လာအိုနိုင်ငံတွင် မျိုးပွားနိုင်သည့် ကျားအမကောင်ရေ ၅၀ ခန့် ကျက်စားရန် လုံလောက်သော နေရင်းဒေသများ ရှိသော်လည်း ၂၀၁၅ ခုနှစ်ကောက်ယူမှုများအရ လက်တွေ့မြေပြင်တွင် ၂ ကောင်သာ ကျန်ရှိတော့ပေသည်။[၆၂] ကျားသတ္တဝါများကို သတ်ဖြတ်မှုများသည် ၂၀၁၂ ခုနှစ်တွင် မဲခေါင်ဒေသတွင်း နိုင်ငံများ အဓိက ကြုံတွေ့နေရသော စိန်ခေါ်မှုဖြစ်သည်။[၆၃]

ကျားနှင့် ယင်းတို့၏ အစိတ်အပိုင်းပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုကို မျိုးဆက် ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES) မှ ပိတ်ပင် တားဆီးထားပြီးဖြစ်ကာ နိုင်ငံအသီးသီးမှလည်း ထိုကွန်ဗင်းရှင်း၏ ဆုံးဖြတ်ချက်ကို တိကျစွာ လိုက်နာ အကောင်အထည်ဖော်ရန် လိုပေသည်။ တိဘက်ဒေသများတွင် ကျားသားရေကို ရိုးရာ ဝတ်စားဆင်ယင်မှုအတွက် စုဆောင်း ရောင်းချကြသော်လည်း မူလစုဆောင်းကြသူများမှာ အိမ်တွင်း အလှဆင်ခြင်း လုပ်ငန်းများအတွက် အသုံးပြုကြသော စစ်အရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံရေးသမားများပင် ဖြစ်ကြသည်။ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အဓိက ဝယ်ယူကြပါသည်။[၆၄] ကျားရိုးကို တိုင်းရင်းဆေးဝါးများ ဖော်စပ်ရာတွင် အသုံးပြုခဲ့ပြီး တန်ဖိုးကြီးဝိုင်များ ထုတ်လုပ်ရာတွင်လည်း အသုံးပြုလာကြပြီ ဖြစ်သည်။ ကျားသွားများနှင့် လက်သည်းများကို လက်ဝတ်ရတနာများအဖြစ် ပိုမို ဆင်မြန်းလာကြပြီး ကျားအသားကို ရသာကောင်းဟင်းပွဲအဖြစ် တန်ဖိုးထား သုံးဆောင်ကြပါသည်။

အခြားသော မျိုးစိတ်များကို မှောင်ခိုရောင်းချမှုများမှာ နည်းပါးသော်လည်း သတ်ဖြတ်ခံမျိုးစိတ်များအပေါ် ပျက်စီးဆုံးရှုံးမှုများမှာ မသေးငယ်လှပေ။ အာရှတွင် ကမ္ဘာပေါ်ရှိ လိပ်မျိုးစိတ်များကို တွေ့ရှိရပြီး ၎င်းတို့မှာ အိမ်မွေးတိရစ္ဆာန်များအဖြစ် မွေးမြူနိုင်ရန်နှင့် မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လိပ်ရှင်များကို ရောင်းဝယ်ခြင်း၊ အသား၊ အခွံ၊ ဥနှင့် အရိုးနများကို ရောင်းဝယ်ခြင်း စသော အန္တရာယ်

---

၅၉ Nowell K. (2012). Species Trade and Conservation: Rhinoceroses – Assessment of Rhino Horn as a Traditional Medicine. CITES Secretariat. Available at: http://www.rhinoresourcecenter.com/index.php?s=1&act=refs& CODE=ref_detail&id=1389669784, accessed 27 March 2018.

၆၀ http://www.traffic.org/tigers/, accessed 22 April 2016.

၆၁ There are proposals to re-introduce tiger to Cambodia. See http://cambodia.panda.org/projects_and_reports/copy_of_tiger_ landscape_22122010_1910/ , accessed 28 April 2017

၆၂ Goodrich J., A. Lynam, D. Miquelle, H. Wibisono, K. Kawanishi, A. Pattanavibool, S. Htun, T. Tempa, J. Karki, Y. Jhala and U. Karanth (2015). Panthera tigris. The IUCN Red List of Threatened Species 2015: e.T15955A50659951. http://dx.doi.org/10.2305/IUCN. UK.2015-2.RLTS.T15955A50659951.en. Downloaded on 28 April 2017.

၆၃ Global Tiger Initiative Secretariat (2012). Managing Tiger Conservation Landscapes and Habitat Connectivity: Threats and possible Solutions: Experiences from Bangladesh, India, Indonesia, Malaysia, Myanmar, Nepal, Thailand and Vietnam. The World Bank, Washington, DC.

၆၄ CITES: Review of the implementation of resolution Conf. 12.5 on conservation of and trade in tigers and other appendix-1 Asian big cat species. https://cites.org/sites/default/files/eng/com/sc/65/E-SC65-38-A01_0.pd f, accessed 28 April 2017.

များနှင့် ရင်ဆိုင်ရလျက်ရှိသည်။[၆၅] အခြောက်ခံထားသော လိပ်အရိုးနမူနာများကို ရောင်းဝယ်ဖောက်ကားမှုများကို စုံစမ်းစစ်ဆေးရာတွင် ရဲများသည် အခက်အခဲများနှင့် ရင်ဆိုင်ရလျက် ရှိသည်။ အဘယ်ကြောင့်ဆိုသော် စုံစမ်း စစ်ဆေးဖော်ထုတ်ရာတွင် ကျွမ်းကျင်တတ်မြောက်မှုများ လိုအပ်ပြီး ၎င်းတို့ကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တင်ပို့ရောင်းချသောကြောင့် ဖြစ်သည်။ ဒီအန်အေ ဘားကုတ်ဖတ်သည့်စနစ်ကို အမျိုးအစား ခွဲခြားသတ်မှတ်ရာတွင် အသုံးပြုနိုင်ရန် ရေးဆွဲလျက်ရှိသော်လည်း ဒီအန်အေနမူနာများ ကောက်ယူခြင်း၊ သိမ်းဆည်းခြင်းစသည့် နည်းလမ်းများနှင့်ပတ်သက်သည့် သင်တန်းများကို ပို့ချရန်လိုအပ်သည့်အပြင် အချိန်မီလေ့လာဆန်းစစ်နိုင်ရန် ဓာတ်ခွဲခန်းများလည်း ရှိရမည်ဖြစ်သည်။

### လူသား- တောရိုင်းတိရစ္ဆာန် ပဋိပက္ခများကို ဖြစ်စေသော အမဲလိုက်မှုများ

စိုက်ပျိုးရေးသီးနှံများနှင့် မွေးမြူရေးတိရစ္ဆာန်များကို အန္တရာယ်ဖြစ်စေသော မျိုးစိတ်များကို အမဲလိုက် သတ်ဖြတ်ကြပါသည်။ သဘာဝနေရင်းဒေသများ လျော့နည်းလာခြင်းနှင့် တောရိုင်းတိရစ္ဆာန်ကောင်ရေ တိုးပွားလာခြင်း စသည်တို့ကြောင့် ထိုင်းနိုင်ငံ၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် လူသား-တိရစ္ဆာန် ပဋိပက္ခများ ပိုမို ဖြစ်ပွားလာခဲ့ပါသည်။ ဒေသခံများသည် မိမိတို့၏ တောင်ယာလုပ်ငန်းများကို သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းနှင့် ကပ်လျက်ရှိသော နေရာများတွင် လယ်ယာစိုက်ပျိုးလုပ်ကိုင်ပြီး ထိန်းသိမ်းရေးနယ်မြေရှိ ကျယ်ပြန့်သော နေရာဒေသကို အသေးစိတ် စီမံအုပ်ချုပ်ခဲ့ပါက အဆိုပါပြဿနာများ ပိုမိုဖြစ်ပွားနိုင်ပါသည်။ ပြဿနာအဖြစ်များသည့် တောရိုင်းတိရစ္ဆာန်အများစုမှာ ခြိမ်းခြောက်ခံ မျိုးစိတ်များ မဟုတ်သော်လည်း (ဥပမာ- တောဝက်၊ မျောက်တံငါ long-tailed macaque) ကျား၊ ဝက်ဝံ၊ ကျားသစ်နှင့် အာရှဆင်များ ရှင်သန် ကျက်စားမှုကို ခြိမ်းခြောက်လျက်ရှိသည်။ အဆိပ်ကျွေးခြင်းနှင့် ထောင်ချောက်ထောင်ဖမ်းခြင်း ကဲ့သို့သော တစ်ခါတစ်ရံအသုံးပြုသော အမဲလိုက်သည့် နည်းစနစ်များသည် ရည်ရွယ်ရာမဟုတ်သည့် သားကောင်များရှင်သန်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ဆင်များသည် ခြိမ်းခြောက်ခံမျိုးစိတ်များဖြစ်ကာ လူသားများနှင့် မကြာခဏပဋိပက္ခဖြစ်သော်လည်း ထိုပြဿနာများကို ဖြေရှင်းနိုင်သော နည်းလမ်းများ ရှိပါသည်။

### ၂.၁.၂ စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းနှင့် သီးထပ်သီးညှပ်စိုက်ပျိုးခြင်း

သစ်တောမြေမှ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ဆီအုန်း၊ သကြား၊ သီဟိုဠ်၊ ယူကလစ်၊ အကေးရှား၊ထင်းရှူးနှင့် ကျွန်းစသော စီးပွားဖြစ်သီးနှံစိုက်ပျိုးမြေ သို့မဟုတ် စိုက်ခင်းများအဖြစ်သို့လည်းကောင်း၊ ရေဝပ်ဒေသနှင့် မြက်ခင်းပြင်များမှ ရေသွင်းစပါးခင်းများအဖြစ် လည်းကောင်း ပြောင်းလဲအသုံးချခြင်းကို ဒေသ တစ်နံတစ်လျားတွင် တွေ့ရပြီး ဒေသရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်တို့ကို မူတည်၍ စိုက်ပျိုးသော သီးနှံများမှာ ကွဲပြားလေသည်။ ကျွမ်းကျင်သူများ ညှိနှိုင်း ဆွေးနွေးချက်များအရ တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ် ဖောက်ကားမှုပြီးနောက် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ခြိမ်းခြောက်လျက်ရှိသော ဒုတိယအကြီးဆုံး အန္တရာယ်မှာ စိုက်ပျိုးမြေချဲ့ထွင်ခြင်းနှင့် သီးထပ်သီးညှပ်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး[၆၆] ၎င်းကို IUCN Red List မှလည်း ကမ္ဘာပေါ်တွင် ခြိမ်းခြောက်ခံမျိုးစိတ် ၁၁၅ မျိုးအပေါ် ကျရောက်လျက်ရှိသော အန္တရာယ်လည်းဖြစ်သည်ဟု သတ်မှတ် ဖော်ထုတ်ထားပါသည်။ လူဦးရေတိုးပွားလာခြင်း၊ ရင်းနှီးမြှုပ်နှံမှုအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းများကို အကောင်ထည်ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးမြတ်ရှာဖွေခြင်း စသည်တို့ကြောင့် စီးပွားဖြစ်လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် မြေယာရှင်းလင်းခြင်းများကို ဆက်တိုက် ဖြစ်ပွားလျက်ရှိပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို စိုက်ပျိုးသီးနှံများနှင့် အမျှင်ထွက် သီးနှံများ စိုက်ပျိုးနိုင်ရန် နှစ်ရှည် မြေငှားစာချုပ်များ ခွင့်ပြုချုပ်ဆိုပေးခဲ့ပြီး ဖြစ်သည်။ သီးနှံစိုက်ခင်းများသည် သဘာဝ ထိန်းသိမ်းရေးနယ်မြေများအပေါ် သက်ရောက်မှုများ ရှိလေသည်။ ဥပမာအားဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ ၅၄၆၉ စတုရန်း ကီလိုမီတာ သို့မဟုတ် ၂၀ ရာခိုင်နှုန်းခန့် ငှားရမ်းထားသော မြေများသည် သဘာဝ ထိန်းသိမ်းရေး နယ်မြေများအတွင်း ကျရောက်ပါသည်။[၆၇] မြန်မာနိုင်ငံတွင် အခြေခံ အဆောက်အအုံဖွံ့ဖြိုးမှု မရှိခြင်းနှင့် မြေယာပိုင်ဆိုင်မှု မခိုင်မာခြင်းတို့ကြောင့် လာရောက်ငှားရမ်းသော မြေပမာဏမှာ နည်းပါးလေသည်။ သို့သော်လည်း မြေယာများအပေါ် ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးနိုင်သော ဥပဒေပြဋ္ဌာန်းချက်များ ထုတ်ပြန်ထားပြီးဖြစ်သောကြောင့် နိုင်ငံဖွံ့ဖြိုးလာသည်နှင့်အမျှ ထိုမြေများကို သိမ်းယူမှုများနှင့် စိုက်ခင်း တည်ထောင်သည့် စီမံကိန်းများကို အကောင်အထည် ဖော်လာမည်ဖြစ်သည်။

ဒေသတွင်းရှိ သဘာဝတောကျန်များကို စီးပွားဖြစ်စိုက်ခင်းများနှင့် ကပ်လျက်ရှိသော တောင်ပေါ်ဒေသများတွင် တွေ့ရှိရပြီး လုပ်ကွက်ငယ် တောင်သူများသည် စိုက်ပျိုးမြေများကို များစွာ တိုးချဲ့စိုက်ပျိုးခြင်း မရှိသော်လည်း သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းသို့ ကျူးကျော် စိုက်ပျိုးကြပါသည်။ တောင်ပေါ်ရှိ ဒေသခံပြည်သူများလုပ်ကိုင်စားသောက်ကြသော မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများမှာ လူဦးရေသိပ်သည်းမှုမရှိပါက ရေရှည်တည်တံ့နိုင်သော်လည်း လူဦးရေတိုးပွားလာမှုများ၊ ပြောင်းရွှေ့အခြေချမှုများနှင့် ဈေးကွက်၊ နည်းပညာတိုးတက်မှုများ စသည်တို့ရှိလာပါက သစ်တောမြေများသို့ ကျူးကျော်ချဲ့ထွင် စိုက်ပျိုးလာနိုင်ပါသည်။ ဒေသ အတော်

[၆၅] Horne B.D. et al. (Eds.) (2012). Op. cit.

[၆၆] CEPF (2012). Op. cit.

[၆၇] Forest Trends (2014) quoted in Banks A., C. Sloth, D.H. Garcia and K. Ra (2014). Forest-Land Conversion and Conversion Timber Estimates: Cambodia Case Study. NEPCon, Copenhagen, Denmark, available at: https://www.nepcon.org/library/report/cambodia-case-study




လာအိုနိုင်ငံရှိ Xayaburi ဆည်။ မဲခေါင်ဒေသတွင်းရှိ မြစ်ကြီးများတွင် ရာချီသော ဆည်များကို တည်ဆောက်ထားပါသည်။ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများမှာ ရေဝေဒေသ ရေလွှမ်းမိုးခြင်း၊ သဘာဝအတိုင်း နုန်းတင်ပို့ချမှု ဖြစ်စဉ်ပျက်ယွင်းခြင်းနှင့် ငါးများ လွတ်လပ်စွာ သွားလာမှု မရတော့ခြင်း စသည်တို့ ဖြစ်ကြသည်။ Xayaburi သည် မဲခေါင်မြစ်၏ အဓိက ရေလက်ကြားပေါ်တွင် တည်ဆောက်ထားသော ဆည်တစ်ခု ဖြစ်သည်။

များများတွင် ဒေသတွင်းရှိ ဇီဝမျိုးစုံ မျိုးကွဲများ ရပ်တည်ရေးကို ထောက်ပံ့ပေးနိုင်သော ရွှေ့ပြောင်းတောင်ယာခင်းများ နေရာတွင် ကျွန်း၊ ရော်ဘာ၊ ကော်ဖီ၊ ဖာလာ၊ သစ်ကြမ်းပိုးခေါက် စသော နှစ်ရှည် သီးနှံပင်များကို တစ်ခွင်တစ်ပြင် စိုက်ခင်းများအသွင် စိုက်ပျိုးတည် ထောင်လာကြသည်။ ထိုမြေယာတစ်ခွင်တစ်ပြင်ကို အကွက်လိုက် မတူကွဲပြားစွာ စီမံအုပ်ချုပ်လျက် ဇီဝမျိုးစုံ မျိုးကွဲများကို ထောက်ပံ့ပေး နိုင်သော်လည်း သစ်မျိုး/သီးနှံ တစ်မျိုးတည်းကို စိုက်ပျိုးလေလေ ဇီဝမျိုးစုံ မျိုးကွဲတန်ဖိုးများ ကျဆင်းလေလေဖြစ်ပါသည်။ ဂေဟစနစ် ထိန်းသိမ်းရေးဆိုင်ရာ ပူးတွဲရန်ပုံငွေအဖွဲ့မှ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းများသည် ဇီဝမျိုးစုံ မျိုးကွဲများ ရေရှည်တည်တံ့ရေးကို ခြိမ်းခြောက်လျက်ရှိသောအရာဟု သတ်မှတ် ထားကြသည်။ မြေပြန့်ဒေသများတွင် သဘာဝအတိုင်းရှိသော ရေစို မြက်ခင်းပြင်များတွင် ရေသွင်းစပါးများကို အစားထိုး စိုက်ပျိုးလာခဲ့ကြ သည်။

## ၂.၁.၃ ဆည်တည်ဆောက်ခြင်းနှင့် ရေလွှဲမြောင်းတူးခြင်း

ဆည်တည်ဆောက်ခြင်းသည်[၆၈] ဒေသတွင်းရှိ ဇီဝမျိုးစုံ မျိုးကွဲ များအပေါ် ခြိမ်းခြောက်လျက်ရှိသော တတိယမြောက် အရေးကြီးဆုံး အန္တရာယ်ဖြစ်သည်ဟု သတ်မှတ်ထားပြီး လာအိုနိုင်ငံအတွက် အရေး ကြီးဆုံးအန္တရာယ်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံအတွက်မူ ဒုတိယ မြောက် အရေးကြီးဆုံးဖြစ်သည်ဟု သတ်မှတ်ထားကြပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံများရှိ မြစ်ချောင်းများတွင် ဆည်များ တည်ဆောက်ထားခြင်း မရှိသောကြောင့်ဖြစ်သည်။ မဲခေါင်မြစ်နှင့် ၎င်း၏ မြစ်လက်တက်များပေါ်တွင် တည်ဆောက်ဆဲစီမံကိန်း ၈၂ ခု နှင့် လျာထားစီမံကိန်း ၁၄၉ ခုရှိပါသည်။[၆၉] မဲခေါင်မြစ် အထက်ပိုင်းနှင့် မြစ်လက်တက်များတွင် တည်ဆောက်လည်ပတ်လျက်ရှိသော ဆည် မှာ တရုတ်နိုင်ငံပိုင်းတွင် ၅ ခုရှိပြီး လာအိုတွင် ၁၀ ခု၊ ဗီယက်နမ်တွင် ၁၀ ခုနှင့် ထိုင်းနိုင်ငံတွင် ၇ ခု အသီးသီးရှိပါသည်။[၇၀] မဲခေါင်မြစ် ပင်မ ရေလက်ကြားအောက်ပိုင်းတွင် တည်ဆောက်ထားသော ဆည်မှာ လာအိုနိုင်ငံရှိ Xayaburi ဆည်ဖြစ်ပြီး Don Sahong ဆည်ကို တည် ဆောက်ရန် လျာထားကာ အဆိုပါ ရေလက်ကြား၌ပင် အခြားသော ဆည်များကို တည်ဆောက်ရန် အဆိုပြုထားပါသည်။[၇၁] မဲခေါင်မြစ် ဆိုင်ရာ ကော်မရှင်သည် (MRC) သုတေသနလုပ်ငန်းများကို ထပ်မံ ဆောင်ရွက်နိုင်ရန် မဲခေါင်မြစ် ပင်မ ရေလက်ကြား/ရေလမ်းကြောင်း တွင် ဆည်တည်ဆောက်ခြင်းကို ၁၀ နှစ်ခန့် ရပ်ဆိုင်းထားရန် အကြံပြု ထားပါသည်။ ဆည်များသည် မြန်မာနိုင်ငံရှိ ဧရာဝတီများအပေါ် လည်း ဆိုးကျိုး သက်ရောက်မှုများရှိပါသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့

---

၆၈ CEPF (2012). Op. cit.

၆၉ WWF-Living Mekong Program gives a total of 82 existing and 149 planned projects: Cambodia 4/33; Lao PDR 11/32; Vietnam 30/65; Thailand 11/0; Myanmar 21/15;China 5/34.

၇၀ Data from https://en.wikipedia.org/wiki/Hydropower_in_the_Mekong_River_Basin; King P., J. Bird and L. Haas (2007) The current status of environmental criteria for hydropower development in the Mekong Region: a literature compilation.

၇၁ WWF-UK: http://www.wwf.org.uk/about_wwf/press_centre/?unewsid=7715, accessed 20 August 2016.




ကို ဖြတ်သန်းစီးဆင်းသော သံလွင်မြစ်သည် အရှေ့တောင်အာရှတွင် ဆည်များ တည်ဆောက်ထားခြင်းမရှိဘဲ သဘာဝအတိုင်းရှိသော မြစ်ကြီးတစ်စင်းဖြစ်သော်လည်း ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ ရေအားလျှပ်စစ် စီမံကိန်း အကောင်ထည်ဖော်ရန် စီမံကိန်း ရေးဆွဲလျက်ရှိသည်။[၇၂]

ရေအားလျှပ်စစ် စီမံကိန်းအရ တည်ဆောက်သော ဆည်များသည် ရေဝေရေလဲဒေသရှိ နုန်းတင်ပို့ချမှုနှင့် ရေတိုက်စားမှုပုံစံအပေါ် ပြောင်းလဲမှုများ ဖြစ်ပေါ်စေပြီး ရေ၏အပူချိန်နှင့် ပါဝင်သော သတ္တုဓာတ်များကို ပြောင်းလဲလျော့ကျစေနိုင်လျက် မြစ်ချောင်းများ၏ သဘာဝအတိုင်း ရေသံသရာလည်ပတ်မှုကို ပိတ်ပင်တားဆီးလေသည်။ ရေဝေဒေသရှိ ကုန်းတွင်းပိုင်း ဂေဟာစနစ်များကို ရေလွှမ်းမိုးမှုများ၊ ရေတိမ်ဒေသများကို ခြောက်သွေ့စေခြင်း၊ ဝေးလံခေါင်သီသော ဒေသများကို ရေလမ်းကြောင်းဖြင့် သွားရောက်နိုင်ခြင်း စသည်တို့ကို ဖြစ်စေနိုင်ပါသည်။ အနာဂတ်တွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းနှင့် မိုးတွင်းကာလ ရေလွှမ်းမိုးမှု လျော့ကျလာခြင်း စသည်တို့ကြောင့် မဲခေါင်မြစ်ဝှမ်းဒေသတွင်းသို့ ဆားငန်ရေများ ထိုးဖောက်ဝင်ရောက်လာနိုင်ပါသည်။ အဆိုပါ ပြောင်းလဲမှုများသည် ရာသီအလိုက် သဲသောင်ပြင်များတွင် သားဖောက်သော ရေချိုလိပ်များနှင့် ငှက်များ၊ ရေလွှမ်းမိုးနစ်မြုပ်သည့် သစ်တောသစ်ပင်များ၊ ရွှံ့နွံပြင်နှင့် မြက်ခင်းပြင်များတွင် မှီတင်းကျက်စားကြသော တောရိုင်း တိရစ္ဆာန်များနှင့် ရေချိုနေရင်းဒေသများတွင် ရှင်သန်နေထိုင်ကြသော ငါးမျိုးစိတ်များ စသည်တို့အပေါ် သက်ရောက်မှုများ ရှိလေသည်။ ရုပ်ဝတ္ထုပစ္စည်း အကာအရံများသည် မဲခေါင်ဒေသတွင် ကျက်စားကြသည့် ၈၇ ရာခိုင်နှုန်းခန့်သော ငါးမျိုးစိတ်အားလုံး အပါအဝင် ပြောင်းရွှေ့နေထိုင်ကြသော ငါးများ ကူးလူးသွားလာမှုကို အဟန့်အတား ဖြစ်စေပါသည်။

လူတို့၏ အသက်မွေးမှုအပေါ် ဆည်များ၏ သက်ရောက်မှုများမှာ ပြောင်းရွှေ့နေထိုင်ရခြင်း၊ ငါးကောင်ရေ ကျဆင်းလာခြင်းကြောင့် ငါးလုပ်ငန်းအပေါ် ထိခိုက်ခြင်း စသည်တို့ ဖြစ်ကြသည်။ ငါးလုပ်ငန်းအပေါ် သက်ရောက်မှုများမှာ ဆည်များ၏ တည်နေရာနှင့် အရွယ်အစားပေါ် မူတည်ပြီး အဆိုပြုထားသည့် ဆည် ၁၁ ခု တည်ဆောက်ခြင်းကြောင့် ငါးလုပ်ငန်းအပေါ် ရှိလာနိုင်သည့် သက်ရောက်မှုများကို လေ့လာ သုံးသပ်ချက်များအရ ဆုံးရှုံးသွားသော ငါးမှရရှိသော အာဟာရဓာတ်များ အစားထိုးရန်မှာ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံအတွက်ဆိုခဲ့ပါလျှင် ၂၅ ရာခိုင်နှုန်းအထိ အစားအစာများကို တိုးမြှင့်ထုတ်လုပ်ရမည် ဖြစ်သည်။[၇၃]

### ၂.၁.၄ သစ်ထုတ်လုပ်ခြင်း

သစ်ထုတ်လုပ်ခြင်းသည် ဒေသတွင်းရှိ မြေပြန့်ပိုင်း သစ်တောပြုန်းတီးခြင်းကိုဖြစ်စေသည့် အဓိက အကြောင်းရင်းဖြစ်ခဲ့ပြီး သစ်တောများအတွင်းရှိ အဖိုးတန် သစ်မျိုးများ ကျဆင်းလာခဲ့ကာ သစ်ထုတ်လုပ်ငန်းလည်း ကျဆင်းခဲ့သည်။ ထိုင်းနိုင်ငံ၊ ဗီယက်နမ်၊ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် သစ်ထုတ်လုပ်မှု ရပ်နားထားခြင်းကြောင့် သစ်လုပ်ငန်းကျဆင်းခဲ့သော်လည်း မြန်မာ၊ လာအို၊ အင်ဒိုနီးရှားနိုင်ငံတို့တွင် သစ်ခုတ်လှဲမှုများကို ပိုမို ဖြစ်စေခဲ့သည်။ ထိုသို့သော

၇၂ https://www.internationalrivers.org/resources/11286, accessed 16 August 2016.

၇၃ Orr S., J. Pittock, A. Chapagain and D. Dumaresq (2012). Dams on the Mekong River: Lost fish protein and the implications for land and water resources. Global Environmental Change 22(4), pp. 925-932. http://dx.doi.org/10.1016/j.gloenvcha.2012.06.002

လမ်းဖောက်လုပ်ခြင်း၊ ကမ္ဘောဒီးယားနိုင်ငံ။
အခြေခံ အဆောက်အအုံများသည် နယ်စပ်ဖြတ်ကျော် စီးပွားရေးကော်ရစ်ဒါများအပါအဝင် စီးပွားရေး ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်ရာတွင် အရေးပါလှသည်။ စနစ်တကျ ထိခိုက်မှု လေ့လာဆန်းစစ်ချက်များနှင့် လျှော့ချရေးအစီအမံများ မရှိပါက စက်မှုလုပ်ငန်းနှင့် ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အမဲလိုက်ခြင်း၊ သစ်ထုတ်ခြင်းနှင့် မြေရှင်းလင်းခြင်း စသည်တို့ကို ပိုမို ဖြစ်ပေါ်စေနိုင်ပါသည်။

သစ်ထုတ်လုပ်မှု ရပ်နားခြင်းသည် တရားမဝင် သစ်ခိုးခုတ်မှုများကို တိုးပွားစေနိုင်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် သစ်ခိုးထုတ်မှုများ တွင်ကျယ်စွာ ဖြစ်ပွားနေပါသည်။

လာအိုနိုင်ငံသည် တရားဝင်သစ်ထုတ်လုပ်ငန်းကို ဆောင်ရွက်ဆဲပင်ဖြစ်သော်လည်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်ထည်ဖော်နိုင်ရန် သစ်တောများကို ခုတ်ထွင် ရှင်းလင်းကာ သစ်ထုတ်လုပ်ခဲ့ကြသည်။ အခြေခံအဆောက်အအုံနှင့် ဆည်တည်ဆောက်ရေး စီမံကိန်းများကို အကောင်ထည်ဖော်နိုင်ရန် သစ်တောများကို အပြောင်ရှင်း ခုတ်လှဲခြင်းကြောင့် ရရှိသောသစ်များမှာ လာအိုနိုင်ငံ သစ်ထုတ်လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းခန့် ပါဝင်လေသည်။[၇၄] နမူနာဖြစ်ရပ်တစ်ခုတွင် လမ်းဆောက်လုပ်ရေး စီမံကိန်းတစ်ခုမှ ရာနှုန်းပြည့်သစ်ပင်များကို ခုတ်လှဲခဲ့ပြီး သတ္တုတူးဖော်သည့် စီမံကိန်းတစ်ခုမှ ၉၉ ရာခိုင်နှုန်းခန့် ခုတ်လှဲခဲ့သည်။ ထိုသို့ သစ်ထုတ်ရာတွင် ခွင့်ပြုထားသော နယ်နိမိတ်ပြင်ပရှိ သစ်များကို ခုတ်လှဲခြင်း၊ သစ်မထုတ်မီ ကွင်းဆင်းစစ်တမ်း ကောက်ယူမှု မရှိခြင်း၊ ခွင့်ပြုသည့် သစ်မျိုးနှင့် တန်ပမာဏကို ကျော်လွန် ကိုက်ညီမှုမရှိခြင်း၊ တားမြစ် သစ်ပင်များကို ခုတ်လှဲခြင်းနှင့် အခွန်လျော့ပေါ့စွာ ဆောင်နိုင်ရန် အမှန်တကယ်ခုတ်ယူသည့် ပမာဏနှင့် တန်ဖိုးကို တိကျစွာ အစီရင်ခံမှုမရှိခြင်း စသည်ဖြင့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခဲ့ကြပါသည်။[၇၅]

သစ်အချောထည်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် သစ်လုံးလိုက် နိုင်ငံတင်ပို့ရောင်းချမှုကို တားဆီး ပိတ်ပင်ခဲ့သော်လည်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှု အားနည်းသောကြောင့် ရေရှည်မတည်တံ့သည့် သစ်ထုတ်လုပ်မှုများနှင့် သစ်လုံးလိုက် တင်ပို့ရောင်းချမှုများ ဆက်လက်ဖြစ်ပွားဆဲပင်ဖြစ်သည်။ ပေါက်ကြားခဲ့သော အစီရင်ခံစာတွင် ဖော်ပြထားသော လာအိုနိုင်ငံမှ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ကို သစ်များကို တရားမဝင်ရောင်းချသည့် သစ်ပမာဏမှာ တရားဝင် ပြေစာဖြင့် ရောင်းချမှုထက် ၁၀ ဆ ကျော်လွန်လျက် ရှိသည်။[၇၆] လာအိုနိုင်ငံ၏ နိုင်ငံတွင်းသစ်တော ဖုံးလွှမ်းမှုကို တိုးမြှင့်စေရန် ချမှတ်ထားသော မူဝါဒ လျာထားချက်မှာလည်း ဝေဝါးဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံသည်လည်း သစ်အလုံးလိုက် တင်ပို့ရောင်းချမှုကို ပိတ်ပင် တားဆီးထားပါသည်။ နိုင်ငံတွင်းရှိ သစ်ထုတ်မှုအားလုံးကို မြန်မာ့သစ်လုပ်ငန်းမှတာဝန်ယူဆောင်ရွက်ပြီးစံနမူနာယူဖွယ်ဖြစ်ခဲ့သော ထာဝစဉ်တည်တံ့သည့် ကျွန်းတောများ စီမံအုပ်ချုပ်သည့် စနစ်သည် သစ်ထုတ်လုပ်မှု တန်ချိန်ကို တိုးမြှင့်ခဲ့ခြင်းကြောင့် ပျက်စီးခဲ့သည်။ တရားမဝင် သစ်ခိုးထုတ်မှုများသည် အဓိက ပြဿနာဖြစ်ပြီး တရားမဝင်သစ်များကို တရုတ်၊ ထိုင်း၊ ဗီယက်နမ် စသော သစ်ထုတ်လုပ်မှု တားမြစ်ထားသော နိုင်ငံများသို့ တင်ပို့ရောင်းချကြပါသည်။ တရားဝင် တင်ပို့သည့် ကိန်းဂဏန်း စာရင်းများအရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်ထိ တင်ပို့ရောင်းချမှုများ၏ ၃ ပုံ ၁ ပုံမှာ တရားမဝင် မှောင်ခိုရောင်းဝယ် ဖောက်ကားမှုများဖြစ်သည်။[၇၇] ၂၀၁၂ ခုနှစ်တွင် ဥရောပသမဂ္ဂမှ ပိတ်ပင်တားဆီးမှုများကို ဖြေလျှော့ခဲ့ခြင်းကြောင့် သစ်တောထွက်ပစ္စည်းများကို အီးယူသို့ တင်ပို့ ရောင်းချနိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံတွင် ပိတောက်သစ်မျိုးဖြင့် ပြုလုပ်သော ပရိဘောဂပစ္စည်းများ ခေတ်စားလာမှုကြောင့် မြန်မာနိုင်ငံတွင် ပေါက်ရောက် ပိတောက်သစ်မျိုးအပါအဝင် သစ်ပင်မျိုးစိတ် ၆ မျိုးကို တရားမဝင် ခိုးယူခုတ်လှဲမှုများ ဖြစ်ပွားစေခဲ့ပြီး[၇၈] တရုတ်နိုင်ငံသာမက လာအို၊ နိုင်ဂျီးရီးယားနှင့် ဂါနာ

---

၇၄ Saunders J. (2014). Illegal logging and related trade: The Response in Lao PDR. Chatham House, London. Available at https://www.chathamhouse.org/publication/illegallogging-and-related-trade-response-lao-pdr

၇၅ WWF-CarBi (2015). Assessment of the Scope of Illegal Logging in Laos and Associated Trans-boundary Timber Trade, published by the Environmental InvestigationAgency and available at https://app.box.com/s/lol90n4su2pg3zqnu3lkqpr7hjpzoiem

၇၆ The 2015 WWF report. Assessment of Scope of Illegal Logging in Laos and Associated Trans-boundary Timber Trade (http://mylaff.org/document/download/3161) waspublished by the Environmental Investigation Agency: https://eia-international.org/leaked-report-reveals-huge-scale-of-illegal-logging-in-laos, accessed 17 June 2016

၇၇ Environmental Investigation Agency (2014). Data Corruption: Exposing the true scale of illegal logging in Myanmar. Environmental Investigation Agency, London. Available at https://www.illegal-logging.info/content/data-corruption-exposing-true-scale-logging-myanmar?page=2, accessed 28 April 2017

၇၈ https://eia-international.org/wp-content/uploads/Myanmars-rosewood-crisis-FINAL.pdf, accessed 5 August 2016.




ထုံးကျောက် တူးဖော်မှုများ၊ ဗီယက်နမ်နိုင်ငံ စီးပွားရေး တိုးတက်မှုများကြောင့် စွမ်းအင်နှင့် ဓာတ်သတ္တုလိုအပ်ချက် ပိုမိုမြင့်မားလာခဲ့သည်။ ထိခိုက်မှုလျှော့ချရေးနှင့် လုံခြုံစိတ်ချမှု အစီမံများ မရှိသောကြောင့် သတ္တုတူးဖော်ရေး လုပ်ငန်းများသည် သစ်တောပြုန်းတီးမှုများနှင့် ရေ၊ လေ ညစ်ညမ်းမှုများကို ဖြစ်စေခဲ့သည်။ ထုံးကျောက်တောင်ရှိ သတ္တုတူးဖော်ရေး လုပ်ငန်းသည် ရှားပါးသော ပရိုင်းမိတ်များ၊ အပင်နှင့် ကျောရိုးမဲ့သတ္တဝါများ ရှင်သန်ရပ်တည်ရေးကို ခြိမ်းခြောက်လျက် ရှိသည်။

စသော နိုင်ငံများတွင် ထိုမျိုးစိတ်များ၏ ဈေးကွက်တန်ဖိုး မြင့်တက်ခဲ့သည်။[၇၉] ၂၀၁၃ ခုနှစ်တွင် ၂၃၇,၀၀၀ ကုဗမီတာခန့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး သစ်မှောင်ခိုသဘော်များကို ဖမ်းဆီးရမှုများ ရှိခဲ့သော်လည်း တရားမဝင်တင်ပို့မှုများ ဆက်လက် တိုးမြှင့်လျက်ရှိသည်။[၈၀]

## ၂.၁.၅ လူအခြေချနေထိုင်မှုများ၊ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံများ

ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဗဟိုချက်မဖြစ်သော မဲခေါင်ဒေသသည် စက်မှုလုပ်ငန်းများနှင့် မြို့ပြများ ချဲ့ထွင်ဖွံ့ဖြိုးတိုးတက်လာသောကြောင့် မြေပြန့်နှင့် ကမ်းရိုးတန်းဒေသများရှိ မြေပေါ်မြေအောက်နှင့် ရေသယံဇာတများအပေါ် ဖိအားများ တိုးပွားလာပါသည်။ ဇီဝမျိုးစုံ မျိုးကွဲများအပေါ် သက်ရောက်မှုများမှာ ခန့်မှန်းရန် မလွယ်ကူသော်လည်း ဝယ်လိုအားမြင့်တက်လာခြင်း၊ ဝေးလံသော ဒေသများကို ဆက်သွယ် သွားလာရ လွယ်ကူလာခြင်းနှင့် ကုန်သွယ်မှု လမ်းကြောင်း၊ ဈေးကွက်များနှင့် ပိုမို ချိတ်ဆက်မိလာခြင်း စသည်တို့ကြောင့် မြေပြောင်းလဲအသုံးချမှုများနှင့် သယံဇာတထုတ်ယူ သုံးစွဲမှုများမှာ ပိုမို ဖြစ်ပွားလာနိုင်ပါသည်။

အဓိက အခြေခံအဆောက်အအုံ အစီအစဉ်နှစ်ခုကို ဒေသတွင်း အကောင်အထည် ဖော်လျက်ရှိသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ စီးပွားရေး ကော်ရစ်ဒါးအစီအစဉ်သည် ဖနွမ်ပင်-ဟိုချီမင်း အဝေးပြေးလမ်းမနှင့် အက်ဒမန်ပင်လယ် (မြန်မာ) မှ ဒနိုင် (ဗီယက်နမ်) ထိ ရှည်လျားသော အရှေ့အနောက် ချိတ်ဆက်သည့် စီးပွားရေးကော်ရစ်ဒါတို့ အပါအဝင် မဲခေါင်ဒေသ နိုင်ငံများအတွင်း ဆောင်ရွက်မည့် လမ်းတံတားနှင့် မြို့ပြအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ရန်ပုံငွေ ထောက်ပံ့လျက်ရှိသည်။[၈၁] တရုတ်နိုင်ငံ၏ ပိုးလမ်းမစီမံကိန်းသည် တရုတ်ပြည်၊ ယူရေးရှားနှင့် အာဖရိကနိုင်ငံများအကြား ရေလမ်း၊ ကုန်းလမ်း ကူးသန်းသွားလာမှု ဆင်ပြေချောမွေ့စေရန် ချိတ်ဆက်ဆောက်လုပ်မည့် စီမံကိန်းလည်းဖြစ်ပြီး တရုတ်နိုင်ငံအနောက်တောင်ဘက်နှင့် မဲခေါင်ဒေသချိတ်ဆက်မှုကို အားကောင်းစေမည့် လမ်းကြောင်းများ (ရေလမ်းကြောင်းများ အပါအဝင်) ကိုလည်း ဖောက်လုပ်သွားမည်ဖြစ်သည်။[၈၂]

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအားဖြင့် အိမ်နီးချင်းနိုင်ငံများ၏ နောက်ကောက်ကျ ကျန်ခဲ့သော်လည်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည် ဖော်လျက်ရှိပြီး သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများသည် ဒေသတွင်းရှိ သဘာဝတိုင်း ကျန်ရှိနေသော နေရင်းဒေသ ဂေဟစနစ်များကို ပိုင်းခြားလိုက်နိုင်ပါသည်။ ဥပမာအားဖြင့် ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်းကို အရှေ့တောင်အာရှ၏ အကြီးမားဆုံးသော စီးပွားရေးဇုန်ဖြစ်လာရန် မျှော်မှန်းတည်ဆောက်လျက်ရှိပြီး တနင်္သာရီရိုးမကို ဖြတ်ကာ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လမ်းကြောင်းတစ်ခုကိုလည်း ဖောက်လုပ်မည် ဖြစ်သည်။ ဆောက်လုပ်ရန် လျာထားသည့် လမ်းမများနှင့် ပိုက်လိုင်းများသည် အနောက်ပိုင်း သစ်တောမြေများနှင့် ကမ်ကရမ်ချမ် အမျိုးသားဥယျာဉ်ရှိ သစ်တောများတို့အကြား ဆက်စပ်လျက်ရှိသော သစ်တောများ၏ ဂေဟစနစ်အပေါ် ဆိုးဝါးစွာ

---

၇၉ http://forest-trends.org/blog/2016/01/14/cites-can-help-solve-illegal-rosewood-crisis/, accessed 8 August 2016.

၈၀ 2016 data suggests a slowdown of timber imports into China, including rosewood, as a result of the economic downturn, and action by the Myanmar Government: https://news.mongabay.com/2016/03/drop-in-timber-smuggling-gives-breathing-space-to-myanmars-forests

၈၁ Asian Development Bank: http://www.adb.org/countries/gms/overview, accessed 17 June 2016.

၈၂ http://english.gov.cn/beltAndRoad/, accessed 19 August 2016



ထိုင်းနိုင်ငံဒီရေတောများရှိ ပုဇွန်မွေးမြူရေကန်များ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ပုဇွန်အဓိက တင်ပို့ရောင်းချသည့် နိုင်ငံများဖြစ်လေသည်။ မွေးမြူရေးကန်များ တည်ဆောက်ခြင်းသည် ဒီရေတောများနှင့် ရွှံ့နွံပြင်များပျက်စီး ပြုန်းတီးခြင်းကို ဖြစ်စေသည်။



၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ်မုန်းတိုင်းပြီးနောက် ရေလွှမ်းမိုးနစ်မြုပ်နေသော ရွာများနှင့် လယ်ခင်းများ၊ ရာသီဥတုပြောင်းလဲခြင်းသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုနှင့် မုန်တိုင်းကျရောက်မှုတို့ကို ဖြစ်စေနိုင်သည်။ ယင်းပြောင်းလဲမှုဒဏ်ကို မြန်မာနိုင်ငံနှင့် မဲခေါင်မြစ်ညာဒေသရှိ ကမ်းရိုးတန်းဒေသများတွင် ပိုမိုခံစားရပါသည်။

ထိခိုက်လာနိုင်ပါသည်။ ထိုနယ်မြေဒေသတွင် ခိုလှုံသူများနှင့် ဌာနေတိုင်းရင်းသား ဒေသခံများ နေထိုင်သောကြောင့် ပြဿနာမှာ ပိုမိုရှုပ်ထွေးလာနိုင်ပါသည်။ ထိုင်းနိုင်ငံခြမ်းရှိ သစ်တောများမှာ လမ်းများဖောက်လုပ်ခြင်းနှင့် စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်းကြောင့် ပြုန်းတီးခဲ့ပြီးဖြစ်သည်။

## ၂.၁.၆ ဓာတ်ဆီ၊ ဓာတ်ငွေ့ ထုတ်လုပ်ခြင်းနှင့် သတ္တုတူးဖော်ခြင်း

အာဆီယံဒေသ၏ စွမ်းအင်လိုအပ်ချက်မှာ ၂၅ နှစ်အတွင်း နှစ်ဆ မြင့်တက်လာခဲ့ပြီး ဆက်လက် မြင့်တက်နိုင်ဖွယ် ရှိပါသည်။ ပြည့်ဖြိုးဆဲ စွမ်းအင်များသည် စွမ်းအင်လိုအပ်ချက် စုစုပေါင်း၏ ၄ ပုံ ၁ ပုံကို ဖြည့်ဆည်းပေးနိုင်ပြီး ဓာတ်ငွေ့ထုတ်လုပ်ရရှိမှုသည် ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသောကြောင့် ကျောက်မီးသွေးသည် အဓိက စွမ်းအင်ရင်းမြစ် ဖြစ်လာနိုင်ပါသည်။ လက်ရှိအချိန်တွင် အာဆီယံဒေသသည် ကျောက်မီးသွေးနှင့် ဓာတ်ငွေ့များကို အသားတင် တင်ပို့လျက်ရှိသည်။[၈၃၊ ၈၄] ကျောက်မီးသွေး၏ လူကျန်းမာရေးနှင့် ရာသီဥတု ပြောင်းလဲရေးဆိုင်ရာ ဆိုးကျိုးများကို သိရှိ နားလည်လာခြင်းကြောင့် ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံတည်ဆောက်မှုကို ဆန္ဒပြ ကန့်ကွက်ခဲ့ကြပြီး ဗီယက်နမ်နိုင်ငံသည် ကျောက်မီးသွေး လောင်စာတိုးမြှင့်သုံးစွဲမည့် စီမံချက်ကို ရပ်ဆိုင်းမည်ဟု ကြေညာခဲ့သည်။[၈၅] လောင်စာဆီ သုံးစွဲမှုသည် ၁၉၉၀ ပြည့်နှစ်များတွင် အာဆီယံနိုင်ငံများ၏ ထောက်ပံ့နိုင်မှု ပမာဏထက် မြင့်မားခဲ့ပြီး အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ရှိ လောင်စာဆီ ရေနံတွင်းများ ခမ်းခြောက်ကုန်သဖြင့် လောင်စာဆီတင်သွင်းမှုများ ပိုမိုလာနိုင်ပါသည်။ လောင်စာဆီနှင့် ဓာတ်ငွေ့တို့အပြင် ကျောက်စိမ်း (မြန်မာ)၊ ကော့ပါး၊ ရွှေ၊ ဘောက်ဆိုက် (လာအို) စသည်တို့ကို တူးဖော် ထုတ်ယူလျက်ရှိပြီး နိုင်ငံရေး မတည်ငြိမ်မှု၊ အခြေခံ အဆောက်အအုံ မဖွံ့ဖြိုးခြင်းနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုသော စည်းမျဉ်းမူဘောင်များ မရှိခြင်း စသည်တို့ကြောင့် တူးဖော် ထုတ်မယူရသေးသည့် အခြားသော ဓာတ်သတ္တုများစွာလည်း ရှိပါသည်။[၈၆]

သတ္တုတူးဖော်ခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းများ၏ ဇီဝမျိုးစုံ မျိုးကွဲများအပေါ် သက်ရောက်မှုများကို ထုတ်ယူစဉ်၊ သယ်ယူပို့ဆောင်စဉ်နှင့် လုပ်ငန်းများ ပြီးဆုံးချိန်တွင် တွေ့ရှိနိုင်ပါသည်။ သက်ရောက်မှုများတွင် မြေပြောင်းလဲ အသုံးချမှုကြောင့် နေရင်းဒေသများ ပျောက်ကွယ်ခြင်း၊ လေနှင့် ရေအရင်းအမြစ်များ ညစ်ညမ်းခြင်းနှင့် မြေအောက်ရေပမာဏ ပြောင်းလဲကျဆင်းခြင်း စသည်တို့ ဖြစ်ကြသည်။ အခြေခံ အဆောက်အအုံ စီမံကိန်းများသည်လည်း ဂေဟစနစ်အပေါ် ဆိုးဝါးစွာ ထိခိုက်စေပြီး အထူးသဖြင့် ယိုယွင်းဖိတ်စင်မှုနှင့် ညစ်ညမ်းမှုဆိုင်ရာ သက်ရောက်မှုများ ရှိလေသည်။ မြေပြောင်းလဲအသုံးချမှုနှင့် ရုပ်ကြွင်းလောင်စာများကို လောင်ကျွမ်းအသုံးပြုခြင်းသည် ဒေသတွင်းရှိ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို မြင့်တက်စေပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည်။

ကျောက်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများသည် အရေးကြီးသော အန္တရာယ်များဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘိလပ်မြေစက်ရုံ တည်ဆောက်လည်ပတ်ခြင်းသည် ထုံးကျောက်တောင် ဂေဟစနစ် ဆက်လက်တည်ရှိမှုကို ခြိမ်းခြောက်လျက်ရှိခြင်းကြောင့် ဖြစ်

၈၃ International Energy Agency (2015). Southeast Asia Energy Outlook, 2015. Seehttp://www.iea.org/publications/freepublications/publication/WEO2015_SouthEastAsia. Pd

၈၄ http://aseanup.com/overview-of-oil-and-gas-in-southeast-asia/, accessed 18 August 2016

၈၅ http://www.greenpeace.org/international/en/press/releases/2016/Coal-dropped-from-Vietnams-future-energy-plans/, accessed 19 August 2016.

၈၆ Asian Development Bank: http://www.adb.org/countries/gms/overview, accessed 17 June 2016.



<
ထိုင်းနိုင်ငံရှိ ကြံစိုက်ခင်း။
စီးပွားရေးဖွံ့ဖြိုးမှုများကို ဖော်ဆောင်နိုင်ရန် ဒေသတွင်း အစိုးရများသည် မြေယာနှင့် တွင်းထွက်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းအားပေးခဲ့သည်။ ထို့ကြောင့် လူများ ပြောင်းရွှေ့နေထိုင်ရခြင်း၊ သစ်တောများပြုန်းတီးခြင်းနှင့် ထိန်းသိမ်းရေးနယ်မြေများ ထိခိုက်ခြင်း စသည်တို့ ဖြစ်ပွားခဲ့သည်။

သည်။ ဗီယက်နမ်တောင်ပိုင်းရှိ Hon Chong ဒေသတွင် ၂ ဒသမ ၅၈ စတုရန်း ကီလိုမီတာခန့်ရှိသော ထုံးကျောက်တောင်များတွင် မီတင်း နေထိုင်ကြသော ရှားပါးမျိုးစိတ် ၃၁ မျိုးရှိပြီး ထိုထုံးကျောက်တောင် သည် မူလက ၄ ဒသမ ၄၇ စတုရန်းကီလိုမီတာခန့်ရှိရာမှ ထုံးကျောက် တူးဖော်ရေး လုပ်ငန်းများကြောင့် ၂ ဒသမ ၅၈ စတုရန်း ကီလိုမီတာခန့် သာ ကျန်ရှိတော့၏။[၃၇] ကုမ္ပဏီတစ်ခုသည် ထိခိုက်မှုလျှော့ချရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း တူးဖော်မှုများ ဆက် တိုက် ပြုလုပ်နေပါက အဆိုပါ မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်သွား မည် ဖြစ်သည်။ (အခန်း ၃.၄ ကို ကြည့်ရန်) ဒေသတွင်းရှိ အခြားသော ထုံးကျောက်တောင်များမှာ ပျက်စီးယိုယွင်းလျက်ရှိသော်လည်း ထိ ခိုက်မှု လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိသည့်အပြင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်များကိုပင်လျှင် မှတ်တမ်း တင်နိုင်ခြင်း မရှိပေ။

## ၂.၁.၇ ဂဏန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်း

ပုစွန်သည် ကမ္ဘာလုံးအတိုင်းအတာဖြင့် ကုန်သွယ်ရောင်းချမှု အများဆုံးဖြစ်သော ပင်လယ်စာတစ်မျိုးဖြစ်ပြီး ဗီယက်နမ်နိုင်ငံသည် ပုစွန်တင်ပို့ရောင်းချမှု ကမ္ဘာ့အများဆုံးနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံကို ကျော်လွန်ကာ အီးယူနှင့် မြောက်အမေရိက နိုင်ငံအသီးသီး၏ ဈေး ကွက်များသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။[၃၈] တင်ပို့ရောင်းချသော ပုစွန် ထက်ဝက်ကျော်ခန့်ကို ဂဏန်း၊ ပုစွန် မွေးမြူရေးကန်များမှ ရရှိပါ သည်။ ဂဏန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းသည် ရွှံ့နွံပြင်နှင့် ကမ်းရိုးတန်း ဂေဟစနစ်များ အပါအဝင် ဒီရေတောများ ပြုန်းတီးမှုကို ဖြစ်စေသော အဓိကအကြောင်းရင်းပင် ဖြစ်သည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များ တွင် ဂဏန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ကျဆင်းခဲ့သော်လည်း စပါးခင်းများ၊ ဆီအုန်းစိုက်ခင်းများ တည်ထောင်ခြင်းနှင့် မြို့ပြချဲ့ထွင် ဖွံ့ဖြိုးလာခြင်းတို့ကြောင့် အချို့သောနိုင်ငံများတွင် ဒီရေတောများ ပြုန်းတီးခဲ့ပါသည်။[၃၉] မွေးမြူရေးကန်များအတွင်းသို့ ကပ်ပါးကောင်နှင့် ရောဂါများနှစ်အနည်းငယ်ကြာပြီးတိုင်း ကျရောက်လေ့ရှိသောကြောင့် မွေးမြူရေးကန် တည်ဆောက်ရန် မြေနေရာသစ်များ ဆက်တိုက် လိုအပ်လေသည်။ ကမ်းရိုးတန်း ဒီရေတောများကို ခုတ်ထွင် ရှင်းလင်း မှုကြောင့် ဒေသခံပြည်သူများသည် (ဒီရေလှိုင်းများနှင့် ဆူနာမီ) သဘာဝ ဘေးအန္တရာယ်ဒဏ်ကို ပိုမိုခံစားရပြီး စိုက်ပျိုးမြေများနှင့် ရေချို အရင်းမြစ်များအတွင်းသို့ ဆားငန်ရေ ဝင်ရောက်ခြင်းများ စသော ပြဿနာကို ရင်ဆိုင်ရပါသည်။ မိရိုးဖလာ တစ်နိုင်တစ်ပိုင် ဂဏန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းများသည် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်း ရေးနှင့် သဟဇာတဖြစ်လေသည်။ ဥပမာအားဖြင့် မွေးမြူရေးလုပ်ငန်း သည် ပြောင်းရွှေ့ကျက်စားသည့် ကမ်းခြေနေ ရေပျော်ငှက်များ အတွက် အစာရေစာများကို ထောက်ပံ့ပေးနိုင်သည်။

## ၂.၁.၈ ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်

ကျူးကျော်ဝင်ရောက်လာသည့်မျိုးစိတ်ကို ကျူးကျော်ဝင်ရောက် လာသည့် မျိုးစိတ်ဒေသအတွင်း အနှံ့အပြား တွေ့ရှိရပါသည်။ ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်သည် သဘာဝနေရင်း ဒေသ များတွင် ပြုပြင်ပြောင်းလဲ ရှင်သန်ပြီး တစ်ဟုန်ထိုး ပွားများလာပါသည်။ ထိုမျိုးစိတ်များကြောင့် အရှေ့တောင်အာရှတွင် စီးပွားရေး ပျက်စီး

[၃၇] FFI (2016). https://www.iucn.org/news/bugs-distinction-brink-extinction

[၃၈] Portley N. (2016). SFP Report on the Shrimp Sector: Asian Farmed Shrimp Trade and Sustainability. Sustainable Fisheries Partnership Foundation. 22 pp. Available fromwww.sustainablefish.org

[၃၉] Richard D.R and D.R. Friess (2016). Rates and drivers of mangrove deforestation in Southeast Asia, 2000-2012. PNAS 113(2), pp. 344-349. DOI: 10.1073/pnas.1510272113

ဆုံးရှုံးရမှုမှာ တစ်နှစ်လျှင် ယူရိုသန်းပေါင်း ၂၅၇,၀၀၀ ခန့် ရှိပါသည်။[၉၀] နေရင်းဒေသများ ပြောင်းလဲခြင်းနှင့် ရာသီဥတု ဖောက်ပြန်ခြင်းတို့သည် ထိုမျိုးစိတ်များ တိုးပွားလာခြင်းကို အားပေးသောကြောင့် ဆုံးရှုံးမှုများမှာ ပိုမို များပြားလာနိုင်ပါသည်။ ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်နှင့် ပတ်သက်သည့် ထိုင်းနိုင်ငံလုပ်ငန်းအဖွဲ့၏ သုတေသနပြုချက်များအရ ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်ဖြစ်သည့် စိုက်ပျိုးရေး အင်းဆက်ပိုးမွှားမျိုးစိတ် ၂၄ မျိုး၊ ရေနေသတ္တဝါမျိုးစိတ် ၃၂ မျိုးနှင့် အပင်မျိုးစိတ်ပေါင်း ၁၉၀ ခန့်ကို အမျိုးစား ခွဲခြား ဖော်ထုတ် မှတ်တမ်းတင်နိုင်ခဲ့သည်။ IUCN မှ ခွဲခြားသတ်မှတ်ထားသော အန္တရာယ်အရှိဆုံး ပြင်ပမျိုးစိတ် ၁၀၀ ထဲတွင် ထိုင်းနိုင်ငံအဖွဲ့မှ အနုဇီဝ အော်ဂနစ်စင် ၁ ခု၊ အပင်မျိုးစိတ်ပေါင်း ၁၄ မျိုး၊ ကျောရိုးမဲ့ ၉ မျိုး၊ ငါးမျိုးစိတ် ၅ မျိုး၊ ငှက်မျိုးစိတ် ၁ မျိုးနှင့် နို့တိုက်သတ္တဝါ ၈ မျိုး စသည်ဖြင့် အသီးသီး မှတ်တမ်းတင်နိုင်ခဲ့သည်။

ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်နှင့် ပတ်သက်သော အချက်အလက်များသည် တစ်ပြေးညီ တူညီမှုမရှိဘဲ အများစုမှာ သဘာဝဂေဟစနစ်နှင့် ဇီဝမျိုးစုံ မျိုးကွဲများတို့အရ အရေးပါသော မျိုးစိတ်များကို ထည့်သွင်းစဉ်းစားခြင်းထက် စီးပွားရေးအရ အရေးပါသော မျိုးစိတ်များကို ဖော်ပြထားခြင်း ဖြစ်သည်။ ပြင်ပမျိုးစိတ်များ၏ ဇီဝမျိုးစုံ မျိုးကွဲများအပေါ် သက်ရောက်မှုများကို တွက်ချက်ရန် ခက်ခဲသောကြောင့် ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။ သို့သော်လည်း ဆိုးကျိုးသက်ရောက်မှုများတွင် ငါးသားကောင်များ ရှင်သန်ကျက်စားရာ ရေချိုဂေဟစနစ် ထိခိုက်ပျက်စီးခြင်း၊ ဗေဒါစသော ရေပေါ်ရေအောက် အပင်မျိုးစိတ်များကို ထိခိုက်ခြင်းစသည်တို့ ပါဝင်လေသည်။ Mimosa နှင့် Lantana စသော မျိုးစိတ်များ လွှမ်းမိုး ပေါက်ရောက်လာသောအခါ ကုန်းတွင်းပိုင်း ဂေဟစနစ်များအပေါ်လည်း ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ တရုတ်နိုင်ငံ အချို့ဒေသများတွင် ကျရောက်လျက်ရှိသော ပုရွက်နီကောင်များကဲ့သို့သော အသားစား ပုရွက်ဆိတ်များ ကျရောက်လာနိုင်ဖွယ် ရှိပါသည်။[၉၁] ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့ရှိ ကုန်းနေ၊ ရေနေသတ္တဝါများအပေါ် ကျရောက်လျက်ရှိသည့် မှိုရောဂါများလည်း ပြန့်ပွားလာနိုင်ပါသည်။[၉၂]

## ၂.၁.၉ ရာသီဥတုပြောင်းလဲခြင်း

မဲခေါင်မြစ် ညာဒေသတွင် အရှေ့တောင် မုတ်သုန်လေနှင့် မိုးရေချိန်လက်မမှာ များစွာ ပြောင်းလဲခြင်း မရှိသောကြောင့် ဒေသတွင်း ရာသီဥတုပြောင်းလဲမှုများကို သိသာထင်ရှားစွာ မမြင်တွေ့ရသော်လည်း ယူနန်ပြည်နယ်၊ တရုတ်ပြည်နှင့် ဗီယက်နမ် နယ်ခြားဒေသများရှိ လေထုအပူချိန် မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်းနှင့် မိုးရွာသွန်းမှုများ ဖြစ်ပွားလျက်ရှိသည်။ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာ အစိုးရများအဖွဲ့က ယခု ရာစုနှစ်လွန်သော နှစ်စဉ်ပျမ်းမျှအပူချိန်မှာ ၂ ဒသမ ၄ မှ ၂ ဒသမ ၇ ဒီဂရီဆဲစီးယပ်သို့ မြင့်တက်လာမည်ဖြစ်ပြီး မိုးတွင်းမိုးရေချိန်လက်မ ၇ ရာခိုင်နှုန်းခန့် တိုးမြှင့်လာကာ နွေရာသီတွင် ပိုမိုခြောက်သွေ့လာမည်ဟု ခန့်မှန်းထားပါသည်။[၉၃] အရှေ့တောင်အာရှ ဒေသများရှိ ပင်လယ်ရေမျက်နှာပြင်မှာ ၂၁၀၀ ပြည့်နှစ်တွင် ၇၀ စင်တီမီတာခန့် မြင့်တက်လာမည်ဖြစ်ကာ ကမ္ဘာကြီးပူးနွေးလာမှု တည်ငြိမ်သွားပါကလည်း ဆက်လက်မြင့်တက်လာမည်ဖြစ်ပြီး[၉၄] ရေလှိုင်းများနှင့် မုန်တိုင်းများ မကြာခဏကျရောက်ခြင်းကြောင့် များစွာ ထိခိုက်ပျက်စီး ဆုံးရှုံးမည်ဖြစ်သည်။ ဘေးဒဏ်များနှင့် ပတ်သက်၍လူသားများနှင့်အသက်မွေးမှုများ၏ထိခိုက်လွယ်မှုရှိပုံကို ၁၉၉၇ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ကာမူးတိုက်ဖွန်းမုန်းတိုင်းနှင့် ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံတွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းတို့ကိုကြည့်ကာ သိရှိနိုင်ပါသည်။

ရာသီဥတုပြောင်းလဲမှုသည် အစားအစာရရှိမှု၊ သဘာဝပေါက်ပင်ဖွဲ့စည်းတည်ရှိပုံနှင့် မိုးဇလ အခြေအနေ စသည်တို့ ပြောင်းလဲခြင်း၊ ရောဂါနှင့် ကပ်ပါးများ ကျရောက်ခြင်း၊ မီးလောင်ကျွမ်းမှု ပြင်းအားနှင့် ကြိမ်ရေများလာခြင်းနှင့် အခြားသော ဂေဟစနစ်ဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး တောရိုင်းတိရစ္ဆာန်များအပေါ် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေပါသည်။ အချို့သော မျိုးစိတ်များသည် အပူချိန်၊ မိုးရေချိန်နှင့် အခြား ရာသီဥတုကိန်းရှင်များ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် မိမိတို့ပေါက်ရောက် ရှင်သန်ကျက်စားသည့် အရပ်များကို ပြောင်းလဲတုံ့ပြန်နိုင်ပါသည်။ သို့သော်လည်း ထိုမျိုးစိတ်များ၏ လက်တွေ့တုံ့ပြန်နိုင်စွမ်းမှာ ရာသီဥတုပြောင်းလဲမှုနှုန်းနှင့် ချဲ့ထွင်နေထိုင်ရန် သင့်တော်သော ဧရိယာ ရရှိမှုအပေါ် မူတည်လေသည်။ နေရင်းဒေသ ဧရိယာ တစ်ခွင်တစ်ပြင်အပေါ် ထိခိုက် ပျက်စီးမှုများ ဖြစ်ခဲ့ခြင်းကြောင့် မျိုးစိတ်များသည် လိုက်လျောညီထွေ ပြုနိုင်ရန် ခက်ခဲလေသည်။ တောင်ပေါ်ဒေသများတွင်သာ ရှင်သန်နေထိုင်သော မျိုးစိတ်များ၊ ရေဝပ်ဒေသများနှင့် ထုံးကျောက်တောင်များတွင် ကျက်စားနေထိုင်သော မျိုးစိတ်များ၊ ရွှေ့ပြောင်းသွားလာသည့် လမ်းကြောင်းတွင် ကျက်စားသည့်မျိုးစိတ်များ၊ အပူချိန် အပြောင်းအလဲနှင့် ရောဂါကူးစက်ခံစားရလွယ်သော မျိုးစိတ်များ စသော မျိုးစိတ်များသည် ရာသီဥတု ပြောင်းလဲမှုဒဏ်ကြောင့် ပိုမို ထိခိုက် ဆုံးရှုံးလွယ်ပါသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည် ဆားငန်ရေ

၉၀ UNEP: https://www.unenvironment.org/news-and-stories/story/invasive-species-huge-threat-human-well-being, accessed 28 April 2017.

၉၁ CEPF (2012). Op. cit.

၉၂ McLeod (2008) and Gaertner (2011) referenced in https://en.wikipedia.org/wiki/Batrachochytrium#cite_note-37

၉၃ CEPF (2012). Op. cit

၉၄ IPCC 5th Assessment Report, quoted by Raitzer D.A., F. Bosello, M. Tavoni, C. Orecchia, G. Marangoni and J.N.G. Samson (2015). ADB in Southeast Asia and the Economics of Global Climate Stabilisation. ADB, available at http://www.adb.org/sites/default/files/publication/178615/sea-economics-global-climate-stabilization.pdf



ထိုင်းနိုင်ငံ ဆီအုန်းစိုက်ခင်းများအတွက် သစ်တောခုတ်ထွင် ရှင်းလင်းမှုများ။ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် သစ်ထုတ်လုပ်ခြင်း တားမြစ်ထားပြီး တရားဥပဒေတိုင်း ကြပ်မတ် ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက်ကြောင့် မြန်မာ၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ဖြတ်ကျော် တရားမဝင် သစ်ကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိသည်။ စီးပွားရေးစိုက်ခင်းများအတွက် မြေရှင်းလင်းမှုများသည် သစ်ထုတ်လုပ်ရန် အခွင့်လမ်းများ ဖြစ်စေသည်။

ဝင်ရောက်ခြင်း၊ တိုက်စားခြင်းနှင့် မုန်တိုင်းနှင့် ရေလွှမ်းမိုးမှုများကြောင့် မြေပြန့်နှင့် ကမ်းရိုးတန်း ဂေဟစနစ်များအပေါ် သက်ရောက်မှုများ ရှိပါသည်။

ထို့အပြင် ဇီဝမျိုးစုံ မျိုးကွဲများမှာ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော လူဦးရေတိုးပွားလာမှုများ၊ မြေပြောင်းလဲ အသုံးချမှုများနှင့် စီးပွားရေးစီမံကိန်းများကြောင့် ဆုံးရှုံး ပျောက်ကွယ်ခဲ့ရပါသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ မိုးခေါင်ရေကြီးမှုတို့နှင့် လိုက်လျောညီထွေ ပြောင်းရွှေ့နေထိုင်မှုများကြောင့် သဘာဝနေရင်းဒေသများမှလည်း ထိခိုက်ပျက်စီးရပါသည်။ ရာသီဥတုပြောင်းလဲမှုဒဏ် ခံရနိုင်မှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှုတို့ကို လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံရှိ ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် မဲခေါင်မြစ်ညာဒေသများ (ကမ္ဘောဒီးယားနိုင်ငံဘက်ခြမ်း) သည် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးလွယ်ပါသည်။[၉၅၊ ၉၆]

မဲခေါင်ဒေသတွင်း နိုင်ငံများသည် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု နိမ့်ပါးသော နိုင်ငံများဖြစ်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက ထုတ်လွှတ်မှု မြင့်မားလာနိုင်ပါသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့ရှိ ထုတ်လွှတ်မှုများကို ဖြစ်စေသော အကြောင်းအရင်းများမှာ မြေပြောင်းလဲ အသုံးချမှုနှင့် သစ်တော ပြုန်းတီးမှုများကြောင့် ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုမှာ အနုတ်လက္ခဏာဖြစ်ရခြင်းမှာ သစ်တောပြုန်းတီးနှုန်း ကျဆင်းပြီး သစ်တော ပြန်လည်တည်ထောင်သည့် စီမံကိန်းများကြောင့်ဖြစ်သည်။

## ၂.၂ ခြိမ်းခြောက်မှုများကို ဖြစ်စေသော အကြောင်းအရင်းများ

ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများအပေါ် ကျရောက်လျက်ရှိသော အန္တရာယ်/ခြိမ်းခြောက်မှုများကို ဖြစ်စေသည့် ပင်မအကြောင်းအရင်းမှာ လူဦးရေတိုးပွားလာခြင်း၊ သယံဇာတ အရင်းအမြစ်များအပေါ် လိုအပ်ချက် မြင့်မားလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခြေပြု စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း စသည်တို့အကြား အပြန်အလှန် ဆက်နွယ်ပတ်သက်မှုများကြောင့် ဖြစ်သည်။ တရုတ်နိုင်ငံနှင့် အနောက်နိုင်ငံများ စသော မဲခေါင်ဒေသပြင်ပရှိ လူမှုသိုင်းဝိုင်းများနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပြောင်းလဲမှုသည်လည်း တောရိုင်းတိရိစ္ဆာန်များ မှောင်ခိုရောင်းဝယ်ဖောက်ကားမှုများ အပါအဝင် သယံဇာတများကို ပိုမို ထုတ်ယူသုံးစွဲမှုများဖြစ်စေသော အကြောင်းအရင်း ဖြစ်ပါသည်။ အားနည်းသော စီမံအုပ်ချုပ်မှုနှင့် လာဘ်ပေးလာဘ်ယူမှုများမှာလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ခြင်းကို အားနည်းစေပြီး ချမှတ်ထားသော မူဝါဒများ၊ ဥပဒေများ၏ အကျိုးသက်ရောက်မှုကိုလည်း လျော့နည်းစေနိုင်ပါသည်။

### ၂.၂.၁ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဦးစားပေးခြင်း

အခန်း ၁.၂.၃ တွင် ဆွေးနွေးဖော်ပြထားသကဲ့သို့ ဒေသတွင်းနိုင်ငံအချို့သည် စက်မှုနိုင်ငံများဖြစ်ပြီး ဒေသတွင်းနိုင်ငံများသည် အာဆီယံဒေသကို တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုဒေသအဖြစ် ပေါင်းစပ်ဖွဲ့စည်းရန်၊ အရှေ့တောင်အာရှဒေသကို ယှဉ်ပြိုင်မှုမြင့်မားသော ဒေသတစ်ခု ဖြစ်လာစေရန်၊ အာဆီယံဒေသ

---

၉၅ Mekong River Commission (2012). The Impact & Management of Floods & Droughts in the Lower Mekong Basic and The Implications of Possible Climate Change. MRC Working Paper. Available at http://www.mrcmekong.org/assets/Publications/basin-reports/FMMP-working-paper-110820.pdf, accessed 21 July 2016.

၉၆ http://unesdoc.unesco.org/images/0024/002435/243557E.pdf, accessed 25 April 2016

အတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် မရှိစေရန်နှင့် အာဆီယံဒေသကို ကမ္ဘာ့စီးပွားရေး အခင်းအကျင်းထဲသို့ ပေါင်းစပ် ရောက်ရှိစေရန် စသော ရည်မှန်းချက်များ ချမှတ်ကာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ တွင် ဖွဲ့စည်းခဲ့သော အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖော် ဆောင်သည့် မူဝါဒများကို ကျင့်သုံးလျက်ရှိသည်။ စီးပွားရေး အသိုက်အဝန်းသည် ဒေသတွင်းရှိ နိုင်ငံတကာ နယ်နိမိတ်ဖြတ်ကျော်၍ ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် ကြုံတွေ့ရသော ဗျူရို ကရေစီ ကြိုးနီစနစ်များကို လျှော့ချနိုင်ရန် အဖွဲ့ဝင်နိုင်ငံများကို တိုက် တွန်းထားသော်လည်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာနိုင် သော တောရိုင်းတိရိစ္ဆာန်များ တရားမဝင် မှောင်ခိုကုန်ကူးမှုများကို လျှော့ချနိုင်သော နည်းလမ်းများကို ထည့်သွင်းစဉ်းစားခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယခုစာတမ်း ရေးသားပြုစုရာတွင် လေ့လာ ချက်များအရ လမ်းတည်ဆောက်သည့် စီမံကိန်းနှင့်ပတ်သက်၍ ADB ၏ ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ချက် အစီရင်ခံစာ တစ်ခု တည်းတွင်သာ စီမံကိန်းသည် တောရိုင်းတိရိစ္ဆာန်မှောင်ခိုမှုများကို ကူညီဖြစ်ပေါ်စေသည်ဟု ဖော်ပြထားပါသည်။

သန်းပေါင်း ၁၁၄ မှ ယူရိုသန်းပေါင်း ၆၀၂ သို့ ၅ ဆ များပြားလာခဲ့ပြီး လာအိုနိုင်ငံတွင် ယူရိုသန်းပေါင်း ၂၃ သန်းမှ ယူရိုသန်းပေါင်း ၂၆၉ သန်းခန့် မြင့်တက်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများရှိ ရင်းနှီး မြှုပ်နှံမှုများ၏ ၅ ပုံ ၁ ပုံခန့်ကို ဥရောသမဂ္ဂနိုင်ငံများမှ ပြုလုပ်ပြီး တရုတ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများမှလည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြပါသည်။ ရော်ဘာ၊ ဇီဝလောင်စာနှင့် သကြားစိုက်ခင်းများ သည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း အကြီးစားများကို ဆွဲဆောင်လျက် ရှိ သည်။[၉၈]

မြန်မာနိုင်ငံသည် တံခါးပိတ်စနစ်ဖြင့် စစ်တပ်မှ အုပ်စိုးခဲ့ပြီး အနောက်နိုင်ငံများ၏ ပိတ်ဆို့ အရေးယူမှုများကြောင့် ဒေသတွင်း အခြားနိုင်ငံများ၏ နောက်ကျကျန်ခဲ့ပါသည်။ သယံဇာတများ ထုတ် ယူသုံးစွဲခြင်း (သတ္တုတူးဖော်ခြင်းနှင့် ကျွန်းသစ်ထုတ်လုပ်ခြင်း) ကို စစ်တပ်မှ ထိန်းချုပ် လုပ်ကိုင်ခဲ့ပါသည်။ ပြီးခဲ့သောနှစ်များတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို တဖြည်းဖြည်း လုပ်ဆောင်လာခဲ့ရာ ၂၀၀၈ ခုနှစ် ပြောင်းလဲပြဋ္ဌာန်းခဲ့သော ဥပဒေများကြောင့် မြေယာ ဈေးကွက်များ ပေါ်ပေါက်ခဲ့ပြီး မြေယာလက်ဝယ်ကြီးအုပ် ပိုင်ဆိုင်မှု များ ရပ်တန့်ခဲ့ကာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အခွင့်

ဇယား ၂.၁ ဖန်လုံဓာတ်ငွေ့ ထုတ်လွှတ်မှုများ

| နိုင်ငံ | စုစုပေါင်း အသားတင် GHG ထုတ်လွှတ်မှုများ ၂၀၁၃ ခုနှစ် (ကဏ္ဍအားလုံးမှ) (MtCO2e) | သစ်တောပြုန်းတီးမှုနှင့် ပြောင်းလဲအသုံးချမှုတို့ကြောင့် အသားတင် GHG ထုတ်လွှတ်မှု (MtCO2e) | ၂၀၁၃ ခုနှစ်အသားတင် GHG ထုတ်လွှတ်မှု (tCO2e per capita) |
|---|---|---|---|
| ကမ္ဘောဒီးယား | ၅၁.၆၆ | ၂၄.၅၇ | ၃.၄၃ |
| လာအို | ၂၉.၉၆ | ၁၈.၄၇ | ၄.၅၅ |
| မြန်မာ | ၂၀၁.၄၅ | ၁၀၂.၇၀ | ၃.၈၀ |
| ထိုင်း | ၃၈၄.၃၇ | ၁၄.၉၄ | ၅.၇၀ |
| ဗီယက်နမ် | ၂၃၉.၀၉ | -၁၇.၆၇ | ၂.၆၆ |

အရင်းမြစ်- World Resources Institute[၉၇]

စီးပွားရေး ဖွံ့ဖြိုးရေးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန် ရင်းနှီး မြှုပ်နှံမှုများကို ပုဂ္ဂလိကကုမ္ပဏီများမှ ပြုလုပ်ပြီး ကုမ္ပဏီများမှာလည်း ရင်းနှီးမြှုပ်နှံမှုများ လုံခြုံစိတ်ချနိုင်စေရန် ဥပဒေမူဝါဒများ ပြဋ္ဌာန်း ကာကွယ်ထားသည့် နိုင်ငံများတွင်သာ လုပ်ငန်းများ ဆောင်ရွက်ကြ ပါသည်။ ၂၀၀၀ နှင့် ၂၀၁၀ ပြည့်နှစ် ကြားကာလများတွင် ကမ္ဘောဒီး ယားနိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် ယူရို

အလမ်းများ ပေါ်ပေါက်လာခဲ့သည်။ ရင်နှီးမြှုပ်နှံမှုများရှိခဲ့သော်လည်း လက်တွေ့တွင် အကောင်ထည်ဖော်ခြင်းမရှိဘဲ မြေယာအငြင်းပွားမှု များ ဆက်လက် ဖြစ်ပွားခဲ့သည်။ တရားစီရင်ရေးစနစ်ကြောင့်လည်း ဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပေ။

---

၉၇ CAIT Climate Data Explorer (2015). World Resources Institute, Washington, DC. Available online at: http://cait.wri.org, accessed 3 May 2017.

၉၈ Polack E. (2012). Agricultural land acquisitions: a lens on Southeast Asia. IIED, London. Available at http://pubs.iied.org/pdfs/17123IIED.pdf, accessed 5 March 2016.

## ၂.၂.၂ သယံဇာတများအပေါ် တိုးမြင့်ကျရောက်လာသောဖိအားများ

သစ်၊ ဂဏန်း၊ ပုစွန်၊ ကော်ဖီနှင့် အခြားသော ထွက်ကုန် ဝယ်လိုအားများသည် ကမ္ဘာတစ်ဝန်း မြင့်တက်လာခဲ့ပြီး တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ လူချမ်းသာများမှ ဆေးဝါးနှင့် ဇိမ်ခံအစားအစာအဖြစ် အသုံးပြုနိုင်ရန် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ရလိုမှုကြောင့် ဝယ်လိုအားများ တက်ခဲ့သည်။ မြို့နေလူထုတို့သည် မိမိတို့၏ စားသုံးမှုပုံစံများကို ပြောင်းလဲခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် မြေပြောင်းလဲအသုံးချမှုများကို ဖြစ်စေခဲ့သည်။ ဥပမာအားဖြင့် အသားနှင့် နို့ထွက်ပစ္စည်းများကို ပိုမို စားသုံးလာကြသောကြောင့် မြေယာလိုအပ်မှုမြင့်မားလာခဲ့သည်။[၉၉] ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးလာခြင်း၊ လေယာဉ်ဖြင့် ကုန်တင်ပို့ခြင်းနှင့် ရေခဲသေတ္တာဖြင့် သိမ်းဆည်းခြင်း စသည်တို့ကြောင့် ဝေးလံသော ဒေသများသို့ ဈေးကွက် ချဲ့ထွင်ရောင်းချနိုင်ခဲ့သည်။

ဥစ္စာပစ္စည်းများ ပေါကြွယ်ဝခြင်းနှင့် ပိုမို ထုတ်ယူသုံးစွဲလာခြင်းသည် ဇီဝမျိုးစုံ မျိုးကွဲများအပေါ် သက်ရောက်မှုများရှိသော်လည်း ဆင်းရဲနွမ်းပါးမှုများနှင့် အသက်မွေးဝမ်းကြောင်း မခိုင်မာမှုများမှာ သဘာဝ ထိန်းသိမ်းရေးနယ်မြေအတွင်း ဒေသခံများ ကျူးကျော်မှုများဖြစ်စေသော အကြောင်းရင်းလည်း ဖြစ်ပါသည်။ လူမှုရေးနှင့် နိုင်ငံရေးအရ ဖယ်ကျဉ်ခံရခြင်း၊ ဈေးကွက်နှင့် ဝေးကွာသော အရပ်ဖြစ်ခြင်း၊ ရန်ပုံငွေနှင့် သတင်းအချက်အလက်များ မရရှိခြင်းစသည်တို့ကြောင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေအနီး နေထိုင်သော ဒေသခံများသည် အသက်ရှင် ရပ်တည်ရန် ခက်ခဲရခြင်း ဖြစ်သည်။ ထိုအခြေအနေတွင် ဒေသခံများသည် ရွေးချယ်စရာများရှိသောကြောင့် မြေများ တိုးချဲ့လုပ်ကိုင်စားသောက်ခြင်း၊ အမဲလိုက်ခြင်းနှင့် မိမိတို့ဝန်းကျင်ရှိ သဘာဝ သယံဇာတများကို ထုတ်ယူသုံးစွဲသော အခြားလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်ရပါသည်။

## ၂.၂.၃ အားနည်းသောစီမံအုပ်ချုပ်မှု

ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုနိုင်ငံတို့သည် အဂတိလိုက်စားမှု အညွှန်းကိန်း၏ အောက်ခြေတွင်ရှိပြီး ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၄ ပုံ ၃ ပုံတွင် ရှိပါသည်။ သဘာဝသယံဇာတ စီမံခန့်ခွဲသည့် ကဏ္ဍတွင် တန်ဖိုးလာဘ်၊ ငွေကြေးလိမ်လည်မှုနှင့် အကျိုးစီးပွားများ ပဋိပက္ခဖြစ်ခြင်း (သယံဇာတ ထုတ်ယူသုံးစွဲမှုမှ ထိန်းချုပ်ကြပ်မတ်သူများနှင့် အဖွဲ့အစည်းများမှာ အကျိုးအမြတ်ရရှိပြီး) နှင့် နိုင်ငံပိုင် သိမ်းယူခြင်း (ကုမ္ပဏီများမှ ဥပဒေနည်းလမ်းက ဆုံးဖြတ်ချက်များကို မလျော်ကန်သော နည်းလမ်းများဖြင့် လွှမ်းမိုးခြင်း)[၁၀၀] စသော အကျင့်ပျက် ချစားမှုများစွာ ဖြစ်ပွားလျက်ရှိသည်။ ထိုသို့သော လုပ်ဆောင်ချက်များသည် တန်းတူညီမျှမှု၊ ရေရှည်တည်တံ့မှုနှင့် ဆုံးဖြတ်ချက် ချသည့်ကိစ္စများတွင် တိကျမှန်ကန်သည့် အချက်အလက်များကို အသုံးပြုနိုင်မှု စသည်တို့ကို ဟန့်တားဖြစ်စေပြီး မြေအသုံးချမှု စီမံချက်ရေးဆွဲခြင်း၊ ဇုန်နယ်မြေသတ်မှတ်ခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းနှင့် သဘာဝ သယံဇာတများကို တရားဝင် လိုင်စင်ဖြင့် ထုတ်ယူခွင့်ပြုခြင်းစသော စီးပွားရေးဖွံ့ဖြိုးမှုများ၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် ရေးဆွဲဖော်ထုတ်ထားသည့် လုပ်ငန်းစနစ်များကို အားနည်းစေနိုင်ပါသည်။ တိုတောင်းသော ကာလကို အခြေခံ၍ ဆုံးဖြတ်ချက်ချခြင်း၊ နိုင်ငံရေးနှင့် စီမံကိန်း ရေးဆွဲခြင်းများ စသည်တို့သည် ဂေဟစနစ်ဝန်ဆောင်မှုများကို လျှော့ပေါ့ တွက်ချက်မှုများ ဖြစ်စေနိုင်သည့်အပြင် ပတ်ဝန်းကျင် ထိခိုက်မှုများကို လျှော့ပေါ့ခန့်မှန်းမှုများ ဖြစ်သွားနိုင်ပါသည်။

အကျင့်ပျက်ခြစားမှုများကို သက်သေပြရန် သို့မဟုတ် တိုက်ထုတ်ချေမှုန်းရန် ခက်ခဲပြီး အထူးသဖြင့် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ လုံလောက်သော အချက်အလက်များ မရှိခြင်း၊ ပြည်သူ ပူးပေါင်းပါဝင်မှု အားနည်းခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ချက် အစီရင်ခံ တင်သွင်းသော အဖွဲ့အစည်းကို ဘက်လိုက်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အရေးယူကြပ်မတ် ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းများ စွမ်းဆောင်ရည် အားနည်းခြင်းစသော အခြေအနေများက ပိုမို ခက်ခဲစေသည်။ လာအိုနိုင်ငံတွင် အဂတိလိုက်စားမှုများ၊ ရှင်းလင်းပြတ်သားမှု မရှိသော ပြဋ္ဌာန်းချက်များနှင့် စွမ်းဆောင်ရည် နည်းပါးခြင်း စသည်တို့ကြောင့် သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းမျဉ်းများကို လေးစားလိုက်နာမှုမရှိခြင်းကို ဖြစ်စေပါသည်။

သစ်ထုတ်လုပ်ရေးကုမ္ပဏီများ ထုတ်လုပ်ရေး ကုန်ကျစရိတ်များ၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းမှာ လာဘ်ပေးကမ်းမှုများနှင့် တရားမဝင်ငွေပေးချေမှုများ ဖြစ်သည်ဟု ခန့်မှန်း တွက်ချက်ထားကြပါသည်။ အကျိုးဆက်အနေဖြင့် ကုမ္ပဏီများသည် သစ်ထုတ်မည့်နေရာ၊ ပမာဏနှင့် သစ်မျိုးများကို မိမိတို့စိတ်ကြိုက် ထုတ်ယူခဲ့ကြသည်။

လာအိုနိုင်ငံရှိ သစ်တောစီမံအုပ်ချုပ်မှုကို လေ့လာဆန်းစစ်ရာတွင် အညွှန်းကိန်း ၁၂ ခုအနက် ၇ ဖြင့် တွက်ချက်လေ့လာခဲ့ရာ ၂၅ ရာခိုင်နှုန်းထက် နည်းသော သူများသာလျှင် ထောက်ခံကြသည်။ အောက်ပါအချက်များကို ဖော်ထုတ်နိုင်ခဲ့သည်။ (က) တရားမဝင် သစ်ခိုးထုတ်မှုကို တိုက်ဖျက်သည့် အမျိုးသားအဆင့် မူဝါဒမရှိခြင်း၊ (ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍများအကြား သဟဇာတဖြစ်သော မူဝါဒများ မရှိခြင်း၊ (ဂ) သစ်တောဇုန် နယ်မြေများကို ရှင်းလင်း ပြတ်သားစွာ ဖွဲ့စည်းသတ်မှတ်မထားခြင်း၊ (ဃ) အစိုးရအဖွဲ့ သို့မဟုတ် အရပ်ဘက် လူမှုအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထား

---

၉၉ Cao Y. and L. Defa (2013). Impact of increased demand for animal protein products in Asian countries: Implication on global food security. Animal Frontiers 3(3), pp. 48-55. DOI: 10.2527/af.2013-0024. https://academic.oup.com/af/article/3/3/48/4638641, accessed 27 March 2018.

၁၀၀ UNDP (2008). Tackling corruption, Transforming Lives: Accelerating Human Development in Asia and the Pacific. UNDP, Colombo. Available at http://www.undp.org/content/dam/undp/library/corporate/HDR/Asia%20and%20Pacific%20HDR/RHDR_Full%20Report_Tackling_Corruption_Transforming_Lives.pdf

သည့် လွတ်လပ်သော ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့မရှိသည်ကို တွေ့ရသည်။ တရားမဝင် သစ်ခိုးထုတ်မှုများသည် စီးပွားရေးအရ တွက်ချေကိုက်သောကြောင့် ကျူးလွန်နေကြသော ပြစ်မှုဖြစ်သည်ဟု မီးမောင်းထိုး ပြောဆိုကြပါသည်။ သို့သော်လည်း ပြည်တွင်းနှင့် ပြည်ပရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပညာပေးလှုပ်ရှားမှုများ ပြုလုပ်ရာတွင် ခက်ခဲသောကြောင့် စစ်မှန်တိကျသော သတင်းအချက်အလက်များကို ရယူနိုင်ခြင်း မရှိခဲ့ပေ။ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတွင် အလားတူ သစ်တော စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဿနာကို ရင်ဆိုင်ရလျက်ရှိပြီး အစိုးရသည် နိုင်ငံကို ထိန်းချုပ်ခွင့် မရှိသောကြောင့် ပြဿနာမှာ ပိုမို ကြီးထွားလျက်ရှိသည်။ (အခန်း ၂.၂.၄ ကို ကြည့်ရန်)

လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ထိုအဖွဲ့များရှိခြင်းကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်ခွင့် မရရှိခဲ့ကြပေ။ ထိုင်းနိုင်ငံတွင် ပြည်တွင်းပဋိပက္ခ ကြီးကြီးမားမား ဖြစ်ပွားခြင်း မရှိသော်လည်း နိုင်ငံတောင်ပိုင်းရှိ ပဋိပက္ခ၊ နိုင်ငံရေး ဆူပူအုံကြွမှုနှင့် စစ်တပ် အာဏာသိမ်းမှုများလည်း မကြာခဏ ဖြစ်ပွားလျက် ရှိသည်။

## ၂.၂.၅ လုပ်ပိုင်ခွင့် မခိုင်မာမှုနှင့် အငြင်းပွားမှုများကြောင့် ဖြစ်ပေါ်လာသော ရေရှည်မတည်တံ့သည့် သုံးစွဲမှုများ

ဒေသတွင်းနိုင်ငံများတွင် ဒေသခံပြည်သူများ၏ မိရိုးဖလာ မြေယာလုပ်ပိုင်ခွင့် ကျင့်သုံးသည့် အလေ့အထများရှိကြပြီး သယံ

ဇယား ၂.၂ အဂတိလိုက်စားမှုဆိုင်ရာ အညွှန်းကိန်းများ၊ ၂၀၁၆

| နိုင်ငံ | အဂတိလိုက်စားမှုဆိုင်ရာ ရမှတ် ၂၀၁၆<br>၀ - (လွန်စွာလိုက်စား)၊<br>၁၀၀ - (လွန်စွာကင်း) | နိုင်ငံအဆင့်သတ်မှတ်ချက် ၂၀၁၆<br>၁ - လိုက်စားမှု အနည်းဆုံး<br>၁၆၈ - အလိုက်စားဆုံး |
|---|---|---|
| ကမ္ဘောဒီးယား | ၂၁ | ၁၅၆ |
| လာအို | ၃၀ | ၁၂၃ |
| မြန်မာ | ၂၈ | ၁၃၆ |
| ထိုင်း | ၃၅ | ၁၀၁ |
| ဗီယက်နမ် | ၃၃ | ၁၁၃ |

ရင်းမြစ်- Transparency International[၁၁၁]

## ၂.၂.၄ ပြည်တွင်းမငြိမ်မသက်မှုများ၊ ပဋိပက္ခများနှင့် တိုက်ပွဲများ

ပြီးခဲ့သောနှစ်များတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများနှင့် ပြည်တွင်း ပဋိပက္ခများသည် လူများပြောင်းရွှေ့ခြေချမှုများနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် ပြဿနာများစွာ ဖြစ်ပွားစေခဲ့သည်။ ပြည်သူလူထုတို့ ပြောင်းရွှေ့နေထိုင်မှုများနှင့် အစိုးရများ၏ ရန်ပုံငွေ စုဆောင်းကာ လုံခြုံရေးမြှင့်တင်နိုင်ရန် ဆောင်ရွက်ချက်များမှာ ရေရှည်စီမံချက် ရေးဆွဲအကောင်ထည်ဖော်ရမည့် ထိန်းသိမ်းရေး လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာစေပါသည်။ မြန်မာနိုင်ငံတွင်သာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၅ ဖွဲ့ရှိပြီး ထိုအဖွဲ့များအနက် ၈ ဖွဲ့မှာ ငြိမ်းချမ်းရေး သဘောတူညီစာချုပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကာ အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။[၁၁၂] မြန်မာနိုင်ငံရှိ လက်နက်ကိုင် အဖွဲ့အစည်းများသည် သစ်ထုတ်လုပ်ခြင်း၊ သတ္တု တူးဖော်ခြင်းနှင့် အခြား သဘာဝသယံဇာတများကို တူးဖော်ခြင်း စသည့်လုပ်ငန်းများကို မိမိတို့ တော်လှန်ရေးလုပ်ငန်းများ ဖာတများကို ဒေသများကိုယ်တိုင် စီမံအုပ်ချုပ်၍ ရေရှည်တည်တံ့မှုကို ဖော်ဆောင်သည့် ရိုးရာအစဉ်အလာများလည်း ရှိပါသည်။ သို့သော်လည်း စစ်ပွဲများ၊ ပြောင်းရွှေ့အခြေချ နေထိုင်မှုများ၊ ယဉ်ကျေးမှု ပေါင်းစည်းသွားခြင်း၊ ခေတ်ပေါ်ဈေးကွက်များနှင့် စီးပွားရေး အခွင့်အလမ်း လွှမ်းမိုးရောက်ရှိလာခြင်း စသည်တို့ကြောင့် အဆိုပါစနစ်များနှင့် စံနှုန်းသည် အားနည်းပျက်သုဉ်း ပျောက်ကွယ်သွားပြီးဖြစ်သည်။ စီးပွားရေး ပေါင်းစည်းလုပ်ကိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရာတွင် မြေဧရိယာများစွာကို စီးပွားရေး ကုမ္ပဏီများထံ ခွဲဝေပေးအပ်ရန် လိုသောကြောင့် အဆိုပါမြေများ အပေါ် ကျင့်သုံးလျက်ရှိသော ဒေသခံများ၏ မိရိုးဖလာ ပိုင်ဆိုင်ခွင့်နှင့် ရှုပ်ထွေးသော မိရိုးဖလာ မြေအသုံးချသည့် စနစ်များ စသည်တို့နှင့် ဝိရောဓိဖြစ်ကာ ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဒေသခံများ၏ မြေယာနှင့် သယံဇာတသုံးစွဲခွင့်ကို လုံလောက်စွာ ကာကွယ်ပေးနိုင်မှု မရှိပါက ဒေသခံများသည် ရေရှည်တည်တံ့သည့် မြေယာနှင့် သယံဇာတ စီမံအုပ်ချုပ်မှုများတွင် ပူးပေါင်းဆောင်ရွက်လိုကြမည် မဟုတ်

[၁၁၁] http://www.transparency.org/news/feature/corruption_perceptions_index_2016#table, accessed 28 April 2017

[၁၁၂] http://www.saferworld.org.uk/south-asia/myanmar, accessed 20 August 2016

ပေ။ ရင်းနှီးမြှုပ်နှံမှုများနှင့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကို ဦးစားပေး ဆောင်ရွက်ခြင်း၏ အကျိုးဆက်တစ်ခုမှာ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရများအနေဖြင့် မလိုလားသော ဆုံးရှုံးမှုများ မဖြစ်စေရန် သတ်မှတ်ထားသည့် မြေမဟုတ်ဘဲ အခြားသော မြေများကို သဘာဝ ထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်လာနိုင်ဖွယ် ရှိပါသည်။ သို့သော်လည်း ထိုသို့ သတ်မှတ်ခြင်းဖြင့် ဒေသခံပြည်သူများ၏ သယံဇာတ ထုတ်ယူသုံးစွဲခွင့်များ ဆုံးရှုံးသွားနိုင်ပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာ လုပ်ငန်းစီစဉ်များနှင့် ကင်းကွာလျက်ရှိပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ရှိခြင်းကြောင့် နိုင်ငံ၏ အချို့ နေရာများတွင် တိုင်းရင်းသားများ၏ မြေယာလုပ်ပိုင်ခွင့်များကို ကောင်းစွာ ကျင့်သုံးနေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်လျက်ရှိပြီး အမျိုးသားမြေ အသုံးချမှုမူဝါဒတွင် တိုင်းရင်းသားများ မြေယာလုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုထားသော်လည်း ကြိုးဝိုင်းတောများ၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများနှင့် စပ်လျဉ်းသည့် မြေယာ လုပ်ပိုင်ခွင့်ကို မည်သို့ အသိအမှတ်ပြုမည်ကို ဖော်ပြထားခြင်းမရှိပေ။ ရိုးရာသစ်တောနှင့် မြေယာ စီမံအုပ်ချုပ်သည့် ဓလေ့ထုံးတမ်း စီမံများကို သဘာဝထိန်းသိမ်းရေး နယ်မြေစီမံအုပ်ချုပ်မှုများနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်သော်လည်း လက်ရှိ ချမှတ်ထားသော မူဝါဒသည် အထောက်အကူ မပြုပေ။ ထို့အပြင် ဒေသခံများသည် ထိန်းသိမ်းရေး နယ်မြေများ ဖွဲ့စည်းခြင်းသည် မိမိတို့၏ ဘိုးဘွားပိုင်မြေများကို အစိုးရမှ သိမ်းယူခြင်းပင်ဖြစ်သည်ဟု သိမြင်လက်ခံထားကြသည်။ လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိပြီး အစိုးရဖွဲ့စည်းပုံ ပြောင်းလဲကာ ဗဟိုအုပ်ချုပ်လုပ်ကိုင်မှု လျှော့ချလာခြင်းတို့ကြောင့် အနာဂတ်တွင် မြေယာနှင့် သစ်တောများကို နိုင်ငံတော်မှ စီမံအုပ်ချုပ်မှုများ လျှော့နည်းလာနိုင်ပါသည်။





# ၄

# ထိန်းသိမ်းစောင့်ရှောက်ရေး ဆက်လက်လုပ်ဆောင်မည့် ကြိုးပမ်းအားထုတ်မှုများ

Preah Vihear ကာကွယ်တောတွင် တွေ့ရှိရသည့် အနီရောင် လည်ဆံနှင့် လည်ပင်းသေးသော လင်းတငှက်များ၊ အစားအစာမရှိမှု၊ အဆိပ်သင့်မှုနှင့် အသိုက်ဆောက်ရာ အပင်များ ပျက်စီးဆုံးရှုံးမှုတို့သည် လင်းတအကောင်ရေအား ခြိမ်းခြောက်နေသည်။ လင်းတ သဘာဝ အစားအစာထောက်ပံ့ရန် လင်းတထိန်းသိမ်းရေးစခန်း ခုနစ်ခုအား ကမ္ဘောဒီးယားနိုင်ငံအဝှမ်း တည်ထောင်ထားရှိပြီး ဖြစ်သည်။

# ၃။ ထိန်းသိမ်းစောင့်ရှောက်ရေး ဆက်လက်လုပ်ဆောင်မည့် ကြိုးပမ်းအားထုတ်မှုများ

## ၃.၁။ အစိုးရအခန်းကဏ္ဍ

.........................................

### ၃.၁.၁။ ကာကွယ်ထိန်းသိမ်းရေး အဖွဲ့အစည်းများ

မဟာမဲခေါင်မြစ် ဒေသခွဲနိုင်ငံများ အားလုံးတွင် သဘာဝ ထိန်းသိမ်းရေးနယ်မြေများအား စီမံခန့်ခွဲခြင်းနှင့် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခြင်းများအတွက် အစိုးရအဖွဲ့အစည်းများ၌ အခွင့်အာဏာများ ရှိကြသည်။ (ဇယား ၃.၁) တွင် မဲခေါင်မြစ်ဒေသ၌ ဇီဝမျိုးစုံ မျိုးကွဲမှုထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်သက်ဆက်နွှယ်နေသည့် ကိစ္စရပ်များအတွက် အဓိက ဦးစားပေး လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကို စာရင်းများဖြင့် ဖော်ပြထားသည်။

### ၃.၁.၂။ သဘာဝထိန်းသိမ်းရေးနယ်မြေများ

#### သဘာဝထိန်းသိမ်းရေးနယ်မြေ ဖုံးလွှမ်းမှု

ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးအတွက် အစိုးရက ပါဝင်ကူညီနိုင်သည့် အရေးအကြီးဆုံးသော လုပ်ငန်းတစ်ခုမှာ ထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းဖြစ်သည်။ အချို့သော နိုင်ငံများ (ဥပမာ-မြန်မာနိုင်ငံ) တွင် ထိန်းသိမ်းရေး နယ်မြေတည်ထောင်ခြင်းကို ကိုလိုနီခေတ်ဦးကတည်းက စတင်ခဲ့ကြပြီး ကမ္ဘောဒီးယားကဲ့သို့သော နိုင်ငံများတွင်မူ အတော်အတန် သစ်လွင်သော ဖြစ်စဉ်တစ်ခုသာ ဖြစ်နေသေးသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် မင်းသား သီဟာနုလက်ထက် ၁၉၉၄ ခုနှစ်တွင် ထိန်းသိမ်းရေးနယ်မြေ ၂၃ ခုကို တည်ထောင်ထားရှိပြီး နောက်ပိုင်းတွင် ၄၄ ခုအထိ တိုးချဲ့တည်ထောင်နိုင်ခဲ့သည်။ မဲခေါင်ဒေသ၏ သဘာဝထိန်းသိမ်းရေး နယ်မြေ ၇၅၆ ခုသည် ကုန်းမြေဧရိယာ၏ ၁၄ ရာခိုင်နှုန်းအထိရှိသော်လည်း ကမ္ဘာ့ပျမ်းမျှအနေဖြင့် ၂၀၂၀ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်းအထိ ရှိလာစေရန် ဦးတည်ထားသော သဘောတူညီချက်အပေါ် ပြည့်မီနိုင်ခြင်း မရှိသေးပေ။ တရုတ်နိုင်ငံတောင်ပိုင်း အပါအဝင် အရေးကြီးသည့် ဒေသအပေါ် လွှမ်းခြုံမှုသည် ၁၆ ရာခိုင်နှုန်းရှိသော်လည်း ကမ္ဘောဒီးယားနိုင်ငံ၌ ၂၆ ရာခိုင်နှုန်းမှ မြန်မာနိုင်ငံ၌ ၇ ရာခိုင်နှုန်းအထိ ကွဲပြားခြားနားလျက်ရှိသည် (ဇယား ၃.၂)။

ထိန်းသိမ်းရေးနယ်မြေစနစ် အများစုတို့ကို မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် မျိုးစိတ်များနှင့် ဇီဝမျိုးစုံ မျိုးကွဲများ၏ ပျံ့နှံ့တည်ရှိမှုနှင့် အခြေအနေတို့ကို လေ့လာဆန်းစစ်ရန်ထက် ပဒေသရာဇ်ခေတ်နှင့် ကိုလိုနီခေတ် အမဲလိုက်ကြိုးဝိုင်းများ၊ ရေဝေရေလဲ ထိန်းသိမ်းရေးကြိုးဝိုင်းများ၊ ကနဦး ထိန်းသိမ်းရေး လုပ်ငန်းများကို အခြေခံ၍ တည်ထောင်ဖော်ထုတ်ခဲ့ကြသည်။ အရေးကြီးသည့် အဓိက ဇီဝမျိုးစုံ မျိုးကွဲကျက်စားရာ နေရာ (KBAs) သည် မျိုးသုဉ်းပျောက်ကွယ်နိုင်မည့် မျိုးစိတ်များ တည်ရှိမှုအပေါ် အခြေခံ၍ ခွဲခြားထားပြီး သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်ရေး တိုင်းတာနိုင်ရန် မဟုတ်ဘဲ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် ဇီဝမျိုးကွဲများ ရှင်သန်ပေါက်ရောက် ကျက်စားရာလက်ရှိအခြေအနေကိုဖော်ပြခြင်းဖြစ်သည်။ မဟာမဲခေါင်မြစ်ဒေသ၌ အရေးကြီးသည့် ဇီဝမျိုးစုံ မျိုးကွဲဧရိယာနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများအား ပေါင်းစပ်ကြည့်လျှင် (ဇယား ၃.၃) ထိုင်းနိုင်ငံသည် ထိန်းသိမ်းထားသော (KBAs) သည် ရာခိုင်နှုန်းအားဖြင့် ၈၃ ရာခိုင်နှုန်းနှင့် အမြင့်ဆုံးအချိုးသို့ ရောက်ရှိသည်။ အကြောင်းရင်းမှာ ထိုင်းနိုင်ငံတွင် ထိန်းသိမ်းရေးနယ်မြေစနစ် ကျယ်ပြန့်ဖွံ့ဖြိုးနေခြင်းကြောင့်သာမက ထိန်းသိမ်းရေးနယ်မြေပြင်ပရှိ မြေအသုံးချ ပြောင်းလဲမှုများကြောင့် KBAs များအဖြစ် မသတ်မှတ်မီကပင် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးခဲ့သည့်အတွက် KBAs နှင့် PA တို့အကြား ခြားနားချက် ကျဉ်းမြောင်းသွားသောကြောင့် ဖြစ်သည်။ ခြုံငုံသုံးသပ်၍ နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၌ ထိန်းသိမ်းနယ်မြေအတွင်းရှိ (KBAs) သည် ၁၈ ရာခိုင်နှုန်းခန့်သာ ရှိသည်။ ထိုအရေးကြီးသည့် ဒေသအတွင်းရှိ မျိုးသုဉ်းအန္တရာယ် ကျရောက်လျက်ရှိသော ကျောရိုးရှိ သတ္တဝါများနှင့် ကုန်းမြေဖုံးလွှမ်းမှု ပုံစံများကို သီးခြား ဆန်းစစ်လေ့လာကြည့်လျှင် ထိန်းသိမ်းရေး နယ်မြေဖုံးလွှမ်းမှုသည် မဲခေါင်ဒေသ ကုန်းမြေအကျယ်အဝန်း၏ ၂၁ ရာခိုင်နှုန်းအား တိုးမြှင့် တည်ထောင်သင့်သည်။ မြေအကျယ်အဝန်းအားဖြင့် မြန်မာနိုင်ငံတွင် ၃၆,၉၀၀ စတုရန်း ကီလိုမီတာနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၁၄,၅၀၀ စတုရန်းကီလိုမီတာ တိုးမြှင့်ခြင်းဖြင့် နောက်ထပ် ၁၀၂,၀၀၀ စတုန်းရန်းကီလိုမီတာ လိုအပ်မည်ဖြစ်သည်။

#### သဘာဝထိန်းသိမ်းရေးနယ်မြေအတွက် ငွေကြေးထောက်ပံ့ခြင်း

ထိရောက်သော ထိန်းသိမ်းစောင့်ရှောက်မှု၏ အဖိုးစရိတ် အဓိပ္ပာယ်အား သိနားလည်ရန် ကြိုးပမ်းအားထုတ်မှုများထဲမှ တစ်ခုသည် မဟာမဲခေါင်ဒေသအပါအဝင် ကျားများ ရှင်သန်ကျက်စားရာဒေသ၌ စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ်နှင့် ငွေကြေးထောက်ပံ့များကို လေ့လာခြင်းပင်ဖြစ်သည်။ ဤသတ်မှတ်ဇုန် နယ်မြေများအတွင်း ကာကွယ်စောင့်ရှောက်ရန်အတွက် ကုန်ကျငွေသည် နှစ်စဉ် တစ်စတုရန်း ကီလိုမီတာလျှင် ယူရိုငွေ ၇၁၅ ကုန်ကျနေပြီး အရှေ့တောင်အာရှဒေသတစ်ဝိုက် ရှင်သန်ကျက်စားလျက်ရှိသော ကျားများအတွက် အစိုးရ၊ အလှူရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ကုန်ကျငွေသည် နှစ်စဉ်

ဇယား ၃.၁ အစိုးရအေဂျင်စီများအကြား ထိန်းသိမ်းစောင့်ရှောက်မှုအတွက် တာဝန်ခွဲဝေမှု အနှစ်ချုပ်

| နိုင်ငံ/အေဂျင်စီ | တာဝန်ခံ |
|---|---|
| ကမ္ဘောဒီးယား | |
| စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန (MAFF) | CITES စီမံအုပ်ချုပ်မှုတာဝန်ခံ၊ သစ်တောထွက်နှင့် ငါးလုပ်ငန်း ထုတ်ကုန် စီမံခန့်ခွဲရေး၊ စီးပွားဖြစ် မြေယာအငှားချထားမှု ထုတ်ဝေခြင်း |
| ငါးမွေးမြူ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနနှင့် စီမံခန့်ခွဲရေး ဦးစီးဌာန၊ (MAFF) | ငါး၊ ရေနေသတ္တဝါ၊ ရေချိုနေ နို့တိုက်သတ္တဝါများ၊ CITES ရေသယံဇာတ သိပ္ပံဆိုင်ရာ တာဝန်ခံ |
| ဇီဝမျိုးစုံမျိုးကွဲနှင့် တောရိုင်းတိရစ္ဆာန် ဦးစီးဌာန၊ သစ်တော စီမံခန့်ခွဲရေး ဦးစီးဌာန၊ (MAFF) | ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ ထိန်းသိမ်းရေးနယ်မြေ ပြင်ပ၌ရှိသော သစ်တောနှင့် တောရိုင်းတိရစ္ဆာန်များကို စီမံခန့်ခွဲခြင်း၊ CITIES ကုန်းမြေဆိုင်ရာ၊ သိပ္ပံဆိုင်ရာတာဝန်ခံ။ |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | အသစ်ဖွဲ့စည်းထားသော ဝန်ကြီးဌာနဖြစ်ပြီး သစ်တောများ ကာကွယ်စောင့်ရှောက်ရေး၊ MAFF မှ တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်သော ထုတ်ကုန်ဆိုင်ရာ စီမံခန့်ခွဲမှုများကို တာဝန်ယူခြင်း၊ ရမ်ဆာ သဘောတူညီချက်အပေါ် စီမံခန့်ခွဲမှု အခွင့်အာဏာ၊ ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဘောင် သဘောတူညီချက် (UN-FCCC) နှင့် ဇီဝမျိုးစုံမျိုးကွဲ ကွန်ပင်းရှင်း (CBD) အပေါ် အာရုံစူးစိုက်မှု |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သဘာဝထိန်းသိမ်းရေးနှင့် ကာကွယ်ရေးစီမံရေးရာအထွေထွေဌာန | Tonle Sap ရေကန်ကြီးနှင့် အခြားသော ရမ်ဆာဒေသများ အပါအဝင် အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ စီမံခန့်ခွဲခြင်း၊ |
| လာအို | |
| သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONRE) | သစ်တောထုတ်ကုန်မှလွဲ၍ သစ်တောကဏ္ဍဆိုင်ရာ အားလုံး စီမံခန့်ခွဲခြင်း (၁)၊ ရမ်ဆာ သဘောတူညီချက် စီမံခန့်ခွဲရေး။ |
| သစ်တောသယံဇာတ စီမံခန့်ခွဲမှု ဦးစီးဌာန (DFRM) နှင့် သစ်တော ဦးစီးဌာန (DOFI)၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MAF) | သစ်တောထွက်ကုန်အားလုံး စီမံခန့်ခွဲခြင်း၊ CITES စီမံအုပ်ချုပ်မှုတာဝန်ခံ၊ လာအို တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဥပဒေတည်မြဲရေး ကွန်ရက် |
| ဇီဝနည်းပညာနှင့် ဂေဟဗေဒဆိုင်ရာ အဖွဲ့အစည်း၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဝန်ကြီးဌာန | CITES သိပ္ပံဆိုင်ရာတာဝန်ခံ။ |
| မြန်မာ | |
| သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်ထုတ်ခြင်းနှင့် သစ်တောကာကွယ်ခြင်း အပါအဝင် သစ်တောများ စီမံခန့်ခွဲခြင်း၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေနှင့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ အချက်အလက် (သစ်တော ဦးစီးဌာန လက်အောက်ရှိ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး ဌာနခွဲ) များ စီမံခန့်ခွဲခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်းနှင့် လူမှုဘဝ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း (ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန)၊ CITES စီမံအုပ်ချုပ်မှုတာဝန်ခံ၊ ကုန်းမြေဆိုင်ရာ မျိုးစိတ်များ သိပ္ပံဆိုင်ရာ တာဝန်ခံ၊ ရမ်ဆာ သဘောတူညီချက် စီမံအုပ်ချုပ်မှု တာဝန်ခံ။ |

(၁) ၂၀၁၇ ခုနှစ်တွင် DFRM ဦးစီးဌာနကို MONRE ဝန်ကြီးဌာနမှ MAF ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ဌာနခွဲ၏ သစ်တောဆိုင်ရာ စီမံခန့်ခွဲမှု သတင်းအချက်အလက်များအား ပြုပြင် မွမ်းမံရန် လိုအပ်သည်။

ဇယား ၃.၁ အစိုးရအေဂျင်စီများအကြား ထိန်းသိမ်းစောင့်ရှောက်မှုအတွက် တာဝန်ခွဲဝေမှု အနှစ်ချုပ် (အဆက်)

| နိုင်ငံ/အေဂျင်စီ | တာဝန်ခံ |
|---|---|
| ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | CITES ရေချို ရေငံမျိုးစိတ်များ သိပ္ပံဆိုင်ရာ တာဝန်ခံ၊ ရေသယံဇာတ ထိန်းသိမ်း စောင့်ရှောက်ရေး နယ်မြေများ အပါအဝင် ရေသယံဇာတ ဆိုင်ရာ သဘောတူညီချက် |
| ထိုင်းနိုင်ငံ | |
| အမျိုးသားဥယျာဉ် အပင်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး ဦးစီး ဌာန၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာန | CITES စီမံအုပ်ချုပ်မှုတာဝန်ခံနှင့် သိပ္ပံသုတေသန တာဝန်ခံ၊ ထိန်း သိမ်းရေးနယ်မြေများ စီမံခန့်ခွဲခြင်းနှင့် တိရစ္ဆာန်ရုံများ ကြီးကြပ်ခြင်း၊ အမျိုးသားဥယျာဉ်ဆိုင်ရာ ဥပဒေနှင့် သားငှက်တိရစ္ဆာန်ဆိုင်ရာ ဥပဒေစိုးမိုးရေး |
| တော်ဝင် သစ်တောဦးစီးဌာန၊ သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | သဘာဝထိန်းသိမ်းရေး နယ်မြေမှလွဲ၍ သစ်တောများ ထိန်းသိမ်း ကာကွယ် စီမံခန့်ခွဲခြင်း |
| သဘာဝသယံဇာတရုံး | ရမ်ဆာသဘောတူညီချက် စီမံခန့်ခွဲရေး တာဝန်ခံ။ |
| ဗီယက်နမ် | |
| သစ်တောထိန်းသိမ်းရေး ဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုး ရေး ဝန်ကြီးဌာန | သဘာဝ ထိန်းသိမ်းရေးနယ်မြေနှင့် သားငှက်တိရစ္ဆာန်ဆိုင်ရာ ဥပဒေ စိုးမိုးရေး၊ စီမံအုပ်ချုပ်မှု တာဝန်ခံ။ |
| ဇီဝမျိုးစုံမျိုးကွဲ ထိန်သိမ်းရေး အေဂျင်စီ၊ ဗီယက်နမ် ပတ်ဝန်းကျင် ဆိုင်ရာစီမံခန့်ခွဲရေး၊ သဘာဝသယံဇာတနှင့် သစ်တောရေးရာဝန်ကြီး ဌာန | ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စာရင်းကောက်ယူမှု၊ ရေဝပ်ဒေသ ထိန်းသိမ်းရေး၊ ရမ်ဆာသဘောတူညီချက် စီမံအုပ်ချုပ်မှု တာဝန်ခံ။ |
| ဂေဟဗေဒနှင့် ဇီဝဆိုင်ရာသယံဇာတ အဖွဲ့အစည်း၊ ဗီယက်နမ် သိပ္ပံနှင့် နည်းပညာ အကယ်ဒမီ | CITES သိပ္ပံဆိုင်ရာတာဝန်ခံ။ |

တစ်စတုရန်းမီတာလျှင် ပျမ်းမျှအားဖြင့် ယူရိုငွေ ၂၈၀ ကုန်ကျလျက်ရှိကာ နှစ်စဉ် လိုအပ်ချက်သည် တစ်စတုရန်း ကီလိုမီတာလျှင် ယူရိုငွေ ၄၃၄ ခန့် လိုအပ်လျက်ရှိသည်။

ထိန်းသိမ်းရေးနယ်မြေများအတွက် အစိုးရ၏ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုသည် ဒေသတစ်လွှား လွန်စွာ နည်းပါးလျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားဥယျာဉ်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဦးစီးဌာနသည် အခြေခံ အဆောက်အအုံအတွက်ပင် ဘဏ္ဍာငွေ အနည်းငယ်သာ ရရှိလျက်ရှိသည်။ ထိန်းသိမ်းရေး နယ်မြေများတွင် စောင့်ကြည့်လေ့လာခြင်းနှင့် ကွင်းဆင်းလုပ်ကိုင် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များသည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ငွေကြေး ထောက်ပံ့ပေးခြင်းနှင့် နည်းပညာများ၊ ထောက်ပံ့ကူညီမှုများအပေါ် များစွာ တည်မှီနေသည် (၃.၃.၂)။ မြန်မာနိုင်ငံတွင် အစိုးရမှ သဘာဝ ထိန်းသိမ်းရေး နယ်မြေများအတွက် နှစ်စဉ် ယူရိုငွေ တစ်သန်း ထောက်ပံ့ပေးသော်လည်း ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းတွင် ညီမျှမှု မရှိပေ (တစ်စတုရန်း ကီလိုမီတာလျှင် ယူရိုငွေ ၁ ဒသမ ၅၀ မှ ၆၄,၀၀၀ အထိ ကွဲပြားလျက်ရှိသည်)။ ထိန်သိမ်းရေးနယ်မြေ နှစ်ဆယ်၌သာ ငွေကြေးထောက်ပံ့မှုနှင့် ဝန်ထမ်းများ လုပ်ကိုင်လျက်ရှိသည်။ ထိန်းသိမ်းရေး နယ်မြေအတွက် ထောက်ပံ့မှု၏ ၅၉ ရာခိုင်နှုန်း သည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အလှူရှင်များ၏ ထောက်ပံ့မှုသာ ဖြစ်သည်။ ထိုင်းနိုင်ငံတစ်နိုင်ငံတည်းသာ သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမျိုးသား ဥယျာဉ်၊ အပင်နှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ဦးစီးဌာနသည် ထိန်းသိမ်းရေး နယ်မြေများအတွက် လုံလောက်သော နှစ်စဉ် ယူရိုငွေ နှစ်သန်းကို ရရှိနေပြီး ထိုရရှိမှုသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ တည်ငြိမ်လျက်ရှိသည်။ ဤထောက်ပံ့မှု အတိုင်းအတာတစ်ခုသည် ဝန်ထမ်းများနှင့် ယာဉ်ယန္တရားများ အပါအဝင် ထိန်းသိမ်းရေးနယ်မြေ လုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်သည်။

ထိန်းသိမ်းရေးနယ်မြေ စီမံခန့်ခွဲမှုအတွက် သယံဇာတများကင်းမဲ့မှု၏ အကျိုးသက်ရောက်မှုများတွင် ဝန်ထမ်းများ၏ စိတ်ဓာတ်ရေးရာ နိမ့်ပါးခြင်း၊ တာဝန်ခံမှုမရှိခြင်း၊ ကြိုးစားအားထုတ်စေရန် မက်လုံးပေးမှု နည်းပါးခြင်း၊ စိတ်ဝင်စားမှု မရှိခြင်း၊ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် သို့မဟုတ် ဗဟုသုတတိုးမြှင့်စေရန် အခွင့်အရေးရှားပါးမှုတို့ ပါဝင်သည်။ သတ်မှတ်ဇုန် အများအပြား၌ ထိရောက်သော ကင်းလှည့် စစ်ဆေးမှုနှင့် အခြားသော စီမံခန့်ခွဲမှုများသည် အလှူရှင် လှူတန်း

ဇယား ၃.၂ မဟာမဲခေါင်မြစ် ဒေသ၌ သဘာဝထိန်းသိမ်းရေးနယ်မြေ လွှမ်းခြုံမှု အနှစ်ချုပ်

| နိုင်ငံ | ကုန်းမြေ မပါဝင်သော ထိန်းသိမ်းရေး နယ်မြေ | ကုန်းမြေဧရိယာ ပါဝင်သော ထိန်းသိမ်းရေး နယ်မြေ (စတုရန်းကီလိုမီတာ) | စုစုပေါင်း ကုန်းမြေဧရိယာ (ရာခိုင်နှုန်း) |
|---|---|---|---|
| ကမ္ဘောဒီးယား | ၄၄ | ၄၇,၀၃၄ | ၂၆ |
| လာအို | ၃၂ | ၃၈,၄၃၃ | ၁၇ |
| မြန်မာ | ၅၃ | ၄၇,၀၈၁ | ၇ |
| ထိုင်း | ၁၉၄ | ၁၀၄,၀၂၄ | ၂၀ |
| ဗီယက်နမ် | ၂၂၂ | ၂၄,၉၆၂ | ၈ |
| ဒေသခွဲ နိုင်ငံစုစုပေါင်း | ၇၅၆ | ၃၂၆,၂၆၈ | ၁၄ |

ရင်းမြစ်: CEPF ၂၀၁၂ ခုနှစ်၊ WCS ၂၀၁၃ ခုနှစ် (မြန်မာနိုင်ငံ)၊ သဘာဝထိန်းသိမ်းရေးနယ်မြေဆို ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်

ဇယား ၃.၃ နိုင်ငံအလိုက် ထိန်းသိမ်းရေးနယ်မြေ အတွင်းရှိ KBAs လွှမ်းခြုံမှု အခြေအနေ

| နိုင်ငံ | ကုန်းမြေဧရိယာ မပါဝင်သော KBAs | ကုန်းမြေဧရိယာအတွင်း ကာကွယ် ထားခြင်းမရှိသော KBAs | ကုန်းမြေဧရိယာအတွင်း ကာကွယ်ထား သော KBAs (ရာခိုင်နှုန်း) |
|---|---|---|---|
| ကမ္ဘောဒီးယား | ၄၀ | ၂၂ | ၅၅ |
| လာအို | ၄၃ | ၂၂ | ၅၁ |
| မြန်မာ | ၁၃၂ | ၂၄ | ၁၈ |
| ထိုင်း | ၁၁၄ | ၉၅ | ၈၃ |
| ဗီယက်နမ် | ၁၁၀ | ၃၆ | ၃၃ |
| စုစုပေါင်း | ၄၃၉ | ၁၉၉ | ၄၅ |

ရင်းမြစ်: CEPF ၂၀၁၂၊ WCS ၂၀၁၃ (မြန်မာနိုင်ငံ)

သောလုပ်ငန်း အစီအစဉ်များ သို့မဟုတ် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့မှု၌သာ တွေ့မြင်နိုင်သည်။ ဥယျာဉ်များသည် ခရီးသွားများထံမှ ဝင်ငွေများစွာ ရရှိရန် ဆွဲဆောင်နိုင်သည့် ဒေသများတွင်ပင် ယင်းဝင်ငွေကို ဗဟိုအစိုးရထံ အပ်နှံရပြီး ဥယျာဉ်စီမံအုပ်ချုပ်ရန် ရန်ပုံငွေ ပြန်မရနိုင်ခြင်းသည်လည်း ရှုပ်ထွေးသော ပြဿနာတစ်ရပ် ဖြစ်နေပါသည်။

မြန်မာနိုင်ငံတွင် ငွေကြေးထောက်ပံ့လျက်ရှိသော ဥရောပသမဂ္ဂဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (EU-funding) ၏ ထိန်းသိမ်းရေး နယ်မြေအပေါ် ငွေကြေးဆိုင်ရာ သုံးသပ်မှုအစီရင်ခံစာ၌ မဲခေါင်ဒေသတစ်လွှားနှင့် ဆက်နွယ်နေသော ထိန်းသိမ်းရေးနယ်မြေ ငွေကြေးထောက်ပံ့ခြင်းများကို တိုးတက်လာစေရန်အတွက် ရွေးချယ်နိုင်စရာအခွင့်အရေးများကို ခွဲခြားထားသည်။ အဆိုပါ စာတမ်းတွင် ငွေကြေးရင်းမြစ် အမျိုးအစားများ တိုးပွားလာစေရန်၊ ထိန်းသိမ်းရေးနယ်မြေ တည်ထောင်ခြင်းမှ ပြန်လည်ရရှိလာသော သို့မဟုတ် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းမှ ရရှိခြင်းမှ ရရှိလာသော ငွေကြေးများကို တည်မြဲ၍ တိုးမြှင့်လာစေရန် တိုင်းတာခြင်း၊ ထိန်းသိမ်းရေး နယ်မြေအတွက် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများ တိုးတက်လာစေရန် တိုင်းတာခြင်းများကို အဆိုပြု တင်သွင်းထားသည်။ ငွေကြေးဆိုင်ရာ ရင်းမြစ်များ အမျိုးအစား များပြားလာစေခြင်းတွင် ဈေးကွက်အခြေခံသော ကိရိယာများ (အသုံးပြုသူ၏ အခကြေးငွေ၊ ဂေဟစနစ် ဝန်ဆောင်မှုအတွက် ပေးချေမှု)၊ နိုင်ငံ့ဘဏ္ဍာငွေ ခွဲဝေမှုတိုးမြှင့်ရေး (ဥပမာ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ကြွေးမြီများ ချေဖျက်ပေးမှု၊ ကျယ်ပြန့်လှသော ဌာနဆိုင်ရာရင်းမြစ်များမှ ခွဲဝေအသုံးချမှု)၊ ပုဂ္ဂလိက အခန်းကဏ္ဍ စေ့စပ်ချိန်းဆိုမှု (လှူတန်းခြင်း၊ ကုန်ကျငွေမျှဝေကျခံခြင်း၊ ဇီဝမျိုးကွဲများအတွက် လျော်ကြေးပေးချေမှုပုံစံ၊ လိုက်လျောချက်များနှင့် အငှားချထားမှုများ)။





မြန်မာနိုင်ငံ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၏ ဝန်ထမ်းများအား တွေ့မြင်ရပုံ - မြန်မာနိုင်ငံအစိုးရက ထိန်းသိမ်းရေး နယ်မြေများစွာတို့ကို သတ်မှတ်ကြေညာထားသော်လည်း ယင်းနယ်မြေများအနက် အနည်းငယ်တွင်သာ ဝန်ထမ်းနှင့် ရန်ပုံငွေ လုံလောက် မှုရှိသည်။ အဓိကဦးစားပေး အမျိုးသားဥယျာဉ်များတွင် အလှူရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့မှုသည် အရေးကြီးသော်လည်း အစိုးရမှ ရေရှည် တာဝန်ယူဆောင်ရွက်နေမှုအပေါ်၌ အစားထိုး၍ မရပေ။

ဥယျာဉ်စီမံခန့်ခွဲရေးအတွက် ဗဟိုအစိုးရမှ ငွေကြေးထောက်ပံ့မှု တိုးမြှင့်ထားသော်လည်း ထိန်းသိမ်းရေး နယ်မြေအတွက် ရရှိမည့် ဘဏ္ဍာငွေ အမျိုးအစားများကို ခွဲခြမ်းထားရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ ဗီယက်နမ် ငွေကြေးထိန်းသိမ်းရေးအဖွဲ့မှ ယူရိုငွေ ၁၁ ဒသမ ၅ သန်းခန့် သီးသန့်ရန်ပုံငွေအဖြစ် ထားရှိကာ အဆိုပြုတင်သွင်းလာသော လုပ်ငန်းစဉ်များကို ယှဉ်ပြိုင်စေပြီး ငွေကြေးထောက်ပံ့ပေးကာ နည်းပညာ အကူအညီများ၊ နည်းပညာ အကြံပေးအဖွဲ့ဝင်များမှ ထောက်ပံ့သော ပစ္စည်းကိရိယာများဖြင့် ထိန်းသိမ်းရေးနယ်မြေများအတွက် အသုံးပြုလျက် ရှိကြသည်။ လာအိုနိုင်ငံတွင် အဆိုပါကဲ့သို့ သီးသန့်ရန်ပုံငွေ ထားရှိဆောင်ရွက်ကြသည်။ မကြာသေးမီအချိန်တွင် နိုင်ငံတကာ ထိန်းသိမ်းရေးအဖွဲ့အစည်းက ရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ထားကာ ကမ္ဘောဒီးယားနိုင်ငံ ကာဒါမွန်တောင်တန်းများ၏ ထိန်းသိမ်းရေး စီမံခန့်ခွဲမှုအပေါ် ငွေကြေးထောက်ပံ့ပေးလိမ့်မည်။ အခြားအဆိုပြုထားသော နည်းဗျူဟာများထဲတွင် REDD+ အပါအဝင် ခရီးသွားလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံခြင်း၊ ဥယျာဉ်များ၏ ဂေဟစနစ် ဝန်ဆောင်မှု အလားအလာများ ပါဝင်ပြီး ရရှိလာသော ဘဏ္ဍာငွေများကို ထိန်းသိမ်းရေးအတွက် ပြန်လည်အသုံးချခြင်းများ ပါဝင်သည်။

### သဘာဝ ထိန်းသိမ်းရေး နယ်မြေတည်ထောင်ခြင်း အကျိုးသက်ရောက်မှု

မြေပြင်အတွေ့အကြုံနှင့် ဖြစ်ရပ်လေ့လာမှုများအရ ထိန်းသိမ်းရေး နယ်မြေများအား ထိရောက်စွာ စီမံအုပ်ချုပ်နိုင်မှု နည်းနေကြောင်း ဖော်ပြနေသော်လည်း ယင်းတွေ့ရှိချက်ကို အထောက်အကူပြုနိုင်သည့် အချက်အလက် အကန့်အသတ်ဖြင့်သာရှိနေပြီး စီမံအုပ်ချုပ်မှု၏ ထိရောက်မှုကို ဆန်းစစ်တိုင်းတာမှုများမှာလည်း နိုင်ငံအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ စုစည်းပေါင်းစပ်ထားခြင်း မရှိပါ။ ထိန်းသိမ်းရေးနယ်မြေ အကျိုးသက်ရောက်မှု တိုင်းတာရာတွင် စံသတ်မှတ်ချက်များစွာရှိသည့်အနက်မှ အုပ်ချုပ်လုပ်ကိုင်ခြင်း ထိရောက်မှုဆန်းစစ်ခြင်းဆိုင်ရာ နည်းလမ်း (METT) မူဘောင်ကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပြီး လက်ရှိတွင် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အပံ့ (GEF) ထောက်ပံ့သော စီမံကိန်းများတွင် အသုံးပြုလျက်ရှိသည်။ METT အကဲဖြတ် ဆန်းစစ်မှုများ ဆောင်ရွက်ချိန်တွင် ဆွေးနွေးညှိနှိုင်းမှုများနှင့် ချဉ်းကပ်မှုများ ကိုက်ညီမှုရှိခြင်း စသည့် ကိစ္စရပ်များရှိသော်လည်းထိန်းသိမ်းရေးနယ်မြေများအကြားနှင့်အချိန်ကာလအလျောက်ပြောင်းလဲမှုများကို တိုင်းတာနိုင်ရန် စံအဖြစ်အသုံးပြုနိုင်သည်။ ယခုအခါတွင် IUCN Green List အစီအစဉ်ဖြင့် မတူညီသော ချဉ်းကပ်နည်းလမ်းတစ်ခုကို မိတ်ဆက်ကျင့်သုံးနေရာ ယင်းနည်းလမ်းသည် (ဒေသတွင်းရှိ နိုင်ငံအချို့တွင် စမ်းသပ်နေဆဲဖြစ်သည့်) လွတ်လပ်စွာ ဆန်းစစ်ထားသည့် PAs ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းတစ်ခုပင် ဖြစ်ပါသည်။

ထိရောက်မှုသည် ဝန်ထမ်းနှင့်လည်းကောင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များနှင့် လည်းကောင်း နီးကပ်စွာ ချိတ်ဆက်နေပါသည်။ ဒေသ၏ ထိန်းသိမ်းရေးနယ်မြေ စီမံခန့်ခွဲသူများအား လေ့ကျင့်သင်ကြားပေးရန် အခွင့်အရေးများသည် အကန့်အသတ်ဖြင့် တည်ရှိနေသည်။ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများတွင် အောင်မြင်စွာ တည်ထောင်ထားသော သစ်တောကျောင်းများနှင့် သင်တန်းများ တည်ရှိသော်လည်း သစ်တောပညာအား နည်းပညာဆိုင်ရာ ဘာသာရပ်အဖြစ် သင်ကြားပေးရန် ရည်ရွယ်ပြီး ခေတ်မီ ထိန်းသိမ်းရေးနယ်မြေစီမံခန့်ခွဲသူများအတွက် လိုအပ်သော အရည်အချင်းများကို လွှမ်းခြုံထားနိုင်ခြင်း မရှိပေ။ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်တော်ဝင် တက္ကသိုလ်သည် အောင်မြင်လျက်ရှိပြီး ပညာတော်သင်ဆု ထောက်ပံ့






ရွှေသမင် (Eld's deer) များသည် မဲခေါင် မြစ်ဝှမ်းအောက်ပိုင်း ခြောက်သွေ့တောများ၌ တွေ့ရလေ့ရှိသော မျိုးရင်းဝင် သမင်များဖြစ်သည်။ လာအိုနိုင်ငံတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံအစိုးရနှင့် ဒေသခံ ပြည်သူအစုအဖွဲ့များသည် မြေအသုံးချမှု စီမံကိန်း၊ ကင်းလှည့်စစ်ဆေးရေးနှင့် မျိုးစိတ်များနှင့် ၎င်းတို့၏ ကျက်စားရာဒေသများ ရေရှည်တည်တံ့စေရန် ရှင်သန်ကျက်စားမှု ကောင်းမွန်ရေး စီမံချက်များတွင် အတူတကွ ပူးပေါင်းပါဝင် လုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံ၌ တည်ရှိသော အင်းလေးကန်သည် ဇီဝအဝန်းနယ်မြေ ဖြစ်သည်။ အဆိုပါကန်သည် ကျွန်းမျောစိုက်ခင်း စိုက်ပျိုးနည်းကြောင့် ထင်ရှားကျော်ကြားပြီး ဒေသံမျိုးရင်း ငါးနှင့်ခရုများ ရှင်သန် ပေါက်ဖွားကြသည်။ ဂေဟစနစ်သည် ကြီးထွားလာသော လူဦးရေကြောင့် စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးထုတ်လုပ်မှု များပြားလာမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသရင်းမျိုးစိတ်များ မဟုတ်သော အပင်နှင့် ငါးများ ရှင်သန်ကြီးထွားလာမှု၊ သစ်တောပြုန်းတီးမှုကြောင့် နုန်းများ အနည်ကျခြင်း များပြားလာမှုတို့ကြောင့် ပျက်စီးယိုယွင်းလာလျက် ရှိသည်။

ပေးထားသော ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး မဟာဘွဲ့သင်တန်းများ ပို့ချလျက်ရှိပြီး အဆိုပါ သင်တန်း၌ အလတ်တန်းအဆင့် စီမံခန့်ခွဲသူများကို လက်တွေ့ အသုံးချ စီမံခန့်ခွဲမှု အရည်အချင်းများ (ဥပမာ ဘဏ္ဍာငွေစာရင်း ရေးဆွဲခြင်း၊ စီမံချက်ရေးဆွဲခြင်း) နှင့် ထိန်းသိမ်းရေး နယ်မြေ၌ သုတေသနများပြုလုပ်ခြင်း စသည့် ဘာသာရပ်များဖြင့် လေ့ကျင့်သင်ကြားပေးလျက် ရှိသည်။ ဝန်ထမ်းများစွာတို့အတွက် လက်ရှိရရှိထားသည့် အဓိကကျွမ်းကျင်မှုများကို အခြေခံလျက် လက်တွေ့အသုံးချနိုင်သော လုပ်ငန်းခွင် သင်တန်းများပေးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေနိုင်ပါမည်။ အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာနသည် IUCN နှင့် WCPA တို့ကဲ့သို့ပင် ထိန်းသိမ်းရေး နယ်မြေအုပ်ချုပ်ရေးမှူးများအတွက် အရည်အသွေးစံနှုန်းများကို ဖော်ထုတ်ရေးဆွဲထားသည်။ အဖွဲ့အစည်း၏ စွမ်းဆောင်ရည် တိုးတက်မှုသည် ပုဂ္ဂိုလ် တစ်ဦးချင်းစီ စွမ်းဆောင်ရည်တိုးတက်မှုနှင့် ဆက်စပ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်တစ်ဦးချင်းစီသည် မူဝါဒများ ပြောင်းလဲရေးနှင့် ထိန်းသိမ်းရေးနယ်မြေများ စီမံခန့်ခွဲရာတွင် ချဉ်းကပ် ဖြေရှင်းနိုင်သောကြောင့် ဖြစ်သည်။ အပြန်အလှန်အားဖြင့် ထိုပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်အား ထိန်းသိမ်းရေး နယ်မြေများ စီမံခန့်ခွဲခြင်း စီမံချက်များရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်။

စွမ်းဆောင်ရည်တိုးတက်မှုနှင့် ဘဝတက်လမ်းတို့ကို ချိတ်ဆက်ပေးထားခြင်းဖြင့် ဝန်ထမ်းများအား အလုပ်တွင် မြဲနေစေရန်နှင့် အလုပ်နေရာအတွက် အရည်အချင်းမြင့်သူများ လျှောက်ထားစေရန် အားပေးခြင်းကြောင့် တောအုပ်များ (သို့မဟုတ် အခြားဝန်ထမ်းများ) ၏ အလုပ်ရာဇဝင်နှင့် အဆင့်အတန်းတိုးတက်စေရန် ကူညီပေးနိုင်ပါသည်။ ထို့အပြင် ထိုပုဂ္ဂိုလ်တစ်ဦးအား ကျရာတာဝန် ထမ်းဆောင်နိုင်ပြီး အလုပ်ရာထူးတစ်နေရာ လျှောက်ထားသူများအတွက်လည်း အရည်အသွေးမြင့်သော လျှောက်ထားသူများ ဖြစ်လာစေရန် အားပေးကူညီနိုင်သည်။ စီမံခန့်ခွဲရေး အေဂျင်စီများ (ပြည်သူ့အစုအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍ စီမံခန့်ခွဲသူများ) မှ မဟုတ်သည့် အကျိုးသက်ဆိုင်သူများအားစွမ်းဆောင်ရည်တည်ဆောက်ရန် ထောက်ပံ့ပေးခြင်းသည်လည်း စိတ်ထားကောင်း ရရှိစေရန်နှင့် အပြန်အလှန် နားလည်စေရန် နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

မဲခေါင်ဒေသ၏ အချို့သော အစိုးရ အဖွဲ့အစည်းများသည် မကြာခဏ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) မိတ်ဖက်များ၊ အလှူရှင်များနှင့် လက်တွဲ၍ ကိုယ်စားပြုမှုနှင့် စီမံခန့်ခွဲရေး အကျိုးသက်ရောက်မှုများ ကောင်းမွန်လာစေရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေသစ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် PAs များအား ချိတ်ဆက်ပေးနိုင်ရန်အတွက် အလားအလာရှိသည့် စင်္ကြံလမ်းနယ်မြေများ ဦးစားပေး သတ်မှတ်ခြင်း အပါအဝင် ထိန်းသိမ်းရေး နယ်မြေများအား ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်နေသည်။ လာအိုနိုင်ငံသည်လည်း ထိန်းသိမ်းရေး နယ်မြေအပါအဝင် ၎င်းတို့၏ သစ်တောကဏ္ဍများအား ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည်။ သစ်တောနယ်မြေများအား ပြန်လည်စုဖွဲ့ရာတွင် သစ်တောအတန်းအစားနှင့် အခြားသော ထိန်းသိမ်းရေး စားကျက်နေရာများ၊ ထိန်းသိမ်းရေးနှင့် ထုတ်လုပ်ရေးနယ်မြေများအဖြစ် အတန်းအစား ခွဲခြားဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံတွင် အစိုးရအသစ်၏မူဝါဒများ (၂၀၁၆ မတ်လ) နှင့် ပြည်သူအစုအဖွဲ့များ စီမံခန့်ခွဲသော သစ်တောများ ကျယ်ပြန့်လာစေရန် ထားရှိသော ဦးတည်ချက်များသည် ရပိုင်ခွင့် အခွင့်အလမ်းများ ပွင့်လင်းမြင်သာစေခြင်းအပေါ် အခြေခံသော ပြည်သူအစုအဖွဲ့ပိုင် ထိန်းသိမ်းရေးနယ်မြေများ ကျယ်ပြန့်လာစေရန် အထောက်အကူပြုလျက်ရှိသည်။



ထိုင်းနိုင်ငံ အနောက်ဘက် သစ်တောအတွင်းရှိ Huai Kha Khaeng သားငှက်တိရစ္ဆာန် ဘေးမဲ့တောအတွင်း ဝန်ထမ်းများ လှည့်လည်စစ်ဆေးနေခြင်း။ မြေပြင်နှင့် GPS အချက်အလက်များကို အသုံးပြုသည့် SMART ကင်းလှည့်စနစ်သည် ကင်းလှည့် စစ်ဆေးရာတွင် ပို၍ ထိရောက်ပြီး အဆိုပါစနစ်ကို ၂၀၀၇ ခုနှစ်တွင် စတင် အသုံးပြုကြရာ တိရစ္ဆာန်များ တရားမဝင် သတ်ဖြတ်ခံရမှု လျော့ကျလာသောကြောင့် ကျားကောင်ရေ တိုးမြင့်လာသည်။

အဓိက အရေးကြီးသော စီမံခန့်ခွဲရေး အကျိုးသက်ရောက်မှု တိုးတက်လာခြင်းသည် SMART ဖြင့် လှည့်လည်စစ်ဆေးခြင်း အချက်အလက် သိမ်းဆည်းမှုများ အပါအဝင် ထိန်းသိမ်းရေးနယ်မြေတွင် ဥပဒေစိုးမိုးမှု အကောင်အထည်ဖော်ရေးနှင့် စီမံခန့်ခွဲရေးတို့ ကောင်းမွန်လာစေရန် SMART (မြေပြင်ဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံခြင်း နည်းလမ်း) ချဉ်းကပ်ဖြေရှင်းနည်းကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာသောကြောင့် ဖြစ်သည်။ SMART ချဉ်းကပ်ဖြေရှင်းနည်းသည် နယ်မြေကိုအခြေခံ စီမံခန့်ခွဲသော နည်းလမ်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေး ထိန်းသိမ်းရေးနယ်မြေ စီမံခန့်ခွဲရေး စံသတ်မှတ်ချက်များကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ အဆိုပါ နည်းလမ်းသည် ဝန်ထမ်းများအား တရားမဝင်လုပ်ကိုင်ဆောင်ရွက်မှုနှင့် လှည့်လည်စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များကို သိမ်းဆည်းထားခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကို ပြုလုပ်နိုင်ပြီး လှည့်လည်စစ်ဆေးခြင်းလုပ်ငန်း အကျိုးသက်ရောက်မှုကို တိုင်းတာနိုင်ကာ အဓိကဦးစားပေးထားသော နယ်မြေများအပေါ် ဦးတည်ချက်ထား၍ လုပ်ဆောင်နိုင်သည်။ အဆိုပါနည်းလမ်းအား အစိုးရနှင့် အလှူရှင်များ (ဥပမာ ဂျာမန်အစိုးရ) သည် ဥယျာဉ်ဆိုင်ရာ ဥပဒေစိုးမိုးရေး အကျိုးသက်ရောက်မှု စံသတ်မှတ်ချက်အဖြစ် ထင်မြင်ယူဆကြသည်။ ဤကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို နိုင်ငံတကာ ထိန်းသိမ်းရေးပူးပေါင်းအဖွဲ့အစည်းများ (NGOs) မှ ထောက်ပံ့ပေးထားပြီး ကမ္ဘောဒီးယားအစိုးရ၊ မြန်မာနှင့် လာအိုအစိုးရတို့သည် ၎င်းတို့၏ ထိန်းသိမ်းရေးနယ်မြေများတွင် အသုံးပြုနိုင်ရန် ထောက်ခံပေးထားသောကြောင့် နိုင်ငံအလိုက်အနေဖြင့် ထိုင်းနိုင်ငံသည် လိုက်နာဆောင်ရွက်လျက်ရှိသည်။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ (FFI)နှင့် အပြည်ပြည်ဆိုင်ရာ ငှက်ထိန်းသိမ်းရေးအဖွဲ့တို့သည်လည်း ၎င်းတို့၏စီမံကိန်းများတွင် SMART ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ ချဉ်းကပ်နည်းလမ်း အတွေ့အကြုံများနှင့် ဗဟုသုတများ တိုးတက်လာသည်နှင့်အမျှ ဒေသနှစ်ခုအကြား သင်ယူလေ့လာမှုနှင့် အသိပညာမျှဝေနိုင်သည့် အခွင့်အရေးများသည်လည်း တိုးပွားလာသည်။

### SMART အသုံးပြုမှု ဥပမာများတွင်-

- ၂၀၀၇ခုနှစ်မှ စတင်၍ ထိုင်းနိုင်ငံ အနောက်ဘက် သစ်တောနယ်မြေအတွင်းရှိ သဘာထိန်းသိမ်းရေး ကြိုးဝိုင်း၌ စတင် အသုံးပြုခဲ့သည့် ချဉ်းကပ်ဖြေရှင်းနည်းလမ်းသည် သားရဲကောင်ရေ တိုးပွားလာပြီး တရားမဝင်သတ်ဖြတ်မှုလည်း လျော့ကျလာကာ ကျားကောင်ရေသည် ၁၀၀ စတုရန်းကီလိုမီတာလျှင် ၁ ဒသမ ၇၄ မှ ၂ ဒသမ ၃၅ ကောင်ရေထိ များပြားလာသည်။
- လာအိုနိုင်ငံတွင်ရှိသော Nam Et-Phou Louey အမျိုးသား သဘာဝ ထိန်းသိမ်းရေးနယ်မြေ၌ နယ်မြေ၏ ၂၀၀,၀၀၀ စတုရန်း ကီလိုမီတာအတွင်း အမဲလိုက်မှုများကို အောင်မြင်စွာ လျှော့ချနိုင်ခဲ့သည်။ အဆိုပါဥယျာဉ်၌ အသုံးပြုသော နည်းလမ်း၏ သက်ရောက်မှုနှင့် စောင့်ကြည့်လေ့လာခြင်းများကို အခြားသော နိုင်ငံ ခြောက်နိုင်ငံ၏ ထိန်းသိမ်းရေး နယ်မြေများတွင်

လည်းကောင်း လာအိုနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခြောက်ပြည်နယ်၌ရှိသော ထိန်းသိမ်းရေး နယ်မြေများတွင် တစ်ဆက်တည်း ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

SMART ဖြင့် စောင့်ကြည့်စစ်ဆေးခြင်း နည်းလမ်းသည် ထိန်းသိမ်းရေးနယ်မြေများတွင် တရားဝင် အရေးယူဆောင်ရွက်နိုင်ခြင်း နည်းပါးလှသည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်ကာလများတွင် ထိန်းသိမ်းရေးနယ်မြေအရည်အသွေးနိမ့်ကျလာခြင်း၊ ပမာဏလျော့ကျလာခြင်း၊ တရားဝင် ထိန်းသိမ်းနိုင်မှုကျဆင်းခြင်း (PADDD)၊ စောင့်ကြည့်ခြင်း အချက်အလက်များတွင် ထိန်းသိမ်းရေးနယ်မြေ အရည်အသွေး နိမ့်ကျလာခြင်း သို့မဟုတ် ပမာဏလျော့ကျလာခြင်း အခြေအနေ ၁၄၁ ခု အနက်မှ ကမ္ဘောဒီးယားတွင် ၂၄ ခု၊ ဗီယက်နမ်တွင် ၈ ခု၊ ထိုင်းတွင် ၃ ခု၊ မြန်မာတွင် ၁ ခုနှင့် လာအိုတွင် ၁ ခုဟူ၍ မှတ်တမ်းများရှိခဲ့သည်။ ကမ္ဘောဒီးယားတွင် အဓိက ပြောင်းလဲစေသော အရာများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော ပြဿနာများပင်ဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ဥပမာတစ်ရပ်အနေဖြင့် Virachey အမျိုးသားဥယျာဉ်၏ ၅၃၂ စတုရန်းကီလိုမီတာသည် စိုက်ပျိုးရေးလုပ်ငန်း (အဓိကအားဖြင့် ရော်ဘာစိုက်ပျိုးရေး) ကြောင့် အရည်အသွေးများ နိမ့်ကျလာခဲ့သည်။ အရည်အသွေး နိမ့်ကျလာခြင်းနှင့် တရားဝင်ထိန်းသိမ်းနိုင်မှု ကျဆင်းခြင်းများသည် ဗဟိုအစိုးရနှင့် ဒေသခံအစိုးရများအကြား တင်းမာမှုရှိခြင်း၊ ဗဟိုအုပ်ချုပ် လုပ်ကိုင်မှုမရှိခြင်း၊ အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများနှင့် နှိုင်းယှဉ်လျှင် ထိန်းသိမ်းရေးတွင် မူဝါဒဆိုင်ရာများ အားနည်းနေခြင်းတို့ကြောင့် ဖြစ်သည်။ ထိန်းသိမ်းရေးနယ်မြေများအတွက် မူဝါဒများပံ့ပိုးပေးနိုင်ရန် အဆိုပါနယ်မြေ စီးပွားရေးအရ အဖိုးတန်မှုများကို ဖော်ပြခြင်း၊ အမျိုးသားအဆင့် ဆုံးဖြတ်ချခြင်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပမာ အမျိုးသားရေးရာ အဆင့်ထိ သတ်မှတ်ခြင်းနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်း စသည့် နည်းလမ်းများဖြင့် ဖော်ဆောင်သင့်သည်။

## နယ်စပ်ဖြတ်ကျော် နယ်မြေကာကွယ်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်

မဟာမဲခေါင်မြစ် ဒေသတွင်း ကုန်းမြေနယ်စပ်သည် ၁၂,၃၈၀ ကီလိုမီတာရှည်လျားပြီး အနောက်ဘက် သစ်တောအဝန်း (ထိုင်း)၊ တနင်္သာရီတောင်တန်း (မြန်မာ)၊ Siem Pang တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် Virachey အမျိုးသားဥယျာဉ် (ကမ္ဘောဒီးယား)၊ Chu Mon Ray အမျိုးသားဥယျာဉ် (ဗီယက်နမ်) နှင့် Dong Amphan ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးနယ်မြေ (လာအို) စသည့် အရေးကြီးသည့် ထိန်းသိမ်းရေးနယ်မြေများ တည်ရှိနေသည်။ တရားစီရင်ရေး ပြောင်းလဲလာမှုသည် ထိန်းသိမ်းရေး စီမံခန့်ခွဲမှုနှင့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုဥပဒေ လုပ်ဆောင်မှုများတွင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေသော်လည်း အသုံးဝင်သည့် နယ်စပ်ဖြတ်ကျော် ချဉ်းကပ်ဖြေရှင်းနည်းများသည် ဤကိစ္စရပ်များကို ကိုယ်တွယ်ဖြေရှင်းနိုင်သည့် ဥပမာအချို့ကို အောက်တွင် ဖော်ပြထားသည်။

- Guangxi ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (တရုတ်) နှင့် Cao Bang ပြည်နယ် (ဗီယက်နမ်) တို့သည် တရုတ်-ဗီယက်နမ် ထုံးကျောက်တောင်များအား ပူပေါင်းစီမံခန့်ခွဲနိုင်မှု တိုးမြှင့်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်၊ မေလတွင် နားလည်မှု စာချွန်လွှာ (MoU) ကို လက်မှတ်ထိုးခဲ့ကြသည်။
- တရုတ်၊ အိန္ဒိယနှင့် မြန်မာတို့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ပါဝင်သော သံလွင်မြစ်ဒေသကို ပူးပေါင်း ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးမူဘောင်ကို နိုင်ငံတကာ တောင်တန်းဒေသ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖော်ဆောင်ထားကြသည်။
- တရုတ်နိုင်ငံရှိ Xishuangbanna ထိန်းသိမ်းရေးဒေသနှင့် လာအို Nam ha အမျိုးသားထိန်းသိမ်းနယ်မြေတို့ကို ထိန်းသိမ်းရန် တရုတ်-လာအို နယ်စပ်ဖြတ်ကျော် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ပူးပေါင်း ဆောင်ရွက်မှုများလည်း လုပ်ဆောင်နေကြသည်။
- နိုင်ငံတကာ သစ်ကုန်သွယ်မှု အဖွဲ့အစည်းသည် မြစိမ်းရောင်တြိဂံထိန်းသိမ်းရေး နယ်မြေဟုခေါ်ဆိုသော ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုတို့ သုံးနိုင်ငံဆုံစည်းရာ နယ်စပ်ရှိ သစ်တောများကို ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်နေမှုသည် တတိယအဆင့်ထိ ပြီးဆုံးခဲ့ပြီးဖြစ်သည် (၂၀၁၂-၂၀၁၅)။

## ၃.၁.၃ တောရိုင်းတိရစ္ဆာန်ဆိုင်ရာပြစ်မှုများကိုကိုင်တွယ်အရေးယူခြင်း မူဝါဒဆိုင်ရာပံ့ပိုးမှု (နိုင်ငံရေးအရ ထောက်ခံအားပေးမှု)

မဟာမဲခေါင်မြစ် ဒေသခွဲနိုင်ငံများတွင် အများအားဖြင့် အထက်မှအောက်သို့ ဆင်းသက်သော ဗျူရိုကရေစီစနစ် လွှမ်းမိုးနေသောကြောင့် ဗဟိုအစိုးရမှ ထောက်ပံ့ပေးလျှင် ကုန်သွယ်မှုနှင့် စားသုံးမှုပုံစံများ သိသာစွာ ပြောင်းလဲသွားနိုင်သည်။ အတိတ်ကာလများတွင် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုများကို အစိုးရမှ ဒေသရိုးရာ၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးတို့နှင့် ဆက်စပ်နေသည်ဟု ရှုမြင်သုံးသပ်သော်လည်း အခြားသော တရားမဝင်ကုန်ကူးမှု၊ ရောဂါပျံ့နှံ့မှု၊ အာဏာဖီဆန်မှုနှင့် အကြမ်းဖက်မှုများ တိုးမြှင့်လာစေရန် အခွန်ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုတို့နှင့် ဆက်စပ်နေသော စုံစမ်းစစ်ဆေးခြင်းနှင့် သိမြင်နားလည်စေခြင်းတို့ကို နိုင်ငံတကာမှ ဖွဲ့စည်းထားသော ပြစ်မှုဆိုင်ရာများမှ လုပ်ဆောင်ကြသည်။ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် တရုတ်နိုင်ငံခေါင်းဆောင် အကြီးအကဲများသည် အဆိုပါကိစ္စရပ်နှင့် ပတ်သက်သော ညီလာခံသို့ တက်ရောက်ကြပြီး ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ် ဝန်ကြီးချုပ်မှ လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် လာအိုဝန်ကြီးချုပ်မှ ပိုမိုတိုးတက်လုပ်ဆောင်ရန် ညွှန်ကြားခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် အာဆီယံဝန်ကြီးများသည် "တောရိုင်းတိရစ္ဆာန်နှင့် သစ်များ တရားမဝင် ကုန်ကူးမှု" ကို နိုင်ငံဖြတ်ကျော် ပြစ်မှုဆိုင်ရာအဖြစ် ဦးစားပေးထည့်သွင်းရန် သဘောတူညီခဲ့ကြပြီး အာဆီယံထိပ်တန်းအရာရှိကြီးများ အစည်းအဝေးတွင် နိုင်ငံဖြတ်ကျော်ပြစ်မှုဥပဒေများကို ပြဋ္ဌာန်းခဲ့ကြသည်။



သင်းခွေချပ် အကောင်ရေ ၆,၀၀၀ ခန့်နှင့် ညီမျှသော သင်းခွေချပ် ကြေးခွံတန်ချိန် သုံးတန်ကို ထိုင်းနိုင်ငံ အကောက်ခွန်ဦးစီးဌာန ဖမ်းဆီးမိခဲ့သည်။ တရုတ်နိုင်ငံ၏ ဝယ်လိုအားများခြင်းကြောင့် တရုတ်နိုင်ငံရှိ သင်းခွေချပ်များ ရှားပါးသွားသောကြောင့် လက်ရှိတွင် အရှေ့တောင်နှင့် တောင်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများဆီ ဦးတည်လာလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ သင်းခွေချပ်မျိုးစိတ်များထဲမှ ရှစ်မျိုးကို ၂၀၁၆ ခုနှစ် CITES Annex I တွင် ထည့်သွင်းထားပြီး ကုန်သွယ်မှုဆိုင်ရာ အားလုံးကို တားမြစ်ထားသည်။

ဗီယက်နမ်နိုင်ငံ၊ UNODC မှ ဥပဒေရေးရာ အရာရှိများအတွက် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုသက်သေ စုဆောင်းခြင်း သင်တန်း ပို့ချပေးခြင်း။ UNODC သည် နိုင်ငံတကာ တောရိုင်းတိရစ္ဆာန် ပြစ်မှုဆိုင်ရာ တိုက်ဖျက်ရေးပူးပေါင်းအဖွဲ့၏ အဖွဲ့ဝင်ဖြစ်ပြီး အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား အချက်အလက် မျှဝေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ကိုင်လျက်ရှိသည်။

## ဥပဒေဆိုင်ရာများ

မဲခေါင်ဒေသ၏ နိုင်ငံအားလုံး၌ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကုန်ကူးမှုကို ထိန်းချုပ် တားဆီးနိုင်ရန် ဥပဒေများ ထားရှိထားသည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ပြည်တွင်း၌ အသုံးပြုရန် ဆင်စွယ်ကုန်ကူးမှုကို တားဆီးမည်ဟု တရားဝင် ကြေညာခဲ့သည်။ ဤကဲ့သို့ ပို့ကုန်သွင်းကုန်များကို ပိတ်ပင်လိုက်ခြင်းအားဖြင့် တရားမဝင် မှောင်ခိုများကို တရားဝင် ပြည်တွင်းသုံး ကုန်သွယ်မှုအနေဖြင့် စိမ့်ဝင်နေမှုကို ပိတ်ပင်ရာလည်း ရောက်သည်။ စတင် အကောင်အထည် ဖော်ဆောင်မည့် အချိန်စာရင်းကို အတိအကျ မသတ်မှတ်ရသေးသော်လည်း ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်သည် တစ်စိတ်တစ်ပိုင်း ပိတ်ပင်မှုများ လုပ်ဆောင်လျက်ရှိပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပိတ်ပင်မှုသည် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် သက်ရောက်လိမ့်မည်ဟု ကြေညာထားသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ကုန်သွယ်မှု၏ နိုင်ငံတကာ သဘောသဘာဝသည် CITES ညီလာခံမှ သတ်မှတ်ထားသည့် ကုန်သွယ်မှုတွင် သင့်လျော်သော မျိုးစိတ်အမျိုးအစားများ စာရင်းကို မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် မျိုးစိတ်များကို ကုန်သွယ်ခြင်းမှ ဦးတည်ချက်ထား၍ အရေးယူဆောင်ရွက်ရန် အရေးကြီးလှသည်။ မကြာသေးမီက ထုတ်ပြန်ထားသော သင်းခွေချပ်ရှစ်မျိုး စာရင်းကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ အစည်းအဝေး၌ Annex I စာရင်းတွင် ထည့်သွင်းခဲ့ကြသည်။ အရေအတွက် ကျဆင်းလာမှုနှင့် မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်မှု စသည့် သတင်းအချက်အလက် အသစ်များအပေါ် မူတည်၍ ထုတ်ပြန်ထားသော လက်ရှိစာရင်းနှင့် ပြောင်းလဲသွားသော စာရင်းများကို ပြင်ဆင်ရမည်။ အမျိုးသား CITES စီမံခန့်ခွဲရေး အခွင့်အာဏာသည် အချက်အလက်များ စုဆောင်းခြင်းနှင့် အစီရင်ခံခြင်း (ဥပမာ MIKE အစီရင်ခံစာ၊ သိမ်းဆည်းရမိသော ဆင်စွယ်အရေအတွက် အစီရင်ခံစာ၊ အာရှ ကျား မျိုးစိတ်များအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ အစီရင်ခံစာ) နှင့် CITES အစည်းအဝေးတွင် ပြောင်းလဲလာမှုများကို အဆိုပြုနိုင်ခြင်း စသည်တို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့သော် လက်တွေ့တွင် အစီရင်ခံစာများနှင့် အချက်အလက်များတွင် ပြည့်စုံလုံလောက်ခြင်း မရှိပေ။

CITES သည် တောရိုင်းတိရစ္ဆာန်များအား ကုန်သွယ်ရာတွင် ခြေရာကောက်နိုင်ခြင်း၊ ရေရှည်တည်တံ့စေခြင်း၊ ဥပဒေနှင့် ညီညွတ်စေခြင်းတို့ဖြင့် သရုပ်ဖော်ပြရန် လိုအပ်မှုကို အသိအမှတ်ပြုထားပြီး နိုင်ငံအဆင့် ဥပဒေများသည်လည်း ကြိုတင်ကာကွယ်ရေး စည်းမျဉ်းကို အသုံးချ၍ ယင်းသို့ သရုပ်ဖော်ပြနိုင်ခြင်း မရှိသေးသည့် ဒေသများတွင် (တောရိုင်းတိရစ္ဆာန်) မျိုးစိတ်များနှင့် ထွက်ကုန်ပစ္စည်းများအား ရောင်းဝယ်မှုကို တားမြစ်ထားသင့်သည်။ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် "CITES ဆိုင်ရာ ဥပဒေများ"ကို ပြဋ္ဌာန်းထားပြီးဖြစ်သည်ဟု ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် အစီရင်ခံ ထားသော်လည်း၊ ယင်းနှစ်နိုင်ငံ၏ ဥပဒေမူဘောင်များသည် အထက်ပါစံနှုန်းများနှင့် ကိုက်ညီခြင်း မရှိသေးပါ။ လာအိုနိုင်ငံ၏ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ၂၀၁၄ ခုနှစ် အကဲဖြတ်ဆန်းစစ်မှုတွင် လာအိုနိုင်ငံသည် ဥပဒေမူဘောင်တွင် အားနည်းနေခြင်း၊ အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ပုံအရ အားနည်းခြင်းနှင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်တောဆိုင်ရာ ပြစ်မှုများတွင် တားမြစ်ခြင်းနှင့် တရားစွဲဆိုခြင်းများ၌ အောင်မြင်မှု လွန်စွာ နိမ့်ပါးနေသည်။

ဥပဒေသည် တောရိုင်းတိရစ္ဆာန်များ မွေးမြူရေး၏ ဆိုးကျိုးသက်ရောက်မှုများကို လျော့ကျစေရန် အရေးကြီးသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ CITES ကမ္ဘာလုံးဆိုင်ရာ အစည်းအဝေးတွင် လာအိုနိုင်ငံသည် ကျားမွေးမြူရေးလုပ်ငန်းများ စတင်ရန် နည်းလမ်းကြံဆနေကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း အချို့သော





မျိုးစိတ်မွေးမြူရေး လုပ်ငန်းများကို ဗီယက်နမ်၊ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ခွင့်ပြုပြီးဖြစ်ပြီး မွေးမြူရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများနှင့် မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် မျိုးစိတ်များ၏ ထွက်ကုန်များကို ရောင်းဝယ်ဖောက်ကားနေမှုများအပေါ် တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ဖမ်းဆီးရမိသော ကျားများ၏ အရေခွံများကို တရားဝင် ရောင်းဝယ်နိုင်ရန် ခွင့်ပြုပြီးဖြစ်သည်။ မဲခေါင်ဒေသတစ်လွှားတွင် မွေးမြူရေးသည် ဥပဒေပြဋ္ဌာန်းရာ၌ ရှုပ်ထွေးစေပြီး ဝယ်လိုအား ကျဆင်းစေရန် ကြိုးစားအားထုတ်မှုအပေါ် အဟန့်အတားဖြစ်စေခြင်း၊ ထိန်းသိမ်းရေးနှင့် စီးပွားဖြစ်မွေးမြူရေးကို ခွဲခြားထားခြင်းမရှိခြင်း၊ သဘာဝ တောရိုင်းစားကျက်များ၌ ရှင်သန်နေကြသော မျိုးစိတ်များကို ထိန်းသိမ်းနိုင်မှုမရှိသည့်အခါ မွေးမြူရေးလုပ်ငန်းများ ခွင့်ပြုပေးသော်လည်း မွေးမြူရေးများ ခွင့်ပြုပေးခြင်းနှင့် စောင့်ကြည့် လေ့လာနေမှုများသည် တောရိုင်းကောင်ရေ အခြေအနေကို ထည့်သွင်းစဉ်းစားခြင်း မရှိပေ။ ကမ္ဘောဒီးယားနိုင်ငံတွင် သစ်တောရေးရာ စီမံခန့်ခွဲရေး ဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးနှင့် တရားမဝင် ကုန်ကူးခြင်းအပေါ် ဥပဒေ ပြန်လည်ပြင်ဆင်မှုများ ဖော်ဆောင်လျက်ရှိသည်။ ပြည်နယ်အများစုတွင်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) များ တက်ကြွစွာ လုပ်ဆောင်နေပြီး ထိုလုပ်ဆောင်မှုများသည် တောရိုင်းတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများကို ပြည်နယ်များတွင် လုပ်ဆောင်လာစေရန် အကြောင်းရင်းတစ်ရပ် ဖြစ်သည်။

တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုများတွင် ကုန်သွယ်မှု၊ အကောက်ခွန်၊ အပင်နှင့် တိရစ္ဆာန်၊ ကျန်းမာရေး၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ဥပဒေများကို ချိုးဖောက်နေပြီး ဥပဒေများနှင့် အဆိုပါ ဆိုင်ရာဌာနများတွင်လုပ်ကိုင်နေသောအေဂျင်စီများနှင့်ကိုင်တွယ်ဖြေရှင်းနိုင်သည်။ ထို့ပြင် အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့်လည်း ကိုင်တွယ်ဖြေရှင်းနိုင်သည်။ ဥရောပသမဂ္ဂ သစ်တောဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် သစ်ကုန်သွယ်မှု (FLEGT) အရေးယူဆောင်ရွက်မှု စီမံကိန်းနှင့် အမေရိကန်၏ Lacey ဥပဒေများသည် သိသာမြင်သာသည့် သက်သေသာဓကများပင် ဖြစ်သည်။ အမေရိကန်နှင့် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီထားသော ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်အဖွဲ့နှင့် အခြားသော ပစိဖိတ် အနားသတ်နယ်နိမိတ်နိုင်ငံ ၁၂ နိုင်ငံ (ဗီယက်နမ်နိုင်ငံ တစ်နိုင်ငံတည်းသာ မဟာမဲခေါင်ဒေသ၏ အဖွဲ့ဝင်ဖြစ်) များသည် ကြီးမားသော တရားမဝင် ရောင်းဝယ်မှုတွင် လုံခြုံရေးအတင်းကျပ်ဆုံးဟူ၍ သတ်မှတ်ထားခြင်း ခံခဲ့ရသည်။ အဆိုပါ သတ်မှတ်ချက်များတွင် "ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ ထိရောက်စွာ ပြဋ္ဌာန်းရေး"၊ "CITES ၏ လုပ်ငန်းဆောင်တာများကို ဖြည့်စွမ်းပေးရေး"၊ "တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင် ရောင်းဝယ်ခြင်းခံနေရခြင်း ပူးပေါင်းပါဝင်တိုက်ဖျက်ရေး" တို့ကြောင့် ဖြစ်သည်။

## ဥပဒေစိုးမိုးရေး

မဲခေါင်ဒေသတစ်လွှားတွင် အစီရင်ခံစာအတွက် စုံစမ်းစစ်ဆေးခြင်း၊ မျိုးစိတ်များခွဲခြားခြင်း၊ တရားမဝင်နှင့် တရားဝင် ကုန်သွယ်မှုများကို ခွဲခြားနိုင်ရန် လုံလောက်သော အရည်အသွေးနှင့် အရင်းအမြစ်များမရှိပေ။ အချို့ အကျိုးသက်ရောက်မှုရှိသော အရေးယူ ဆောင်ရွက်မှုများကို တောရိုင်းတိရစ္ဆာန်ဆိုင်ရာ တာဝန်ယူဆောင်ရွက်နေသော (ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရဲဝန်ထမ်း၊ သစ်တောရဲ၊ ထိန်းသိမ်းရေးနယ်မြေ အခွင့်အာဏာရှိသူများ အစရှိသဖြင့်)၊ အခြားသော အေဂျင်စီများ (ရဲဝန်ထမ်း၊ နယ်စပ်ဒေသလုံခြုံရေးများ၊ အကောက်ခွန်နှင့် ကုန်သွယ်ရေးဌာနများ) နှင့် (အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ ပညာရှင်များနှင့် သတင်းအချက်အလက်များ) စသည့် အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုရှိသည့် နေရာများတွင် တွေ့ရသည်။ ထိုင်းနိုင်ငံသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဥပဒေဆိုင်

ရာ အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးထားသောကြောင့်ဖမ်းဆီးရေးနှင့်တရားစွဲဆိုမှုများတွင်အောင်မြင်လျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် နာမည်ကြီးမှောင်ခိုရောင်းဝယ်သူတစ်ဦးကို ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခြင်းအပါအဝင် ကျားများအား တရားမဝင် သတ်ဖြတ်ခြင်းလုပ်ငန်းများကို ရံဖန်ရံခါ အရေးယူဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနသည် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) နှင့် ပူးပေါင်း၍ ဟူးကောင်းချိုင့်ဝှမ်းနှင့် ထိစပ်လျက်ရှိသော မြို့နယ်များနှင့် တနင်္သာရီ သစ်တောများတွင် တောရိုင်းတိရစ္ဆာန် တရားမဝင် ကုန်ကူးမှုများ စုံစမ်းစစ်ဆေးခြင်း လုပ်ကိုင်လျက်ရှိသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များကို အရေးပေါ် ခေါ်ဆိုနိုင်သော ဖုန်းနံပါတ်များ၊ ပြည်သူအခြေပြု သတင်းပေးဆက်သွယ်သည့် ကွန်ရက်များနှင့် ဈေးကွက်အခြေအနေ စောင့်ကြည့်လေ့လာပေးခြင်း စသည်တို့ဖြင့် အထောက်အပံ့ ပေးလျက်ရှိသည်။

တရားစွဲဆိုရာတွင် အောင်မြင်မှုရှိသော်လည်း တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုများတွင် မကြာခဏ အဟန့်အတား ဖြစ်နေလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေများသည် ကြီးလေးသော ပြစ်ဒဏ်ချမှတ်မှု မရှိခြင်းနှင့် ပြစ်မှုဆိုင်ရာ၏ လေးနက်မှုကို သိမြင်နားလည်မှုကင်းမဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ ဖမ်းဆီးရေးသည် အောင်မြင်ခြင်း၏ သက်သေသာဓကဖြစ်သော်လည်း ဖမ်းဆီးရေးအောင်မြင်မှု၊ တရားစွဲဆိုခြင်း၊ လက်ဝယ်ထားရှိမှုများ ဖမ်းဆီးရမိခြင်းများသည် အကန့်အသတ်ဖြင့်ပင် ရှိနေသည်။ ဖမ်းဆီးမိသော လူများသည် များသောအားဖြင့် တောရိုင်းတိရစ္ဆာန် ထွက်ကုန်များကို သယ်ယူပို့ဆောင်ပေးသောသူများသာဖြစ်ပြီး အဖွဲ့အစည်းများနှင့် စီးပွားရေးအရ နောက်ခံငွေကြေး ပံ့ပိုးပေးနေသူများအပေါ်တွင် အကျိုးသက်ရောက်မှု မရှိပေ။ ဤအကျိုးအမြတ်များသော ရောင်းဝယ်မှုတွင် အကျင့်ပျက် ခြစားမှုများနှင့် ဥပဒေ အရာရှိများ ပါဝင်ပတ်သက်နေခြင်းကြောင့် ဥပဒေစိုးမိုးရေးကို ပို၍ အဟန့်အတားဖြစ်စေသည်။

ဥပဒေစိုးမိုး သက်ရောက်စေရေး လုပ်ငန်းများတွင် လက်တွေ့ကျသော စိန်ခေါ်မှုတစ်ရပ်မှာ သိမ်းဆည်းရမိသော တိရစ္ဆာန်အရှင်များအား မည်သို့ ဆောင်ရွက်မည်နည်းဟူသော ပြဿနာပင်ဖြစ်သည်၊ တိရစ္ဆာန်များ အများစု ၎င်းတို့၏ သဘာဝတောများအတွင်းသို့ ပြန်လွှတ်ပေးရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် အစိုးရနှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်း၍ ဖမ်းဆီးရမိသော လိပ်၊ သင်းခွေချပ်နှင့် အခြားသော မျိုးစိတ်များကို ထိန်းသိမ်းရေး စခန်းများ ဆောက်လုပ်၍ ထိန်းသိမ်းစောင့်ရှောက်ရေးများ လုပ်ဆောင်လျက်ရှိသည်။ အချို့သော မျိုးစိတ်များမှာ တရားမဝင်ကုန်ကူးမှုကြောင့် မျိုးသုဉ်းမည့်အန္တရာယ် လွန်စွာမှ ကျရောက်နေသည့်အတွက် အကောင်ရေ ထိန်းသိမ်းထားမှု (လှောင်အိမ်များတွင် ထိန်းသိမ်းထားခြင်း၊ လှောင်အိမ်နှင့် သဘာဝစားကျက် ရောနှောထားရှိ၍ စောင့်ရှောက်ခြင်း၊ တစ်ခါတစ်ရံ၌ သဘာဝစားကျက်များသို့ လွှတ်ပေးထားခြင်း စသည်တို့ဖြင့် အကောင်ရေ ထိန်းသိမ်းထားခြင်း) ကို အလေးထားဆောင်ရွက်သင့်သည်။ ယခုအခါ အစိုးရမှ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တိရစ္ဆာန်ရုံမှ တာဝန်ရှိသူများ၏ အားထုတ်မှုကို ခွင့်ပြုပေးခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ဥပမာအနေဖြင့် လက်ရှိတွင် မျိုးသုဉ်းမှုအန္တရာယ် ကျရောက်နေသော အာရှရှိ ရေချိုနေမျိုးစိတ် ၅၆ မျိုး ကုန်းလိပ်နှင့် ပင်လယ်လိပ်များထဲမှ ၂၄ မျိုးကို အကောင်ရေ ထိန်းသိမ်းနိုင်ခဲ့သည်။

## နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု

အာဏာဖီဆန်မှု၊ နယ်မြေ မလုံခြုံမှုနှင့် ကွင်းဆင်းဆောင်ရွက်ရန်အတွက် အရင်းအမြစ် နည်းပါးမှုတို့ကြောင့် မဟာမဲခေါင်ဒေသ နိုင်ငံတကာ နယ်နိမိတ်စည်းမျဉ်းများတွင် အခွင့်အာဏာဖြင့် ရေရှည် ထိန်းချုပ်ရန် မလွယ်ကူဘဲ လစ်ဟာမှုများရှိနေသည်။ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုကို အရေးယူဆောင်ရွက်လျှင် နယ်စပ်ဒေသနှစ်ခုလုံးရှိ အေဂျင်စီများ၏ အပြန်အလှန် ဆက်သွယ်ခြင်းနှင့် အချက်အလက် မျှဝေခြင်းများ လိုအပ်သော်လည်း အရင်းအမြစ်များ ကင်းမဲ့ခြင်း၊ အသုံးပြုသော ဆော့ဖ်ဝဲများနှင့် စနစ်များ မတူညီခြင်းတို့ကြောင့်  ပူးပေါင်းဆောင်ရွက်ရန် ခက်ခဲလျက်ရှိသည်။ နိုင်ငံတကာ အေဂျင်စီများနှင့် ဖိုရမ်များသည် ရဲဝန်ထမ်းများ၊ အကောက်ခွန် ဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြားသော အဖွဲ့အစည်းများအတွင်း မူဘောင်တစ်ခု တည်ဆောက်ပေးထားသော်လည်း ပိုမို ခိုင်မာ အားကောင်းလာစေရန် လိုအပ်ပြီး ဒေသတွင်း ကွန်ရက်များ (ဥပမာ အာရှနှင့် အာဖရိကအကြား) ကို ဖွံ့ဖြိုးလာစေရန် လိုအပ်သည်။ မဟာမဲခေါင်မြစ်ဒေသခွဲ ငါးနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် အာဆီယံသစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိ (ASOF) အဖွဲ့မှ စတင် ဖွဲ့စည်းပေးခဲ့သည့် အာဆီယံ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဥပဒေစိုးမိုးရေးကွန်ရက် (ASEAN-WEN) ၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပြီး နိုင်ငံတစ်နိုင်ငံချင်းစီ၌လည်း အမျိုးသားဆိုင်ရာ ကွန်ရက်များ ရှိကြသည်။ ၂၀၁၆ ခုနှစ်တွင် ASOF သည် WEN အဖွဲ့အစည်းအား ကုန်ကျစရိတ် လျှော့ချနိုင်ရန်နှင့် ငွေကြေးဆိုင်ရာ ရေရှည်ထောက်ပံ့မှု ရရှိစေရန် ASEAN ဆိုင်ရာ CITES ကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် အာဆီယံ အဖွဲ့ဝင်များ နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ရန် ညွှန်ကြားခဲ့သည်။

အာဆီယံ အမျိုးသားရဲကွန်ရက်၊ ASEANAPOL တို့သည်လည်း WEN အဖွဲ့အစည်းနှင့် ပူးပေါင်းကာ တောရိုင်းတိရစ္ဆာန် တရားမဝင် ရောင်းဝယ်မှုကို နိုင်ငံဖြတ်ကျော် ပြစ်မှုများ၏ အဓိက ဦးစားပေး အနေဖြင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အခြားသော နိုင်ငံတကာ ကွန်ရက်များဖြစ်သည့် တောရိုင်းတိရစ္ဆာန် ပြစ်မှုဆိုင်ရာ တိုက်ဖျက်ရေး နိုင်ငံတကာ ပူးပေါင်းအဖွဲ့ (ICCWC) သည် CITES ၊ INTERPOL ၊ UNODC ၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့အကောက်ခွန် အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်နေပြီး ပတ်ဝန်းကျင်ဆိုင်ရာပြစ်မှု တိုက်ဖျက်ရေး အာဆီယံဒေသတွင်း မိတ်ဖက်ဖိုရမ်သည်လည်း ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ စီမံကိန်း (UNEP) မှ ကမကထပြုသော လုပ်ငန်းအောက်တွင် ဆောင်ရွက်နေပြီး အစိုးရ ၂၅ ဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အေဂျင်စီများနှင့် လက်တွဲ လုပ်ဆောင်နေသည်။




ဗီယက်နမ်နိုင်ငံ Bao Loc သစ်တော ပြန်လည်တည်ထောင်ခြင်း။ ဗီယက်နမ်နိုင်ငံသည် ဂေဟစနစ် ဝန်ဆောင်မှုကို အသုံးပြုသူများသည် စိုက်ပျိုးရေးသမားများ အပင်စိုက်ပျိုးရန်၊ သစ်တောဖုံးလွှမ်းမှု ထိန်းသိမ်းရန်အတွက် ပေးချေရသည့် စီမံကိန်းနှင့် "အထူးသစ်တောများ" ဖြစ်လာစေရန် လုပ်ဆောင်ကြသည့် ပြည်သူအစုအဖွဲ့များ၏ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးများအပေါ် ချီးမြှင့်သည့်အနေဖြင့် "ငွေစုစာအုပ်" စီမံကိန်းကို စတင် အကောင်အထည်ဖော်လျက်ရှိသည်။

အချက်အလက် စုဆောင်းခြင်းနှင့် မျှဝေခြင်းသည် စုံစမ်းစစ်ဆေးခြင်းနှင့် ဥပဒေစိုးမိုးရေး အောင်မြင်ရန် အဓိကကျသောကြောင့် နိုင်ငံတကာ အေဂျင်စီများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက အဓိက ဦးတည်လုပ်ဆောင်နေကြသည်။ UNODC သည် သုတေသနဆိုင်ရာနှင့် အသိပညာပေးရေး လုပ်ဆောင်နိုင်ရန် ကူညီလျက်ရှိပြီး နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် စနစ်တစ်ခုကို တည်ဆောက်ပြီး အဖွဲ့အစည်းတစ်ခုချင်းစီ၏ အချက်အလက်များကို လျှို့ဝှက်ထားခြင်း မရှိဘဲ အခြားသော အချက်အလက်များကို အဖွဲ့အစည်းအချင်းချင်း မှီငြမ်းကိုးကားနိုင်ရန် ခွင့်ပြုပေးထားသည်။ DNA နည်းပညာဖြင့် စမ်းသပ်ခြင်းကို အသုံးပြုခြင်းသည် စျေးနှုန်းချိုသာ၍ လျင်မြန်စွာ ဆောင်ရွက်နိုင်သောကြောင့် အသုံးပြုမှု ကျယ်ပြန့်လာသည်။ အဆိုပါ နည်းပညာသည် ရရှိထားသော အချက်အလက်များ နှိုင်းယှဉ်မှုပေါ် မူတည်၍ မျိုးစိတ်များ ခွဲခြားခြင်းနှင့် တိရစ္ဆာန်ထွက်ကုန်မှ ရရှိလာသော အရေအတွက်ကို ခွဲခြားပေးနိုင်ခြင်းတို့တွင် အထောက်အကူပြုလျက်ရှိသည်။ သို့သော် စမ်းသပ်မှုသည် ကျယ်ပြန့်စွာ အသုံးပြုခြင်း မရှိသေးပေ။ ဥပမာ ၂၀၀၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း ဖမ်းဆီးရမိသော ဆင်စွယ် ၁၁၇ ချောင်းအနက်မှ ၁၈ ချောင်းကိုသာ စမ်းသပ်နိုင်ခဲ့သည်။ သို့သော်လည်း အဆိုပါ နည်းပညာမှတစ်ဆင့် ဆင်စွယ်များ၏ မူရင်းဒေသသည် အာရှ သို့မဟုတ် အာဖရိကမှ ရရှိလာသည်ကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် စတင် အသုံးပြုလျက်ရှိသည်။ အာရှဆင်များအတွက် အာရှဆင်များ၏ မစင် DNA (ဆက်လက်လုပ်ဆောင်မည့် စီမံကိန်းအတွက် ကောက်ယူစုဆောင်းခြင်း) အချက်အလက်များနှင့် ဖမ်းဆီးရမိသော အစိတ်အပိုင်းများကို နှိုင်းယှဉ်ပြီး အချက်အလက် သိမ်းဆည်းရာနေရာတွင် ပေါင်းစပ်သိမ်းဆည်းနိုင်ရန် အခွင့်အရေးရှိသည်။

## အသိအမြင်နိုးကြားစေခြင်းနှင့် ဝယ်လိုအားကို လျှော့ချခြင်း

ဝယ်ယူသူများ၏ အမူအကျင့်ကို လွှမ်းမိုးနိုင်ရန် လုပ်ဆောင်ချက်များသည် NGO လှုပ်ရှားမှုများ၏ ဦးတည်ချက်ဖြစ်ပြီး အချို့ကိစ္စရပ်များတွင် အစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်ကြသည်။ ဤကဲ့သို့ စည်းရုံးလှုံ့ဆော်မှုများသည် အောင်မြင်မှုများရှိနေပြီး ဥပမာအနေဖြင့် ငါးမန်းတောင်နှင့် ကြံ့ချိုများ၏ ဝယ်လိုအားများ ကျဆင်းလာပြီး ဆင်စွယ်များနှင့် ကျားထွက်ကုန်ပစ္စည်းများအပေါ် အရေးယူ ဆောင်ရွက်ခြင်းများလည်း ဆက်လက် လုပ်ဆောင်နိုင်သည်။ ဤစည်းရုံးလှုံ့ဆော်မှုများ၏ အကျိုးသက်ရောက်မှုကို ဖော်ပြရန်မှာ ခက်ခဲသော်လည်း အခြေခံစည်းမျဉ်းများ ရေးဆွဲခြင်း၊ အမူအကျင့် ပြောင်းလဲလာမှုကို စောင့်ကြည့်လေ့လာခြင်းနှင့် အတွေ့အကြုံများမှ သင်ခန်းစာယူခြင်း စသည်တို့ကို ပို၍ အာရုံစိုက်ရန် လိုအပ်သည်။ အတွေ့အကြုံများအရ ဝယ်လိုအားကျဆင်းစေရေး လှုပ်ရှားမှုများသည် ခိုင်မာ အားကောင်းသော ဥပဒေများနှင့် ထိရောက်သော အရေးယူမှုများ ရှိပါက အလုပ်အဖြစ်ဆုံးဖြစ်ကြောင်းနှင့် အသိအမြင်နိုးကြားစေရေး ဆောင်ရွက်ရာတွင်မူ NGOs များနှင့် အခြားသော အကျိုးသက်ဆိုင်သူများက အစိုးရထံသို့ ရှေ့နောက်ညီညွတ်သော သတင်းစကားများကို ရေရှည်ပေးအပ်တိုက်တွန်းနေရန် လိုအပ်ကြောင်း ဖော်ပြနေပါသည်။

## ၃.၁.၄ နိုင်ငံအဆင့်နှင့် ဒေသန္တရမူဝါဒများ

အစိုးရမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အစီအစဉ်များသည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် ဆက်စပ်ပတ်သက်နေသည်။ ဤအခန်းတွင် ပို၍တိုးတက်မှုအလားအလာရှိပြီး ဆန်းသစ်တီထွင်သော အရာများထဲမှ အချို့ကို ဖော်ပြထားသည်။



သစ်ထုတ်လုပ်မှု ပိတ်ပင်တားမြစ်ခြင်းကို ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်တို့တွင် ၁၉၉၆၊ ၁၉၈၉၊ ၁၉၉၇ နှင့် ၁၉၉၈ ခုနှစ် အသီးသီးတို့၌ ပိတ်ပင်တားမြစ်ခဲ့သည်။ ရေကြီးရေလျှံမှုဖြစ်ရပ်နှင့် ပတ်သက်၍ထုတ်ပြန်ကြေညာချက်အရစီးပွားဖြစ် ထုတ်လုပ်နိုင်သော သစ်များ ရှားပါးလာခြင်းကြောင့် သစ်ထုတ်လုပ်မှု ကျဆင်းခဲ့ပြီးဖြစ်သည့်အပြင် သစ်နှင့်ပတ်သက်သော စက်ရုံ၊ အလုပ်ရုံများကိုလည်း ပိတ်သိမ်းခဲ့သည်။ အဆိုပါ နိုင်ငံများ၏ သစ်ဝယ်လိုအားကို (သဘာဝတောများကို ခုတ်ထွင်၍ တိုးချဲ့စိုက်ပျိုးထားဖွယ်ရှိသည့်) စိုက်ခင်းများမှ လည်းကောင်း၊ သစ်သယံဇာတများ ကြွယ်ဝနေသေးသည့် (မြန်မာနှင့်လာအိုကဲ့သို့သော) ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများ၏ တရားဝင်/တရားမဝင် ဇာစ်မြစ်များမှလည်းကောင်း ဖြည့်ဆည်းပေးနေခဲ့သည်။ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြားတွင် တရားမဝင် သစ်ကုန်သွယ်မှု ကြီးမားစွာ ရှိနေကြောင်း အစီရင်ခံချက်များလည်း ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအပေါ် ပေးချေမှု (PFES) အစီအစဉ်ကို ၂၀၁၀ ပြည့်နှစ်တွင် အစိုးရ၏ ကြေညာချက်အမှတ် ၉၉ ဖြင့် နိုင်ငံအနှံ့ ထုတ်ပြန်ခဲ့သည်။ ဤစီမံချက်အရ ဂေဟစနစ် ဝန်ဆောင်မှု ရယူအသုံးပြုသူများသည် ရေ၊ ဇီဝမျိုးစုံမျိုးကွဲ၊ ခရီးသွားများအတွက် သဘာဝအလှအပများ၊ သစ်တောများမှ ကာဗွန်စုပ်ယူမှု စသည်တို့ အပါအဝင် ဂေဟစနစ် ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းအတွက် မှတ်ပုံတင်ထားသည့် သစ်တောပိုင်ရှင်များအား ငွေပေးချေရန် တာဝန်ရှိလာစေပါသည်။ စီမံချက် စတင်ခဲ့သည့် အချိန်မှစ၍ အဆိုပါ စီမံချက်မှ ရရှိလာသော ဘဏ္ဍာငွေသည် ယူရိုငွေ ၁၂၄ သန်းခန့် ရရှိနေပြီး အိမ်ထောင်စု အရေအတွက် သုံးသိန်းကျော်မှ သစ်တောဟက်တာပေါင်း ၃ ဒသမ ၅ သန်းကျော်ကို စီမံခန့်ခွဲရန်အတွက် လုံလောက်သော ပမာဏ ဖြစ်သည်။ အနာဂတ်အတွက် စိန်ခေါ်မှုသည် အစိုးရ၊ ဒေသခံအစုအဖွဲ့၊ အဆင့်တစ်ခုရှိ ပုဂ္ဂလိကကဏ္ဍ ပေးချေသူများနှင့် ပေးချေမှုအတွက် အချိန်အတိုင်းအတာများ၏ အဓိက ဦးစားပေးမှုများကို မျှချေဖြစ်ရန် လိုအပ်ပြီး အကျိုးသက်ရောက်မှုနှင့် ညီမျှမှုအကြား သင့်တင့်သော မျှခြေကို ရှာဖွေရန် လိုအပ်သည်။ ဗီယက်နမ်နိုင်ငံသည် လက်ရှိတွင် REDD+ ကို PFES စနစ်ထဲသို့ ထည့်သွင်းရန် စဉ်းစားနေသော်လည်း ကာဗွန်ထုတ်လွှတ်မှုအတွက် ပေးချေရန်တာဝန်ရှိမှုကို ရှောင်ရှားနေကြသော ကမ္ဘာ့နိုင်ငံအသီးသီး၏ သဘောသဘာဝများ စသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍ စီမံချက်တွင် သစ်တောပိုင်ရှင်များ သစ်ပင်စိုက်ပျိုးရန်နှင့် သစ်တောများ "အထူးတလည် အသုံးပြုမှု" အတွက် "ငွေစုစာအုပ်" ချဉ်းကပ်နည်းအဖြစ် ခေါ်ဆိုသော အစုအဖွဲ့ ဘဏ်အကောင့်များအတွင်းသို့ ပေးချေရန် အစိုးရ ပေးချေမှုပုံစံများ ပြုလုပ်နေသည်။ စီမံချက်အမှတ် ၆၆၁ ဟု ခေါ်ဆိုသော စီမံချက်တွင် အမျိုးသားဥယျာဉ်များအတွင်းနှင့် ပတ်ဝန်းကျင်ရှိ သစ်တောများ၏ သဘာဝမျိုးဆက်မှုကို ကာကွယ်ပေးခြင်း၊ သစ်ပင်များ စိုက်ပျိုးပေးခြင်း၊ Ba Be နှင့် Chu Mom Ray မျိုးစိတ်များ အပါအဝင် စီးပွားရေးအရ အသုံးဝင်သော သီးနှံများစိုက်ပျိုးပေးခြင်း တို့အတွက် ကျေးရွာသားများအား ငွေပေးချေပါသည်။

REDD+ ချဉ်းကပ်ဆောင်ရွက်မှုကို မဲခေါင်ဒေသတွင်း နိုင်ငံများကို အခြေခံသော စီမံကိန်းအဖြစ် ၂၀၁၂ ခုနှစ်တွင် လုပ်ကိုင် ဆောင်ရွက်သော အနည်းဆုံးအရေအတွက် ၃၇ ခုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းတို့အနက်မှ ၂၂ ခုသည် နယ်မြေကို အခြေခံသော စီမံကိန်းအသေးများ ဖြစ်သည်။ UN-REDD အဖွဲ့သည် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် REDD+ အကောင်အထည်ဖော်ရေးဆိုင်ရာ နိုင်ငံအဆင့် မူဘောင်များ ရေးဆွဲချမှတ်နိုင်ရေးကို ကူညီပေးခြင်းဖြင့် လုပ်ငန်းများ တက်ကြွစွာ ဆောင်ရွက်နေပါသည်။ REDD+ လုပ်ငန်းစဉ်ဖြင့် သစ်တောထိန်းသိမ်းရေးအတွက် မက်လုံးပေးနိုင်မည့် ရန်ပုံငွေများ ရရှိနိုင်မည့် အလားအလာမှာမူ လက်ရှိတွင် အလွတ်သဘော ကာဗွန်ဈေးကွက်များပေါ်တွင် မူတည်နေပါသည်။

သဘာဝ ထိန်းသိမ်းရေးနယ်မြေနှင့် သစ်တောသယံဇာတများ စီမံခန့်ခွဲရန်အတွက် ဒေသခံအစုအဖွဲ့များနှင့်အတူ အကျိုးအမြတ်များနှင့် တာဝန်များ ခွဲဝေအသုံးချနိုင်ရန် အမျိုးမျိုးသော လုပ်ထုံးလုပ်နည်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ထုံးလုပ်နည်းများကြောင့် သဘာဝထိန်းသိမ်းရေး နယ်မြေကိစ္စရပ်၌ သဘာထားကွဲလွဲမှုများကို လျှော့ချနိုင်ရန် အလားအလာရှိပြီး တစ်ဆက်တည်းမှာပင် ဥယျာဉ်ထိန်းသိမ်းရေး၌ ဒေသခံအစုအဖွဲ့များနှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည်။ ဤချဉ်းကပ်ဆောင်ရွက်မှုကို ထိန်းသိမ်းရေး နယ်မြေပြင်ပရှိ ထင်ရှားသော သဘာဝ စားကျက်နယ်မြေများတည်ရှိသော မြန်မာနှင့် လာအိုနိုင်ငံတို့တွင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားရန် အလားအလာရှိသည်။ မြန်မာအစိုးရသည် လက်ရှိသစ်တော ဧရိယာ၏ ၄၀ ရာခိုင်နှုန်းကို အစုအဖွဲ့ပိုင် သစ်တောများအဖြစ် စီမံဆောင်ရွက်နိုင်ရန် ဦးတည်ထားသော်လည်း လက်ရှိ ထုတ်ပြန်ချက်အရ ၃ ရာခိုင်နှုန်းသာ ရှိသေးသည်။ လာအိုနိုင်ငံ အမျိုးသား ထိန်းသိမ်းရေးနယ်မြေစနစ်သည် စီမံချက်ရေးဆွဲခြင်းနှင့် စီမံအုပ်ချုပ်ခြင်းတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်နိုင်ရန် ရည်မှန်း



ဗီယက်နမ်နိုင်ငံ Ba Be အမျိုးသားဥယျာဉ်သည် အာဆီယံ အမွေအနှစ် ဥယျာဉ် ၃၇ ခုအနက်မှ တစ်ခုဖြစ်ပြီး နိုင်ငံတကာ အရေးပါသည့် ရမ်ဆာရေဝပ်ဒေသတစ်ခု ဖြစ်သည်။ ၎င်း၏ နိုင်ငံတကာ အဆင့်မီ အတန်းအစားများကြောင့် ဥယျာဉ်၏ ပုံရိပ်ကို ကြီးမားစေကာ ခရီးသွားလုပ်ငန်းများဖြင့် စည်ကားလျက်ရှိသည်။

ထားသော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးအကြား မှန်ကန်သောမျှခြေဖြင့် ဆောင်ရွက်နိုင်ရန်မှာ စိန်ခေါ်မှုများရှိနေပြီး အလျှူရှင်များ ထောက်ပံ့ထားသော စီမံကိန်း၌သာ တိုးတက်မှုရှိနေသည်ကို မြင်တွေ့ရသည်။

## ၃.၁.၅ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် အဖွဲ့အစည်းများ

မဲခေါင်ဒေသတွင်း နိုင်ငံများအားလုံးသည် ရွှေ့ပြောင်းသွားလာသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ထိန်းသိမ်းရေး (CMS) သဘောတူညီချက်မှလွဲ၍ အဓိက ဇီဝမျိုးစုံမျိုးကွဲ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။ ၎င်းနိုင်ငံများသည် ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်ပြစ်မှုဆိုင်ရာ အဖွဲ့အစည်းနှင့် ကုလသမဂ္ဂ လာဘ်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏ ပါတီဝင်များဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ပြစ်မှုဆိုင်ရာ တိုက်ဖျက်ရေးနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် သက်ဆိုင်ကြသည်။

## ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွန်ဗင်းရှင်းများ

မဲခေါင်ဒေသတွင် ရမ်ဆာကွန်ဗင်းရှင်းမှ ကြေညာ သတ်မှတ်ထားသော နယ်မြေ ၄၀ ရှိသော်လည်း အခြားသော နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများဖြင့်လည်း အသုံးပြုလျက်ရှိပြီး နယ်မြေ ၁၅ ခုသာ ကုလသမဂ္ဂ လူသားနှင့် ဇီဝအဝန်းနယ်မြေ (MAB) အောက်နှင့် သဘာဝဆိုင်ရာ ကမ္ဘာ့အမွေအနှစ် နယ်မြေအောက်တွင် ငါးခုရှိသည်။ ဒေသတွင်း ထိန်းသိမ်းရေးနယ်မြေ နှစ်ဆယ်သည်လည်း အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် တည်ရှိကြသည် (AHPs - အောက်တွင် ဖော်ပြထားသော အာဆီယံ အခန်းတွင် ကြည့်ရှုရန်)။ ဇယား ၃.၄ တွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းအောက်တွင်ရှိသော နယ်မြေအရေအတွက်ကို ဖော်ပြထားသည်။ ဇယား ၃.၅ တွင် မဲခေါင်ဒေသအတွင်း ကွန်ဗင်းရှင်းမှ အာရုံစိုက်လုပ်ကိုင်နေသော မျိုးစိတ်များ၏ အခြေအနေကို ဖော်ပြထားသည်။ ထို့အပြင် ရွှေ့ပြောင်း ကမ်းခြေငှက်မျိုးစိတ်များအတွက် အရေးပါသော နေရာများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ (အစိုးရပြင်ပ) အလွတ် သဘောတူညီချက်

ဇယား ၃.၄ နိုင်ငံတကာ သဘောတူညီချက်နှင့် စာချုပ်တွင် စာရင်းသွင်းထားသော နယ်မြေစာရင်း

| နိုင်ငံ | Ramsar | MAB | WHS (Natural) | AHP | EAAFP |
|---|---|---|---|---|---|
| ကမ္ဘောဒီးယား | ၄ | ၁ | ၀ | ၂ | * |
| လာအို | ၂ | ၀ | ၀ | ၁ | * |
| မြန်မာ¹ | ၂ | ၁ | ၀ | ၇ | ၃ |
| ထိုင်း | ၁၄ | ၄ | ၂ | ၄ | ၃ |
| ဗီယက်နမ် | ၈ | ၉ | ၃ | ၆ | ၁ |
| စုစုပေါင်း | ၄၀ | ၁၅ | ၅ | ၂၀ | ၆ |

Ramsar: ရေဝပ်ဒေသ သဘောတူညီချက်၊

MAB: ယူနက်စကို လူသားနှင့် ဇီဝမျိုးစုံမျိုးကွဲ စီမံကိန်း၊

WHS: ယူနက်စကို ကမ္ဘာ့အမွေအနှစ် သဘောတူညီချက် အောက်ရှိ သဘာဝဆိုင်ရာ ကမ္ဘာ့အမွေအနှစ် နယ်မြေ၊

AHP: အာဆီယံ အမွေအနှစ် ဥယျာဉ်၊ အာဆီယံ သဘောတူညီမှု ကြေညာချက်အောက်၊

EAAFP: အရှေ့အာရှ၊ ဩစတြေးလျ ဆောင်းခိုငှက် ပူးပေါင်းအဖွဲ့ နယ်မြေ

* အဆိုပြုတင်းသွင်းထားသော နယ်မြေများ တည်ရှိမှု

(၁) မြန်မာနိုင်ငံ မြောက်ပိုင်းရှိ သဘာဝ WHS အတွက် အဆိုပြုလွှာသည် တိုးတက်ခြင်းမရှိ။

ဇယား ၃.၅ မဲခေါင်ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲနှင့် ဆက်စပ်သည့် သဘောတူညီချက်ဆိုင်ရာ အတန်းအစား

| နိုင်ငံ | CITES | CMS | CBD | UNFCCC | MRC |
|---|---|---|---|---|---|
| ကမ္ဘောဒီးယား | ပါတီ | ပါတီမဟုတ်¹ | ပါတီ | ပါတီ | အဖွဲ့ဝင် |
| လာအို | ပါတီ | ပါတီမဟုတ် | ပါတီ | ပါတီ | အဖွဲ့ဝင် |
| မြန်မာ¹ | ပါတီ | ပါတီမဟုတ်¹ | ပါတီ | ပါတီ | အကြံပြု ဆွေးနွေးသော မိတ်ဖက်အဖွဲ့ |
| ထိုင်း | ပါတီ | ပါတီမဟုတ်¹ | ပါတီ | ပါတီ | အဖွဲ့ဝင် |
| ဗီယက်နမ် | ပါတီ | ပါတီမဟုတ်¹ | ပါတီ | ပါတီ | အဖွဲ့ဝင် |

CITES: မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း၊

MRC: မဲခေါင်သဘောတူညီချက်နှင့် မဲခေါင်မြစ်ကော်မရှင်

(၁) ထိုနိုင်ငံများမှာ ကွန်ဗင်းရှင်း၏ ပါတီမဟုတ်ကြပါ။ သို့သော် ပင်လယ်လိပ်ဆိုင်ရာ (ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်) နှင့် ဒူဂေါင်ဆိုင်ရာ (မြန်မာ၊ ထိုင်း) ကဲ့သို့ ကွန်ဗင်းရှင်း၏ အချို့သော သဘောတူညီချက်များအား လက်မှတ်ရေးထိုးထားကြသည်။

တစ်ခုဖြစ်သည့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းလမ်းကြောင်း မိတ်ဖက်အဖွဲ့ (EAAFP) သည်လည်း ဤဒေသတွင် လုပ်ငန်းများ ဆောင်ရွက်နေပါသည်။

CBD ၏ ကမကထပြုမှုကြောင့် အမျိုးသားအဆင့် မဟာဗျူဟာ မြောက် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး စီမံချက် (NBSAPs) ဖြစ် ပေါ်လာရခြင်းသည် ထိန်းသိမ်းရေးနယ်မြေအတွင်း ကွာဟချက်များ ဆန်းစစ်ခြင်း၊ မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်နေသည့် မျိုးစိတ်များ ၏ လိုအပ်ချက်များ၊ ပါဝင်ပတ်သက်သူများကို ၎င်းတို့၏ လုပ်ဆောင်မှု များတွင် သတင်းအချက်အလက်များ မျှဝေနိုင်ရန် စသည်တို့အတွက် အရေးကြီးသော လှေကားလမ်းတစ်ခုဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် လတ်တလောတွင်မှ ရေးသားပြုစုပြီးစီးခဲ့သော NB-SAP သည် အစိုးရအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ NGOs များနှင့် ဒေသခံ CSOs အဖွဲ့များအကြား တစ်နှစ်ကြာ တိုင်ပင်ဆွေးနွေးမှုများ၏ ရလဒ်ပင် ဖြစ်ပါသည်။ အခြားသော NBSAPs တွင် အချက် အလက်များ မရှိခြင်း၊ တိုင်ပင်ညှိနှိုင်းမှုများ အားနည်းခြင်းတို့နှင့် ကြုံ တွေ့နေရသည်။ လာအို NBSAP သည် ထိန်းသိမ်းရေးနယ်မြေတွင် ငှက်မျိုးစိတ်များနှင့် နို့တိုက်သတ္တဝါများထက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အချက်အလက်မရှိဟု အသိအမှတ်ပြုခံနေရသည်။ ကမ္ဘောဒီးယား နိုင်ငံသည်လည်း နိုင်ငံ၏ အချက်အလက်များ လက်လှမ်းမီမှုသည် လိုအပ်ချက်ကို ပြည့်မီမှုမရှိခြင်း၊ သိမ်းဆည်းထားသော အချက် အလက်များသည်လည်း ပြန်လည် ပြင်ဆင်မွမ်းမံမှုမရှိခြင်း၊ ပူပေါင်း ဆောင်ရွက်မှုကို မတိုးမြှင့်ခြင်းနှင့် သတင်းအချက်အလက်များကို ခမာဘာသာစကားဖြင့် မှတ်သားခြင်း မရှိကြပေ။

ဤကွန်ဗင်းရှင်းအနက်မှ အချို့သည် ထိန်းသိမ်းရေး လုပ်ဆောင် မှုများအတွက်လည်း ငွေကြေးထောက်ပံ့ပေးလျက်ရှိသည်။ မကြာ သေးမီက စတင်ဆောင်ရွက်ခဲ့သော ရမ်ဆာ အင်ဒို-ဘားမား ဒေသ ဆိုင်ရာ လုပ်ဆောင်ချက်သည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းအစိုးရတို့၏ ထောက်ပံ့မှုနှင့်အတူ IUCN မှ ဦးဆောင်သော မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရမ်ဆာရပ်ဝန်းများအတွက် စီမံချက်ရေးဆွဲခြင်း နှင့် စီမံအုပ်ချုပ်ခြင်းဆိုင်ရာများကို ထောက်ပံ့ပေးလိမ့်မည်။ ကုလ သမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့အစည်း (UNESCO) သည် ကမ္ဘာ့အမွေအနှစ် နယ်မြေများ ထိန်းသိမ်းရေးလုပ်ငန်းကို အထောက်အကူပြုနိုင်ရန် ထောက်ပံ့ရေး အစီအစဉ်များ ထားရှိလျက် ရှိသည်။

## UNFCC: ရည်ရွယ်ထားသော တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆုံး ဖြတ်သည့် ပါဝင်ဆောင်ရွက်မှု (INDCs)

မဲခေါင်မြစ်ဒေသခွဲ နိုင်ငံများ အားလုံးသည် ကမ္ဘောဒီးယား၊ ထိုင်း နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ဖော်ဆောင်ထားသည့်ကဏ္ဍ အထူးသဖြင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ လျော့ချရေး ကတိကဝတ်များနှင့်အတူ INDCs ၌ ကတိကဝတ်ပြုထားကြသည်။ ထိုကတိကဝတ်ပြုမှုများထဲ တွင် ကမ္ဘောဒီးယားနိုင်ငံသည် သစ်တောအတန်းအစားများ ပြန်လည် ခွဲခြားခြင်းနှင့် အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်အထိ ပြည်တွင်း သစ်တောဖုံးလွှမ်းမှုကို ကုန်းမြေ ဧရိယာ၏ ၅၇ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရန် ကတိကဝတ် ပြုထားသည်။ အခြားသော နိုင်ငံများလည်း မြေအသုံးချမှု၊ မြေ အသုံးမှုပုံစံ ပြောင်းလဲလာမှုနှင့် သစ်တောကဏ္ဍများကို ရည်မှန်း ချက်များ ထားရှိကြသော်လည်း မည်ကဲ့သို့ ဆောင်ရွက်မည် ဟူသော အသေးစိတ် အချက်အလက်ကို မသိရှိရသေးပေ။ လာအိုနိုင်ငံသည် သစ်တောဖုံးလွှမ်းမှုကို ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် စီမံချက်များ ထားရှိပြီး မြန်မာနိုင်ငံသည် အမြဲတမ်း သစ်တောမြေများကို ၃၀ ရာခိုင်နှုန်းအထိ၊ အမျိုးသား ထိန်းသိမ်းရေးနယ်မြေစနစ်ကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်မည် ဖြစ်ကာ၊ ဗီယက်နမ်နိုင်ငံကလည်း REDD+ လုပ်ငန်းစဉ်ကို ဖေါ်ပြ၍ ထိုင်းနိုင်ငံ တစ်နိုင်ငံတည်းကသာ လျော့ပါး စေရေးမဟာဗျူဟာတွင် မြေအသုံးချမှုနှင့် သစ်တောကဏ္ဍကို



ဗီယက်နမ်နိုင်ငံတွင် ဖမ်းဆီးရမိသော Saola အမ။ Saola မျိုးစိတ်ကို ၁၉၉၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီး လာအို-ဗီယက်နမ် နယ်စပ် Annamite တောင်တန်းများတွင်သာ တွေ့ရှိနိုင်သည်။ ပြည်တွင်းပြင်ပ အစိုးရမဟုတ်သော အဖွဲ့အစည်း ၁၇ ခု၊ တက္ကသိုလ်များနှင့် အစိုးရများသည် သုတေသနများ ပူးပေါင်းဆောင်ရွက်ရန်၊ စောင့်ကြည့် လေ့လာခြင်းနှင့် မျိုးစိတ်များကို ထိန်းသိမ်းရန် Saola ထိန်းသိမ်းရေး လုပ်ဆောင်မှုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ရည်ညွှန်းထားခြင်း မရှိခဲ့ပါ။ သို့သော် လိုက်လျောညီထွေ ပြောင်းလဲခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဒေသခံပြည်သူများ ကိုယ်တိုင် စီမံအုပ်ချုပ်သည့် သစ်တောစနစ်ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် သတ်မှတ်ထားသော ဂေဟစနစ်များ၏ ကြံ့ကြံ့ခံနိုင်မှုကို တိုးတက်စေရန် ရည်မှန်းထားသည်။ လာအိုနိုင်ငံ INDC ကို နိုင်ငံ၏ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆုံးဖြတ်သည့် ပါဝင်ဆောင်ရွက်မှုအဖြစ် တိုးမြှင့်ထားပြီး ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကတိကဝတ်ပြုထားခဲ့သည်။

ကုလသမဂ္ဂ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် (SDGs) ကို ပတ်ဝန်းကျင်နှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအကြား အချိတ်အဆက်ကိုအသိအမှတ်ပြုပြီးမဲခေါင်ဒေသ၏နိုင်ငံများအားလုံးမှ နိုင်ငံ့ခေါင်းဆောင်များက ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ ပန်းတိုင် ၁၄ (ရေအောက်ရှိ သက်ရှိများ) နှင့် ၁၅ (သစ်တောထိန်းသိမ်းရေး၊ မြေအရည်အသွေးကျဆင်းခြင်း၊ တောရိုင်းနှင့် အိမ်မွေးဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေး) တို့သည် ဇီဝမျိုးစုံ မျိုးကွဲများနှင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေပြီး ၇ (စွမ်းအင်)၊ ၈ (အလုပ်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု)၊ ၉ (လုပ်ငန်းနှင့် အခြေခံ အဆောက်အအုံ) နှင့် ၁၁ (ရည်ရှည် ဖွံ့ဖြိုးတိုးတက်သော မြို့များနှင့် ပြည်သူများ) တို့သည် ကျယ်ပြန့်သော မောင်းနှင်အားများကို ကိုင်တွယ် ဖြေရှင်းပေးသည်။ SDGs သည် တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်မှုကို အဓိက ကိစ္စရပ်အနေဖြင့် အသိအမှတ်ပြုထားသည်။

## အာဆီယံ အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများ

"ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝသယံဇာတများ ရေရှည်စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေး" သည် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှု ရပ်တန့်ရန်နှင့် အဏ္ဏဝါနှင့် ကုန်းမြေပတ်ဝန်းကျင် ရေရှည်စီမံခန့်ခွဲမှု တိုးမြှင့်ရေး၊ နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရေး၊ စွမ်းဆောင်ရည် တိုးတက်ရန် ပံ့ပိုးရေး၊ ဇီဝမျိုးစုံ မျိုးကွဲအတွက် ASEAN စင်တာ၏ အခန်းကဏ္ဍကို တိုးမြှင့်ရေး (အောက်တွင်ကြည့်ပါ)၊ ဇီဝမျိုးစုံ မျိုးကွဲများနှင့် Aichi ဦးတည်ချက်များအတွက် CBD ၏ မဟာဗျူဟာမြောက် စီမံချက်များ အကောင်အထည်ဖော်ရေး စသည့် ဒေသဆိုင်ရာ ပူးပေါင်းပါဝင်မှုကို ဦးတည်သော မဟာဗျူဟာ ၁၀ ချက်နှင့်အတူ အာဆီယံ လူမှု-ယဉ်ကျေးမှုအစုအဖွဲ့ စီမံချက် ၂၀၂၅ ခုနှစ်၏ "ရေရှည်" အပိုင်းအောက်တွင်ရှိသော ဇရိယာလေးခုထဲမှ တစ်ခုဖြစ်သည်။

အာဆီယံ ဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာန (ACB) သည် ဥရောပသမဂ္ဂမှ ငွေကြေးပံ့ပိုးထားသော စီမံကိန်းဖြစ်သည့် အာဆီယံ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ဒေသဆိုင်ရာဗဟိုဌာနမှ အစပြုပြီး စွမ်းဆောင်ရည် တိုးတက်မှုအတွက် အထောက်အပံ့ပေးရန်၊ အချက်အလက် စီမံခန့်ခွဲမှု၊ သုတေသနနှင့် နိုင်ငံတကာ သဘောတူညီချက်များသို့ အစီရင်စာတင်ရန် စသည်တို့ အပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၏ ဇီဝမျိုးစုံ မျိုးကွဲ စီမံခန့်ခွဲရေး လိုအပ်ချက်များကို ဝန်ဆောင်မှုပေးနိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် အဖွဲ့အစည်းသည် ဥရောပသမဂ္ဂ၏ ဆက်လက်ပံ့ပိုးမှု၊ ဂျာမန် ဖွံ့ဖြိုးရေးဘဏ် KfW Entwicklungsbank (KfW)၊ ဂျာမန် နည်းပညာ အထောက်အပံ့အေဂျင်စီ Deutsche Gesellschaft für Internationale Zusammenarbeit (GIZ)၊ အခြားသောနိုင်ငံမှ အလှူရှင်များနှင့် အချို့သော အာဆီယံ နိုင်ငံကိုယ်၌မှ သော်လည်းကောင်း ထောက်ပံ့မှုများဖြင့် အာဆီယံ အေဂျင်စီအဖြစ်သို့ ရောက်ရှိလာသည်။

အဖွဲ့အစည်း၏ အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့ဝင်များသည် အာဆီယံ သဘာဝထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံ မျိုးကွဲလုပ်ဆောင်မှုအဖွဲ့၏ နည်းပညာဆိုင်ရာ ကြီးကြပ်မှုနှင့်အတူ အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့် အရာရှိများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ ဖြစ်ကြသည်။ ဌာန၏ ဦးတည်ချက်များသည် စွမ်းဆောင်ရည် တိုး



မြန်မာနိုင်ငံမှ ဘုန်းကြီးတစ်ပါးက ယိုးဒယား မိကျောင်းငယ် တစ်ကောင်အား သဘာဝတောနက်ထဲသို့ ပြန်မလွှတ်မီ ဆုတောင်းပေးနေပုံ။ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် FFI တို့မှ ဆောင်ရွက်နေသော အစီအစဉ်တစ်ခုသည် ဤကဲ့သို့ မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသော အကောင်ပေါက်ငယ်များကို ရှာဖွေဖမ်းဆီးကာ တစ်နှစ်ခန့် ထိန်းသိမ်းမွေးမြူထားကြသည်။ ဤကဲ့သို့ "အစောပိုင်းအဆင့် ဆောင်ရွက်ချက်" ကြောင့် အကောင်ငယ်လေးများအတွက် တောနက်ထဲ ရှင်သန်ကျက်စားနိုင်ရန် အခွင့်အရေး ပိုရှိလာသည်။

တက်ရေး၊ အချက်အလက် စီမံခန့်ခွဲရေး၊ သိမြင်နားလည်မှု မြှင့်တင်ရေးနှင့် ရေရှည် ငွေကြေးထောက်ပံ့ရေးတို့ကို ဆက်လက်လုပ်ဆောင်ရန် ဖြစ်သည်။ အဓိက အစီအစဉ်များသည် အာဆီယံအမွေအနှစ်ဥယျာဉ်ကွန်ရက်ကို အထောက်အပံ့ပြုနိုင်ရန်နှင့် အာဆီယံ ဇီဝမျိုးစုံမျိုးကွဲ စောင့်ကြည့်ရေးနှင့် အာဆီယံ ဒေသတွင် ထိန်းသိမ်းရေးနယ်မြေကွာဟမှု ဆန်းစစ်လေ့လာခြင်းများ အပါအဝင် ဆန်းစစ်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများကို စာတမ်းထုတ်ဝေနိုင်ရန်အတွက် ဇီဝမျိုးစုံ မျိုးကွဲ သတင်းအချက်အလက် ဖြန့်ချိရေး ကွန်ရက်စနစ် (CHM) တွင် ပါဝင်ထားသည်။ ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ထောက်ပံ့မှုတွင် ACB ၏ ဝင်ရောက်မှုသည် အရေးကြီးသည်။ အစိုးရများနှင့် လုပ်ကိုင်နေသော ၎င်း၏ မဟာဗျူဟာ အခန်းကဏ္ဍသည် အရေးကြီးသောကြောင့် ဖြစ်သည်။ ဥပမာ CBD ၏ Aichi ဦးတည်ချက် ပြည့်မီစေရန် ဆောင်ရွက်ပေးပြီး အာဆီယံ ၂၀၂၅ ခုနှစ် ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များနှင့် တောရိုင်းတိရစ္ဆာန် ဥပဒေစိုးမိုးရေးအတွက် စွမ်းဆောင်ရည် တည်ဆောက်မှုများအတွက် မဟာဗျူဟာများကြောင့် ဖြစ်သည်။

အာဆီယံ အမွေအနှစ်ဥယျာဉ် (AHPs) သည် ပြည်တွင်းအစိုးရမှ ၎င်းတို့၏ စံပြု ဇီဝမျိုးစုံ မျိုးကွဲနှင့် ဂေဟစနစ်၊ သဘာဝအတိုင်း တည်ရှိမှုနှင့် တန်ဖိုးမြင့်မားမှုတို့ကို AHPs အဖြစ်မှ ရွေးချယ်နိုင်ရန် အဆိုပြုတင်သွင်းထားသော လက်ရှိထိန်းသိမ်းရေး နယ်မြေများဖြစ်သည်။ အာဆီယံအမွေအနှစ်ဥယျာဉ်ကြေညာစာတမ်း(အဆိုပါစာတမ်းသည် ၁၉၈၄ ခုနှစ် အာဆီယံ အမွေအနှစ်ဥယျာဉ်နှင့် ထိန်းသိမ်းရေး နယ်မြေကို ၂၀၀၃ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းထားခြင်းဖြစ်) အောက်တွင် စာရင်းပြုတင်သွင်းထားသော ဥယျာဉ်များတွင် ဂေဟစနစ်ဝန်ဆောင်မှုကို ထိန်းသိမ်းရန်၊ မျိုးဗီဇမျိုးပြားမှုကို ထိန်းသိမ်းရန်၊ မျိုးစိတ်များနှင့် ဂေဟစနစ်ကို စဉ်ဆက်မပြတ်သုံးစွဲနိုင်ရန်၊ ရှုခင်းအလှ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ပညာရေး၊ သုတေသန၊ အပန်းဖြေနေရာနှင့် ခရီးသွားလုပ်ငန်းအတွက် အဖိုးတန်မှုရှိသော သဘာဝနယ်မြေများကို ထိန်းသိမ်းရန် နိုင်ငံများမှ ကတိကဝတ်ပြုထားကြသည်။ လက်ရှိတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတွင် AHPs ၄၀ ခုထိ တည်ရှိနေသည်။ ACB သည် AHP ကွန်ရက်အတွက် အတွင်းရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ပေးနေပြီး ငွေကြေးလှူတန်းမှု အစီအစဉ်များသည် ACB မှတစ်ဆင့် ကွန်ရက်ကို ထောက်ပံ့ကြသည်။

၎င်းတို့မှာ KfW မှ ပံ့ပိုးသော ငွေကြေး ထောက်ပံ့မှု အစီအစဉ် (အခန်း ၃.၅ တွင် ကြည့်ပါ)၊ မြန်မာတွင် လုပ်ဆောင်မှု (ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတွင်လည်းကောင်း)၊ ဥရောပသမဂ္ဂမှ ငွေကြေးပံ့ပိုးသော "အာဆီယံဒေသတွင်း ထိန်းသိမ်းရေး နယ်မြေများတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး စီမံခန့်ခွဲမှု" တို့ ဖြစ်ကြသည်။

### မဟာမဲခေါင်မြစ် ကော်မရှင်အဖွဲ့

MRC သည် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ် အစိုးရများမှ ရေသယံဇာတများ စီမံခန့်ခွဲမှုနှင့် မြစ်၏ စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှု တိုးတက်စေရန် အတူတကွပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၅ ခုနှစ်တွင် အစိုးရအချင်းချင်းအကြား တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြစ်အထက်ပိုင်း၌ တည်ရှိသော နိုင်ငံနှစ်နိုင်ငံဖြစ်သည့် တရုတ်နှင့် မြန်မာနိုင်ငံတို့သည် MRC ၏ မိတ်ဖက်အဖွဲ့ဝင်များ ဖြစ်ကြသည်။ အဖွဲ့ဝင်နိုင်ငံများသည် မဲခေါင်မြစ်၌ ဆည်ဆောက်လုပ်မည်ဆိုလျှင် ကော်မရှင်ထံသို့ စီမံချက်ပေးပို့ဆက်သွယ်ရန် လိုအပ်သည်။

MRC သည် ၂၀၀၇ ခုနှစ်မှ စတင်၍ ဒေသတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခြိမ်းခြောက်မှု အန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းနေပြီး ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြောင်းလဲနိုင်ရေး အစပျိုးလုပ်ငန်းကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သည်။ အဆိုပါ အစပျိုးလုပ်ငန်းကို ယခုအခါ ဥရောပသမဂ္ဂက ရန်ပုံငွေထောက်ပံ့နေပြီး (အခန်း ၃-၅ တွင်ကြည့်ပါ) ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ပြောင်းလဲမှု မဟာမိတ်အဖွဲ့က (ဒေသတွင်းရှိ ရေဝပ်ဒေသများနှင့် ဇီဝမျိုးစုံ မျိုးကွဲများအပေါ် ရာသီဥတုပြောင်းလဲမှုကြောင့် အန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ မဲခေါင်ဒေသ နိုင်ငံတိုင်းတွင် ရှေ့ပြေးစီမံကိန်းတစ်ခု ဆောင်ရွက်ခြင်း၊ ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ် တည်ထောင်ခြင်း စသည်တို့ အပါအဝင်) မဟာဗျူဟာ ဆန်းစစ်ခြင်းနှင့် စီမံချက်ရေးဆွဲခြင်းအတွက် နည်းပညာ အကူအညီများ ထောက်ပံ့ပေးနေသည်။

## ၃.၂ ဒေသခံအစုအဖွဲ့ကို အခြေခံသော ထိန်းသိမ်းရေး

မဟာမဲခေါင်မြစ် ဒေသတွင်း၌ တိုင်းရင်းသား မျိုးနွယ်စုများ အများအပြားရှိသော်လည်း ၎င်းတို့၏ ရိုးရာဓလေ့နှင့် သယံဇာတ စီမံအုပ်ချုပ်မှုများကို ထိန်းသိမ်းထားနိုင်သော ပမာဏသည် နိုင်ငံ၏ မူဝါဒများနှင့် ကွဲလွဲနေသည်။ အချို့သော နယ်မြေဒေသများတွင် ထုံးတမ်းဆိုင်ရာ သယံဇာတ စီမံအုပ်ချုပ်မှုပုံစံ ရှိသေးသော်လည်း ဒေသခံ အစုအဖွဲ့ကို အခြေခံသော သယံဇာတ စီမံအုပ်ချုပ်များကို အစိုးရအေဂျင်စီများမှ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးမှုများ ရရှိစေရန်နှင့် ဒေသခံပြည်သူများနှင့် သဘာထားကွဲလွဲမှုများ လျော့ကျစေရန် ရည်ရွယ်ချက်ဖြင့် တိုးမြှင့်လုပ်ဆောင်ခွင့် ပေးထားသည်။ မြန်မာနိုင်ငံတွင် သစ်တောအသုံးပြုသူအစုအဖွဲ့ ၂၅၀ ကျော်ရှိသော်လည်း ထိန်းသိမ်းရေး နယ်မြေစီမံအုပ်ချုပ်မှုတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမှန်တကယ် ပါဝင်မှုသည် တိုးတက်မှုအနည်းငယ်သာ ရှိသေးသည်။ ထိုင်းနိုင်ငံတွင် ဒေသခံအစုအဖွဲ့ပိုင်သစ်တော ရာထောင်ချီရှိပြီး ကမ္ဘောဒီးယားနိုင်ငံတွင်လည်း ဒေသခံအစုအဖွဲ့ပိုင် ထိန်းသိမ်းရေး နယ်မြေဥပဒေ၏ ပံ့ပိုးမှုကြောင့် အစုအဖွဲ့ပိုင်သစ်တောများ များပြားလာသည်။ ဗီယက်နမ်နိုင်ငံတွင် ထိန်းသိမ်းရေးနယ်မြေများနှင့် ဒေသခံပြည်သူများအကြား ပူပေါင်းဆောင်ရွက်မှု သက်သေသာဓကအနေဖြင့် Ba Be၊ Chu Mom Rayနှင့် Kon Kinh အမျိုးသားဥယျာဉ်များတွင် သဘာဝသစ်တောများ စိုက်ပျိုးရေးနှင့် ထိန်းသိမ်းရေးများအတွက် ပေးချေမှုများပင် ဖြစ်သည်။

မဲခေါင်ဒေသအများစု၌ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ မြင်တွေ့ရခြင်းသည် ထိန်းသိမ်းရေးတွင် ဒေသခံပြည်သူများ၏ လုပ်ဆောင်မှုကို မြင်တွေ့ရခြင်းပင်ဖြစ်သည်။ ဥပမာ ကမ္ဘောဒီးယားတွင် အစိမ်းရောင် အရိပ်အာဝါသအရွေ့ ဆောင်ပုဒ်ဖြင့် ကျေးရွာဒေသအဆင့် သစ်တောပြန်လည်ထူထောင်ခြင်းများ၊ ပတ်ဝန်းကျင်အတွက် ဗုဒ္ဓဘာသာဝင်များအသင်းမှတစ်ဆင့် Cardamom တောင်တန်းဒေသကို ထိန်းသိမ်းရေး၌ ဘုန်းကြီးများ ပါဝင်လာခြင်းများ၊ မြန်မာနိုင်ငံ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၌ သီတင်းသုံးကြသော ဘုန်းကြီးများမှ ထိုဒေသသို့ နှစ်စဉ် လာရောက်လည်ပတ်သူဦးရေ ၁၀၀,၀၀၀ ကျော်အား ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးမှုများအတွက် ကြိုးပမ်းအားထုတ်မှု စသည်တို့ဖြစ်သည်။

အမဲလိုက်ခြင်းနှင့် ကောက်ယူစုဆောင်းခြင်းများသည် မဲခေါင်ဒေသတွင်ရှိသော ကျေးလက်အိမ်ထောင်စုများအတွက် အရေးပါသော အချက်ဖြစ်သည်။ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတွင် ချက်ပြုတ်ခြင်းနှင့် မီးရရှိရေးအတွက် အိမ်ထောင်စု အရေအတွက်၏ ၈၀ ရာခိုင်နှုန်းသည် ဇီဝဒြပ်ထုအပေါ် မှီခိုနေရပြီး လာအိုနိုင်ငံ အစွန်အဖျားတွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ ဝင်ငွေ ၉၀ ရာခိုင်နှုန်း အထိသည် သစ်မဟုတ်သော အခြား သစ်တောထွက် ပစ္စည်းများမှ ရရှိနေသည်။ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်ရှိ သစ်တောနယ်မြေ ၃ နေရာရှိ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုကို တန်ဖိုးဖြတ်ကြည့်လျှင် သစ်မဟုတ်သော အခြား သစ်တောထွက်ပစ္စည်းများ၏ တန်ဖိုးသည် နှစ်စဉ် တစ်ဟက်တာနှုန်းလျှင် ယူရိုငွေ ၂ ဒသမ ၉၁ (ကွင်းဆင်းလေ့လာထားသောနယ်မြေများတွင် တစ်နှစ်လျှင် ယူရိုငွေ ၆ သန်း) အထိ တန်ကြေးရှိသည်။ စားဝတ်နေရေးအတွက် အရေးကြီးသော လုပ်ကိုင်စားသောက်မှုများ ခက်ခဲလာလျှင် ဇီဝမျိုးစုံမျိုးကွဲများအတွက် မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်လာလိမ့်မည်။

သို့သော်လည်း ကမ္ဘာတစ်လွှား NTFP လေ့လာချက်များ သက်သေသာဓကများအရ ဈေးကွက်တည်ရှိနေလျှင် မြေယာပိုင်ဆိုင်ခွင့် ဥပဒေများသည်လည်း ကာကွယ်နိုင်မည် မဟုတ်ဘဲ ပျက်စီးဆုံးရှုံးမှုများ ပို၍ဖြစ်လာနိုင်စရာ အကြောင်းရှိသည်။ ဥပဒေစိုးမိုးရေး ကဏ္ဍတစ်ခုတည်းဖြင့် လုပ်ဆောင်လျှင် ဒေသခံပြည်သူများနှင့် သဘောထား ကွဲလွဲမှုများ ဖြစ်စေပြီး ဆင်းရဲမွဲတေမှုကို ဖြစ်စေသောကြောင့် ပြဿနာများအပေါ် အခြားသောနည်းလမ်းများနှင့် ပူးပေါင်းပါဝင် ချဉ်းကပ် ဆောင်ရွက်မှုများဖြင့် ဖြေရှင်းရန် လိုအပ်သည်။

## ၃.၃ အရပ်ဘက် လူမှုအဖွဲ့အစည်း

### ၃.၃.၁ မဲခေါင်ဒေသတွင်းရှိ CSOs အဖွဲ့အစည်းများ

ထိုင်းနိုင်ငံတွင် ဒေသတွင်းလုပ်ဆောင်နေကြသော CSO အဖွဲ့အစည်း များစွာရှိသည်သော်လည်း ပြည်တွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ အရေအတွက်နှင့် လွှမ်းမိုးမှုများသည် မြန်မာနှင့် ဗီယက်နမ်တို့တွင် လျင်မြန်စွာ များပြားလာလျက်ရှိပြီး ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် CSOs အဖွဲ့အစည်းများ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက် ကန့်သတ်ထားသေးသည်။ ဗီယက်နမ်နိုင်ငံသည် CSOs များကို နိုင်ငံခြား အလှူရှင်များ၏ ငွေကြေးထောက်ပံ့မှု CSOs များ မရရှိမီ ခွင့်ပြုချက်ရရှိရန်နှင့် အတည်ပြုပေးရန် လိုအပ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဝန်ကြီးဌာနများမှ တရားဝင်မှတ်ပုံတင်ခွင့်နှင့် ပယ်ဖျက်နိုင်ရန် ကျယ်ပြန့်သော လုပ်ဆောင်ပိုင်ခွင့်ကို ပေးအပ်ပြီး နိုင်ငံရေးတွင် ကြားနေသော CSOs အဖွဲ့အစည်းများကို လိုအပ်သည်။ လာအိုနိုင်ငံတွင်မူ CSO များအား ကြီးကြပ်ရေးအတွက် မူဘောင်မှာ ရှင်းလင်းတိကျမှုမရှိသေးဘဲ အာဏာပိုင်များက အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုနေကြသည်။ (CSO လုပ်ငန်းများကို



လူသားချင်း စာနာရေးပြဿနာများအတွက်သာ ခွင့်ပြုပေးထားသည်။) (CSO လုပ်ဆောင်မှုများကို လူသားချင်း စာနာထောက်ထားမှု ကိစ္စရပ်များတွင်သာ ခွင့်ပြုထားသည်)။ လာအိုနိုင်ငံတွင် ထင်ရှားသော ကဏ္ဍတစ်ရပ်မှာ လူငယ်များနှင့် အလုပ်သမားရေးရာ အဖွဲ့အစည်းသည် CSOs ပုံစံကဲ့သို့ လုပ်ဆောင်နေသော်လည်း အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ မြန်မာနိုင်ငံရှိ CSO အခန်းကဏ္ဍသည် အရေအတွက်နှင့် စွမ်းဆောင်နိုင်မှုကို ကန့်သတ်ထားသော်လည်း နိုင်ငံရေးအရ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးမှုနှင့် အလှူရှင်များ၏ ထောက်ပံ့မှုကို ပို၍လက်လှမ်းမီလာသောကြောင့် လျင်မြန်စွာ တိုးတက်လာသည်။ မြန်မာအစိုးရသည် ၂၀၁၀ ပြည့်နှစ်မှ CSO များ၏ လုပ်ဆောင်ခွင့် ပိုမိုဖွင့်ပေးထားပြီး အရေးကြီးသော အမျိုးသားအဆင့် စီမံကိန်းများဖြစ်သည့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် မြစ်ဆုံဆည်စီမံကိန်းများတွင် ပါဝင် ဆွေးနွေးအကြံပြုနိုင်ရန် ခွင့်ပြုပေးထားသည်။

ခြုံငုံသုံးသပ်ရလျှင် မဲခေါင်ဒေသအတွင်းရှိ ပြည်တွင်း CSOs များသည် အစိုးရအပေါ် အထောက်အကူပြုနိုင်ရန် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါနေသော်လည်း နိုင်ငံရေး မူဝါဒများနှင့် အရေးယူ ဆောင်ရွက်မှုများကြောင့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ အချို့သော ပြည်တွင်း CSOs များသည် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူများ၏ ဝေဖန်ဆွေးနွေးမှုအပေါ် စတင် ကျော်လွှားနိုင်လာသော်လည်း နိုင်ငံရေးမူဝါဒများအရ အထိအခိုက်မခံသော ကိစ္စရပ်များ ဖြစ်ကြသည့် ဆည်ဆောက်လုပ်ခြင်း သို့မဟုတ် လူ့အခွင့်အရေးကို သက်ရောက်မှုရှိသော အခြားသော စီမံကိန်းများကို ညှိနှိုင်းဆွေးနွေးရာ၌ ခက်ခဲလျက်ရှိသည်။ အောက်ခြေလူတန်းစားများ၏ စီးပွားရေး အားကောင်းလာစေရန်နှင့် အခြေခံလိုအပ်ချက်များကို အဓိက ဦးတည်၍ ဆက်လက် ဆောင်ရွက်နေရသည်။

ပြည်တွင်း CSOs များသည် စွမ်းဆောင်ရည် မပြည့်ဝသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ CSOs ၁၇ ဖွဲ့အား လေ့လာခဲ့သည့် CEPF စစ်တမ်းတစ်ခုအရ ထို CSOs များ ရင်ဆိုင်နေရသည့် အကြီးမားဆုံး အခက်အခဲများမှာ လူ့စွမ်းအားရင်းမြစ်နှင့် ရန်ပုံငွေရင်းမြစ်များ မရှိခြင်းပင်ဖြစ်ကြောင်း သုံးသပ်ထားသည်။ စစ်တမ်းကောက်ယူခဲ့သည့် CSOs များအနက် ၁၃ ရာခိုင်နှုန်းသည်သာ ရှေ့လာမည့် နှစ်နှစ်အထက်အတွက် ရန်ပုံငွေရှိထားကြသည်။ ၎င်းတို့လုပ်ငန်း လည်ပတ်ဆောင်ရွက်နိုင်သော အတိုင်းအတာသည်လည်း အကန့်အသတ်ဖြင့်သာ ရှိနေသည်။ ယူရိုငွေ ၇၆၉,၀၀၀ အထက် လုပ်ကိုင်ဆောင်ရွက်သော စီမံကိန်းများမရှိသော်လည်း ယူရိုငွေ ၇၆,၀၀၀ အထက် လုပ်ဆောင်နေကြသော စီမံကိန်းများမှာ ၆၀ ရာခိုင်နှုန်းရှိသည်။ CSOs များတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းထက် ပုံမှန်အားဖြင့် ကြီးမားသော ဒေသခံအစုအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှုအတွက် လိုအပ်သော စွမ်းဆောင်ရည်နှင့် ထိန်းသိမ်းရေး ကိစ္စရပ်များအတွက် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော အရည်အချင်းများ ပြည့်စုံလုံလောက်ခြင်းမရှိသည်ကိုလည်း စစ်တမ်းများတွင် မြင်တွေ့ရသည်။ ပတ်ဝန်းကျင် ကိစ္စရပ်များတွင် ၎င်းတို့လုပ်ကိုင် ဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှု (အစီရင်ခံစာတင်ခြင်း၊ စာရင်းဇယားများ၊ အစရှိသဖြင့်) များသည် အကန့်အသတ်ဖြင့် ရှိနေသည်ကို စစ်တမ်းများတွင် တွေ့မြင်ရသည်။

တက္ကသိုလ်များနှင့် သုတေသန အဖွဲ့အစည်းများသည် ဒေသတွင်း CSO အဖွဲ့အစည်းများ အရေးကြီးသော အစိတ်အပိုင်းအဖြစ်

ကမ္ဘောဒီးယားနိုင်ငံရှိ ခရုစုပ်ငှက်။ ကမ္ဘောဒီးယားနိုင်ငံ၏ မြောက်ဘက်လွင်ပြင်ဒေသတွင် ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်း၏ စီမံကိန်းတစ်ခုသည် "ခရုစုပ်ငှက်နှင့် သဟဇာတကျမှု" စိုက်ပျိုးနည်းစနစ်ကို အသုံးပြုခြင်းကြောင့် စပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများသည် အကျိုးအမြတ်များ ရရှိနေကြသည်။

တည်ရှိနေသည်။ ရံဖန်ရံခါတွင် လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ သိမ်းဆည်းရာအဖြစ်နှင့် စီမံကိန်းအတွက် ပညာရှင်များ၏ အရင်းအမြစ်အဖြစ် လည်းကောင်း လုပ်ဆောင်လျက်ရှိသည်။ ထိုအဖွဲ့အစည်းများကို လုပ်ငန်းဦးဆောင်သော CSOs များထက် အစိုးရများက ပို၍ ယုံကြည်ကြသည်။ ထို့ကြောင့် မူဝါဒ ပြင်ဆင်ရေးဆွဲရေးတွင် သိသာထင်ရှားသော လွှမ်းမိုးမှုများ ရှိနေသည်။ ဤအခြင်းအရာသည် အထူးသဖြင့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့၏ ကိစ္စရပ်များဖြစ်ပြီး အဆိုပါ နှစ်နိုင်ငံလုံးတွင် သက်သေကိုအခြေခံသော မူဝါဒချမှတ်ခြင်း အစဉ်အလာများ ရှိနေသည်။

အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အစိုးရအား နည်းပညာဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးခြင်း၊ ဒေသခံ ပြည်သူအစုအဖွဲ့များ၊ ထိန်းသိမ်းရေး နယ်မြေအုပ်ချုပ်ရေးမှူးများနှင့် တိုက်ရိုက်လုပ်ကိုင် ဆောင်ရွက်ခြင်းတို့ကို ကာလရှည်ကတည်းကပင် ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံရေးပြောင်းလဲမှုသည် ယခုအခါတွင် ဒေသခံလူမှု အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ပို၍ ရင်းနှီးမြှုပ်နှံစေရန် ပံ့ပိုးမှု လုပ်ထုံးလုပ်နည်းများ ဖြစ်ကြသော အရေးကြီးသည့် ဂေဟာစနစ် ငွေကြေးထောက်ပံ့မှု ပူးပေါင်းအဖွဲ့နှင့် ဒေသတွင်း CSO ဦးဆောင်သော ထိန်းသိမ်းရေးတွင် ထောက်ပံ့ပေးရန်တို့ဖြစ်သည်။ သို့သော် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း နိုင်ငံတိုင်းတွင် အစိုးရဌာနများထံ မှတ်ပုံတင်ရန်နှင့် အစီရင်ခံရန် လိုအပ်ခြင်း၊ အချို့သော ဖြစ်ရပ်များ (ဥပမာ - ကမ္ဘောဒီးယား)တွင် စီမံကိန်းတစ်ခုချင်းအတွက် ခွင့်ပြုချက်ရယူရန် လိုအပ်ခြင်း စသည်ဖြင့် သက်ဆိုင်ရာ နိုင်ငံအစိုးရများ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေရပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ NGOs အဖွဲ့များသည် စီမံကိန်းများနှင့် အထူးပြုသနာရပ်များအလိုက် ကွန်ရက်များ မကြာခဏ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့၏ အကျိုးသက်ရောက်မှုသည် ရန်ပုံငွေရရှိမှုနှင့် ခေါင်းဆောင်မှုအပေါ် မူတည်ပြီး အစိုးရမှ စိစစ်မှုအဆင့်တွင် မူတည်နေသော်လည်း အောင်မြင်နေသော ကွန်ရက်များတွင် မဲခေါင်ဒေသ ထိန်းသိမ်းရေး ညွန့်ပေါင်းအဖွဲ့ အပါအဝင် ဆည်ဆောက်လုပ်မှုတွင် ၎င်းတို့၏ သက်ဆိုင်သော အကြောင်းအရာ စကားသံများကိုလည်း ခွင့်ပြုပေးထားသည်။

## ၃.၃.၂ CSO ချဉ်းကပ်ဆောင်ရွက်မှုနှင့် စီမံကိန်းများ

အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းရေး အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်ကြသော အပြည်ပြည်ဆိုင်ရာ ငှက်ထိန်းသိမ်းရေး၊ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI)၊ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပူးပေါင်းအဖွဲ့၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ WWF နှင့် လန်ဒန်သတ္တဗေဒအသင်းကြီး စသည်တို့သည် ဒေသတွင်း အမျိုးသားဥယျာဉ်နှင့် ထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုအပေါ် ထောက်ပံ့ကူညီခြင်း အထူးသဖြင့် အစိုးရမှ လုပ်ငန်းဆိုင်ရာ ငွေကြေးထောက်ပံ့မှု အလွန်နည်းသော ကမ္ဘောဒီးယားနိုင်ငံနှင့် လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံများရှိ အချို့သောနယ်မြေများတွင် ထောက်ပံ့ပေးလျက်ရှိသည်။ အချို့သော ကိစ္စရပ်များတွင် ထိန်းသိမ်းရေးနယ်မြေများသည် ငွေကြေးပံ့ပိုးသည့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ မြင့်မားသော လစာနှုန်းထားများ၊ ရေရှည်မရှိသော ပတ်ဝန်းကျင် အနေအထားများအပေါ် တည်မှီနေပြီး ထိန်းသိမ်းရေးနယ်မြေအတွက် မည်သူက တာဝန်ရှိသည်ကို ဒေသခံပြည်သူများအကြား ခံယူချက်လွဲမှားသွားစေနိုင်ပြီး ပြည်တွင်းအစိုးရ၏ ကတိကဝတ်များအပေါ် မေးခွန်းထုတ်စရာများ ဖြစ်လာနိုင်သည်။ CSOs များတွင် ဆန်းသစ်တီထွင်ထားသော ချဉ်းကပ်နည်းများနှင့် အရေးကြီးသည့် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေး ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသော အောက်ခြေစီမံကိန်း အများအပြားကို လက်ခံ ဆောင်ရွက်လျက် ရှိသည်။ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးအပေါ် အဓိကသက်ရောက်မှုများကို မျိုးစိတ်များကိုဦးတည်မှု၊ နယ်မြေကို ဦးတည်မှု၊ ကိစ္စရပ်ကို ဦးတည်မှုအဖြစ် ခွဲခြားနိုင်သည်။ မျိုးစိတ်များကို ဦးတည်ထိန်းသိမ်းသော ဥပမာများကို အောက်တွင်ဖော်ပြထားသည်။

- မြန်မာနိုင်ငံ မြောက်ပိုင်းတွင်ရှိသော မြန်မာ့နှာလန်မျောက်: FFI နှင့် ဒေသခံမိတ်ဖက်အဖွဲ့များသည် သုတေသနများ ဆောင်ရွက်နေပြီး ကမ္ဘာ့အတိုင်းအတာအရ ကျဉ်းမြောင်းသော မျိုးစိတ်များ၏ ဒေသကို ထိန်းသိမ်းရန် ထောက်ခံလျက်ရှိသည်။
- ဗီယက်နမ်နိုင်ငံတွင်ရှိသော Cao Vit မျောက်လွဲကျော်၊ Tonkin နှာလန်မျောက်၊ အနက်ရောင် အမောက်ပါသော အနောက်တိုင်းမျောက်: သေးငယ်သော ထိန်းသိမ်းရေးနယ်မြေ တွင်ရှိသော မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသော ပရိုင်းမိတ်များ ထိန်းသိမ်းရန်အတွက် ဒေသခံအစုအဖွဲ့ကို အခြေခံသော ချဉ်းကပ်ဆောင်ရွက်မှုကို FFI၊ ပြည်သူများ၊ သယံဇာတများနှင့် ထိန်းသိမ်းရေး ဖောင်ဒေးရှင်း၊ သဘာဝအပင်ထိန်းသိမ်းရေး ဗဟိုဌာနတို့မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။
- ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ရှိ ၁၂၅ ကီလိုမီတာခန့် ရှည်လျားသော မဲခေါင်မြစ်၌ ကျက်စားသော ရေဝတီလင်းပိုင်: WWF မှ လင်းပိုင်ဖမ်းဆီးမှု လျော့ကျစေရန်အတွက် ငါးဖမ်းလုပ်ငန်း စီမံခန့်ခွဲမှုကို တိုးမြှင့်ခြင်းနှင့် အစိုးရမှ ရေရှည်ဖြစ်သော ရေအားလျှပ်စစ်ကို ပိုမို အသုံးပြုရန် အစိုးရအား တိုက်တွန်းခြင်းဖြင့် ကျက်စားရာဒေသများ ကာကွယ်စောင့်ရှောက်မှုတို့ကို လုပ်ဆောင်နေသည်။



လာအိုနိုင်ငံ Nakai-Nam Theun ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး နယ်မြေတွင်ရှိသော သစ်တောရွက်အုပ်တန်း။ ကာကွယ်တောသည် ရေဝေရေရေလဲဒေသကို ထိန်းသိမ်းပေးပြီး Nam Theun ရေအားလျှပ်စစ်စက်ရုံကို လည်ပတ်စေသည်။ လျှပ်စစ်ကုမ္ပဏီသည် ထိန်းသိမ်းရေးနယ်မြေ၏ ကုန်ကျစရိတ်ကို ကျခံပေးသည်။

- ဗီယက်နမ်နိုင်ငံ Cat Ba မျောက်: မြောက်ဗီယက်နမ် ထုံးကျောက်တောင်ကျွန်းတွင် မြင်တွေ့နိုင်သော မျိုးသုဉ်းမည့်အန္တရာယ်ကျရောက်သောပရိုင်းမိတ်များထိန်းသိမ်းရေးအတွက် ဒေသခံ ပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဥပဒေစိုးမိုးရေးများကို Munster Zoo နှင့် Zoologische Gesellschaft für Arten- und populationsschutz တို့မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။
- လင်းတမျိုးစိတ်: အပြည်ပြည်ဆိုင်ရာ ငှက်မျိုးစိတ်ထိန်းသိမ်းရေး၊ WCS၊ WWF၊ Sam Veasna ဗဟိုဌာနနှင့် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေး Angkor ဗဟိုဌာနတို့သည် အစိုးရဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေသော ကမ္ဘောဒီးယားနိုင်ငံရှိ လင်းတ ထိန်းသိမ်းရေး စီမံကိန်းတစ်ခု ဖြစ်သည်။
- ကမ္ဘောဒီးယားနိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ အောက်ပိုင်းတွင် ကျက်စားသော ကြိုးကြာခေါင်းနီ: သုတေသနနှင့် ကျက်စားရာ ဒေသများ ထိန်းသိမ်းရေးများကို အပြည်ပြည် ဆိုင်ရာ ငှက်မျိုးစိတ် ထိန်းသိမ်းရေးနှင့် မိတ်ဖက်အဖွဲ့များမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။
- ကမ္ဘောဒီးယားနိုင်ငံ မြောက်ပိုင်းရှိ ခရုစုပ်ငှက်ကြီးများ: စပါးစိုက်ကေများ တိုးချဲ့လာခြင်းသည် သစ်တော၏ အလှအပမြင်ကွင်းများကို ခြိမ်းခြောက်နေသည်။ ငှက်များနှင့် သဟဇာတကျမှု စိုက်ပျိုးရေးစနစ်ကြောင့် ဒေသခံပြည်သူများ အရည်အသွေးမြင့်မားသောဆန်များ ရောင်းချခြင်းမှ ဝင်ငွေများ တိုးမြှင့်ရရှိလာရာ ဒေသတွင် ၂၀၀၉ ခုနှစ်မှစ၍ WCS သည် ထိန်းသိမ်းရေးလုပ်ငန်းဖွံ့ဖြိုးမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။
- ရေချိုလိပ်များ: မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသော ရေချိုလိပ်များနှင့် အင်းအိုင်လိပ်များ၏ အရေအတွက်ကို ထိန်းသိမ်းထားနိုင်ရန်အစီအစဉ်တစ်ခုကိုစင်ကာပူတိရစ္ဆာန်ရုံဌာနများမှ မွေးမြူရေး အစီအစဉ်၏ အခြေခံအဖြစ်နှင့် ပိုလျှံသော သားပေါက်များကို သဘာဝတောထဲသို့ ပြန်လွှတ်ပေးရန် ဆောင်ရွက်လျက်ရှိသည်။
- WCS ၊ WWF ၊ လန်ဒန်သတ္တဗေဒအသင်း၊ FFIနှင့် အခြားသော အဖွဲ့အစည်းများ ဆောင်ရွက်နေသော ကျားမျိုးစုံ ထိန်းသိမ်းရေး စီမံကိန်းများ
- တိုင်းရင်းဆေးများအတွက် မြင်းဝံ/ဝက်ဝံနှင့် ခွေးဝံ/ဝက်ဝံများကို ဖမ်းဆီးကာ သည်းခြေ ထုတ်ယူမှုကို တားဆီးရန် လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ရှိ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း (ဥပမာ TRAFFIC၊ အာရှတိရစ္ဆာန်များ) နယ်မြေကိုအခြေခံသော စီမံကိန်းများကို အောက်တွင် ဖော်ပြထားသည်။
- အနောက်ဘက် သစ်တောအဝန်း (ထိုင်းနိုင်ငံ) တွင် WCS သည် အဓိကနယ်မြေကို ဦးတည်၍ ၁၄ နှစ်တာကာလတွင် အမျိုးသားဥယျာဉ်များကို အထောက်အပံ့ပြုလျက်ရှိပြီး WWF နှင့် ZSL တို့သည် အခြားသော နယ်မြေများကို ထောက်ပံ့လျက်ရှိသည်။
- Nam Et-Phou Louey ထိန်းသိမ်းရေးနယ်မြေ (လာအို): WCS သည် ၂၀၀၂ ခုနှစ်ကတည်းက အတည်ပြုပြီးသော ဥပဒေစိုးမိုးရေးနှင့် လှည့်လည်စစ်ဆေးခြင်းများတွင် ထောက်ပံ့လျက်ရှိသည်။
- ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ရှိ အရှေ့ဘက်လွင်ပြင် ခြောက်သွေ့တောနှင့် မြောက်ဘက်လွင်ပြင် ခြောက်




ရော်ဘာစိုက်ခင်း၊ ထိုင်းနိုင်ငံ။ ရော်ဘာထုတ်လုပ်ခြင်းတွင် ကမ္ဘာ့ရော်ဘာ၏ ၇၀ ရာခိုင်နှုန်းအား အသုံးပြုကြပြီး ထိုထဲမှ ၉၀ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှတွင် စိုက်ပျိုးသည်။ ယင်းသည် သစ်တောပြုန်းတီးခြင်း၏ အဓိက အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ ၂၀၁၆ ခုနှစ် Michelin နှင့် general Motors တို့သည် ၎င်းတို့ဝယ်ယူသည့် ရော်ဘာကြောင့် သစ်တောပြုန်းတီးမှု မဖြစ်ကြောင်း သေချာစေရန် မူဝါဒများ ချမှတ်ခဲ့သည်။

သွေ့တောများ ကာကွယ်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာ ငှက်မျိုးစိတ် ထိန်းသိမ်းရေး (ကမ္ဘောဒီးယား အနောက်ဘက် Siem Pang ကို မကြာသေးမီက ကာကွယ်တောအဖြစ် သတ်မှတ်ထား)၊ WWF (Mondulkiri ထိန်းသိမ်းရေးနယ်မြေ၊ ကမ္ဘောဒီးယား) နှင့် WCS တို့သည် ထိန်းသိမ်းရေးနယ်မြေ ငါးခုအနက်မှ လေးခုကို စီမံအုပ်ချုပ်မှုတွင် ထောက်ပံ့ပေးနေပြီး ထိရောက်သော မြေပြင် စောင့်ကြည့် လေ့လာရေးနှင့် ဥပဒေစိုးမိုးရေး မြှင့်မြှင့်စေရန် လုပ်ကိုင်လျက်ရှိသည်။

- Thap Lan အမျိုးသားဥယျာဉ် (ထိုင်း): Panthera နှင့် Freeland တို့သည် စီမံအုပ်ချုပ်ခြင်းတို့ ထောက်ပံ့ပေးလျက်ရှိသည်။
- Dong Phayayen-Khao Yai (ထိုင်း): Freeland သည် SMART ဖြင့် လှည့်လည်စစ်ဆေးခြင်း၊ သင်တန်းပို့ချခြင်း၊ လူသား-တောရိုင်း တိရစ္ဆာန် ပဋိပက္ခလျှော့ကျရေးနှင့် စားဝတ်နေရေးပုံစံ ပြောင်းလဲမှု တိုးမြှင့်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ထောက်ပံ့ပေးလျက် ရှိသည်။

ပြဿနာရပ်ကို ဦးတည် ဖြေရှင်းပေးသည့် CSO များ၏ လုပ်ဆောင်မှုတွင် အစိုးရနှင့် (အခန်း ၃.၁.၃ တွင် ကြည့်ပါ) နှင့် နိုင်ငံတကာအေဂျင်စီများနှင့် အလှူရှင်များ (အခန်း ၃.၁.၅ တွင် ကြည့်ပါ) နှင့် မိတ်ဖက်အဖွဲ့အဖြစ် လုပ်ကိုင်ကြသော ပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း အေဂျင်စီ၊ Freeland၊ တိရစ္ဆာန်များ အကျိုးအတွက် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း၊ TRAFFIC (WWF နှင့် IUCN တို့၏ ပူးပေါင်းအဖွဲ့)၊ WCS၊ WildAid နှင့် WWF တို့နှင့် ပူးပေါင်း၍ တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ပြစ်မှုများ ကိုင်တွယ်ဖြေရှင်းခြင်းတို့ ပါဝင်သည်။ ၎င်းတို့ လုပ်ဆောင်ကြသော အခန်းကဏ္ဍများတွင် ကုန်သွယ်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးခြင်း၊ အစိုးရမှ မူဝါဒချမှတ်ရာတွင် လမ်းညွှန်ပေးနိုင်ရန် ဆန်းစစ်လေ့လာခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံအများအပြား၏ သဘောတူညီချက်၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အရာရှိများ ဆုံးဖြတ်ချက်ချသူများအား သင်တန်းပို့ချခြင်း၊ အချက်အလက်များ ထိန်းသိမ်းထားခြင်း (CITES အတွက် TRAFFIC မှ စီမံခန့်ခွဲသော ဆင်များနှင့်ပတ်သက်၍ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်စနစ် အပါအဝင်)၊ သတင်းအချက်အလက်မျှဝေရေး ပံ့ပိုးမှု၊ ရင်းမြစ်နှင့် ဈေးကွက်ရှိသော နိုင်ငံများတွင် စည်းရုံးလှုံ့ဆော်မှု၊ မူဝါဒချမှတ်သူများနှင့် အသုံးပြုမည့်သူများ စားသုံးသူများကို လွှမ်းမိုးရန် ရည်ရွယ်၍ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုများ ရရှိရန်နှင့် ဥပဒေပြဋ္ဌာန်းစဉ် အတောအတွင်း ပြည်သူပိုင်အဖြစ် သိမ်းဆည်းထားသော အသက်ရှင်ကျန်ရစ်နေသည့် တိရစ္ဆာန်များကို ပြန်လွှတ်ပေးရန် စသည်တို့ ပါဝင်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် သီးခြားမျိုးစိတ်များ သို့မဟုတ် စားကျက်များကို ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် အလွှာအသီးသီးမှ ပါဝင်ပတ်သက်သူ အဖွဲ့များကို ဖွဲ့စည်းရာတွင် အထောက်အကူဖြစ်စေရန်လည်း လုပ်ဆောင်လျက်ရှိသည်။ ဥပမာ အချို့ကို အောက်တွင် ဖော်ပြထားသည်။

- Saola လုပ်ကိုင်ဆောင်ရွက်မှုအဖွဲ့သည် အဖွဲ့ဝင် ၁၉ နိုင်ငံကို ကိုယ်စားပြုသော ဇီဝဟက်နမ်၊ လာအိုနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်အဖွဲ့ဖြစ်ပြီး IUCN မျိုးစိတ်များရှင်သန်ရေးကော်မရှင်၏ အာရှ တောရိုင်း

ကျွဲနွားပညာရှင်အဖွဲ့အောက်တွင် ဖွဲ့စည်းထားသော အဖွဲ့တစ်ခုဖြစ်သည်။ မိတ်ဖက်အဖွဲ့များသည် အမဲလိုက်ခြင်းနှင့် အခြားသော ခြိမ်းခြောက်ခံရမှု သုတေသနပြုလုပ်ရန်နှင့် စောင့်ကြည့်လေ့လာရန်၊ Saola အကောင်အရေအတွက် စောင့်ကြည့် လေ့လာရန်နှင့် ဥပဒေစိုးမိုးရေး ကောင်းမွန်လာစေရန်၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံရှိ Annamite တောင်တန်းများတွင် Saola များကျက်စားရာနေရာကို ဦးတည်၍ နယ်မြေအခြေခံသော ထိန်းသိမ်းရေး လုပ်ဆောင်မှုများ ပါဝင်သော လုပ်ဆောင်မှုများကို အကောင်အထည်ဖော်လျက်ရှိသည်။ မျိုးစိတ်များဆိုင်ရာ အာရှမိတ်ဖက်လုပ်ငန်းအဖွဲ့ (ASAP) သည် ၂၀၀၈ ခုနှစ်တွင် IUCN ၏ ကမကထပြုမှုကြောင့် ဖြစ်ပေါ်လာသော အဖွဲ့အစည်း ဖြစ်သည်။ ASAP တွင် မိတ်ဖက်ထိန်းသိမ်းရေး အဖွဲ့အစည်း ၄၃ ဖွဲ့ရှိပြီး IUCN မျိုးစိတ်များ ရှင်သန်ရေး ပညာရှင်အဖွဲ့နှင့် လက်တွဲလုပ်ဆောင်နေသည်။ အဆိုပါကွန်ရက်သည် အာရှဒေသရှိ မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်နေသော မျိုးစိတ် ၁၇၄ ခုကို ထိန်းသိမ်းရေးအတွက် အကူအညီများ စုရုံးရယူရန်၊ ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးကူညီပေးရန်၊ ရင်းမြစ်များကို စုစည်းရန်နှင့် နိုင်ငံရေးအရ စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးရန် ရည်ရွယ်ထားသည်။

- အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လူသားနှင့် တောရိုင်းတိရစ္ဆာန်များအကြား ပဋိပက္ခတွင် ပါဝင်သော တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း (အထူးသဖြင့် ကျားနှင့်ဆင်) များအတွက် အခြားသော နည်းလမ်းများကို ရှာဖွေလုပ်ဆောင်နေကြသည်။ Kaeng Krachan အမျိုးသားဥယျာဉ် (ထိုင်း) သည် ၂၀၀၅-၂၀၁၃ ခုနှစ်အထိ ကိုးနှစ်တာကာလအတွင်း လူသားများနှင့် ဆင်များ၏ ပဋိပက္ခကြုံတွေ့မှုများသည် ၁၇၀၅ ကြိမ်ထိ ရှိခဲ့ပြီး ကောက်ပဲသီးနှံ ပျက်စီးမှုနှင့် ဆင်သေဆုံးမှုတို့သည် တန်ကြေးအားဖြင့် ခန့်မှန်းယူရိုငွေ ၄၀၈,၀၀၀ အထိ ဆုံးရှုံးစေကြောင်း မှတ်သားထားသည်။ ၂၀၀၆ ခုနှစ်တွင် သတိပေး အကာအရံများနှင့် ညကင်းလှည့်လည်မှုများသည် အကျိုးသက်ရောက်မှုရှိခဲ့ပြီး ဤချဉ်းကပ် ဆောင်ရွက်မှုကို ရွာသူရွာသားများထံ တိုးမြှင့်ပေးခဲ့သည်။ ထိုအချိန်မှစ၍ ဆင်များကြောင့် ထိခိုက်ပျက်စီးမှုသည် လျော့ကျလာပြီး ဆင်များ၏ ဝင်ရောက်ဖျက်ဆီးမှု ၉၀ ရာခိုင်နှုန်းကျော်ကို ရပ်တန့်နိုင်ခဲ့သည်။ (၂၀၁၃ ခုနှစ်တွင် ညကင်းလှည့်လည် စစ်ဆေးမှုများအတွင်း ဆင်များနှင့် ပက်ပင်းကြုံတွေ့မှု ၃၅၂ ကြိမ် ရှိခဲ့ပြီး ဆင်များ ဝင်ရောက်ဖျက်စီးခြင်းကို ရပ်တန့်ခြင်း သို့မဟုတ် လမ်းကြောင်းလွှဲပေးခြင်း ၃၂၁ ကြိမ် လုပ်နိုင်ခဲ့ကာ၊ ဖျက်ဆီးမှု (အနည်းဆုံးအားဖြင့်) ၁၃၄ ကြိမ်ကို ကာကွယ်နိုင်ခဲ့ခြင်းကြောင့်စိုက်ပျိုးမွေးမြူရေးသမားများအတွက် ခန့်မှန်းယူရိုငွေ ၆၆,၀၀၀ တန်ဖိုးခန့် သက်သာစေခဲ့သည်။ လယ်သမားများသည် ယခုဆိုလျှင် ပဋိပက္ခများကြောင့် စွန့်ပစ်ထားခဲ့သော မြေယာများကို ပြန်လည် ထွန်ယက်နေပြီး စားဝတ်နေရေးများ ကောင်းမွန်လာသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အစုအဖွဲ့ပိုင် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုကိစ္စရပ်များ ဥပမာ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတွင် NTFP- ဖလှယ်ရေး အစီအစဉ်များကို ဆောင်ရွက်နေသည်။

## ၃.၄ ပုဂ္ဂလိကကဏ္ဍ လုပ်ကိုင်ဆောင်ရွက်မှု

မဲခေါင်ဒေသတွင် ပုဂ္ဂလိကကဏ္ဍ၏ ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးအတွက် ထောက်ပံ့မှုသည် အကန့်အသတ်ဖြင့် ရှိနေသော်လည်း စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးမှု၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံ မှုများပြားလာမှု၊ ဒေသတွင်း စီးပွားရေး တစ်ဟုန်ထိုး တိုးတက်လာမှုတို့ကြောင့် ပုဂ္ဂလိကကဏ္ဍ၏ အလားအလာသည် ကျယ်ပြန့်လာသည်။ မြန်မာနိုင်ငံတွင် တနင်္သာရီ ကမ်းရိုးတန်း၏ အရှေ့နှင့် တောင်ဘက်ကို ဖြတ်၍ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ထားသော ကုမ္ပဏီသုံးခုသည် ဇီဝမျိုးစုံ မျိုးကွဲ လျော်ကြေးငွေအတွက် ငွေကြေးထောက်ပံ့မှုကို ပေးဆောင်ရသည်။ လေးနှစ်စီမံကိန်းကို အဆင့်နှစ်ဆင့် (၂၀၀၅-၂၀၀၈ နှင့် ၂၀၀၈-၂၀၁၂) ၏ တစ်ဆင့်ချင်းစီတွင် ယူရိုငွေ ၉၂၃,၀၀၀ နှင့် ယူရိုငွေ ၁ ဒသမ ၃ သန်းကို (၂၀၁၃-၂၀၁၆) တတိယအဆင့်အတွက် ငွေကြေးထောက်ပံ့ပေးနေရသည်။ ငွေကြေးများကို ၁,၆၈၀ စတုရန်းကီလိုမီတာရှိသော တနင်္သာရီ သဘာဝ ကာကွယ်တောများ တည်ထောင်ရန်နှင့် စီမံအုပ်ချုပ်ရန်နှင့် ပါတီဝင်အားလုံးမှ သဘောတူထားသော လေးနှစ်တာစီမံကိန်းကို အခြေခံ၍ ထိုဒေသဝန်းကျင်၌ နေထိုင်ကြသော ပြည်သူများကို လူမှုစီးပွားအကျိုးစီးပွားအတွက် သစ်တောဦးစီးဌာနသို့ ပေးဆောင်ရသည်။ WCS သည် စီမံကိန်းအတွက် နည်းပညာဆိုင်ရာ ထောက်ပံ့မှုတွင်လည်း အနီးကပ် ပူးပေါင်း လုပ်ဆောင်နေသည်။ ဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်မှုသည် ဇီဝမျိုးစုံ မျိုးကွဲများအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှုကို တိုင်းတာထားခြင်း မရှိသော်လည်း စီမံကိန်းကို ကမ္ဘာလုံးဆိုင်ရာ အရေးကြီးသည့် ထိန်းသိမ်းရေးနယ်မြေအဖြစ် ပံ့ပိုးရန် ထည့်သွင်းစဉ်းစားသင့်သည်။ ဆန္ဒအလျောက် ကတိကဝတ် ပြုမှုများကို ၂၀၂၈ ခုနှစ်အထိ ဓာတ်ငွေ့ပိုက်လိုင်း၏ သက်တမ်းကာလအတွင်း ဆက်လက်၍ ထောက်ပံ့နိုင်ရန် လုပ်ဆောင်ထားသည်။ အလားတူ ဥပမာတစ်ရပ်အနေဖြင့် Nakai-Nam Theun ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေကို စီမံအုပ်ချုပ်မှု ထောက်ပံ့ရန် Nam Theun ၂ လျှပ်စစ်ကုမ္ပဏီ (လာအို) မှ တစ်နှစ်လျှင် ယူရိုငွေ ၇၆၉ သန်းအထိ ပေးဆောင်နေရသည်။

ဘိလပ်မြေစက်ရုံသည် Karst နယ်မြေများ၏ ဆုံးရှုံးမှုနှင့် ထိန်းသိမ်းရေးတွင်လည်းကောင်း၊ ယင်းနယ်မြေများက ထောက်ပံ့ပေးထားသော ထူးခြားပြီး မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသည့် မျိုးစိတ်များ ဆုံးရှုံးမှုနှင့် ထိန်းသိမ်းရေးအတွက်လည်းကောင်း အလွန်သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်နေသည် (အခန်း ၂-၁-၆ တွင်ကြည့်ပါ)။ ဗီယက်နမ်နိုင်ငံတောင်ပိုင်းရှိ မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်နေသော မျိုးစိတ်များရှိသည့် Hon Chong တောင်တွင် လည်ပတ်လုပ်ကိုင်နေသော အကြီးဆုံး ဘိလပ်မြေစက်ရုံများထဲမှ တစ်ရုံသည် တောတောင်များတွင် စစ်တမ်းကောက်ယူနိုင်ရန် ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နေပြီး ရေရှည်တည်တံ့သော သတ္တု



သစ်တောအတွင်း ကင်းလှည့်နေသော လယ်သမားကြီး Cil Yu Ha Vuong၊ ဗီယက်နမ်နိုင်ငံ။ ADB စီမံကိန်းတစ်ခုသည် အစုအဖွဲ့ပိုင် သစ်တော ကာကွယ်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာအစားထိုး နည်းလမ်းများအား လက်ခံနိုင်ရန် အကူအညီပေးခဲ့သည်။ ယင်းသည် သစ်တောထိန်းသိမ်းသော လယ်သမားများအား ငွေကြေးပေးသည့် နိုင်ငံ၏ PFES လုပ်ငန်းစဉ်အား ထောက်ပံ့ခဲ့သည်။

တူးဖော်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်တစ်ခု ထွက်ပေါ်ရေးဆွဲရန်အတွက် IUCN နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ ဤနယ်မြေအား ကာကွယ်စောင့်ရှောက်ရေးအတွက် အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်နေပြီဖြစ်သော်လည်း နောက်ထပ် တိုးတက်မှုများကို ဆောလျင်စွာ လိုအပ်နေဆဲဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်မှုကို ရှောင်ရှားလိုပါက ဤနယ်မြေအတွင်း လုပ်ငန်းဆောင်ရွက်နေသော အခြားကုမ္ပဏီများကလည်း လိုက်ပါဆောင်ရွက်ရမည်ဖြစ်သည်။

ကုမ္ပဏီများသည် သီးခြားထိန်းသိမ်းရေး ရည်ရွယ်ချက်များအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ တိုက်ရိုက် ပေးဆောင်ကြရသည်။ ဗီယက်နမ်နိုင်ငံတွင် WWF သည် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (ဗီယက်နမ်တွင် အာရှဆင်များ ထိန်းသိမ်းရေး)၊ HSBC ဘဏ် (Saola နှင့် သစ်တောထိန်းသိမ်းရေး)၊ Coca-Cola (Tram Chim အမျိုးသားဉယျာဉ် ထိန်းသိမ်းရေး)၊ ခရုစုပ်ငှက် ပြန့်ပွားရေး (ကမ္ဘောဒီးယား၊ Siem Pang အနောက်ဘက် ခရုစုပ်ငှက်များ ထိန်းသိမ်းရေး) နှင့် မိုက်ကရိုဆော့ဖ် (ဒီရေတော ပြန်လည်ထိန်းသိမ်းရေး) တို့နှင့် မိတ်ဖက်အဖွဲ့များ ဖြစ်ကြသည်။ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်သော အလှူရှင်များပါဝင်သော ဆမ်ဆောင်း၊ Seagate and Animal planet တို့သည် ARREST တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့ကို ထောက်ပံ့ပေးလျက်ရှိသည်။ FFI နှင့် WCS တို့သည် ဒေသတွင်း မိတ်ဖက်အဖွဲ့များအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဇီဝမျိုးစုံ မျိုးကွဲအပေါ် အကျိုးသက်ရောက်မှု များစွာရှိသော အချို့သော ကဏ္ဍများသည် ၎င်းတို့၏ စီးပွားရေးကို ရေရှည် လုပ်ကိုင်နိုင်ရန်အတွက် မိမိစိတ်ဆန္ဒအလျောက် စတင် လုပ်ကိုင်ဆောင်ရွက်နေသော်လည်း ဒေသတွင်းမှ ကမ်းလှမ်းမှုများသည် အကန့်အသတ်ဖြင့်ပင် ရှိနေသေးသည်။

- သစ်တောစောင့်ရှောက်ရေးကောင်စီ (FSC သစ်တောထွက်ပစ္စည်းများ) လိုင်စင် ၉၁၂ ခုသည် ဒေသတွင်း ပြဋ္ဌာန်းပြီးဖြစ်သော်လည်း ထိုထဲမှ ၁၃ ခုမှာ ထိုင်းနှင့် ဗီယက်နမ်တွင်ဖြစ်ပြီး အချောထည်အတွက်သာ ဖြစ်ကာ ထုတ်လုပ်ရေးအတွက် မဟုတ်ချေ။ လာအိုနိုင်ငံတွင် ၈၂၈ စတုရန်းကီလိုမီတာ၊ ထိုင်းနိုင်ငံတွင် ၁၈၆ စတုရန်းကီလိုမီတာ၊ ဗီယက်နမ်နိုင်ငံတွင် ၅၆ ပေစတုရန်း ကီလိုမီတာ စသည်ဖြင့် ဧရိယာအနည်းငယ်သာ မှတ်ပုံတင်ရသေးပြီး သစ်တောဂေဟစနစ် ဝန်ဆောင်မှုများ မှတ်ပုံတင်ခြင်းအတွက် ကနဦးနေရာနှစ်ခုရှိကာ ပထမဆုံး အစုဖွဲ့ပိုင် သစ်တောများကို ၂၀၁၃ ခုနှစ်တွင် မှတ်ပုံတင် ခဲ့သည်။ လက်ရှိတွင် ကမ္ဘောဒီးယား သို့မဟုတ် မြန်မာတွင် FSC မှတ်ပုံတင်ပြီး သစ်တောနေရာများ မရှိသေးပေ။
- စဉ်ဆက်မပြတ် ဆီအုန်းဆိုင်ရာ စားပွဲဝိုင်း (RSPO) တွင် ဒေသတွင်း၌ အဖွဲ့ဝင် ၆၇ ခုရှိပြီး ၁၄ ခုမှာ ဆီအုန်းစိုက်ပျိုးသူများနှင့် ၁၃ ခုမှာ ကမ္ဘောဒီးယားမှ ဖြစ်သည်။
- စဉ်ဆက်မပြတ် စပါးစင်မြင့်သည် စပါးထုတ်လုပ်ရေးတွင် စဉ်ဆက်မပြတ် ဖြစ်စေခြင်းဖြင့် မြှင့်တင်ရန် UNEP နိုင်ငံတကာ စပါးသုတေသနအဖွဲ့အစည်း ပူးပေါင်းဆောင်ရွက်သော ကနဦး လုပ်ငန်းဖြစ်သည်။
- ဘိလပ်မြေ စဉ်ဆက်မပြတ်ဖြစ်စေရန် ကနဦးဆောင်ရွက်မှုကို ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကမ္ဘာ့စီးပွားရေးကောင်စီ၏ ထောက်ပံ့ကူညီမှုဖြင့် တည်ထောင်ခဲ့ပြီး ထိုင်းကုမ္ပဏီနှစ်ခု အပါအဝင် နိုင်ငံ ၂၄ နိုင်ငံ ပါဝင်ပြီး ၄၀ ရာခိုင်နှုန်းသော ကမ္ဘာလုံးဆိုင်ရာ ဘိလပ်မြေထုတ်လုပ်မှုအား ကိုယ်စားပြုသည်။ လုပ်ဆောင်မှုပဋိညာဉ်တွင် ဇီဝမျိုးစုံ မျိုးကွဲ စီမံအုပ်ချုပ်မှု အောင်မြင်မှု အခြေအနေ သို့မဟုတ် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၏ အခြေအနေအား အစီရင်ခံတင်ပြစရာ မလိုသော်လည်း (ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံမှု လုပ်ဆောင်ခြင်းနှင့်အညီ) တန်ဖိုးမြင့် ဇီဝမျိုးစုံမျိုးကွဲ နေရာများနှင့် ကာကွယ်တောများ၏ စီမံအုပ်ချုပ်မှု စာရင်းဇယားများ အပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုရေးရာ




စံနှုန်းများပေါ် မူတည်၍ အစီရင်ခံရန် လိုအပ်သည်။ လုပ်ဆောင်မှုသည် သက်ဆိုင်သူများကြား ထိတွေ့ခြင်း စကြ်ထက် (f.RSPO ဥပမာ) လုပ်ငန်းလည်ပတ်သည့် ဖိုရမ်တစ်ခုဖြစ်သည်။

- စဉ်ဆက်မပြတ် သဘာဝရော်ဘာ ကနဦးဆောင်ရွက်မှု: ရော်ဘာစိုက်ခင်းများအဖြစ် ပြောင်းလဲခြင်းသည် သမိုင်းကြောင်းအရ ဒေသတွင် မြေယာအသုံးချမှု ပြောင်းလဲခြင်း၏ အရေးပါသော အကြောင်းအရာဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ အကြီးမားဆုံး တာယာထုတ်လုပ်သူ Michelin မှ သစ်တောပြုန်းတီးမှုလုံး၀ မရှိစေရေး ကတိစွရပ်သည် ထိုလုပ်ငန်းလည်ပတ်မှုအတွက် ရှေ့ဆက်သွားမည့် အရေးပါသော အဆင့်တစ်ခုဖြစ်သည်။

RSPO နှင့် FSC တို့တွင် မှတ်ပုံတင်ခြင်းစံနှုန်းများ ဖောက်ဖျက်ခြင်းတွင် တွေ့ပြီးဖြစ်သော ကုမ္ပဏီများ ထုတ်ပယ်နိုင်သော အငြင်းပွားဖွယ် လုပ်ငန်းစဉ်များရှိသည်။ စဉ်ဆက်မပြက် ဖြစ်စေခြင်းနှင့် မှတ်ပုံတင်ခြင်း လမ်းစဉ်များသည် ရေထွက်လုပ်ငန်းမှ ငါး၊ ပုဇွန် ထုတ်လုပ်ရေးအတွက်လည်း လုပ်ဆောင် (အပိုင်း ၂.၁.၇) သော်လည်း မှတ်ပုံတင်သော အဖွဲ့အစည်း အချက်အလက်များသည် ၂ ရာခိုင်နှုန်းအောက်ရှိသော လယ်ယာသည် မှတ်ပုံတင်ထားကြောင်း ညွှန်းဆိုပြကြသည်။

## ၃.၅ နိုင်ငံတကာ အေဂျင်စီများနှင့် အလှူရှင်များ

ဗီယက်နမ်နိုင်ငံသည် ၂၀၁၅-၂၀၁၆ ခုနှစ်၌ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးရေး အထောက်အပံ့ကော်မတီ (DAC) မှ အကြမ်းဖျင်း တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့ (ODA) အား တတိယအများဆုံးရရှိပြီး ၂၀၁၅ ခုနှစ်တွင် ဒေသတစ်ခုလုံးအနေဖြင့် ယူရို ၂ ဒသမ ၇ သန်း ရရှိခဲ့သည်။ (ဇယား ၃.၆နှင့် ၃.၇) ဒေသတွင်းရှိ အလှူရှင် ထောက်ပံ့မှုပုံစံများသည် ဦးစားပေးကဏ္ဍများ ပြောင်းလဲခြင်း၊ အလှူရှင်အတွက် ငွေကြေးဖြတ်တောက်ခြင်းနှင့် လက်ခံရရှိသော နိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးမှုတို့ဖြင့် ပုံစံပြောင်းလာသည်။ ထို့ပြင် တိုက်ရိုက် စီမံကိန်းရန်ပုံငွေမှ ငွေကြေးအထောက်အပံ့ပုံစံပြောင်းလဲလာခြင်းနှင့် အချို့ကိစ္စရပ်များတွင် အလှူရှင် အထောက်အပံ့အား ရပ်နားခြင်းစသဖြင့် ပုံစံပြောင်းလာသည်။ ဒေသတွင်းစီးပွားရေး တိုးတက်လာသည့်အတွက် မိတ်ဖက်နှင့် ကဏ္ဍစုံအကူအညီ၏ အရေးပါမှုသည် ကျဆင်းလာနေပြီး ပိုဆင်းရဲသော နိုင်ငံများ (လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ) အတွက် အနောက်နိုင်ငံ အလှူရှင်အဖွဲ့များသည် အိမ်နီးချင်း တရုတ်၊ ဗီယက်နမ်၊ ထိုင်းတို့နှင့်စာလျှင် အကူအညီနှင့် ကုန်သွယ်မြှုပ်နှံမှု အရေးပါမှု နည်းသည်။ အကူအညီပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုအပြင် တရုတ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ဒေသတွင်းတွင် ပူးပေါင်းပြန်လှန်တာဝန်ယူမှု၏ အရေးပါသော အရင်းမြစ်အဖြစ် တိုးတက်လာနေသည်။

ဒေသနိုင်ငံများရရှိသော ODA ၏ ၈၀ ရာခိုင်နှုန်းဝန်းကျင်သည် မိတ်ဖက်နိုင်ငံ ကိုးနိုင်ငံမှဖြစ်ကြပြီး ၄၀ ရာခိုင်နှုန်းကျော်မှာ ဂျပန်နိုင်ငံမှ ဖြစ်သည်။ အခြားအဓိက အလှူရှင်များမှာ ဂျာမနီ၊ ဩစတြေးလျ၊ အမေရိကန်၊ ပြင်သစ်၊ ဥရောပသမဂ္ဂ၊ ယူကေ၊ နော်ဝေးနှင့် ဒိန်းမတ်တို့ဖြစ်ကြသည်။ (ဇယား ၃.၇)

၂၀၀၆ နှင့် ၂၀၁၀ ကြားတွင် ဒေသတွင်း ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးအစီအစဉ် ၇၀၀ တွင် သုံးစွဲခဲ့မှုသည် ယူရို သန်း ၂၄၀ ကျော်ပြီး ၎င်းထဲမှ ၄၁ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးရေးအကူအညီ အလှူရှင်များထံမှလည်းကောင်း၊ ၃၉ ရာခိုင်နှုန်းမှာ နိုင်ငံအစိုးရများထံမှလည်းကောင်း၊ ၁၉ ရာခိုင်နှုန်းမှာ ဖောင်ဒေးရှင်းများနှင့် အခြေခံအရင်းအမြစ်များမှလည်းကောင်း ထည့်ဝင်ခြင်းဖြစ်သည်။ ဤကဲ့သို့ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိနေသည့် မျိုးစိတ်အပြည့်ရှိသော ဒေသတစ်ခုတွင် ဤသည်မှာ အတော်အသင့်နည်းပါးသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုသာဖြစ်သည်။ ထို့အပြင်ရန်ပုံငွေအများအပြားမှာရေရှည်တည်တံ့စေသော သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုနှင့် မူဝါဒဖွံ့ဖြိုးရေးသို့သာ တိုက်ရိုက် ရောက်ရှိသွားခဲ့ကြသည်။ ဒေသတွင် အကြီးမားဆုံး အန္တရာယ်အဖြစ် ယူဆထားသော ကာကွယ်တောဒေသ စီမံအုပ်ချုပ်မှု သို့မဟုတ် တောရိုင်းတိရစ္ဆာန် ရာဇဝတ်မှုကိစ္စရပ်များ ဖြေရှင်းရန် ရန်ပုံငွေ အနည်းငယ်သာ ရရှိသည်။ ရာသီဥတု လျော့ချရေးနှင့် လိုက်လျောညီထွေ နေထိုင်ရေးအတွက် သိသာသောရန်ပုံငွေ ယခုရရှိနိုင်

သဘာဝလမ်းညွှန်များအား သင်တန်းပေးခြင်း၊ လော့ဂ်ကားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြန်မာ။ CEPF မှ ငွေကြေးထောက်ပံ့ပြီး ဟယ်ရီဆန် အဖွဲ့အစည်းမှ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့စေသော ခရီးသွားခြင်းအား အကျိုးပြုစေရန် ရည်ရွယ်၍ သင်တန်းပေးခဲ့ခြင်း ဖြစ်သည်။ ဒေသစွမ်းဆောင်ရည် တိုးတက်လာခြင်းကြောင့် ဂေဟာခရီးသွား လုပ်ငန်းကဏ္ဍ ကြီးထွားလာစေပြီး ဒေသခံများ အကျိုးအမြတ်များ ရရှိစေနိုင်သည်။

သည်။ သို့သော် အခြားသော ပတ်ဝန်းကျင်ဘတ်ဂျက်များမှ မည်မျှ ရွေ့လာမည်နှင့် ပမာဏမည်မျှမှာ မရှင်းလင်းချေ။

## နှစ်နိုင်ငံချင်းအလှူရှင်များ

### ဥရောပသမဂ္ဂ

ဥရောပသမဂ္ဂသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့အား နှစ်နိုင်ငံချင်း အကူအညီများပေးသည်။ ထိုင်းမှာ နှစ်နိုင်ငံချင်းအကူအညီတွင် အကျုံးမဝင်သော်လည်း ဒေါင်းစဉ်အလိုက် ဘတ်ဂျက်မှ အကူအညီ ရရှိသည်။ ဥရောပသမဂ္ဂသည် ဤဒေသအတွက် ၂၀၁၄ ခုနှစ်တွင် စုစုပေါင်း ယူရို ၂၄၄ သန်း ခွဲဝေပေးခဲ့ပြီး ထိုထဲမှ ယူရို ၁၅ ဒသမ ၉ သန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အပါအဝင် ကဏ္ဍစုံ/ကွန်ရက်အတွက် ဖြစ်သည်၊ ၂၀၁၀ မှစ၍ ဇီဝမျိုးစုံမျိုးကွဲ၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်တည်တံ့စေသော စီးပွားရေး နယ်ပယ်များတွင် ဥရောပသမဂ္ဂမှ အဓိကထောက်ပံ့သော စီမံကိန်းများ (ယူရို ၁၁ သန်းနှင့်အထက်) သည် အချို့မှာ အခြားသော ဒေသများနှင့် ခွဲဝေရသော်လည်း စုစုပေါင်း ယူရို ၄၆ သန်းအထက် မြှုပ်နှံသည်ကို ဖော်ပြနေသည်။ ရင်းနှီးမြှုပ်နှံမှု၏ အကြီးမားဆုံးအပိုင်း (စီမံကိန်း ၇ ခု၊ ယူရို ၂၂ သန်းနှင့်အထက်)သည် ရာသီဥတုပြောင်းလဲမှု နှင့် ဆက်စပ်နေပြီး အခြားစီမံကိန်း ၆ ခု (ယူရို ၁ သန်းအထက်)မှာ ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့် သုံးစွဲမှု အပေါ်တွင် မြှုပ်နှံထားခြင်း ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲအား အလေးပေးဆောင်ရွက်သော စီမံကိန်းများသည် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ကာဒမန်တောင်တန်းများရှိ ဇီဝမျိုးစုံမျိုးကွဲ ဂေဟာစနစ်ဝန်ဆောင်မှုများအတွက် ပေးဆောင်မှုကြားရှိ ဆက်သွယ်ချက်များ၊ မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲ နေရာများ ခွဲခြားခြင်းနှင့် ကာကွယ်တောကွန်ရက် အားကောင်းလာစေခြင်းနှင့် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုရှိ ကာကွယ်တောများ၏ စီးပွားရေး အကျိုးအမြတ်များနှင့် ငွေကြေးယန္တရားများအား ရေရှည်ဖြစ်စေရန် ဖြေရှင်းပေးသည်။

ဥရောပသမဂ္ဂသည် ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတဌာနနှင့်အတူ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေး စီမံကိန်းအတွက် အာဆီယံဒေသစင်တာ၏ အစပျိုးသူနှင့် ထောက်ပံ့သူဖြစ်သည်။ ထိုမှ နောင်၌ ဒေသတွင် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးတွင် အဓိက မြှင့်တင်ပေါင်းစပ်မည့် အဖွဲ့အမည်နှင့် ညွှန်စဉ်ဖွယ်ရာတစ်ခု ဖြစ်သည့် အာဆီယံ ဇီဝမျိုးစုံ မျိုးကွဲအတွက် ဗဟိုဖြစ်လာသည်။ အာဆီယံစီမံကိန်းတွင် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးနှင့် ကာကွယ်တော စီမံခန့်ခွဲမှုမှာ ၅ နှစ် (၂၀၁၇-၂၀၂၂) (ယူရို ၁၀ သန်းတန်) အစီအစဉ်ဖြစ်ပြီး အထူးသဖြင့် အာဆီယံ အမွေအနှစ် ဥယျာဉ်များ စီမံခန့်ခွဲမှုအတွက် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ACB ၏ လုပ်ငန်းဆောင်တာများကို ကူညီထောက်ပံ့မည်ဖြစ်သည်။

ဇယား ၃.၆ မဟာမဲခေါင်ဒေသရှိ နိုင်ငံတစ်ခုချင်းစီအလိုက် အသားတင် ODA ရရှိမှု၊ ၂၀၁၁-၂၀၁၅

| နိုင်ငံ | အသားတင် ODA (ယူရို သန်း) | | | | |
|---|---|---|---|---|---|
| | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
| ကမ္ဘောဒီးယား | ၃၈၁.၇၇ | ၄၈၂.၄၆ | ၄၁၁.၀၀ | ၄၁၉.၂၃ | ၃၆၀.၀၈ |
| လာအို | ၂၀၇.၄၆ | ၂၁၈.၆၉ | ၂၀၆.၂၃ | ၂၄၀.၀၈ | ၂၆၇.၇၇ |
| မြန်မာ | ၂၁၃.၀၀ | ၂၆၃.၀၀ | ၂၇၇၁.၁၅ | ၈၉၁.၄၆ | ၆၇၇.၀၀ |
| ထိုင်း[၁] | -၁၄၀.၈၅ | -၁၅၆.၈၅ | -၇၉.၉၂ | ၂၁၂.၃၁ | -၀.၄၆ |
| ဗီယက်နမ် | ၁၆၀၃.၁၅ | ၂၀၄၂.၆၉ | ၁၈၃၀.၁၅ | ၁၈၆၇.၀၀ | ၁၃၉၇.၈၅ |
| စုစုပေါင်း | ၂၂၆၄.၅၄ | ၂၈၅၀.၀၀ | ၅၁၃၈.၆၂ | ၃၆၃၀.၀၈ | ၂၇၀၂.၂၃ |

[၁] အနုတ်ကိန်းဂဏန်းများသည် ထိုနှစ်အတွက် ရရှိသော ရန်ပုံငွေထက် အကြွေး၊ အတိုးနှင့် ပြန်လည်ပေးရန်မှာ ပိုမိုများပြားနေသည်ကို ရည်ညွှန်းသည်။







တောင်ပေါ်လယ်သမားများ၊ လာအိုနိုင်ငံ။ ဥရောပသမဂ္ဂမှ ထောက်ပံ့သော စီမံကိန်းတစ်ခုသည် လာအိုနိုင်ငံရှိ ဌာနေတောင်ပေါ် အစုအဖွဲ့များအား ၎င်းတို့ လယ်ယာစိုက်ပျိုးရေးစနစ်များ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ဖြစ်နိုင်စေရန်နှင့် တစ်ချိန်တည်းတွင် ၎င်းတို့၏ လူနေမှုဘဝများ တိုးတက်လာနိုင်စေရန် လုပ်ဆောင်နေသည်။ အောင်မြင်သော လုပ်ဆောင်မှုတစ်ခုမှာ လက်ဖက်သီးနှံ သစ်တော ရောနှောစိုက်ပျိုးခြင်း ဖွံ့ဖြိုးလာခြင်းဖြစ်သည်။

ဂျာမနီအစိုးရမှ ပူးပေါင်းထောက်ပံ့သော ဒေသတွင်း ဒုတိယ အစီအစဉ်သည် အာဆီယံတွင် သစ်ဆွေးမြေရေရှည်အသုံးချနိုင်မှုနှင့် မြူလျော့ချရေးဖြစ်ပြီး စုစုပေါင်း ယူရို ၂၄ ဒသမ ၅ သန်း ရန်ပုံငွေရရှိသည်။ ဤအစီအစဉ်သည် မဟာမဲခေါင်ဒေသ နိုင်ငံငါးနိုင်ငံလုံးသာမက အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ရှိ သစ်ဆွေးမြေဒေသအား ဦးတည် ပစ်မှတ်ထားသည်။

ဥရောပသမဂ္ဂသည် ကမ္ဘာလုံးဆိုင်ရာ တရားမဝင် တောရိုင်းတိရစ္ဆာန် ကုန်သွယ်မှုအတွက် ဈေးကွက်နေရာနှင့် ရွှေ့ပြောင်းရာ နေရာနစ်ခုလုံးအတွက် ၎င်း၏အခန်းကဏ္ဍအား သိရှိပြီး တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုအား ဆန့်ကျင်သော ဥရောပသမဂ္ဂလုပ်ကိုင်မှု စီမံချက် (၂၀၁၆-၂၀၂၀) အား လုပ်ဆောင်ခဲ့သည်။ ၎င်းစီမံချက်သည် ကမ္ဘာတစ်ဝန်း တရားမဝင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ ဝယ်လိုအားနှင့် ရောင်းလိုအားကို လျှော့ချရန်၊ တောရိုင်းတိရစ္ဆာန်နှင့် စပ်လျဉ်းသည့် ရာဇဝတ်မှုများအတွက် အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်နေသော နည်းလမ်းများတွင် ကွဲလွဲမှုများကို ဖြေရှင်း၍ မျှဝေထားသော စည်းမျဉ်းများကို အာဏာသက်ရောက်စေရန်နှင့် ဇာစ်မြစ်၊ ခရီးထောက်နှင့် သုံးစွဲသူနိုင်ငံများအချင်းချင်း ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် ရည်ရွယ်ထားသည်။ မဟာမဲခေါင်ဒေသတွင် အသိပညာ မြှင့်တင်ခြင်း၊ ကာကွယ်ထားသော မျိုးစိတ်စာရင်းအား ပြန်သုံးသပ်ခြင်း၊ အခြေတည်ရာ အစုအဖွဲ့များတွင် လုပ်ဆောင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းနှင့် အဂတိလိုက်စားမှု ဖြေရှင်းခြင်းတို့ ပါဝင်နိုင်ပြီး ဥရောပသမဂ္ဂအတွင်းတွင် တိုးမြှင့်ရှာဖွေ ဖော်ထုတ်ခြင်း၊ လေးစားလိုက်နာခြင်း၊ အချက်အလက်မျှဝေခြင်း အပါအဝင် နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည် အားကောင်းစေခြင်းတို့ ပါဝင်နိုင်သည်။

မဟာဗျူဟာတွင် ဥရောပသမဂ္ဂမှ တောရိုင်းတိရစ္ဆာန် စိုးမိုးမှုကွန်ရက်များ (WENs) နှင့် ICCWC တို့တွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ထောက်ပံ့ရန်သာမက ဥရောပသမဂ္ဂ ကုန်သွယ်ရေးမူဝါဒများနှင့် ကြိုးပမ်းရာတွင် ရန်ပုံငွေ ဖွံ့ဖြိုးမှု အလားအလာ ကဏ္ဍအား သိရှိရန်လည်း ပါဝင်သည်။

ဒေသတွင်း တောရိုင်းတိရစ္ဆာန်ကုန်သွယ်ခြင်း ကပ်ဆိုးအား တုံ့ပြန်သည့်အနေဖြင့် ဥရောပသမဂ္ဂသည် CITES နှင့် UNODC တို့၏ ဆက်စပ်စီမံကိန်းတစ်ခုဖြစ်သည့် အာရှတောရိုင်းတိရစ္ဆာန်ဆိုင်ရာ တရားဥပဒေစိုးမိုးမှုနှင့် လိုအပ်ချက်စီမံအုပ်ချုပ်မှု စီမံကိန်းအတွက် ယူရို ၅ သန်း ထောက်ပံ့ပေးအပ်ထားသည်။

လာအိုနိုင်ငံတွင် တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှု ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ခြင်း ချောမွေ့စေရန် ကြိုးပမ်းမှုအနေဖြင့် အမျိုးသား အဖွဲ့ ၁၁ ခု၊ ဥရောပသမဂ္ဂ၊ ကမ္ဘာ့ဘဏ်နှင့် UNODC တို့သည် အကောင်အထည်ဖော် အဖွဲ့ ၁၅ ဒသမ ၇ အား တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုအား ကိုင်တွယ်ရန်၊ ကမ္ဘာတစ်ဝန်း ပေါ်ထွက်လာသော ချဉ်းကပ်မှုများ အသုံးချရန်၊ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍနှင့် လုပ်ဆောင်ရန် ဖွဲ့စည်းခဲ့သည်။

ကဏ္ဍစုံမှ သက်ဆိုင်သူပေါင်းစုံ၏ ပူးပေါင်းပါဝင် ဆွေးနွေးအကြံဉာဏ်ရယူခြင်း နည်းလမ်းဖြင့် သစ်တောအုပ်ချုပ် လုပ်ကိုင်မှုအား မြှင့်တင်ခြင်းသည် တရားမဝင် သစ်ထုတ်ခြင်းနှင့် သစ်တော ပြုန်းတီးမှု အဆင့်အား လျှော့ချပေးနိုင်သည့် သော့ချက်ဖြစ်သည်။ ဥရောပသမဂ္ဂသည် ထောက်ခံချက် ရရှိပြီး တရားဝင်သစ်အား ဥရောပဈေးကွက်သို့ တင်ပို့လိုသော နိုင်ငံများနှင့် ပူးပေါင်းပြီး သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်လုပ်ကိုင်မှုနှင့် ကုန်သွယ်ရေးလုပ်ငန်း စီမံချက် (FLE-GT) အား ဆန္ဒအလျောက် မိတ်ဖက်အဖြစ် သဘောတူညီမှု လုပ်ငန်းစဉ် (VPA) ဖြင့် ဆောင်ရွက်နေသည်။ ဥရောပသမဂ္ဂသည် သစ်တော အချက်အလက် ပွင့်လင်းမြင်သာမှု၊ အုပ်ချုပ်လုပ်ကိုင်မှုနှင့် စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သူအားလုံးအား စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်းအား တိုးတက်လာစေရန် ဦးတည်ပြီး နိုင်ငံငါးနိုင်ငံတွင် FLEGT နှင့် သက်ဆိုင်သော




တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ထမ်းများအား WildScan အက်ပလီကေးရှင်းအား အသုံးပြုရန် သင်တန်းပေးခြင်း၊ ထိုင်းနိုင်ငံသို့ ယင်းအက်ပလီကေးရှင်းဖြင့် ဝန်ထမ်းများ သို့မဟုတ် လူထုအနေဖြင့် တရားမဝင် ကုန်သွယ်ခံနေရသော တောရိုင်းတိရိစ္ဆာန်များအား ခွဲခြားပြီး အစီရင်ခံ၍ ရသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရနှင့် အလှူရှင်များ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုသည် တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုအား တုံ့ပြန်ရန် အရေးပါသော အပိုင်းတစ်ခု ဖြစ်သည်။

ဗီယက်နမ်နိုင်ငံရှိ တန်ဒါအိုအမျိုးသားယဉ်သည် ဗီယက်နမ်-ဂျာမနီ ပူးပေါင်း၍ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ရန် ကနဦးလုပ်ဆောင်ရသည့် နေရာဖြစ်သည်။ ဥယျာဉ်၏ ကြားခံနယ်မြေတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရန် အကျိုးပြုသည့် ပူးပေါင်းစီမံလုပ်ဆောင်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

စီမံကိန်း ၅၃ ခုအား ထောက်ပံ့ကူညီထားသည်။ လာအို၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် လက်ရှိတွင် VPA အား ညှိနှိုင်းနေဆဲဖြစ်သည်။

ဥရောပသမဂ္ဂသည် သဘာဝအရင်းအနှီး တွက်ချက်ခြင်း (အောက်တွင် ကမ္ဘာ့ဘဏ်ကဏ္ဍအား ကြည့်ပါ) နှင့် အရေးတကြီး ဂေဟာစနစ် ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေ (အောက်တွင်ကြည့်ပါ) တို့တွင် ကမ္ဘာ့ဘဏ် ဦးဆောင်သော WAVES ပူးပေါင်း ဆောင်ရွက်မှုအား ငွေကြေးထောက်ပံ့သည်။

### ဂျပန်

ဒေသတွင် ဂျပန်၏ အကူအညီသည် နောင် သုံးနှစ်တွင် ယူရို ၄ ဒသမ ၆ သန်းပေးအပ်ရန် ကတိကဝတ်ကြောင့် တိုးလာမည် ဖြစ်သည်။ ဂျပန်-မဟာမဲခေါင် အစီစဉ်တွင် ဘေးအန္တရာယ် ဖြစ်နိုင်ချေ လျော့ချခြင်းအား အာရုံစိုက်ခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ ထိန်းသိမ်းရေးနှင့် ရေသယံဇာတ စီမံအုပ်ချုပ်မှုဟူသော မဏ္ဍိုင်လေးခု၏ တစ်ခုအဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပါဝင်သည်။

ဇယား ၃.၇ OECD အလှူရှင်များမှ အသားတင် ODA ရရှိမှု

| နိုင်ငံ (ISO ကုတ်) | | | ODA (ယူရို သန်း) (၂၀၁၅) | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ဥရောပ သမဂ္ဂ | ဩစ တြေးလျ | ဘယ်လ်ဂျီယံ | ကနေဒါ | ဒိန်းမတ် | ဖင်လန် | ပြင်သစ် | ဂျာမနီ | အိုင်ယာလန် |
| KHM | ၃၄.၇၇ | ၃၇.၈၅ | ၃.၀၀ | ၃.၁၅ | ၀.၂၃ | ၂.၀၈ | ၅၀.၆၂ | ၂၂.၂၃ | ၀.၄၆ |
| LAO | ၈.၃၀ | ၂၈.၀၀ | ၀.၉၂ | ၁.၄၆ | ၀.၀၀ | ၄.၆၂ | ၉.၂၃ | ၁၉.၆၉ | ၀.၄၆ |
| MMR | ၉၂.၃၈ | ၂.၆၂ | ၀.၂၃ | ၉.၆၉ | ၅.၆၉ | ၇.၀၀ | ၃.၂၃ | ၁၄.၃၀ | ၁.၀၀ |
| THA | ၉.၈၅ | ၃.၃၈ | ၀.၀၀ | ၀.၀၀ | -၀.၄၆ | ၀.၂၃ | ၇.၄၆ | ၄.၀၈ | ၀.၂၃ |
| VNM | ၄၅.၀၈ | ၇၉.၉၂ | ၁၀.၈၅ | ၁၅.၃၀ | ၁၀.၀၈ | ၉.၅၄ | ၆၅.၁၅ | ၁၀၀.၉၂ | ၉.၆၉ |
| စုစုပေါင်း | ၁၉၀.၃၈ | ၁၉၁.၇၇ | ၁၅.၀၀ | ၂၉.၆၂ | ၁၅.၅၄ | ၂၃.၄၆ | ၁၃၅.၆၉ | ၁၆၀.၂၃ | ၁၁.၈၅ |

ဇယား ၃.၇ OECD အလှူရှင်များမှ အသားတင် ODA ရရှိမှု (အဆက်)

| နိုင်ငံ (ISO ကုတ်) | | | | ODA (ယူရို သန်း) (၂၀၁၅) | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | ကိုရီးယား | လူဇင်ဘတ် | နော်ဝေ | စပိန် | ဆွီဒင် | ဆွစ်ဇာလန် | ယူကေ | အမေရိကန် | အခြား | စုစုပေါင်း |
| KHM | ၅၀.၆၉ | ၀.၃၈ | ၅.၂၃ | ၀.၀၀ | ၁၈.၇၇ | ၁၁.၃၁ | ၃.၃၁ | ၆၆.၂၃ | ၆.၂၃ | ၃၉၄.၈၅ |
| LAO | ၆၇.၃၈ | ၁၂.၄၆ | ၃.၇၇ | ၀.၀၀ | ၀.၄၆ | ၁၅.၃၁ | ၂.၇၇ | ၁၉.၄၆ | ၃.၆၉ | ၂၇၆.၀၈ |
| MMR | ၁၆.၃၁ | ၁.၀၀ | ၂၄.၄၆ | ၀.၀၀ | ၁၈.၃၈ | ၃၁.၀၀ | ၁၃၃.၈၅ | ၈၇.၃၈ | ၁၀.၇၇ | ၇၆၉.၃၈ |
| THA | ၃.၆၂ | ၀.၀၈ | ၀.၆၉ | ၀.၀၈ | ၃.၆၉ | ၁.၃၈ | ၄.၄၆ | ၃၃.၃၈ | ၁.၃၁ | ၉.၃၈ |
| VNM | ၁၆၇.၀၈ | ၈.၆၉ | ၇.၃၈ | -၁၈.၁၅ | -၀.၆၉ | ၁၉.၀၈ | ၁၄.၄၆ | ၆၁.၆၂ | ၁၀.၀၈ | ၁၄၄၂.၉၂ |
| စုစုပေါင်း | ၃၀၅.၀၈ | ၂၂.၆၂ | ၄၁.၅၄ | -၁၈.၀၈ | ၃၆.၆၉ | ၇၈.၀၈ | ၁၅၈.၈၅ | ၂၆၈.၀၈ | ၃၂.၀၈ | ၂၈၉၂.၆၂ |

ရင်းမြစ် OECD၊ ODA မှ ရရှိငွေထက် ချေးငွေကျော်လွန်သွားသောအခါ ပြန်လည်ပေးသောကြောင့် အနုတ်လက္ခဏာတန်ဖိုးများပေါ်လာသည်။

## ဂျာမနီ

ဂျာမန်မိတ်ဖက် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် KFW သည် ငွေစုစာအုပ်လုပ်ခြင်း နည်းလမ်းဖြင့် ဗီယက်နမ်သစ်တော ပြန်လည်တည်ထောင်ခြင်းနှင့် မြေယာစီမံအုပ်ချုပ်မှု အစီအစဉ်များတွင် အဓိက ထောက်ပံ့ ကူညီသူဖြစ်သည်။ ထိုနေရာတွင် မိသားစုများသည် သစ်တောစိုက်ခင်းသစ်များ ထူထောင်ခြင်းနှင့် ရှိပြီးသား သစ်တောများအား စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုအတွက် အကျိုးအမြတ် ရရှိကြပြီး ထိုမှ မြေဆီလွှာကောင်းမွန်ခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးနှင့် ရေဝေရေလဲကာကွယ်ခြင်းတို့အား တိုးပွားစေရန် အကျိုးပြုသည်။ လာအိုနိုင်ငံအား ပေးအပ်သည့် အကူအညီတွင်လည်း ထိန်းသိမ်းရေးနယ်မြေများပတ်ဝန်းကျင်တွင် ဘက်စုံသုံးဖုန်များ တည်ထောင်ခြင်းအားဖြင့် ဒေသခံပြည်သူများ ဖွံ့ဖြိုးရေးကို ထောက်ပံ့ပေးမှုများ ပါဝင်ပြီး KfW သည် သတ်မှတ်ထားသော AHPs များတွင် စီမံအုပ်ချုပ်ရေးနှင့် ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေရေး တိုးတက်စေရန်အတွက် ယူရို ၁၀ သန်းကို ထောက်ပံ့ပေးကာ၊ ACB က စီမံခန့်ခွဲသည့် အသေးစားထောက်ပံ့ရေး အစီအစဉ်မှတစ်ဆင့် ရန်ပုံငွေထုတ်ပေးသည်။ ဂျာမန်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ GIZ သည် လာအိုနိုင်ငံ ဟီနန်အမျိုးသားကာကွယ်တော (ယူရို ၆ ဒသမ ၃ သန်း၊ ၂၀၁၀-၂၀၁၈) နှင့် ဗီယက်နမ်နိုင်ငံ ဖွန်နီယမ် (ယူရို ၆ ဒသမ ၃ သန်း၊ ၂၀၀၇-၂၀၁၆) တို့ရှိ ကာကွယ်တော စီမံအုပ်ချုပ်မှု စီမံကိန်းများအား ထောက်ပံ့သည်။ ထို့အပြင် ACB မှတစ်ဆင့် အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံတွင် လုပ်ဆောင်နေသော စားဝတ်နေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ခြင်း တိုးတက်စေရန်အတွက် စီးပွားရေး အရင်းမြစ်တစ်ခုအဖြစ် ဇီဝမျိုးစုံမျိုးကွဲ အခြေခံထုတ်ကုန်များဆိုင်ရာ (ယူရို ၄သန်း၊ ၂၀၁၄-၂၀၁၉) နှင့် အာဆီယံ အစိုးရ အထောက်အပံ့တွင် ACB အား ဆောင်ရွက်ထောက်ပံ့သော အာဆီယံဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲ ကဏ္ဍအဖွဲ့အစည်း အားကောင်းစေခြင်း (ယူရို ၅သန်း၊ ၂၀၁၄-၂၀၁၉) ဆိုင်ရာ GIZ ၏ ဒေသတွင်း စီမံကိန်းများလည်း ရှိသည်။ ဒေသတွင်း အခြားစီမံကိန်းများတွင် မဲခေါင်ဒေသ ရေလွှမ်းမိုးမှု စီမံ အုပ်ချုပ်မှု၊ REDD+ ဖွံ့ဖြိုးမှုနှင့် EU-FLEGT လမ်းစဉ်အား မြှင့်တင်ခြင်းတို့ ပါဝင်သည်။ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးတွင် ဂျာမန်ဖက်ဒရယ် ဝန်ကြီးဌာန (BMZ)နှင့် Kfw တို့သည် ၂၀၁၄ ခုနှစ်တွင် ပူးပေါင်းပါဝင်သော ကျေးကျက်စားရာဒေသ ထိန်းသိမ်းရေး အစီအစဉ်အား ဆောင်ရွက်ခဲ့သည်။ ဤအစီအစဉ်သည် လက်ရှိတွင် မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် ဆောင်ရွက်နေသော စီမံကိန်းနှစ်ခုအား ထောက်ပံ့ပေးနေသည်။

## အမေရိကန်ပြည်ထောင်စု

နိုင်ငံတကာ ဖွံ့ဖြိုးရေးဆိုင်ရာ အမေရိကန်အေဂျင်စီ (USATD) သည် မျိုးသုန်းရန် အန္တရာယ်ရှိသော မျိုးစိတ်များ ကုန်သွယ်ရေးဆိုင်ရာ အာဆီယံဒေသ တုံ့ပြန်မှုအစီအစဉ် (ARREST) အား ထောက်ပံ့ကူညီသည်။ ထိုအစီအစဉ်သည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ ASE-AN_WEN၊ တရုတ်၊ တောင်အာရှနိုင်ငံများ၊ NGO များနှင့် ပုဂ္ဂလိကကဏ္ဍ အတူတကွလုပ်ဆောင်ပြီး သုံးစွဲသူ တောင်းဆိုချက် လျော့ချရန်နှင့် တရားဥပဒေ စိုးမိုးရေးမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မှုကို အားပေးကူညီသည်။ မဟာမဲခေါင်ဒေသတွင် အောင်မြင်မှုအချို့ ရရှိပြီးဖြစ်သည်။ အေဂျင်စီသည် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် မိတ်ဖက်အစီစဉ်များ ရှိသည်။

### ဩစတြေးလျ

ဤဒေသသို့ ပေးအပ်သည့် ဩစတြေးလျ အကူအညီတွင် အသစ်တည်ထောင်လိုက်သော အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်ရေးဇုန် အကောင်ထည်ဖော်ခြင်းလည်း ပါဝင်ပြီး အာဆီယံနှင့် နိုင်ငံရေးနှင့် စီးပွားရေး ဆက်ဆံရေး နီးကပ်မှု အတိုင်းအတာအတွင်းတွင် ရှိနေသည်၊ မဲခေါင် ရေသယံဇာတ၏ နိုင်ငံတကာ စီမံအုပ်ချုပ်မှုနှင့် ရွှေ့ပြောင်းအလုပ်သမားများအား တရားမဝင် ကုန်သွယ်ခြင်းတို့အား တုံ့ပြန်ရာတွင် တိုးတက်စေခြင်း အပါအဝင် ဒေသတွင်းရှိ စီးပွားရေးနောင်ကြိုးများ နီးကပ်စွာ ဖန်တီးရန် အာဆီယံ စီးပွားရေး အသိုက်အဝန်းများအား ထောက်ပံ့ရန် ဦးတည် အလေးထားသည်။

မိတ်ဖက်အကူအညီများမှ ထောက်ပံ့သော သိသာသည့် ဒေသ အစီအစဉ်များမှ ဥရောပသမဂ္ဂနှင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ဖင်လန်၊ ဂျာမနီ၊ လူဇင်ဘက်နှင့် ဆွီဒင်တို့မှ ထောက်ပံ့သော မဲခေါင်မြစ် ကော်မရှင်၏ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ နေနိုင်ခြင်းအစီစဉ်များ ပါဝင်သည်။

### ကမ္ဘာ့ကုလသမဂ္ဂ အေဂျင်စီများ

ကမ္ဘာ့ကုလသမဂ္ဂ အေဂျင်စီများထဲမှ UNODC သည် ၎င်း၏ တောရိုင်းတိရိစ္ဆာန်နှင့် သစ်တောရာဇဝတ်မှု တိုက်ဖျက်ခြင်းဆိုင်ရာ ကမ္ဘာလုံး အစီအစဉ်ဖြင့် တောရိုင်းတိရိစ္ဆာန်များ ကုန်သွယ်ခြင်းကို ဆန့်ကျင်သော ဆောင်ရွက်ချက်များအား လုပ်ဆောင်ရန် ၎င်း၏ ရည်ညွှန်းချက်များအား တိုးချဲ့ခဲ့သည်။ ထိုအစီစဉ်သည် မူဝါဒနှင့် အုပ်ချုပ်ရေးမူဘောင် အားကောင်းလာစေရန်၊ စိုးမိုးရေးအရာရှိများနှင့် အစိုးရရှေ့နေများအတွက် စွမ်းဆောင်ရေး အားကောင်းလာစေရန်၊ အသိပညာ မြှင့်တင်ခြင်းနှင့် ဖလှယ်ရန်၊ ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုအား ကူညီရန် ဦးတည်အလေးထားသည်။ UNODC သည် တောင်းရိုင်း တိရစ္ဆာန်နှင့် သစ်တောပြုန်းတီးမှု၊ ရာဇဝတ်မှု၊ ဆန်းစစ်မှု လက်စွဲအား ထုတ်ပြန်ခဲ့ပြီး ICCWC မိတ်ဖက်များမှတစ်ဆင့် လုပ်ဆောင်သည်။ UNODC ၊ UNEP နှင့် NGO (Freeland) အဖွဲ့များသည် ဩစတြေးလျနှင့် အမေရိကန်တို့မှ ထောက်ပံ့သော ဥပဒေ သက်ရောက်စေရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း (PA-TROL) ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက်ရေး မိတ်ဖက်အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဤစီမံကိန်းသည် မဟာမဲခေါင်ဒေသ ငါးနိုင်ငံ၏ တရားဥပဒေ စိုးမိုးရေးတွင် စွမ်းဆောင်ရည် တည်ဆောက်ရန် ရည်ရွယ်ပြီး လူနှင့် မူးယစ်ဆေးဝါး တရားမဝင်ကုန်သွယ်မှုအား ဖြေရှင်းရန် နယ်စပ် ဆက်သွယ်ရေးရုံး၏စနစ် တိုးတက်စေရန်နှင့် ပတ်ဝန်းကျင် ပဋိပက္ခများအား ဦးတည်အလေးထားသည်။

ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့် ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) တို့သည် ဒေသတွင်းတွင် အခြားအရာများထက် ဆင်းရဲမှု-ပတ်ဝန်းကျင် ရှေ့ဆောင် လုပ်ငန်းဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အား အလေးထားခဲ့ကြသည်။ UNEP သည် ၅ နှစ်တစ်ကြိမ် ကျင်းပသည့် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အာရှပစိဖိတ်ဒေသ ဝန်ကြီးအဆင့် ညီလာခံ အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဖိုရမ်များစွာတို့ကို ပံ့ပိုးကူညီပေးခဲ့ပြီး (အာဆီယံအတွင်းရေးမှူးရုံးနှင့် ပူးပေါင်း၍) ရေရှည်တည်တံ့စေမည့် စားသုံးမှုနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ အာဆီယံ+3 ခေါင်းဆောင်မှု အစီအစဉ်ဖြင့် အလယ်အလတ်အဆင့် ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ပေးသည်။

၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော UNDP ၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ရန်ပုံငွေအဖွဲ့ (BIOFIN) သည် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ ငွေကြေးဆိုင်ရာ ငွေကြေးအခက်အခဲအား ဖြေရှင်းသည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖြစ်သည်။ ယင်းသည် နိုင်ငံများအား ၎င်း၏ ဇီဝမျိုးစုံမျိုးကွဲအတွက် ကုန်ကျထားမှုများအား တိုင်းတာရန်၊ အလယ်အလတ်အနေဖြင့် ၎င်းတို့၏ ငွေကြေးလိုအပ်ချက်များအား ဆန်းစစ်ရန်နှင့် ၎င်းတို့၏ အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် အသင့်တော်ဆုံးသော ငွေကြေးဆိုင်ရာ အဖြေများအား ခွဲခြမ်းစိတ်ဖြာစေနိုင်သည်။ BIOFIN သည် ထိုင်းနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း ၃၁ နိုင်ငံတွင် အသက်ဝင်လှုပ်ရှားနေပြီး ဖြစ်သည်။

UNESCO သည် မဲခေါင်ဒေသအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်ရလွယ်မှုမြေပုံအား ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အမွေအနှစ်များနှင့် ဇီဝအဝန်း နယ်မြေများဆိုင်ရာ သဘောတူကြေညာချက်များနှင့် စီမံခန့်ခွဲမှုများအား ထောက်ပံ့ပေးသည်။ (အပိုင်း ၃.၁.၅)

### ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဘဏ်များ

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့သည် အာဆီယံဒေသ ပူးပေါင်းဆောင်ရွက်မှုအား သော့ချက်တစ်ခုအနေနှင့် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် ဆင်းရဲမှုလျော့ချရေးအား အခြေပြု အလေးထားခဲ့ကြသည်။ သို့သော် ၎င်းတို့သည် ကဏ္ဍစုံလျှုဒါန်းမှု လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ပြီး GEF စီမံကိန်းများအတွက် (အောက်တွင်ကြည့်ပါ။) အကောင်အထည်ဖော်ပေးသော အေဂျင်စီများအဖြစ် ဆောင်ရွက်ကြသည်။

ADB သည် စီးပွားရေးစင်္ကြံကြီး သုံးခုရှိ တိုးချဲ့လာသော လမ်းကွန်ရက်များ၏ သက်ရောက်မှုအားလျော့ချရန် ရည်ရွယ်သော ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးစင်္ကြံ အစပျိုးအစီအစဉ် တစ်ခုအား ထောက်ပံ့ခဲ့သည်။ လမ်းများသည် ထိုင်းနိုင်ငံအနောက်ပိုင်း သစ်တောလုပ်ငန်းနှင့် ဗီယက်နမ်နှင့် လာအိုနိုင်ငံရှိ အလယ်ပိုင်းဒေသ (ထို့အပြင် တရုတ်နိုင်ငံ ရှီဝမ်ဒါရှန်ဒေသ) အပါအဝင် အရေးပါသော ဇီဝမျိုးစုံ မျိုးကွဲဒေသများအား သက်ရောက်မည် ဖြစ်သည်။ ပထမအဆင့် (၂၀၁၆-၂၀၁၀)တွင် ယူရို ၁ ဒသမ ၃ သန်းမြှုပ်နှံခဲ့ပြီး နယ်သာလန်နှင့် ဆွီဒင်တို့မှ အဓိကထောက်ပံ့သည်။ ဒုတိယအဆင့် (၂၀၁၁ မှ ၂၀၁၅ အထိ၊ ဆက်လက်၍ ၂၀၁၆ အထိ သက်တမ်းတိုးသည်) တွင် ဖင်လန်၊ ဆွီဒင်နှင့် နော်ဒစ် ဖွံ့ဖြိုးရေးရန်ပုံငွေတို့မှ ထောက်ပံ့သည့် ယူရို ၂၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်သည်။ အစီအစဉ်လုပ်ငန်းများသည်

ဇီဝမျိုးစုံ မျိုးကွဲစင်္ကြံ ၆ ခုရှိ ဒေသခံပြည်သူများအား သစ်တော သယံဇာတများ စီမံအုပ်ချုပ်ရေးနှင့် အစားထိုးဝင်ငွေများ ရရှိစေရေး အတွက် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းနှင့် နိုင်ငံအဆင့်အဖွဲ့ အစည်းများ ခိုင်မာအားကောင်းစေခြင်းတို့ကို ဦးတည်ထားသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည်လည်း တရုတ်-ဗီယက်နမ် ထုံးကျောက်တောင်ကြော ထိန်းသိမ်းရေးအတွက် (တရုတ်နိုင်ငံ) Guangxi ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် (ဗီယက်နမ်နိုင်ငံ) Cao Bang ခရိုင်တို့အကြားတွင်လည်းကောင်း၊ (တရုတ်နိုင်ငံ) Xishuang-banna ကြိုးဝိုင်းနှင့် (လာအိုနိုင်ငံ) Nam Ha NPA တို့အကြားတွင် လည်းကောင်း နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများကို ကူညီပေးခဲ့သည်။ ဤအစီအစဉ်သည် ဘန်ကောက်နှင့် ပတ်ဝန်းကျင် ဆိုင်ရာလုပ်ငန်းများနှင့် ပူးပေါင်းလုပ်ဆောင်သည့် ADB ၏ မဟာမဲခေါင်ဒေသခွဲ (GMS) ဇဟိုပတ်ဝန်းကျင် အစီစဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ဤအစီအစဉ်သည် ဘေးကင်းလုံခြုံရေးစီမံချက်များ ရေးဆွဲခြင်း၊ နယ်စပ်ဖြတ်ကျော် ဇီဝမျိုးစုံ မျိုးကွဲဒေသများ၊ ရာသီဥတု ပြောင်းလဲမှုအား ကြံ့ကြံ့ခံနိုင်မှု၊ ရေရှည်တည်တံ့စေမည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဦးတည်ဆောင်ရွက်သည်။

ဒေသတွင်းရှိ သက်ဆိုင်ရာ ကမ္ဘာ့ဘဏ် စီမံကိန်းများတွင် သစ်တောများ ထုတ်လုပ်ခြင်းနှင့် ကာကွယ်ခြင်း နှစ်ခုစလုံးအတွက် လက်ရှိအဖွဲ့အစည်း စီမံအုပ်ချုပ်မှုအား ဦးတည်သော ရေရှည်တည်တံ့စေမည့် သစ်တောစီမံအုပ်ချုပ်မှုအား မြှင့်တင်ခြင်းစီမံကိန်း (ယူရို ၁၄ ဒသမ ၆ သန်း၊ ၂၀၁၃-၂၀၁၈) ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေး ဒေသများအား နေရာအဆင့် စီမံခန့်ခွဲမှုသာမက မူဝါဒနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုများအား ထောက်ပံ့သော ယခုအခါ စီမံကိန်းဒုတိယ အဆင့် စုစုပေါင်း ယူရို ၂၄ သန်း အထက်) ရောက်ရှိနေသော လာအို ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံကိန်း (ယခင်က ကာကွယ်ထားသော ဧရိယာများနှင့် တောရိုင်းတိရိစ္ဆာန်စီမံကိန်း) တို့ ပါဝင်သည်။ ဗီယက်နမ်နိုင်ငံရှိ ရာသီဥတုပြောင်းလဲမှုနှင့် အစိမ်းရောင်ဖွံ့ဖြိုးရေး စီမံကိန်း (ယူရို ၆၉ သန်း၊ ၂၀၁၆-၂၀၁၇) သည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ပြောင်းလဲရေးလုပ်ငန်းများအား စီမံချက်ရေးဆွဲခြင်းနှင့် အစီအစဉ်ဖော်ဆောင်ခြင်းတို့ကို ထောက်ပံ့ပေးမည့် ချေးငွေများအနက် ပထမဆုံးသော ချေးငွေများ ဖြစ်ကြသည်။

ကမ္ဘာ့ဘဏ်နှင့် UNEP တို့သည် စုပေါင်းစီးပွားရေးအဆင့် အကဲဖြတ်မှု၊ မဖြစ်မနေ အရေးပါသော သဘာဝအရင်းအနှီးအား ရေးဆွဲခြင်းနှင့် သဘာဝအရင်းအနှီး ရေတွက်ခြင်းကဲ့သို့သော ချဉ်းကပ်မှုများဖြင့် မူဝါဒချမှတ်ခြင်းအား ခိုင်မာစေမည့် ဂေဟစနစ်များ အကဲဖြတ်ခြင်းအား ပါဝင်ရန် ကမ္ဘာ့ဘဏ်ဦးဆောင်သော WAVRS ပူးပေါင်းဆောင်ရွက်မှု အပါအဝင်ဖြင့် ယန္တရားလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည်။ UNEP ၏ သဘာဝအရင်းအနှီး ဆန်းစစ်အကဲဖြတ်ခြင်းသည် ဖြစ်နိုင်ချေဆန်းစစ်ခြင်းနှင့် ငွေကြေးယန္တရားများ၏ ငွေကြေးထုတ်ကုန်များအား လွှမ်းမိုးရန် ရလဒ်အား အသုံးပြု၍ ပတ်ဝန်းကျင် အဆင့်အတန်းကျဆင်းခြင်းနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေ ချိတ်ဆက်မှုများကို ဖြစ်နိုင်စေသည့်အပြင် ပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေ လျှော့ချရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့စေသော ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ချေ လျှော့ချခြင်းကြား ဆက်နွှယ်မှုအား မြှင့်တင်တိုးတက်စေသည်။

## ဘက်စုံလှူဒါန်းရန်ပုံငွေများနှင့် ကနဦးလုပ်ဆောင်မှုများ

အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထောက်ပံ့မှု (GEF) သည် ဇီဝမျိုးစုံ မျိုးကွဲနှင့် ရာသီဥတုပြောင်းလဲမှု နှစ်ခုစလုံး ဦးတည်သော ရံပုံငွေမှတစ်ဆင့် ဒေသတွင်းတွင် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးတွင် အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ GEF သည် ယခုအခါ ဆဋ္ဌမအကြိမ်မြောက် ရန်ပုံငွေစက်ဝန်း (၂၀၁၄-၂၀၁၈) ရောက်ရှိနေပြီး မဟာမဲခေါင်ဒေသ ငါးနိုင်ငံအတွက် ယူရိုသန်း ၈၀ ဖြင့် စုစုပေါင်း ခွဲဝေချထားခဲ့သည်။ ထိုအထဲမှ ၄၄ ရာခိုင်နှုန်း (ယူရို ၃၅ သန်း) အား ဇီဝမျိုးစုံ မျိုးကွဲအတွက် ခွဲဝေပြီး ရာသီဥတု ပြောင်းလဲမှုအတွက် ၄၇ ရာခိုင်နှုန်း (ယူရို ၇ ဒသမ ၉ သန်း) နှင့် ကျန် ၉ ရာခိုင်နှုန်းအား မြေယာအဆင့်အတန်း ကျဆင်းခြင်းအတွက် ခွဲဝေထားခဲ့သည်။ ဗီယက်နမ်၏ ဇီဝမျိုးစုံ မျိုးကွဲအတွက် ခွဲဝေမှုသည် အမြင့်ဆုံးဖြစ်သော်လည်း GEF ၏ ခွဲဝေမှုအား ချိုင့်ကြည့်ပါက မြန်မာနိုင်ငံအတွက် အများဆုံး ခွဲဝေချထားသည်။ ချိုင့်ကြည့်ပါက မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းတို့သည် GEF ရန်ပုံငွေ၏ ၂၅ ရာခိုင်နှုန်းခန့်စီ ခွဲဝေပေးထားပြီး ကျန် ၂၅ ရာခိုင်နှုန်းအား ကမ္ဘောဒီးယားနှင့် လာအိုတို့အား ခွဲဝေရရှိခဲ့သည်။ ခွဲဝေမှုများတွင် GEF 5 မှ ခွဲဝေရရှိခြင်းထက် ယူရို ၅၃ သန်းခန့်ထိ တိုးချဲ့ရရှိခဲ့ပြီး GEF တွင် ဇီဝမျိုးစုံ မျိုးကွဲအတွက် နိုင်ငံအားလုံး ရန်ပုံငွေ ပိုမိုရရှိခဲ့ကြသည်။

၂၀၀၆ နှင့် ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံငါးနိုင်ငံတွင် GEF စီမံကိန်း ၃၃ ခုသည် ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးအား ကိုင်တွယ်ဆောင်ရွက်ခဲ့ပြီး GEF မှ ယူရို ၄ ဒသမ ၆ သန်း မြှုပ်နှံပြီး ယူရို ၃၃၅ သန်းကျော်ကို ပူးပေါင်းရန်ပုံငွေ ထည့်ဝင်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ ဧပြီလအရ ဤထဲမှ စီမံကိန်း ၃၀ (ယူရိုသန်း ၆၀) သည် အကောင်အထည်ဖော်နေဆဲ သို့မဟုတ် အတည်ပြုသည့် လုပ်ငန်းတွင် အဆင့်အမျိုးအမျိုးထိ ရောက်နေကြပြီး ၃ ခုမှာ ပြီးဆုံးပြီဖြစ်သည်။ ၂၉၃ ခုမှာ အစိုးရ သို့မဟုတ် ကဏ္ဍစုံ အေဂျင်စီများမှ အကောင်အထည်ဖော်လျက်ရှိပြီး တစ်ခုမှာ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု (WCS) မှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ စီမံကိန်းများမှ ဗီယက်နမ်နိုင်ငံတွင် ၁၅ ခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ခု၊ ထိုင်းနှင့် ဗီယက်နမ်တို့တွင် ၇ ခုစီ၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် ၅ ခုစီ ဖြစ်ကြသည်။ ၅ ခုမှာ ဒေသတွင်း အဆင့် (အရှေ့တောင်အာရှ သို့မဟုတ် မဟာမဲခေါင်) နှင့် ၂ ခုမှာ နိုင်ငံတကာအဆင့် ဖြစ်သည်။ စီမံကိန်းများကို ကြည့်ခြင်းဖြင့် အကြီးစား မြေယာရှုခင်း ချဉ်းကပ်မှုအား ပေါင်းစည်းခြင်းအား အလေးထားကြောင်း သိသာနေပြီး စီမံကိန်း ၃၃ ခုထဲမှ ၂၃ ခု (ယူရို ၆၅ သန်း) သည် ဤနေရာတွင် အလေးထား အခြေတည်ထားသည်။ စီမံကိန်း ၄ ခုသာ ကာကွယ်တော ဒေသများ စီမံခန့်ခွဲမှုကို အဓိကဦးတည်ပြီး၊ အခြား ၆ခုမှာ ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် စွမ်းဆောင်ရည်




အစုအဖွဲ့ပိုင် သစ်တောစီမံအုပ်ချုပ်မှုအဖွဲ့၊ ကမ္ဘောဒီးယား၊ ဥရောပရန်ပုံငွေသည် ဒေသ NGO ဖြစ်သော Miup Batong အား စားဝတ်နေရေး တိုးတက်စေရန်နှင့် ၎င်းတို့၏ သယံဇာတများအား ရေရှည်အတည်ပြုနိုင်ရန် သစ်တောအစုအဖွဲ့များနှင့် လုပ်ဆောင်ရန် ကူညီထောက်ပံ့ခဲ့သည်။

မြှင့်တင်ခြင်းတို့အား အလေးထား ဦးတည်ထားသည်။ တစ်ခွင်တစ်ပြင် ချဉ်းကပ်နည်းလမ်းများမှာ အရေးကြီးသော်လည်း (အပိုင်း ၄ ဒသမ ၃ တွင် ကြည့်ပါ) ၎င်းတို့သည် ရှုပ်ထွေးပြီး ၎င်းတို့၏ ဇီဝမျိုးစုံမျိုးကွဲကာကွယ်ရေး ရည်ရွယ်ချက်များအား ဆုံးရှုံးနိုင်ခြေရှိပြီး ရင်းမြစ်များကို အလွန်နည်းပါးစွာ ဖြန့်ဝေသုံးစွဲရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအကြား သင့်တော်သော ထိန်းကျောင်းမှုမရှိပါက လျစ်လျူရှုခံ ထိန်းသိမ်းရေးနယ်မြေများ ပတ်ဝန်းကျင်တွင် အောင်မြင်နေသော အသက်မွေးဝမ်းကျောင်းစနစ်များ ဖော်ထုတ်ပေးနိုင်လင့်ကစား (ကြိုးစား ပြုလုပ်ပြီးနောက် ရရှိလာသည့် အချိန်တွင် မုန်းတီးသွားတတ်သည့်) ဒိုးနက်သက်ရောက်မှုကို ဖြစ်စေနိုင်ပါသည်။

မြန်မာနိုင်ငံမှလွဲ၍ မဟာမဲခေါင်ဒေသနိုင်ငံအားလုံးတွင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော စီမံကိန်းများအတွက် ဒေသအစိုးရမဟုတ်သော အဖွဲ့များနှင့် အစုအဖွဲ့အုပ်စုများက ထောက်ပံ့ငွေ ပေးအပ်သော GEF အသေးစားထောက်ပံ့မှု အစီအစဉ်များ ရှိကြသည်။ ၂၀၀၆ မှ ၂၀၁၀ အတွင်း ဒေသတွင်းရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများအား ထောက်ပံ့မှုအနေဖြင့် ယူရို ၃ သန်း ရန်ပုံငွေ ပေးအပ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန် အစီအစဉ်သည် GEF မှ ထောက်ပံ့သော ၇ နှစ်တာ ကနဦးဆောင်ရွက်မှုဖြစ်ပြီး အာဖရိကနှင့် အာရှကြား တောရိုင်းတိရစ္ဆာန် ရာဇဝတ်မှုများအား ဖြေရှင်းရန် ရည်ရွယ်သည်။ အစပိုင်းတွင် အာဖရိကအား ဦးစားပေးခဲ့ပြီး မကြာသေးမီက ထိုင်းနှင့် ဗီယက်နမ် ပါဝင်လာရန် အစီအစဉ်အား ချဲ့ထွင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကျားကနဦး လုပ်ဆောင်မှုအား ကျားကျက်စားရာ နိုင်ငံ ၁၃ ခုမှ ဦးဆောင်ခဲ့ပြီး ဝါရှင်တန်ဒီစီရှိ အဖွဲ့ဝင်တစ်ခုမှ ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်နှင့် အခြား အလှူရှင်များစွာမှ ကူညီ ထောက်ပံ့သည်။ မဟာမဲခေါင်ဒေသနိုင်ငံ ငါးနိုင်ငံသည် အစီအစဉ်တွင် ပါဝင်သော ကျားကျက်စားရာနိုင်ငံ အဖွဲ့ဝင်များ ဖြစ်ကြသည်။

အရေးကြီး ဂေဟာစနစ်များဆိုင်ရာ မိတ်ဖက်အစီအစဉ် (CEPF) သည် ဇီဝမျိုးစုံ မျိုးကွဲထင်ရှားသည့် နေရာများတွင် လူမှုစီးပွားရေးအဖွဲ့အစည်းများ ထိန်းသိမ်းရေး လုပ်ဆောင်ချက်လုပ်ရန် ထောက်ပံ့မှုအသေးစားများ ပေးအပ်သည်။ CEPF ၏ ပထမအဆင့်တွင် (ဤအခန်းတွင် ဖော်ပြထားသည့် မဟာမဲခေါင်ဒေသနှင့် ထပ်တူညီလုနီးပါး အခြေအနေတွင် ရှိနေသည့်) အင်ဒို-မြန်မာ အရေးကြီးနယ်မြေ Indo-Burma hotspot အတွင်း ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း

CSOs ၆၆ ဖွဲ့အား အကူအညီစီမံကိန်း ၁၂၃ ခုဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ သန်း ထောက်ပံ့ပေးခဲ့သည်။ ဤအဆင့်တွင် ထောက်ပံ့ပေးသော ပမာဏထက်ဝက်ခန့်နီးပါးကို မျိုးစိတ်ကာကွယ်ရေးအတွက် ခွဲဝေပေးထားပြီး အထူးသဖြင့် တရားမဝင် တောရိုင်းတိရစ္ဆာန်ကုန်သွယ်မှုအား သုတေသနနှင့် အရေးယူဆောင်ရွက်မှုအား ဦးစားပေးဆောင်ရွက်ရန် ဖြစ်သည်။ လက်ရှိအဆင့် (၂၀၁၃-၂၀၁၈) အတွက် အမေရိကန်ဒေါ်လာ ၈ သန်း ရရှိသည်။

ပထမအဆင့်အတွင်း အင်ဒို-မြန်မာရှိ CEPF သည် အောက်ပါအဓိက သက်ရောက်မှုများမှတစ်ဆင့် မဟာမဲခေါင်ဒေသနိုင်ငံများရှိ အာအိချီ ရည်မှန်းချက် ပစ်မှတ် ၂၀ အနက် ၁၂ ခုအား ဆောင်ရွက်နိုင်ခဲ့သည်။

- အလွန်အကျွံထုတ်ယူခြင်းနှင့် တရားမဝင်ကုန်သွယ်မှုမှ ကမ္ဘာလုံးအနေအထားဖြင့် မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော မျိုးစိတ် ၃၂ မျိုး၏ ပင်မဦးရေများအား ထိန်းသိမ်းလုံခြုံစေခဲ့သည်။
- ထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ခြင်းနှင့် တိုးချဲ့ခြင်း ၁၅၀၀ စတုရန်းကီလိုမီတာ ပုံစံတကျ ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းရေးနယ်မြေ ၁၆၀၀၀ စတုရန်းကီလိုမီတာတွင် အုပ်ချုပ်လုပ်ကိုင်မှုများ တိုးတက်စေခြင်း၊ ထုတ်လုပ်ရေးနယ်မြေများအနက် ၃၆၀၀ စတုရန်းကီလိုမီတာကျော်တွင် ဇီဝမျိုးစုံ မျိုးကွဲအလေးထားသည့် စီမံအုပ်ချုပ်မှု တည်ထောင်ခြင်း။
- စီမံကိန်းနေရာများရှိ ဒေသအစုအဖွဲ့ ၁၈၆ ခုအား ထင်သာမြင်သာသည့် လူမှုစီးပွားရေး အကျိုးအမြတ်အား ပေးအပ်ခဲ့သည်။
- မျိုးစိတ် ၃၁၂၂ ခုအတွက် ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်ဆန်းစစ်မှုအား ပြီးစီးခဲ့ပြီး မျိုးစိတ် ၆ ခုအတွက် အရေးတကြီးလိုအပ်သော အချက်အလက်သစ်များအား ထုတ်ပြန်နိုင်ခဲ့သည်။
- ထိန်းသိမ်းရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရန် လူမှုစီးပွားရေးအဖွဲ့အစည်း ကိုးခုအား တည်ထောင်ခြင်း သို့မဟုတ် အားကောင်းလာစေခဲ့သည်။





# ၄

## လေ့လာရရှိခဲ့သော သင်ခန်းစာများ

အာရှကုန်းလိပ်ကြီး (Asian forest tortoise) ကို တောင်အာရှနှင့် အရှေ့တောင်အာရှရှိ အချို့ဒေသများတွင် တွေ့ရပြီး အာရှဒေသတွင် အကြီးဆုံးသော ကုန်းလိပ်ဖြစ်သည်။ အခြားလိပ်များနှင့်မတူဘဲ လိပ်မများသည်သားပေါက်များကို ပြုစုစောင့်ရှောက်နိုင်ရန် သစ်ရွက်များကို စုစည်း၍ ကျင်းဝပ်လေသည်။ အမဲလိုက်သတ်ဖြတ်မှုနှင့် အိမ်မွေးတိရစ္ဆာန် ကုန်သွယ်မှုများမှာ အဆိုပါမျိုးစိတ်အပေါ် ကျရောက်လျက်ရှိသော အန္တရာယ်ဖြစ်သည်။ (လှောင်အိမ်ထဲရိုက်ထားသောဓာတ်ပုံ)

# ၄။ လေ့လာရရှိခဲ့သော သင်ခန်းစာများ

မဟာမဲခေါင်ဒေသသည် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ခြိမ်းခြောက်ခံ မျိုးစိတ်များစွာ မှီတင်းကျက်စားရာ ဒေသဖြစ်ပြီး တစ်ကမ္ဘာလုံးမှ အထူးအလေးထား ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။ ထိုဒေသသည် လူဦးရေထူထပ်သော ဒေသဖြစ်ပြီး စက်မှုလုပ်ငန်းများ ချဲ့ထွင်ထွန်းကား၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက် ရှိသော်လည်း ဒေသတွင်းတွင် ဆင်းရဲနွမ်းပါးမှုများ ကျန်ရှိသေးသောကြောင့် တိုင်းရင်းသား မျိုးနွယ်စုများနှင့် ယဉ်ကျေးမှုဓလေ့ ထုံးထမ်းများ စုံလင်ကွဲပြားခြင်း စသည်တို့ကို ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ဤအခန်းတွင် ဒေသတွင်းရှိ ဇီဝမျိုးစုံ မျိုးကွဲများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့သည့် သယံဇာတ ထုတ်ယူသုံးစွဲမှုကို မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ရရှိသောသင်ခန်းစာများကို မီးမောင်းထိုး ဖော်ပြထားပြီး ယင်းသင်ခန်းစာများမှာ အခန်း ၅ တွင် ဆွေးနွေးထားသည့် ဦးစားပေးလုပ်ငန်းများ ချမှတ်ရာတွင် အသုံးဝင်နိုင်ပါသည်။

## ၄.၁ တောရိုင်းတိရစ္ဆာန်ခိုးယူသတ်ဖြတ်မှုများ

တောရိုင်းတိရစ္ဆာန် ခိုးယူသတ်ဖြတ်မှုများသည် ဒေသတွင်းရှိ ဇီဝမျိုးစုံ မျိုးကွဲများအပေါ် အဓိက ခြိမ်းခြောက်လျက်ရှိသော အရာဖြစ်သော်လည်း ထိရောက်လုံလောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ခိုးယူသတ်ဖြတ်ရောင်းဝယ်သူများမှာ ကွန်ရက်ချိတ်ဆက် လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတကာ မှောင်ခိုလမ်းကြောင်းများကို ပိတ်ဆို့ဖမ်းဆီးမှုများကို ကျော်လွှား၍ တောရိုင်းတိရစ္ဆာန် မျိုးစိတ်သစ်နှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ကြသည့်အပြင် လူမှုမီဒီယာများနှင့် ဈေးကွက်၏ လိုအပ်ချက်များနှင့် ကိုက်ညီသော မျိုးစိတ်သစ်များကို ရှာဖွေဖော်ထုတ် ရောင်းဝယ်နိုင်ကြသည်။ (အခန်း ၂.၁.၁) အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်း၍ အချက်အလက်များ မျှဝေပြီး စွမ်းဆောင်ရည်များ တည်ဆောက်ခြင်းဖြင့် ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သော အရင်းအမြစ်များကို ထောက်ပံ့ပေးနိုင်ရန် လုပ်ငန်းအစီအစဉ်များနှင့် ဆွေးနွေးပွဲများ ရေးဆွဲချမှတ် အကောင်အထည် ဖော်ခဲ့သော်လည်း ဥပဒေတိုင်းအရေးယူဆောင်ရွက်နိုင်မှု အနည်းငယ်မှလွဲ၍ တရားမဝင် မှောင်ခိုမှုများ ထိရောက်စွာ တိုက်ဖျက်ချေမှုန်းနိုင်ခြင်း မရှိသေးပေ။

တောရိုင်းတိရစ္ဆာန်များ ခိုးယူသတ်ဖြတ်မှုများကို တိုက်ဖျက်လျှော့ချရာတွင် ထည့်သွင်းစဉ်းစားရမည့် သင်ခန်းစာများနှင့် ထိရောက်သော ချဉ်းကပ်မှုများကို အောက်တွင် ဖော်ပြထားပါသည်။

- ဝယ်လိုအားလျှော့ချစေရေး အသိပညာပေး လူထုလှုပ်ရှားမှုများ ပြုလုပ်ခြင်း ထိရောက်ပြီး အာဏာပိုင် အဖွဲ့အစည်းများသည် တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများ မှောင်ခိုရောင်းချမှုကို ထိရောက်စွာ တားမြစ်နိုင်ပါက စားသုံးသူများသည် မိမိတို့၏ အမူအကျင့်များကို ပြောင်းလဲလာမည် ဖြစ်သည်။ သို့သော်လည်း စားသုံးသူများ၏ အရိုးစွဲလာသော နားလည်သဘောပေါက်မှုများကို ပြောင်းလဲရန်မှာ ရေရှည်ကတိကဝတ်ပြု၍ နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်ရန် လိုပါသည်။ လက်ရှိကာလတွင် လူထုလှုပ်ရှားမှု အများစုကို အစိုးရဌာန၏ ထောက်ခံအားပေးမှုဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဦးဆောင်ကျင်းပ ဆောင်ရွက်ကြပါသည်။ လူထုလှုပ်ရှားမှုများ ပြုလုပ်ရာတွင် ဆင်ကဲ့သို့သော လူသိများထင်ရှားသည့် မျိုးစိတ် တစ်ခုတည်းတွက်သာ ဆောင်ရွက်ကြပြီး ကျား၊ အခြား အာရှကြောင်ကြီးများနှင့် ယင်းတို့၏ အစိတ်အပိုင်းများအပေါ် ဝယ်လိုအားကို လျှော့ချနိုင်ရန် လူထုပညာပေးလှုပ်ရှားမှု ဆောင်ရွက်မှု အားနည်းလေသည်။ ရေရှည်တွင် ဝယ်လိုအား လျှော့ချမှုဆိုင်ရာ လုပ်ဆောင်ချက်များသည် ဤပြဿနာအတွက် အရေးပါသော ဖြေရှင်းချက် ဖြစ်လာနိုင်သော်လည်း ထပ်မံခိုးယူ သတ်ဖြတ် ရောင်းချမှုများကို ကန့်သတ်လျှော့ချနိုင်ရန် တရားဥပဒေနှင့်အညီ ကြပ်မတ် ဆောင်ရွက်မှုများကိုလည်း လုပ်ကိုင်ရမည် ဖြစ်သည်။
- ဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုပါသည်။ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကောက်ခွန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး စသော ကိစ္စများကို ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ ပူးပေါင်းလက်တွဲ၍ ထိရောက်သော သတင်းအချက်အလက်များကို ရယူ အကောင်အထည်ဖော်နိုင်ခဲ့ပါက ရလဒ်ကောင်းများ ရရှိမည်ဖြစ်သည်။ ဖော်ပြပါလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ စီမံကိန်းများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ယူ ဆောင်ရွက်နိုင်သော်လည်း တရားဥပဒေစိုးမိုးမှုကို မြှင့်တင်ရာတွင် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စနစ်များကို တိကျသေချာစွာ ထုတ်ပြန်ပြဋ္ဌာန်းရန် လိုလေသည်။
- တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် မှန်ကန်သော သတင်းအချက်အလက်များ လိုအပ်ပါသည်။ ခိုးယူသတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေး ဖော်ထုတ်နိုင်ရန် သတင်းအချက်အလက်



တောရိုင်းတိရစ္ဆာန်ပြစ်မှုများကို သိပ္ပံနည်းကျ ဆန်းစစ်ဖော်ထုတ်ခြင်းဆိုင်ရာသင်တန်း၊ ထိုင်းနိုင်ငံ။ တောရိုင်းတိရစ္ဆာန်များ မှောင်ခို ရောင်းဝယ်ဖောက်ကားမှုကို တိုက်ဖျက်ရာတွင် ဥပဒေအတိုင်း ဆောလျင်စွာ ကြပ်မတ်ဆောင်ရွက်ချက်များ၊ တိကျပြင်းထန်သော ဥပဒေများ၊ မူဝါဒများနှင့် စားသုံးသူများ၏ အတွေးအမြင်နှင့် အမူအကျင့်များ ထာဝရပြောင်းလဲမှု စသည်တို့ လိုအပ်လေသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည်လည်း မှောင်ခိုမှုများ တိုက်ဖျက်ရာတွင် အခရာကျလေသည်။

များ စုဆောင်းခြင်း၊ မျှဝေခြင်းနှင့် ခေတ်မီနည်းပညာများကို အသုံးပြုခြင်း စသည်တို့ကို ဆောင်ရွက်ရန် လိုသော်လည်း လုပ်ငန်းဆောင်ရွက်ချက်များ ပေါင်းစပ်ဖော်ဆောင်နိုင်သော နည်းလမ်းများလည်း ရှိပါသည်။

- တရားဥပဒေစိုးမိုးရေးကို အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ပါက ကုန်ပစ္စည်းများကို ဖမ်းဆီးရမိပြီး မှောင်ခိုသမားကို အပြစ်ပေး အရေးယူနိုင်မည် ဖြစ်သည်။ မှောင်ခိုကုန်ကူးမှုများမှ အကျိုးအမြတ်နှင့် ရန်ပုံငွေကြေးများစွာ ရရှိသူများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ ပြင်းထန်သော ထောင်ဒဏ်ချမှတ်ရမည်ဖြစ်သည်။ ထိုသို့ ဖောင်ဆောင်နိုင်ရန် ထောင်ဒဏ်ချခြင်းဆိုင်ရာ လမ်းညွှန်များ ရေးဆွဲခြင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးများကို မွမ်းမံပြင်ဆင်ခြင်းနှင့် ရဲအရာရှိ၊ စုံစမ်းထောက်လှမ်းရေးအရာရှိနှင့် တရားသူကြီးတို့အကြား ကျွမ်းကျင်မှုများ မျှဝေတည်ဆောက်ခြင်း အပါအဝင် ဥပဒေအတိုင်း ကြပ်မတ်ဆောင်ရွက်မှုများကို မြှင့်တင်ခြင်း စသည်တို့ကို လုပ်ကိုင်ရမည် ဖြစ်သည်။
- လုံလောက်သော ဥပဒေများကိုပြဋ္ဌာန်း၍ ယင်းဥပဒေစိုးမိုးရေးကို ဖော်ဆောင်နိုင်ရန် နိုင်ငံရေးအရ ထောက်ခံအားပေးမှု ရရှိရန်လည်း လိုအပ်ပါသည်။ နိုင်ငံတကာ ကတိကဝတ်များ၊ စီးပွားရေးအရ ထိခိုက်နစ်နာမှုများကြောင့် ရရှိသော ရန်ပုံငွေများ၊ စီမံအုပ်ချုပ်မှုများ (စနစ်တကျ ကျူးလွန်သော ပြစ်မှုများအပေါ်) နှင့် လူမှုရေး/ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်ပျက်စီးမှုများ (ယဉ်ကျေးမှု ဓလေ့ထုံးထမ်းများအရ အရေးပါသောမျိုးစိတ်များ ပျောက်ကွယ်သွားခြင်း၊ အသက်မွေးမှုများ ဆုံးရှုံးခြင်း) စသည်တို့သည် မူဝါဒချမှတ်သူများ၏ ထောက်ခံအားပေးမှုများကို ရယူနိုင်ရန် ကြိုးပမ်းရာတွင် များစွာ အရေးပါလှသည်။
- နိုင်ငံတကာတွင် ဖြစ်ပွားလျက်ရှိသော တောရိုင်းတိရစ္ဆာန်များ ခိုးယူသတ်ဖြတ်မှုဆိုင်ရာ ပြစ်မှုများမှာလည်း ဖော်ပြပါ အခြေအနေများနှင့် ကိုက်ညီမှုရှိသောကြောင့် နိုင်ငံတကာနှင့် ဆက်သွယ်၍ ပူးပေါင်း ဆောင်ရွက်မှုမှာ အရေးပါလှသည်။ ပြည်တွင်း၌ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများသည် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း၊ အချက်အလက်များနှင့် သတင်းများကို မျှဝေခြင်းနှင့် ဝယ်လိုအား လျှော့ချသည့် လူထုလှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့မှာ အရေးပါသော ကိစ္စရပ်များဖြစ်သည်။ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံတကာ အစီအစဉ်များ ရှိသော်လည်း အားကောင်းလာစေရန် မြှင့်တင်ရန်လိုပါသည်။
- လူသားနှင့် တောရိုင်းတိရစ္ဆာန်ပဋိပက္ခများနှင့် တစ်နိုင်တစ်ပိုင် အမဲလိုက်မှုများက တောရိုင်းတိရစ္ဆာန်ပြစ်မှုများ ပိုမိုဖြစ်ပွားစေလျှင် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အတူတကွ ဖြေရှင်းဆောင်ရွက်ရန် လိုသည်။

## ၄.၂ သဘာဝထိန်းသိမ်းရေးနယ်မြေများ

သဘာဝထိန်းသိမ်းရေး နယ်မြေများကို ဖွဲ့စည်းခြင်းသည် တောရိုင်းတိရစ္ဆာန်များနှင့် ဂေဟစနစ်များ ပြည့်ဝစုံလင်စွာ တည်ရှိမှုကို ကာကွယ်ထိန်းသိမ်းနိုင်သော ထိရောက်သည့် နည်းလမ်းတစ်ခု ဖြစ်သော်လည်း လက်ရှိစီမံအုပ်ချုပ်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုမှာ နိမ့်ပါးလျက်ရှိသည်။ ဒေသတွင်း အစိုးရများသည် ကျယ်ပြန့်သော ဧရိယာများကို ထိန်းသိမ်းရေး နယ်မြေများအဖြစ် သတ်မှတ်ဖွဲ့စည်းထားသော်လည်း ထိန်းသိမ်းရေး နယ်မြေပြင်ပရှိ အချို့မျိုးစိတ်များနှင့်



လာအိုနိုင်ငံ၊ နမ်အဲဖိုလောင် အမျိုးသားဥယျာဉ်နှင့် ထိစပ်လျက်ရှိသော တစ်နိုင်တစ်ပိုင် မြေအသုံးချမှုများ။ သဘာဝထိန်းသိမ်းရေး နယ်မြေများကြားနှင့် ဝန်းကျင်ရှိ တစ်နိုင်တစ်ပိုင် မြေအသုံးချမှုများသည် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ် ကာကွယ်ထိန်းသိမ်းရေးကို အထောက်အကူပြုပါသည်။ ဥယျာဉ်စီမံအုပ်ချုပ်သည့် အဖွဲ့အစည်း၊ ဒေသခံပြည်သူများနှင့် ဒေသန္တရအစိုးရများတို့အကြား ပူးပေါင်းလက်တွဲဆောင်ရွက်မှုကို ဖော်ဆောင်ရန် လိုအပ်သည်။

ဂေဟစနစ်များကိုလည်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပြီး နယ်မြေအများစုသည် ဧရိယာအတွင်းရှိ ဇီဝမျိုးစုံ မျိုးကွဲများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ခြင်း မရှိပေ။ (အခန်း ၃.၁.၂) ပြဿနာမှာ အရင်းအမြစ်များကို ပိုမိုထောက်ပံ့ရန် လိုခြင်းဖြစ်သည်။ ထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ရာတွင် ကျေးလက်ဒေသခံ ပြည်သူများနှင့် ပူးတွဲလုပ်ကိုင်နိုင်ပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာသော ဖွံ့ဖြိုးမှုများနှင့် သဟဇာတဖြစ်သော ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းများကို ဖော်ထုတ်ရမည် ဖြစ်သည်။ သဘာဝထိန်းသိမ်းရေး နယ်မြေများနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရမည့် သင်ခန်းစာများနှင့် အလားအလာရှိသော ချဉ်းကပ်ဆောင်ရွက်ရမည့် နည်းလမ်းများကို အောက်တွင် ဖော်ပြထားပါသည်။

- သဘာဝထိန်းသိမ်းရေး နယ်မြေဝန်ထမ်းများ အမြဲတက်ကြွစွာ လှုပ်ရှားနေခြင်းသည် နယ်မြေ၏ လုံခြုံရေးကို စိတ်ချရရုံမျှမက ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုစေသည်။ ကွင်းဝန်ထမ်း အလုံအလောက် ခန့်ထားရန် ငွေကြေး အခက်အခဲရှိပါက ဧရိယာဒေသတစ်ခွင်မှ ကောက်ယူစုဆောင်းထားသော ခြိမ်းခြောက်မှုနှင့် ကင်းလှည့်လုပ်ငန်းများ၏ အချက်အလက်များကိုသုံး၍ အစီအစဉ် ရေးဆွဲနိုင်ပါက ပိုမိုဗျူဟာကျ၍ အကျိုးရှိနိုင်ပါသည်။ ဥပမာအားဖြင့် ဒေသတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေ အများစုတွင် SMART စနစ်ကို အသုံးပြုနေပြီ ဖြစ်သည်။ (အခန်း ၃.၁.၂) ထိရောက်သော စီမံအုပ်ချုပ်မှုများကို တိုင်းတာသည့် နည်းလမ်းများကို အသုံးပြု၍ သက်ရောက်မှုများကို လေ့လာစောင့်ကြည့်နိုင်ပြီး ပြောင်းလဲမှုများကိုလည်း သိရှိနိုင်မည် ဖြစ်သည်။ ရေရှည်တွင် ထိန်းသိမ်းရေး နယ်မြေဝန်ထမ်းများကို အသိပညာပေးခြင်း၊ ပျိုးထောင်မွေးထုတ်ခြင်းနှင့် ချီးမြှင့်သည့်စနစ်ကို တိုးချဲ့ အသုံးပြုရန် လိုပါသည်။
- ဒေသခံပြည်သူများနှင့် ဒေသန္တရ အစိုးရများသည် သဘာဝထိန်းသိမ်းရေးနယ်မြေများကို အသက်မွေးမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုများကို ဖော်ဆောင်ရာတွင် အတားအဆီးများအဖြစ် ရှုမြင်ကြသည်။ အချို့ ပြဿနာများ (လူသားနှင့် တောရိုင်းတိရစ္ဆာန်ပဋိပက္ခ)ကို တိုက်ရိုက် ဖြေရှင်းလျှော့ချနိုင်ပြီး အချို့ကိစ္စရပ်များတွင် ထိန်းသိမ်းရေး နယ်မြေ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဗျူရိုကရေစီ ကြိုးနီစနစ်များကို ဖြေလျှော့ပေးနိုင်ခဲ့ပါက ဒေသခံများ၏ အကျိုးစီးပွားများကို မထိခိုက်ဘဲ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ် ထိန်းသိမ်းနိုင်မည် ဖြစ်သည်။ ဇီဝမျိုးစုံ မျိုးကွဲများ၏ တန်ဖိုးများကို မထိခိုက်ဘဲ ပူးတွဲဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဖော်ဆောင်နိုင်သည့် အချိန်တွင် ဇီဝမျိုးစုံ မျိုးကွဲကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်များကို ပိုမိုရှင်းလင်း ဖော်ပြနိုင်မည်ဖြစ်သည်။
- ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် သဘာဝထိန်းသိမ်းရေးနယ်မြေ တည်ထောင်ခြင်းကြောင့် ရှောင်လွဲမရနိုင်သည့် ဆုံးရှုံးမှုများကို ရင်ဆိုင်ခဲ့ရပါက ယင်းတို့ကို ဧရိယာတစ်ခွင်တစ်ပြင်ထိန်းသိမ်းသည့် ချဉ်းကပ်ဆောင်ရွက်မှုနှင့် စီမံကိန်းများ

(ဥပမာ-ဂေဟာစနစ်ဝန်ဆောင်မှုများ၊ အသေးစားလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်း)စသည်တို့ကိုအကောင်အထည်ဖော်၍ဖြစ်စေ၊ ဗဟိုအစိုးရမှ ထောက်ပံ့မှုများ ပေးအပ်ခြင်းဖြင့်ဖြစ်စေ အစားထိုး လျှော့ချနိုင်ပါသည်။ ထိုသို့သော စနစ်များကို အကောင်အထည် ဖော်ရာတွင် တန်းတူညီမျှမှုနှင့် အကျိုးထိရောက်မှုတို့ကို ထည့် သွင်းစဉ်းစားရန် လိုသည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည် တည်တံ့ရေး၏ အရေးပါမှုကိုလည်း မပြတ်ဆင်ခြင်ရမည် ဖြစ် သည်။

- မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် သဘာဝထိန်း သိမ်းရေး နယ်မြေ ပြင်ပတွင် အရေးပါသော သဘာဝဂေဟာစနစ် များ ရှိပါသည်။ ထိန်းသိမ်းရေးနယ်မြေများကို ချဲ့ထွင်ရန် လို အပ်သကဲ့သို့ ဒေသခံပြည်သူ ပူးပေါင်း ထိန်းသိမ်းနယ်မြေ၊ ပုဂ္ဂလိကထိန်းတော စသည့် ဆန်းသစ်တီထွင်သော ချဉ်းကပ် ဆောင်ရွက်မှုများကိုလည်း ဖော်ထုတ်သင့်ပါသည်။
- အထက်ပါကိစ္စများကို ဆောင်ရွက်ရန်မှာ မူဝါဒချမှတ်သူများ၏ နိုင်ငံရေး ထောက်ခံအားပေးမှုများသာမက ပြည်သူလူထု၏ အားပေး လက်ခံမှုများမှာလည်း မရှိမဖြစ် လိုအပ်ပါသည်။ ပညာ ရေး၊ စီးပွားရေး တန်ဖိုးတွက်ခြင်းနှင့် နိုင်ငံတကာမှ အသိအမှတ် ပြုခြင်း စသည်တို့မှာ အဆိုပါထောက်ခံ အားပေးမှုများကို ရယူ ထိန်းသိမ်းရာတွင် အရေးပါလှသည်။ ကမ္ဘာ့မွေအနှစ် ထိန်းသိမ်း ရေးနယ်မြေနှင့် အာဆီယံအမွေအနှစ် ထိန်းသိမ်းရေး နယ်မြေ စသော နိုင်ငံတကာ အစီအမံများတွင်လည်း အပြည့်အဝ ပူးပေါင်းပါဝင်ခြင်း မရှိသေးပေ။ ဒေသတွင် ကမ္ဘာ့အမွေအနှစ် သဘာဝထိန်းသိမ်းရေး နယ်မြေ ၅ (ထိုင်းနိုင်ငံတွင် ၂ ခုနှင့် ဗီယက်နမ်နိုင်ငံတွင် ၃ ခု) ခုရှိပြီး အာဆီယံအမွေအနှစ်ဉယျာဉ် ၂၀ ရှိပါသည်။

## ၄.၃ ထိန်းသိမ်းရေးအတွက် တောတောင်ရေမြေ တစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်မှု

ထိန်းသိမ်းရေးဆိုင်ရာ တောတောင်ရေမြေ တစ်ခွင်တစ်ပြင် ချဉ်း ကပ်ဆောင်ရွက်မှုသည် သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရာ တွင် အကျိုးသက်ရောက်မှုရှိသော နည်းလမ်းဖြစ်ပြီး ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်များကို သဟဇာတဖြစ်စွာ ဖော် ဆောင် ဖြည့်ဆည်းပေးနိုင်လေသည်။ မတူညီသော မြေအသုံးချမှု များနှင့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်လျက်ရှိသော အကျိုးဆက်စပ် ပတ်သက်သူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးရေးနှင့် အသက်မွေးမှု ခိုင်မာရေးဆိုင်ရာ မျှော်မှန်းချက်များ ပျက်ပြားခြင်း မရှိစေဘဲ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ရလဒ် ကောင်းများကို ရရှိနိုင်မည် ဖြစ်သည်။[၁၀၃] အဆိုပါ ချဉ်းကပ်ဆောင်ရွက် သည့် နည်းလမ်းသည် ရေရှည်မတည်တံ့သည့် မြေအသုံးချမှု သို့မဟုတ် ညှိဖျင်းသော မြေအသုံးချမှုစီမံကိန်းများ ရေးဆွဲထားရှိမှု စသော ပြဿနာ/ခြိမ်းခြောက်မှုများကို ဖြစ်စေသည့် အကြောင်းအရင်း များကို ဖော်ထုတ်ဖြေရှင်းလျက် သဘာဝထိန်းသိမ်းရေး နယ်မြေများ အပေါ် ကျရောက်လျက်ရှိသော ဖိအားများကို လျှော့ချနိုင်ပါသည်။ ထို့အပြင် သဘာဝထိန်းသိမ်းရေး နယ်မြေများအကြား ချိတ်ဆက်မှုကို တိုးတက် ကောင်းမွန်စေပြီး ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ အရေးပါသော တန်ဖိုးများကို တည်တံ့စေရန် ကူညီထိန်းသိမ်းပေးနိုင်ပါသည်။

တစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းဆိုင်ရာ သင်ခန်းစာများနှင့် အလားအလာရှိသော ဆောင်ရွက်မှုနည်းလမ်းများ ကို အောက်တွင် ရှင်းလင်းထားပါသည်။

- မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် သဘာဝထိန်း သိမ်းရေး နယ်မြေ ပြင်ပတွင် ဇီဝမျိုးစုံ မျိုးကွဲပေါကြွယ်ဝသော သစ်တောများနှင့် ရေဝပ်ဒေသများစွာ ရှိပါသည်။ အဆိုပါ နယ်မြေဒေသများကို ထိန်းသိမ်းကာကွယ်သင့်ပြီး သဘာဝ ထိန်းသိမ်းရေး နယ်မြေ တစ်ခုနှင့်တစ်ခုအကြား ချိတ်ဆက်မှုကို ဖော်ဆောင်နိုင်သော်လည်း အများစုမှာ နိုင်ငံပိုင်သစ်တောများ ဖြစ်ပြီး ထိရောက်စွာ စီမံအုပ်ချုပ်ထားနိုင်ခြင်း မရှိပေ။ တရားဝင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ပြည်သူလူထုအခြေပြု သစ် တောစီမံ အုပ်ချုပ်မှုများသည် အချို့ဒေသတွင်သာ အကျိုး ထိရောက်မှု ရှိသည်ကို တွေ့ရပါသည်။
- တောရိုင်းတိရစ္ဆာန် စုံလင်ကြွယ်ဝသော ဧရိယာများသည် သီးနှံ နှင့် မွေးမြူရေးဆိုင်ရာ မျိုးရိုးဗီဇများ စုံလင်စွာတည်ရှိသော ပင်မနယ်မြေများပင် ဖြစ်သည်။ ထိုစုံလင်ကွဲပြားသော မျိုးစိတ် များကို ထိန်းသိမ်းခြင်းဖြင့် လူသားနှင့် နယ်မြေတို့အကြား ယဉ် ကျေးမှုဆိုင်ရာ ချိတ်ဆက်မှုကို ခိုင်မာအားကောင်းစေပြီး အဆိုပါ နယ်မြေတစ်ခွင်တစ်ပြင် ကာကွယ်ထိန်းသိမ်းရေးကို အထောက် အကူပြုမည် ဖြစ်သည်။[၁၀၄] ထိုဒေသရှိ မွေးမြူရေးမျိုးစိတ်နှင့် မျိုးစုံမျိုးကွဲများကို စာရင်းပြုစု မှတ်တမ်းတင်ခြင်းသည်လည်း ထိရောက်သော နည်းလမ်းဖြစ်ပါသည်။ ပြည်သူပူးပေါင်းပါဝင် သော ဇီဝမျိုးစုံမျိုးကွဲများ စာရင်းကောက်ယူသည့် နည်းလမ်း

[၁၀၃] There is extensive literature on landscape approaches. The CBD has adopted 10 principles for landscape approaches: continual learning and adaptive management; common cause entry point; multiple scales; multifunctionality; multiple stakeholders; negotiated and transparent chain logic; clarification of rights and responsibilities; participatory and user-friendly monitoring; resilience; strengthened stakeholder capacity. See Sayer J., T. Sunderland, J. Ghazoul, J-L. Pfund, D. Sheil, E. Meijaard, M. Venter, A.G. Boedhihartono, M. Day, C. Garcia, C.v. Oosten and L.E. Buck (2012). Ten principles for a landscape approach to reconciling agriculture, conservation, and other competing land uses. PNAS 110(21), pp. 8349-8356. http://www.cifor.org/publications/pdf_files/articles/ASunderland1302.pdf

[၁၀၄] For example, the multidisciplinary landscape assessment approach pioneered by CIFOR, http://www.cifor.org/mla

များကို အသုံးပြု၍ ဒေသခံများ၊ ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတများ၊ ယုံကြည်မှုများနှင့် သယံဇာတ စီမံအုပ်ချုပ်မှု အလေ့အထများကို မှတ်တမ်းတင်နိုင်မည့်အပြင် တစ်ဖက်တွင်လည်း ဒေသခံများ၏ အသိအမြင်များကို မြှင့်တင်နိုင်မည် ဖြစ်သည်။

- ကျေးရွာအဆင့် မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်း၊ သစ်တောထွက်ပစ္စည်းများကို ဈေးကွက်တင်ပို့ရောင်းချခြင်း (ကမ္ဘောဒီးယား)၊[၁၀၅] သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းရေး မက်လုံးပေးသည့်စနစ်များ (ဗီယက်နမ်)၊ ထိန်းသိမ်းရေးနှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးရေး နည်းစနစ်များကို အသုံးပြုစေခြင်းနှင့် သစ်တောဂေဟစနစ် ဝန်ဆောင်မှုများဆိုင်ရာ ငွေပေးချေမှုများစသော ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အသုံးဝင်သည့် နည်းလမ်းများစွာ ရှိပါသည်။ ချဉ်းကပ် ဆောင်ရွက်မည့် လုပ်ငန်းစနစ်များကို ရွေးချယ်ရာတွင် ယင်းလုပ်ငန်းစနစ်များတွင် ပူးပေါင်းပါဝင်မည့် လူ့အုပ်စုများ၏ စွမ်းဆောင်ရည်ကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။ စီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်ရာတွင်လည်း ရေရှည်တည်တံ့သည့် မြေယာတစ်ခွင်တစ်ပြင် စီမံအုပ်ချုပ်မှုများနှင့် ချိတ်ဆက်လုပ်ကိုင်ရမည်ဖြစ်သည်။ သို့မှသာလျှင် စီးပွားရေးလုပ်ငန်းများသည် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု၍ မြေယာစီမံအုပ်ချုပ်ရေးဆိုင်ရာ ရည်မှန်းချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။
- လုံခြုံစိတ်ချမှု အစီအမံများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ မက်လုံးပေးထောက်ပံ့သည့်စနစ်များ အသုံးပြုခြင်းနှင့် ဈေးကွက်လက်လှမ်းမီမှု ကောင်းမွန်စေခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် စက်မှုဇုန်နယ်မြေများကို စိမ်းလန်းစိုပြေ သာယာစေနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ရေးဆွဲစဉ်ကာလတွင် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ထိန်းသိမ်းရေး ရည်မှန်းချက်များနှင့် ကိုက်ညီသော လုပ်ငန်းများကို ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။ ဘုံရည်မှန်းချက်များကို ကြိုတင်ဖော်ထုတ် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ခြင်းသည် ပိုမိုထိရောက်အသုံးဝင်သော နည်းလမ်းဖြစ်ပါသည်။
- ထိပ်တန်းနိုင်ငံရေးသမား၏ ထောက်ခံအားပေးမှုများသည် မြေဧရိယာတစ်ခွင်တစ်ပြင်ရှိ လုပ်ငန်းအမျိုးမျိုးကို တာဝန်ယူဆောင်ရွက်သော အစိုးရဌာနများအကြား ညှိနှိုင်းတိုင်ပင်ခြင်းနှင့် ပူးတွဲဆုံးဖြတ်ချက်များ ချမှတ်ခြင်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုလိမ့်မည် ဖြစ်သည်။ (ဥပမာအားဖြင့် ထိန်းသိမ်းရေး၊ သစ်တော၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲခြင်း၊ အင်္ဂါဝါ သယံဇာတများ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ) ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဥပဒေအရ ပြဋ္ဌာန်းချက်များ (ဆွေးနွေးပွဲ၊ လုပ်ငန်းစနစ်များ) ကို ထုတ်ပြန်ထားရှိရန် လိုသည်။ မြေယာတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်ရာတွင် စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့် လုပ်ငန်းများအပေါ် ရေရှည် ကတိကဝတ်ပြု ကူညီပံ့ပိုးမှုများ ရယူထားရှိရန် လိုအပ်ပါသည်။ ကနဦးအဆင့်များတွင် စီမံချက်များနှင့် အသေးစိတ် ဆောင်ရွက်ချက်များကို ချပြ ဆွေးနွေးနိုင်ပါသည်။

လှူဒါန်းထောက်ပံ့သူများအနေဖြင့် မြေယာတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းသည် ရှုပ်ထွေးပြီး ရလဒ်များမှာ မသေချာဘဲ တိုင်းတာတွက်ချက်ရ ခက်ခဲသည်ကို သိရှိထားရန် လိုသည်။

- REDD+ လုပ်ငန်းစဉ်သည် ရေရှည်တည်တံ့သည့် မြေအသုံးချမှုကို စီမံကိန်းများဖြင့် သော်လည်းကောင်း၊ နိုင်ငံအဆင့် သော်လည်းကောင်း ဖော်ဆောင်ရာတွင် လိုအပ်သော ရန်ပုံငွေများကို ထောက်ပံ့ပေးနိုင်လေသည်။
- မြေဧရိယာ တစ်ခွင်တစ်ပြင်ရှိ မြေယာနှင့် သယံဇာတ အသုံးပြုမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းစဉ်များမှ လွှမ်းမိုးမှုရှိလေသည်။ အမျိုးသားအဆင့် မူဝါဒများနှင့် ရန်ပုံငွေထောက်ပံ့မှုများသည် လုပ်ငန်းများ အောင်မြင်ရေးအတွက် အထောက်အကူပြုပါသည်။ ထိုမူဝါဒများထဲတွင် (က) စီမံချက်ရေးဆွဲခြင်းနှင့် လိုင်စင်ချပေးခြင်း လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုရှိစေခြင်း (ခ) သယံဇာတ ထုတ်ယူသုံးစွဲသည့် လုပ်ငန်းများတွင် ရေရှည်တည်တံ့မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ထည့်သွင်းစဉ်းစားခြင်းနှင့် (ဂ) လယ်ယာထုတ်ကုန် လုပ်ငန်းရှင်များမှ သတ်မှတ်ပြဋ္ဌာန်းထားသော လုံခြုံစိတ်ချမှု အစီအမံများ၊ မိမိတို့ သဘောဆန္ဒအလျောက် ထောက်ခံစစ်ဆေးမှုများကို လိုက်နာ ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်လေသည်။

## ၄.၄ ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ အချက်အလက်များမလုံလောက်ခြင်း

အချက်အလက်များ မစုံလင်ခြင်းသည် မူဝါဒများချမှတ်ခြင်း လုပ်ငန်းစဉ်တွင် အကျိုးဆက်စပ် ပတ်သက်သူများ သို့မဟုတ် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေကာ ထိရောက်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်မဟုတ်ပေ။ မျိုးစိတ်များ ပျံ့နှံ့တည်ရှိမှုနှင့် ကောင်ရေများနှင့် ပတ်သက်သည့် အချက်အလက်များ၊ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ထိရောက်မှုနှင့် ပတ်သက်သည့် အချက်အလက်များ မရှိခြင်းသည် ဒေသတွင်း ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ကြုံတွေ့ရသောပြဿနာ/ စိန်ခေါ်မှုများ ဖြစ်သည်။

အချက်အလက်များ၊ သုတေသနများနှင့် စပ်လျဉ်းသည့် ထည့်သွင်းစဉ်းစားရမည့်အရာများနှင့် ချဉ်းကပ် ဆောင်ရွက်ရမည့် နည်းလမ်းများကို အောက်တွင် ဖော်ပြထားပါသည်။

[၁၀၅] Clements T., A. John, K. Nielsen, D. An, S. Tan and E.J. Milner-Gulland (2010). Payments for biodiversity conservation in the context of weak institutions: comparison of three programs from Cambodia. Ecol. Econ. 69, pp. 1283-1291.



ကမ္ဘောဒီးယားနိုင်ငံ၊ မဲခေါင်မြစ်တစ်လျှောက်ရှိ သစ်တောများ၊ သဲသောင်ပြင်များနှင့် မြစ်ဝှမ်းဂေဟစနစ်များ။ သဘာဝ ထိန်းသိမ်းရေးနယ်မြေ ပြင်ပနယ်မြေများရှိ ဇီဝမျိုးစုံ မျိုးကွဲများကို ကာကွယ်ထိန်းသိမ်းရာတွင် အစိုးရဌာနများ၊ ဒေသခံပြည်သူများနှင့် လုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို ရယူရမည် ဖြစ်သည်။ ဂေဟစနစ်တန်ဖိုးများကို အလေးထားပါက ရေရှည်ထုတ်ယူသုံးစွဲမှုကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။

- ဇီဝမျိုးစုံ မျိုးကွဲများနှင့် ပတ်သက်သည့် အချက်အလက်များ စုဆောင်းစီမံခန့်ခွဲခြင်းဆိုင်ရာ တရားဝင်စနစ်များမှာ အားနည်းသောကြောင့် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ အချက်အလက်များကို ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အသုံးပြုနိုင်ခြင်း မရှိပေ။ စီမံအုပ်ချုပ်မှုဆိုင်ရာ ထိရောက်မှုများကို အလေးပေး ဖော်ဆောင်ပြီး အကျိုးရလဒ်များကို သက်သေပြ ထင်ရှားစေခြင်းဖြင့် ကောင်းမွန်သော အချက်အလက်များကို ရယူရန် လိုအပ်သည်ကို နားလည်သဘောပေါက်စေနိုင်ပါသည်။
- ထိန်းသိမ်းရေးလုပ်ငန်းများ၏ သက်ရောက်မှုများ (အရေးပါသော မျိုးစိတ်အရေအတွက်၊ နေရင်းဒေသအကျယ်အဝန်း၊ ဂေဟစနစ်ဝန်ဆောင်မှုများ စသည်တို့နှင့် စပ်လျဉ်းသည့် ပြောင်းလဲမှုများ) အပေါ် စောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်ခြင်း မရှိပေ။ စောင့်ကြည့် လေ့လာရေးဆိုင်ရာ သွင်းအားစုများ (ရန်ပုံငွေ၊ ဝန်ထမ်းများ) သို့မဟုတ် ရလဒ်များ (ကင်းလှည့်ကြိမ်ရေ၊ ဖမ်းဆီးမှုရမှုများ) ကိုသာ မူတည်၍ ထိန်းသိမ်းရေးနယ်မြေနှင့် ဇီဝမျိုးစုံမျိုးကွဲ အဆင့်အတန်းကို ဆုံးဖြတ်ခဲ့ပါက ပြည့်စုံ တိကျလိမ့်မည် မဟုတ်ပေ။ သက်ရောက်မှုများကိုပြီး ပြည့်စုံစွာ စောင့်ကြည့်လေ့လာရန် လိုအပ်သော ကျွမ်းကျင်မှုများ (ဉပမာ- ရှုပ်ထွေးသော အချက်များကို ထိန်းချုပ်ပြီး သက်ရောက်မှုများကို အနစ်ချုပ် သိရှိနိုင်ရန် ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာခြင်း) ကို သဘာဝထိန်းသိမ်းရေး နယ်မြေစီမံအုပ်ချုပ်သူများ သို့မဟုတ် မူဝါဒချမှတ်သူများ ပိုင်ဆိုင်ထားရှိခြင်း မရှိပါ။ သို့သော်လည်း နေရင်းဒေသ အခြေအနေများ၊ မျိုးစိတ်အကောင်အရေအတွက် စသော အညွှန်းကိန်းများနှင့် အမဲလိုက်မှုများ စသည်တို့ကို စနစ်တကျ စောင့်ကြည့် လေ့လာခြင်းဖြင့် နယ်မြေ၏ ဖြစ်နိုင်ဖွယ်ရှိသော အနာဂတ်အလားအလာကို ခန့်မှန်းတွက်ချက်နိုင်မည် ဖြစ်သည်။

## ၄.၅ အရပ်ဘက်လူမှုအဖွဲ့အစည်းများ

ဒေသတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ ကြီးထွားလာသော်လည်း ၎င်းတို့သည် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ မလုံလောက်ခြင်း၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို ကန့်သတ်ထားခြင်း စသောအခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ထိုင်းနိုင်ငံမှအပ ဒေသတွင်းရှိထိန်းသိမ်းရေးလုပ်ငန်းများတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ မြှင့်တင်အားပေးလျက်ရှိပြီး ဒေသန္တရစွမ်းဆောင်ရည်များ တိုးတက်လာပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် ထည့်သွင်းစဉ်းစားရမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) ၏ အပြုသဘောဆောင် ပူးပေါင်း ဆောင်ရွက်မှုကြောင့် နိုင်ငံအတွင်း NGO အသိုင်းအဝိုင်းများ ကြီးထွားလာခဲ့ပါသည်။ ထိုနိုင်ငံများတွင် အရပ်ဘက်



Cyrtodactylus sanpelensis တောက်တဲ့မျိုးစိတ်ကို မြန်မာနိုင်ငံရှိ ထုံးကျောက်တောင်တွင် တွေ့ရှိရပါသည်။ မျိုးစိတ်သစ်များစွာကို ဒေသတွင်းရှိ သစ်တောများနှင့် ထုံးကျောက်တောင်ငူများတွင် ရှာဖွေ တွေ့ရှိရသောကြောင့် ဂေဟာစနစ်များကို ကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါသည်။

လူမှုအဖွဲ့အစည်းများသည် ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုများနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများ၏ ဆိုးကျိုးသက်ရောက်မှုများကဲ့သို့သော ထိလွယ် ရှလွယ်သော ပြဿနာများနှင့် ပတ်သက်ပြီး ဝင်ရောက်ဆွေးနွေး ပူးပေါင်း ဆောင်ရွက်ခွင့်များ ရှိလေသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် နိမ့်ပါးလျက်ရှိသောကြောင့် လှူဒါန်းသူများသည် အဆိုပါအဖွဲ့အစည်းများအား ရန်ပုံငွေ ထောက်ပံ့ပေးခြင်းအားဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် နိုင်ငံတကာ လုပ်ငန်းအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်စေနိုင်မည် ဖြစ်သည်။ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို များစွာ ကန့်သတ်ထားပြီး လှူဒါန်းသူများမှာလည်း ကူညီပံ့ပိုးခွင့် မရရှိကြပေ။

- နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အကြံဉာဏ်၊ ကျွမ်းကျင်မှု၊ အရင်းအမြစ်နှင့် အသိပညာများကို ဒေသတွင်းသို့ ပေါင်းစပ်ဖြည့်ဆည်းပေးပြီး နိုင်ငံအဆင့် ဆောင်ရွက်ချက်များကို အထောက်အကူပြုသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယင်းအဖွဲ့များသည် ဒေသန္တရအဖွဲ့အစည်းများနှင့် ပြဿနာရပ်များကို အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ဖိုရမ်များနှင့် လှုပ်ရှားမှုများ စသည်တို့နှင့် ချိတ်ဆက်ပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသည်။

## ၄.၆ ပုဂ္ဂလိကကဏ္ဍ

ပုဂ္ဂလိကကဏ္ဍသည် လူမှုရေးနှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုများကို ဖော်ဆောင်ရာတွင် အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း တိုးတက်မှုများမှာ နည်းပါးလေသည်။ အရှေ့တောင်အာရှ၏ အခြားသော နိုင်ငံများတွင် တွေ့ကြုံရသည့် ဖြစ်ရပ်များကို ကြည့်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်းသည့် ဈေးကွက်ဖိအားများကို ကြုံတွေ့ရသောအခါ ပုဂ္ဂလိက ကဏ္ဍသည် အစိုးရမှ ချမှတ်ထားသော စံနှုန်းများထက် မြင့်သော စံနှုန်းများကို လိုက်နာဆောင်ရွက်တတ်ကြသည်ကို တွေ့ရှိရသည်။ သို့သော်လည်း လက်တွေ့ အကောင်အထည်ဖော်နိုင်ရန်မှာ ပွင့်လင်းမြင်သာမှု၊ အဂတိလိုက်စားမှုများကို တိုက်ဖျက်နိုင်ရန် အရပ်ဘက် လူမှုအဖွဲ့များမှ စိစစ်အကဲဖြတ်မှုနှင့် စောင့်ကြည့်လေ့လာမှု စသည်တို့ကို ဆောင်ရွက်ရမည် ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍနှင့် စပ်လျဉ်းသည့် ထည့်သွင်း စဉ်းစားရမည့် အချက်များနှင့် အလားလာရှိသည့် နည်းလမ်းများကို အောက်တွင် ဖော်ပြထားပါသည်။

- ဒေသတွင်းရှိ လူမှုရေး တန်းတူညီမျှရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အလေ့အထကောင်းများကို ထောက်ခံအားပေးသည့် စနစ်များကို ကျင့်သုံးမှု အားနည်းလေသည်။ သို့သော်လည်း ဆီအုန်း၊ စက္ကူပျော့ဖတ်၊ ရော်ဘာနှင့် ဘိလပ်မြေ စသော ကဏ္ဍရှိ ဆက်စပ်ပတ်သက်သူများသည် ပတ်ဝန်းကျင်ဒေသ




ကမ္ဘောဒီးယားနိုင်ငံ၊ Tonle Sap ကန်တွင် နေထိုင်ကြသော အမျိုးသမီးများသည် ဗေဒါချည်မျှင်ဖြင့် ဖျာရက်လုပ် ရောင်းချကြသည်။ အဆိုပါ အမျိုးသမီးများကို CEPF မှ ထောက်ပံ့ငွေ ရရှိသော ကမ္ဘောဒီးယား NGO OSMOSE မှ ကူညီပံ့ပိုးပေးပါသည်။ နိုင်ငံတကာမှ ကူညီပံ့ပိုးမှုများသည် ဒေသတွင်း ခိုင်မာ အားကောင်းသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် များစွာအရေးပါလေသည်။

တွင်းနှင့် နိုင်ငံတကာ ဆွေးနွေးပွဲများတက်ရောက်၍ ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ ထိုကဏ္ဍများအနေဖြင့် စံသတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန် တိုက်တွန်း အားပေးသင့်ပါသည်။

- မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေး အစီအစဉ်များအပေါ် ကော်ပိုရိတ်များ၏ ပံ့ပိုးကူညီမှုများမှာ နည်းပါးပြီး (အခန်း ၃.၄ ကို ကြည့်ရန်) ကူညီထောက်ပံ့လျက်ရှိသော ကုမ္ပဏီများမှာလည်း နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး စံနှုန်းသတ်မှတ်ချက်များကို လေးစားလိုက်နာသော နိုင်ငံတကာ ကုမ္ပဏီများသာ ဖြစ်ကြပါသည်။





# ၅

## မဟာဗျူဟာ ချဉ်းကပ်ဆောင်ရွက်မှုများ

အသိုက်အတွင်းရှိ ငှက်မနှင့် သားပေါက်ကို အစာခွံ့ကျွေးလျက်ရှိသော ဒေါင်လောင်ငှက်ကြီး၊ ခါရိုင်အမျိုးသားဥယျာဉ်၊ ထိုင်းနိုင်ငံ။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့မှုသည် သဘာဝ ထိန်းသိမ်းရေးနယ်မြေများကို ကာကွယ်ထိန်းသိမ်းရန် ကတိကဝတ်ပြုမှု အမဲလိုက်သတ်ဖြတ်ခြင်းကို ထိန်းချုပ်နိုင်မှုနှင့် မြေယာတစ်ခွင်တစ်ပြင်ကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မှု စသည်တို့အပေါ် မူတည်လေသည်။

# ၂။ မဟာဗျူဟာ ချဉ်းကပ်ဆောင်ရွက်မှုများ

## ၅.၁ ဦးစားပေးနေရာဒေသများ

မဟာမဲခေါင်ဒေသတွင်းရှိ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ်များသည် မတူညီဘဲ ပျံ့နှံ့ကွဲပြားလျက် ရှိပါသည်။ ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ရန် ဦးစားပေးဒေသ (PRCs အခန်း ၁.၂.၄ တွင် ကြည့်ရန်) ဖော်ထုတ်သတ်မှတ်ခြင်းဖြင့် နယ်မြေဒေသတစ်ခုလုံး၏ အရေးပါသော အစိတ်အပိုင်းကို ဖော်ထုတ်နိုင်သည်။ PRCs တွင် မဟာမဲခေါင်ဒေသတစ်ခုလုံး ပါဝင်သောကြောင့် လွန်စွာကြီးမားလေသည်။ ဦးစားပေးဒေသကို ပိုမိုအသေးစိတ် တိကျစွာ လေ့လာဆန်းစစ် သတ်မှတ်နိုင်ရန်အလို့ငှာ အရေးကြီးထိန်းသိမ်းရန် လိုအပ်သော ဒေသများကို မီးမောင်းထိုး ပြသနိုင်ရန် ထိန်းသိမ်းရေးအတွက် အရေးပါသော တောတောင်ရေမြေ တစ်ခွင်တစ်ပြင် နယ်မြေများ (KLCs) ကို ဖော်ထုတ်ခဲ့ပါသည်။ KLCs နယ်မြေများတွင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေများ ဦးစားပေးထောက်ပံ့ပေးရမည် ဖြစ်ကာ ထိခိုက်လာနိုင်ဖွယ်ရှိသော စီမံကိန်းများ၏ ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ ထိခိုက်မှုများကို တိကျစွာ စုံစမ်းစစ်ဆေး ဖော်ထုတ်ရမည် ဖြစ်သည်။

### ၅.၁.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးအတွက် အရေးပါသော တောတောင်ရေမြေ တစ်ခွင်တစ်ပြင်နယ်မြေများ (KLCs) သတ်မှတ်ဖွဲ့စည်းခြင်း

အကျိုးဆက်စပ် ပတ်သက်သူများစွာနှင့် ညှိနှိုင်း တိုင်ပင်ဆွေးနွေးပွဲများစွာ ကျင်းပခဲ့ပြီးနောက် မဟာမဲခေါင်ဒေသတွင်းရှိ မြေယာတစ်ခွင်တစ်ပြင် ဦးစားပေးနေရာများကို CEPF မှ ဖော်ထုတ်သတ်မှတ်ခဲ့ပြီး အဓိက ဇီဝမျိုးစုံ မျိုးကွဲကျက်စားရာနေရာ (နယ်မြေများ) နှင့် အဓိက ဇီဝမျိုးစုံ မျိုးကွဲကျက်စားရာနေရာ ထိစပ်နယ်မြေများ/ကျယ်ပြန့်သော နေရာဒေသများ ပါဝင်လေသည်။ မဟာမဲခေါင် ဒေသဆိုင်ရာ KLCs ပြ မြေပုံရေးဆွဲရာတွင် CEPF’s KBA ဆက်စပ်ကူးပြောင်းသွားလာသည့် နယ်မြေလေ့လာဆန်းစစ်သည့် နည်းလမ်းကို အသုံးပြုထားပါသည်။ (အခန်း ၅.၁ ကို ကြည့်ရန်)

KBA ဆက်စပ်ကူးပြောင်းသွားလာသည့် နယ်မြေသည် ဂေဟစနစ် တန်ဖိုးများစွာရှိသော ဇရိယာကြီးဖြစ်ပြီး ယင်းထိစပ် နယ်မြေများတွင် ဒေသအတွင်း ဖော်ထုတ်ခဲ့သော KBA အများစု ပါဝင်လေသည်။

မဟာမဲခေါင်ဒေသသည် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးဒေသအဖြစ်သာမက KLCs ပြင်ပရှိ ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ အရေးပါသောဒေသအဖြစ် အသိအမှတ်ပြုရန် လိုလေသည်။ KLCs များ သတ်မှတ်ဖွဲ့စည်းရာတွင် အခြေခံဖြစ်သည့် KBA ထိစပ်နယ်မြေများကို ကောင်းမွန်ထိရောက်သည့် သတင်းအချက်အလက်များကို အသုံးပြု၍ သတ်မှတ်ဖော်ထုတ်ထားပြီး ပိုမိုကောင်းမွန်သော သတင်းအချက်အလက်များကို ရရှိပါက ပြောင်းလဲသတ်မှတ်နိုင်ပါသည်။ အလားတူပင် KLCs များကို စကေးကြီးသည့် မြေပုံများဖြင့် ဖော်ပြခြင်းဖြင့် သေးသွယ်ရှည်လျားသော ဂေဟစနစ်များ (ဥပမာ- မြစ်များ၊ ဒီရေတောများ) သို့မဟုတ် တသီးတခြားစီဖြစ်နေသော ဂေဟစနစ်များ (ဥပမာ- ထုံးကျောက်တောင်) စသည်တို့ကို ပြည့်စုံစွာ ဖော်ပြနိုင်ခြင်း မရှိပါ။ တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းဝယ် ဖောက်ကားမှု စသော ခြိမ်းခြောက်မှု/ အန္တရာယ်များနှင့် ပတ်သက်သည့် ဦးစားပေးလုပ်ငန်းများကို အဆိုပါမြေပုံပေါ်တွင် ဖော်ပြရှင်းလင်းခြင်း မပြုသင့်ပေ။



ပုံ ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးအတွက် ပင်မနယ်မြေများနှင့် ဦးစားပေးဒေသများ




မြန်မာနိုင်ငံရှိ အင်းလေးကန်သည် ခြိမ်းခြောက်ခံ အင်းလေး ငါးဖိန်းမျိုးစိတ်အပါအဝင် ငါးနှင့် ခရုမျိုးစိတ်များ ရှင်သန်ကျက်စားသော ရေတိမ်ကန်ကြီးတစ်ခု ဖြစ်သည်။ ရှားပါးပြီး ခြိမ်းခြောက်ခံ သတ္တဝါမျိုးစိတ်များစွာ တည်ရှိကျက်စားခြင်းကြောင့် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ အရေးပါသော နယ်မြေဖြစ်သည်။ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်သော မြေပြောင်းလဲအသုံးချမှုနှင့် အလွန်အကျူး ထုတ်ယူသုံးစွဲမှုများကြောင့် ထင်ရှားသော ဝိသေသလက္ခဏာများ ပျောက်ဆုံးလျက်ရှိသည်။




စာကွက် ၁-

## ထိုင်းနိုင်ငံအနောက်ပိုင်းရှိ သစ်တောနယ်မြေများ (WEFCOM) နှင့် ယင်းနှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံရှိ သစ်တောနယ်မြေများ (KLCs ၆ နှင့် ၈)

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြားတွင် တည်ရှိပြီး အမျိုးသားဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော ၂၀ ကျော်ခန့် ပါဝင်သော အနောက်ပိုင်း သစ်တောနယ်မြေသည် မဟာမဲခေါင်ဒေသတွင်းရှိ အကြီးဆုံးသော သဘာဝထိန်းသိမ်းရေး နယ်မြေဖြစ်ကာ ၁၈၇၃၀ စတုရန်း ကီလိုမီတာခန့် ကျယ်ဝန်းလေသည်။ ပင်မနယ်မြေများမှာ Huai Khakhaeng (၂၇၈၀ စတုရန်းကီလိုမီတာ), Thungyai Naresuan West (၂၁၁၈ စတုရန်းကီလိုမီတာ) နှင့် Thungyai Naresuan East (၁၅၇၂ စတုရန်းကီလိုမီတာ) စသော ထိန်းသိမ်းရေးဒေသများ ဖြစ်ပြီး ဒေသရှိ တောရိုင်းတိရစ္ဆာန်များအတွက် အရေးပါသော နေရင်းဒေသများ ဖြစ်ပါသည်။ အဆိုပါ ပင်မနယ်မြေကို ယူနက်စကို ကမ္ဘာ့အမွေအနှစ် နယ်မြေများအဖြစ် ၁၉၉၁ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။

WEFCOM သည် မဲခေါင်ဒေသတွင်းရှိ ကျားကောင်ရေများစွာ (ကောင်ရေ ၁၀၀ ခန့်) မှီတင်းကျက်စားရာဒေသလည်း ဖြစ်ပါသည်။ အခြားသော နို့တိုက်သတ္တဝါကြီးများ (ဥပမာ - ဆင်၊ ပရိုင်းမိတ်၊ ကျွဲ၊ နွား)၊ နို့တိုက်သတ္တဝါ ၁၅၃ မျိုးစိတ်၊ ငှက်မျိုးစိတ် ၄၉၀၊ တွားသွား သတ္တဝါ ၉၀ မျိုးစိတ်၊ ကုန်းနေရေနေသတ္တဝါ ၄၀ မျိုးစိတ်နှင့် ငါးမျိုးစိတ် ၁၀၈ မျိုးစိတ်စသော သတ္တဝါအမျိုးမျိုး ရှင်သန်ကျက်စားလေသည်။ ထိုနယ်မြေသည် ထိုင်းနိုင်ငံရှိမြစ်ကြီး ၂၅ စင်းအနက် ၆ စင်း၏ အရေးပါသော ရေဝေဇရိယာများ ဖြစ်သည်။

ဦးစားပေးလုပ်ငန်းများတွင် ဒေသန္တရစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဇီဝမျိုးစုံ မျိုးကွဲများ အားလုံးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် နှင့် ထိန်းသိမ်းရေးနယ်မြေများအကြား ချိတ်ဆက်တည်ရှိမှု တည်တံ့စေရန် စသည်တို့အတွက် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုဆိုင်ရာ အကျိုးထိရောက်မှု သေချာစေခြင်း၊ ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် SMART၊ ကျားကောင်ရေများကို စောင့်ကြည့်လေ့လာသည့် စနစ်များကို အသုံးပြု၍ စောင့်ကြည့် လေ့လာခြင်း၊ တရားဥပဒေတိုင်း ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို တိုးတက်ကောင်းမွန်လာစေခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ၏ ဆိုးကျိုးများကို လျှော့ချသက်သာစေရန် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (ဥပမာ တနင်္သာရီတိုင်းဒေသကြီးရှိ ရတနာပိုက်လိုင်းကုမ္ပဏီ၊ မြန်မာနိုင်ငံရှိ ထားဝယ် အထူးစီးပွားရေးဇုန်) စသည်တို့ ပါဝင်လေသည်။

### ၅.၁.၂ မဟာမဲခေါင်ဒေသရှိ KLCs ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ အရေးပါသော နယ်မြေများ

CEPF သည် စုစုပေါင်း ၈၄၀၅၇၇ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းသော သို့မဟုတ် ဒေသ၏ ၄၃ ရာခိုင်နှုန်းခန့်ရှိသော ဧရိယာကို ထိစပ် နယ်မြေ ၅၇ ခုအဖြစ် သတ်မှတ်ခဲ့ပြီး KLCs ၂၆ ခုအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ (ပုံ ၅.၁ နှင့် ဇယား ၅.၁ ကိုကြည့်ရန်) KLCs တွင် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ဟိမဝန္တာ ဂေဟစနစ်များ၊ အပူပိုင်း မိုးသစ်တောနှင့် ထုံးကျောက် တောတန်းများနှင့် ရေချိုမြစ်များနှင့်ရေကန်များ စသည်တို့ ပါဝင်လေသည်။ လွန်စွာ အဖိုးတန်သော ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ တန်ဖိုးများကို ပိုင်ဆိုင်ထားသည့်အပြင် KLCs တွင် ငှက်များ ရွှေ့ပြောင်း နေထိုင်ခြင်း၊ ငါးများ ရွှေ့ပြောင်းကျက်စားခြင်း၊ သဘာဝတောမီး လွှမ်းမိုးသော ဂေဟစနစ်များနှင့် ရာသီအလိုက် ရေနစ်မြုပ်သော ဂေဟစနစ်များ စသော အရေးပါသည့် ဂေဟစနစ်ဆိုင်ရာ ဖြစ်စဉ်များစွာ တည်ရှိလေသည်။

ဇယား ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသော တစ်ခွင်တစ်ပြင် နယ်မြေများ KLCs

| မြေပုံ အမှတ် | KLC အုပ်စု | KLC အမည် | နိုင်ငံ (ISO ကုတ်) | ဧရိယာ အကျယ် အဝန်း (စတုရန်း ကီလို မီတာ) | ထူးခြားသော သွင်ပြင် လက္ခဏာများ |
|---|---|---|---|---|---|
| ၁ | ချင်းတွင်း-ဧရာဝတီ အထက်ပိုင်း | ချင်းတွင်းအောက်ပိုင်း သစ်တောများ | MM | ၄၀၀၈၇ | အမြဲစိမ်းတောများနှင့် တောင်ပေါ်တောများရှိပြီး မြောက်ဖျားစွန်းရှိ အယ်ပိုင်း ဟိမဝန္တာနေရင်း ဒေသဖြစ်သည်။ ငှက်များ၊ မျောက်မျိုးများ၊ စိုင်အာရှဆင်၊ ရွှေသမင်နှင့် ရေချိုလိပ်များစသော မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်များစွာ ကျက်စား၏ |
| | | အထက်ဧရာဝတီ ရေဝေဒေသ | MM | ၁၀၁၃၉၄ | |
| | | အထက်ချင်းတွင်း ရေဝေဒေသ | MM | ၅၀၁၅၆ | |
| ၂ | ချင်းတောင်တန်း-ရခိုင်ရိုးမ | ချင်းတောင်တန်း | MM | ၃၆၂၇၂ | အမြဲစိမ်းတောများနှင့် တောင်ပေါ်တောများရှိပြီး အာရှဆင်များ၊ လင်းတများ၊ မျောက်မျိုးများ၊ တွားသွားသတ္တဝါများ၊ သောင်ပြင်ကမ်းစပ် ကျက်စားငှက်များနှင့် ငါးများ။ |
| | | ရခိုင်ရိုးမ | MM | ၁၇၉၁၄ | |
| ၃ | ပဲခူးရိုးမ-စစ်တောင်း | ပဲခူးရိုးမတောင်တန်း | MM | ၁၆၁၄၃ | အမြဲစိမ်းတောများနှင့် တောင်ပေါ်တောများရှိပြီး အာရှဆင်၊ စိုင်၊ ငှိမ်းခြောက်ခံ ကုန်းလိပ်များ၊ ရေချိုလိပ်များရှိ။ မြစ်ကြီး၊ မြစ်ဝှမ်းလွင်ပြင်၊ ရေတိမ်ဒေသများ၊ ငါးများနှင့် သောင်ပြင် ရွှေ့ပြောင်း ငှက်များ၊ ရေညှော်နှုတ်ပိုင်းငှက်။ |
| | | စစ်တောင်းမြစ် | MM | ၃၀၄၈ | |
| | | ရှမ်းရိုးမ အနောက်ခြမ်း | MM | ၂၇၇၄၂ | |

ဇယား ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသော တစ်ခွင်တစ်ပြင် နယ်မြေများ KLCs (အဆက်)

| မြေပုံ အမှတ် | KLC အုပ်စု | KLC အမည် | နိုင်ငံ (ISO ကုတ်) | ဧရိယာ အကျယ် အဝန်း (စတုရန်း ကီလို မီတာ) | ထူးခြားသောသွင်ပြင် လက္ခဏာများ |
|---|---|---|---|---|---|
| ၄ | ဧရာဝတီ-ချင်းတွင်းမြစ် | ဧရာဝတီမြစ်<br>ချင်းတွင်းမြစ် | MM<br>MM | ၁၉၇၉၈<br>၅၂၉၉ | မြစ်ကြီး၊ မြစ်ဝှမ်းလွင်ပြင်၊ ရေဝပ်ဒေသ၊ တောဘဲ မန်ဒါလီ၊ ရေချိုလိပ်များ၊ ကုန်းလိပ်များနှင့် မျောက်မျိုးများ။ |
| ၅ | သံလွင် | သံလွင်မြစ် | MM | ၇၆၉၂ | လွတ်လပ်စွာ စီးဆင်းလျက်ရှိသော မြစ်ကြီးဖြစ်ကာ မြစ်ဝှမ်းလွင်ပြင်၊ ရေတိမ်ဒေသများ၊ ပြောင်းရွှေ့နေထိုင်ကြသော ငါးများရှိ။ |
| ၆ | တနင်္သာရီ | တနင်္သာရီ တောင်တန်း | MM | ၄၂၈၈၀ | ရွက်ပြတ်တော၊ အင်တိုင်းတောနှင့် အမြဲစိမ်းတော၊ ကျား၊ အာရှဆင်၊ ခြိမ်းခြောက်ခံ ရေလိပ်များနှင့် ငှက်များ။ |
| ၇ | ထိုင်း အနောက်-မြောက်ခြမ်း | Lum Nam Pai-Salawin<br>Mae Ping-Om Koi<br>Sri Lanna-Khun Tan | TH<br>TH<br>TH | ၂၄၃၃၃<br>၈၆၆၆<br>၂၀၁၆၄ | ရွက်ပြတ်ရောနှောတော၊ သမပိုင်း အမြဲစိမ်းတော၊ ခြိမ်းခြောက်ခံ ရေချိုလိပ်များ၊ အာရှဆင်နှင့် စိုင်။ |
| ၈ | အနောက်ခြမ်း သစ်တော နယ်မြေ | Chumphon | TH | ၁၇၄၀ | အမြဲစိမ်းတော၊ ပြောင်းရွှေ့နေထိုင်ကြ သားစားငှက်များ။ |
| | | Kaeng Krachan | TH | ၅၄၇၉ | အမြဲစိမ်းတော၊ ကျား၊ မလေးရှားကြံ့ဖြူ၊ အာရှဆင်။ |
| | | Western Forest-Complex | TH | ၂၄၁၁၂ | ရွက်ပြတ်တော၊ အင်တိုင်းတော၊ အမြဲစိမ်းတော၊ အာရှဆင်၊ အောင်လောင်ငှက်၊ စိုင်၊ ကျား၊ ကြံ့သူတော် |
| ၉ | Inner Gulf | Inner Gulf of Thailand | TH | ၁၄၀၈ | ဒီရေလွှမ်းသောရွှံ့နွံပြင်၊ သောင်ပြင်ငှက်များ၊ ရေညှောင့်နှုတ်ဝိုင်းငှက်။ |
| ၁၀ | တောင်ပိုင်းထိုင်း | Hala-Bala | TH | ၇၄၂၃ | မြေနိမ့်ပိုင်း အမြဲစိမ်းတောများ၊ ကျား၊ ခြိမ်းခြောက်ခံ မျောက်မျိုးများ၊ အာရှဆင်၊ ရေချိုလိပ်များ၊ ကုန်းလိပ်များ၊ ကြံ့သူတော်။၊ အောင်လောင်ငှက်။ |
| | | Khao Banthad<br>Khao Luang | TH<br>TH | ၄၀၆၄<br>၂၄၃၉ | |

ဇယား ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသော တစ်ခွင်တစ်ပြင် နယ်မြေများ KLCs (အဆက်)

| မြေပုံ အမှတ် | KLC အုပ်စု | KLC အမည် | နိုင်ငံ (ISO ကုတ်) | ဧရိယာ အကျယ် အဝန်း (စတုရန်း ကီလို မီတာ) | ထူးခြားသော သွင်ပြင် လက္ခဏာများ |
|---|---|---|---|---|---|
| | | Khlong Saeng-Khao Sok | TH | ၈၁၃၂ | |
| | | Mu Ko Similan-Phi-Phi-Andaman | TH | ၂၆၃၁၇ | |
| ၁၁ | ထိုင်းအရှေ့မြောက်ခြမ်း | Doi Phuka-Mae Yom | LA,TH | ၁၇၀၅၃ | ရွက်ပြတ်ရောနှောတောနှင့် အမြဲစိမ်းတော၊ ကျား၊ အာရှတောခွေး၊ အာရှဆင်၊ မျောက်မျိုးများ။ |
| | | Phu Khieo-Nam Nao | TH | ၁၃၃၉၅ | |
| | | Phu Miang-Phu Thong | TH | ၉၆၄၄ | |
| ၁၂ | အရှေ့ခြမ်း သစ်တောများ | အရှေ့နိမ့်ပိုင်းသစ်တောနယ်မြေ | TH | ၄၁၉၃ | အပူလျော့ပိုင်း စိုစွတ်တော၊ တောခြောက်၊ ရွက်ပြတ်တောနှင့် အမြဲစိမ်းတောများ၊ စိုင်၊ အာရှဆင်၊ ကျားနှင့် မျောက်မျိုးများ |
| | | Phanom Don-grak-Pha Tam | TH | ၃၅၁၀ | |
| | | အရှေ့ဘက်ပိုင်း သစ်တောနယ်မြေ | TH | ၉၆၈၅ | |
| ၁၃ | မဲခေါင်မြစ် | မဲခေါင်မြစ်နှင့် အဓိကမြစ်လက်တက်များ | KH,LA,TH | ၁၆၄၇၅ | မြစ်ကြီး၊ မြစ်ဝှမ်းလွင်ပြင်၊ ရေတိမ်ဒေသ၊ ရောဝတီလင်းပိုင်၊ ရေချိုငါးများ၊ ခြိမ်းခြောက်ခံငါးများ၊ ငှက်များနှင့် Siamese မိကျောင်း။ |
| ၁၄ | မဲခေါင်မြစ်ဝကျွန်း ပေါ် ကမ်းရိုးတန်း | အနောက်မြောက် မဲခေါင်မြစ်ဝကျွန်းပေါ် ရေတိမ်ဒေသ | KH,VN | ၇၈၅၄ | မြစ်ကြီး၊ ရေလွှမ်းလွင်ပြင်၊ ရေတိမ် ဒေသ၊ ရေပျော်ငှက်များ၊ အဏ္ဏဝါ မျိုးစိတ် နို့တိုက်သတ္တဝါများ၊ မျောက်မျိုးများနှင့် ပင်လယ်လိပ်များ။ |
| | | | VN | ၃၉၃၃ | |
| ၁၅ | Cardamom တောင်တန်း | Cardamom နှင့် ဆင်တောင်တန်း | KH | ၁၇၆၆၀ | အပူပိုင်းတောစို၊ ဒီရေတော၊ မိကျောင်း များ၊ အာရှဆင်၊ ခြိမ်းခြောက်ခံမျောက် မျိုးများနှင့် ရေချိုငါးများ။ |

ဇယား ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသော တစ်ခွင်တစ်ပြင် နယ်မြေများ KLCs (အဆက်)

| မြေပုံ အမှတ် | KLC အုပ်စု | KLC အမည် | နိုင်ငံ (ISO ကုတ်) | ဧရိယာ အကျယ် အဝန်း (စတုရန်း ကီလို မီတာ) | ထူးခြားသော သွင်ပြင် လက္ခဏာများ |
|---|---|---|---|---|---|
| ၁၆ | Tonle Sap | Tonle Sap ရေကန်နှင့် နန်းနလွင်ပြင် | KH | ၁၇၅၄၇ | မြစ်ကြီး၊ ရေလွှမ်းလွင်ပြင်၊ ရေတိမ် ဒေသ၊ ငါးဖမ်းဒေသနှင့် ပြောင်းရွှေ့ လာသော ငါးများနှင့် ရေပျော်ငှက်များ။ |
| ၁၇ | အလယ်ပိုင်း လွင်ပြင်သစ် တောများနှင့် မြက်ခင်းပြင်များ | ဆဲခေါင်လွင်ပြင် | KH | ၃၈၄၅ | အမြဲစိမ်းတော၊ ရွက်ကြွေအင်တိုင်တော၊ မြစ်ကြီး၊ ရေလွှမ်းလွင်ပြင်၊ ရေတိမ် ဒေသ၊ အာရှဆင်၊ အာရှတောခွေး၊ ခြိမ်းခြောက်ခံ မျောက်မျိုးများနှင့် လင်းတများ၊ giant ibis, white-shouldered ibis, Eld's deer နှင့် မိကျောင်း။ |
| | | မြောက်ပိုင်း ခြောက်သွေ့တော များ | KH,LA | ၁၉၃၂၂ | |
| | | အရှေ့ပိုင်းခြောက် သွေ့တောများ | KH,VN | ၂၁၁၆၀ | |
| | | ကမ္ဘောဒီးယား- လာအို-ဗီယက်နမ် သုံးပွင့်ဆိုင် ထိစပ် မြေရှိ သစ်တောများ | KH,LA,VN | ၁၀၆၁၇ | |
| | | Bolaven plateau | LA | ၄၄၁၁ | |
| | | Xe Khampho-Xe Pian | LA | ၄၇၂၃ | |
| ၁၈ | တောင်ပိုင်း Annamites | တောင်ပိုင်း Annamites ၏ အနောက် ပိုင်း လျှောစောက်များ | KH,VN | ၃၉၄၅ | အမြဲစိမ်းတောများ၊ ခြိမ်းခြောက်ခံ မျောက်မျိုးများ၊ saola၊ ခြိမ်းခြောက်ခံ ငှက်များ၊ လိပ်များ ၊ရေချိုငါးများ။ |
| | | Di Linh | VN | ၅၁၆၆ | |
| | | Dong Nai မြေနိမ့်ပိုင်း ရေဝေဒေသ | VN | ၈၂၉၃ | |
| | | Southern Annamites အဓိက တောင်ပေါ်တောများ | VN | ၁၁၉၇၆ | |
| ၁၉ | အလယ်ပိုင်း Annamites | အလယ်ပိုင်း Annamites | | | အမြဲစိမ်းတော၊ , large-antlered muntjac, ခြိမ်းခြောက်ခံ တွားသွား သတ္တဝါများ၊ ငှက်များ၊ မျောက်မျိုးများ။ |

ဇယား ၅.၁ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသော တစ်ခွင်တစ်ပြင် နယ်မြေများ KLCs (အဆက်

| မြေပုံ အမှတ် | KLC အုပ်စု | KLC အမည် | နိုင်ငံ (ISO ကုတ်) | ဧရိယာ အကျယ် အဝန်း (စတုရန်း ကီလို မီတာ) | ထူးခြားသော သွင်ပြင် လက္ခဏာများ |
|---|---|---|---|---|---|
| ၂၀ | မြောက်ပိုင်း Annamites | အလယ်ပိုင်း အင်ဒိုချိုင်းနား ထုံးကျောက် တောင်များ | LA, VN | ၇၉၉၀ | အမြဲစိမ်းတောများ၊ saola, large- antlered Muntjac၊ အာရှဆင်၊ ခြိမ်းခြောက်ခံလိပ်များ၊ တောင်ကြွက်များနှင့် ခြိမ်းခြောက်ခံ မျောက်မျိုးများ၊ Edward's pheasant |
| | | မြောက်ပိုင်း Annamites | LA, VN | ၂၁၁၁၂ | |
| | | Quang Binh-Quang Tri-Xe Bangfai lowlands | LA, VN | ၃၈၁၉ | |
| | | Ke Go and Khe Net lowlands | VN | ၁၀၁၁ | |
| ၂၁ | မြစ်နီကမ်းရိုးတန်း ဒေသ | မြစ်နီမြစ်ဝှမ်း ကမ်း ရိုးတန်းဒေသဖုန် | VN | ၂၂၅၅ | မြစ်ကြီး၊ ရေလွှမ်းလွင်ပြင်၊ ရေတိမ်ဒေသ၊ spoon-billed sandpiper, black-faced spoonbill အပါအဝင် သောင်ပြင်ငှက်များ၊ |
| ၂၂ | ချူမြစ် | ချူမြစ်အထက်ပိုင်း ရေဝေဒေသ | VN | ၄၅၀၅ | ခြိမ်းခြောက်ခံမျောက်မျိုးများ |
| ၂၃ | မြောက်ပိုင်း အင်ဒိုချိုင်းနား ထုံးကျောက်တောင် များ | မြောက်ပိုင်း အင်ဒိုချိုင်းနား ထုံးကျောက်တောင် များ | VN | ၆၇၉၃ | အမြဲစိမ်းတော၊ သစ်ရွက်စား မျောက် ၊ Cat Ba langur |
| ၂၄ | ဆီနို-ဗီယက်နမ် ထုံးကျောက်တောင် | Ailao/Hoang Lien တောင်တန်း | VN,CH | ၂၈၀၇၆ | အမြဲစိမ်းတော၊ မျောက်လွှဲကျော်၊ Cao-vit Gibbon၊ ခြိမ်းခြောက်ခံ ကုန်းနေရေနေ သတ္တဝါများ။ |
| | | ဆီနို-ဗီယက်နမ် ထုံးကျောက်တောင် | VN,CH | ၅၈၅၀၂ | အမြဲစိမ်းတောများ၊ Cao-vit gibbon နှင့် ခြိမ်းခြောက်ခံ မျောက်မျိုးများ။ |
| ၂၅ | Nam Et-Phou Louey | Nam Et-Phou Louey | LA | ၄၃၉၀ | အမြဲစိမ်းတော၊ ကျား၊ အာရှရွှေကြောင်၊ ကြောင်မင်း၊ အင်းကျား၊ တောခွေး၊ northern white-cheeked မျောက်လွှဲကျော် ဆတ်၊ ချေ၊ တောဆိတ်၊ ပြောင်။ |
| ၂၆ | Nam Ha | Nam Ha-Xishuang-banna-Phou Dendin | VN,CH | ၂၁၅၂၃ | အမြဲစိမ်းတော၊ အာရှဆင်၊ ခြိမ်းခြောက်ခံ ရေချိုလိပ်များ။ |

ဇယား ၅.၂ မဟာမဲခေါင်ဒေသရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းထားသော KLCs များ

| KLCs အမည် | KLC အဖြစ် ဖွဲ့စည်းထားသည့် ဧရိယာစုစုပေါင်း (စတုရန်းကီလိုမီတာ) | သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် သတ်မှတ်ထားသည့် KLCs ဧရိယာများ (စတုရန်းကီလိုမီတာ) |
|---|---|---|
| ကမ္ဘောဒီးယား | ၉၁၈၃၃ | ၃၈၇၃၂ |
| လာအို | ၇၃၂၄၄ | ၂၈၉၈၈ |
| မြန်မာ | ၃၈၄၄၁၇ | ၆၀၆၉၇ |
| ထိုင်း | ၁၇၀၄၈၀ | ၈၉၅၈၉ |
| ဗီယက်နမ် | ၁၂၀၆၀၃ | ၃၃၁၃၈ |
| စုစုပေါင်း | ၈၄၀၅၇၇ | ၂၅၁၁၄၄ |

ဇယား ၅.၃ မဟာမဲခေါင်ဒေသတွင် ဖော်ထုတ်ထားသော KLC အုပ်စုများအတွင်းရှိ အရေးပါသော သဘာဝထိန်းသိမ်းရေးနယ်မြေများ

| မြေပုံ အမှတ် | KLC အုပ်စု | အရေးပါသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ |
|---|---|---|
| ၁ | အထက်ချင်းတွင်း-ဧရာဝတီဒေသ | ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီး ကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်။ |
| ၂ | ချင်း-ရခိုင်ရိုးမ | ကော်နူဖုန်း အမျိုးသားဥယျာဉ်(နတ်မတောင်)၊ ရခိုင်ရိုးမဆင်စခန်း |
| ၃ | ပဲခူးရိုးမ-စစ်တောင်းဒေသ | မြောက် ဇာမရီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ မိုးယွန်းကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တော။ |
| ၄ | ဧရာဝတီ-ချင်းတွင်းဒေသ | ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေ၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။ |
| ၅ | သံလွင်ဒေသ | အချက်အလက် မရရှိပါ။ |
| ၆ | တနင်္သာရီဒေသ | တနင်္သာရီ သဘာဝကြိုးဝိုင်း၊ တနင်္သာရီအမျိုးသားဥယျာဉ် (အဆိုပြု)၊ လေညာတောင် အမျိုးသားဥယျာဉ် (အဆိုပြု) |
| ၇ | ထိုင်းအနောက်မြောက်ဒေသ | အိုကိုင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော |
| ၈ | အနောက်ပိုင်းသစ်တောနယ်မြေ | ကိုင်ဂရမ်ချမ် အမျိုးသားဥယျာဉ်၊ ဟွာခခိုင်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ သွန်းရိုင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော။ |
| ၉ | အင်နားပင်လယ်အော် | အချက်အလက်မရရှိပါ။ |
| ၁၀ | တောင်ပိုင်းထိုင်းဒေသ | ဟလာဘာလာ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘန်းလန်းအမျိုးသားဥယျာဉ်၊ ကလောင်စိမ်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဆီမီလန် အဏ္ဏဝါ အမျိုးသားဥယျာဉ်၊ တာရုအိုအမျိုးသားဥယျာဉ်။ |
| ၁၁ | အရှေ့မြောက်ခြမ်း ထိုင်းဒေသ | ဖူခီအို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။ |
| ၁၂ | အရှေ့ပိုင်းသစ်တောများ | ခိုယိုင်အမျိုးသားဥယျာဉ်၊ တက်လန်းအမျိုးသားဥယျာဉ်။ |
| ၁၃ | မဲခေါင်မြစ် | အချက်အလက်မရှိပါ။ |
| ၁၄ | မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ | Phu Quoc အမျိုးသားဥယျာဉ်၊ Con Dao အမျိုးသားဥယျာဉ်၊ U Minh Ha & U Minh Thuong အမျိုးသားဥယျာဉ်၊ Ca Mau အမျိုးသားဥယျာဉ်၊ Tram Chim အမျိုးသားဥယျာဉ်၊ Can Gio ဒီရေတော ထိန်းသိမ်းရေးကြိုးဝိုင်း |

ပုံ ၅.၂ မဟာမဲခေါင်ဒေသတွင်းရှိ ထိန်းသိမ်းရေးဆိုင်ရာ ပင်မနယ်မြေများ၊ ထိန်းသိမ်းရေးဆိုင်ရာ အရေးပါသောဒေသများနှင့် သဘာဝ ထိန်းသိမ်းရေး နယ်မြေများ



ဇယား ၅.၃ မဟာမဲခေါင်ဒေသတွင် ဖော်ထုတ်ထားသော KLC အုပ်စုများအတွင်းရှိ အရေးပါသော သဘာဝထိန်းသိမ်းရေးနယ်မြေများ (အဆက်)

| မြေပုံ အမှတ် | KLC အုပ်စု | အရေးပါသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ |
|---|---|---|
| ၁၅ | Cardamom တောင်တန်းဒေသ | Sre Ambel အဆိုပြု ထိန်းသိမ်းရေးနယ်မြေ၊ Peam Krasop တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ Central Cardamoms အမျိုးသားဥယျာဉ်၊ Phnom Aural တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ Phnom Samkos တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ Cardamoms တောင်ပိုင်း အမျိုးသားဥယျာဉ်။ |
| ၁၆ | တောင်လစုပ်ဒေသ Tonle Sap | Prek Toal ပင်မနယ်မြေ၊ မြောက်ပိုင်း Tonle Sap ထိန်းသိမ်းရေးနယ်မြေ၊ Ang Trapeang Thmor ထိန်းသိမ်းရေးနယ်မြေ။ |
| ၁၇ | အလယ်ပိုင်းမြေပြန့်ဒေသရှိ သစ်တောများနှင့် မြက်ခင်းပြင်များ | ကမ္ဘောဒီးယား- Keo Seima တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ Chhep တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ Kulen Promtep တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ Prey Preah Rokha တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ Phnom Prich တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ Srepok တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ Lomphat တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ Mondulkiri တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ Virachey အမျိုးသားဥယျာဉ်၊ Phnom Tbeng အမျိုးသားဥယျာဉ်၊ Prey Lang တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ Veunsai Siem Pang တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ Western Siem Pang တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဗီယက်နမ်နိုင်ငံ: Chu Mom Ray အမျိုးသားဥယျာဉ် |
| ၁၈ | တောင်ပိုင်း Annamites ဒေသ | Cat Tien အမျိုးသားဥယျာဉ်၊ Bu Gia Map အမျိုးသားဥယျာဉ်၊ Yok Don အမျိုးသား ဥယျာဉ်၊ Lo Go Xa Mat အမျိုးသားဥယျာဉ်၊ Bidoup - Nui Ba Mountain အမျိုးသား ဥယျာဉ်၊ Chu Yang Sin အမျိုးသားဥယျာဉ်၊ |
| ၁၉ | အလယ်ပိုင်း Annamites ဒေသ | လာအိုနိုင်ငံ- Hin Nam No အမျိုးသားထိန်းသိမ်းရေးနယ်မြေ၊ Laving Lavern ထိန်း သိမ်းရေးနယ်မြေ၊ Xe Sap အမျိုးသားထိန်းသိမ်းရေးနယ်မြေ၊ ဗီယက်နမ်နိုင်ငံ-ကိုခကင် အမျိုးသားဥယျာဉ်၊ Chu Mon Ray အမျိုးသားဥယျာဉ်၊ Son Tra သဘာဝ ကြိုးဝိုင်း၊ Sao La ထိန်းသိမ်းရေးနယ်မြေ၊ Bach Ma အမျိုးသားဥယျာဉ်၊ Song Thanh အမျိုးသားဥယျာဉ်။ |
| ၂၀ | မြောက်ပိုင်း Annamites ဒေသ | လာအိုနိုင်ငံ- Nam Kading အမျိုးသား ထိန်းသိမ်းရေးနယ်မြေ၊ Naki Nam Theun အမျိုးသား ထိန်းသိမ်းရေးနယ်မြေ၊ Phou Sithone ထိန်းသိမ်းရေးနယ်မြေ၊ ဗီယက်နမ် နိုင်ငံ- Ke Go သဘာဝကြိုးဝိုင်း၊ Khe Net သဘာဝကြိုးဝိုင်း၊ Giang Man သဘာဝ ကြိုးဝိုင်း၊ Phong Nha Ke Bang အမျိုးသားဥယျာဉ်၊ Pu Mat အမျိုးသားဥယျာဉ်၊ Vu Quang အမျိုးသားဥယျာဉ်။ |
| ၂၁ | မြစ်နီးကမ်းခြေဒေသ | Ba Vi အမျိုးသားဥယျာဉ် ၊ Xuan Thuy အမျိုးသားဥယျာဉ်။ |
| ၂၂ | ချူမြစ် | Pu Huong သဘာဝကြိုးဝိုင်း၊ Xuan Lien သဘာဝကြိုးဝိုင်း။ |
| ၂၃ | မြောက်ပိုင်း အင်ဒိုချိုင်းနား ထုံးကျောက်တောင်များ | Van Long သဘာဝကြိုးဝိုင်း၊ Cuc Phuong အမျိုးသားဥယျာဉ်၊ Cat Ba အမျိုးသား ဥယျာဉ်၊ Pu Luong သဘာဝကြိုးဝိုင်း။ |
| ၂၄ | ရှိနီ-ဗီယက်နမ်ထုံး ကျောက်တောင်တန်းများ | Hoang Lien အမျိုးသားဥယျာဉ်၊ Trung Khanh မျိုးစိတ်ထိန်းသိမ်းရေးနယ်မြေ၊ Ba Be အမျိုးသားဥယျာဉ်။ |
| ၂၅ | Nam Et-Phou Louey | Nam Et-Phou Louey အမျိုးသားသဘာဝ ထိန်းသိမ်းရေးနယ်မြေ |
| ၂၆ | နမ်ဟာ | နမ်ဟာအမျိုးသားထိန်းသိမ်းရေးနယ်မြေ |

## ၅.၂ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များအပေါ် ကျရောက်နေသည့် ဖိအားများကို ဖြေရှင်းခြင်းဆိုင်ရာ မဟာဗျူဟာကျသော ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းများ

...................................

### ၅.၂.၁ တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းဝယ်မှုနှင့် ဝယ်လိုအားကို လျှော့ချနိုင်ရန် နိုင်ငံတကာ ပူးပေါင်းဆောင်မှုကို တိုးမြှင့်ခြင်း။

တောရိုင်းတိရစ္ဆာန်များ ခိုးယူသတ်ဖြတ်မှုများသည် ထောင်ပေါင်းများစွာသော မျိုးစိတ်များ၏ အစိတ်အပိုင်းများကို ကမ္ဘာအရပ်ရပ်သို့ ဖြန့်ချိရောင်းချလျက်ရှိသော (ဒေါ်လာသန်းချီရှာဖွေနိုင်သည့်) စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်လာပါသည်။ ဝေးလံခေါင်ဖျားသော ဒေသများမှ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ တိုးတက် ကောင်းမွန်လာခြင်းကြောင့် ဇီဝမျိုးစုံ မျိုးကွဲများအပေါ် ခြိမ်းခြောက်မှုများ ပိုမိုများပြားလာသည်။ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံသည် ဒေသတွင်း တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို အများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်သောကြောင့် မဟာမဲခေါင်ဒေသတွင်း နိုင်ငံများတွင် ဖြတ်သန်းသယ်ယူပို့ဆောင်ကြသည့် လမ်းကြောင်းများ ရှိပါသည်။ တောရိုင်းတိရစ္ဆာန်များကို ခိုးယူသတ်ဖြတ်မှုများသည် ကုန်သွယ်မှုဆိုင်ရာ ကိစ္စတစ်ခုသာမက ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာတစ်ရပ်လည်းဖြစ်ပြီး ရောဂါပိုးမွှားများနှင့် ကျူးကျော်ဖျက်ဆီးသည့် တိရစ္ဆာန်နှင့် သက်ရှိများ ကျရောက်နိုင်ကာ လူသားတို့၏ ကျန်းမာရေးနှင့် စီးပွားရေးကိုလည်း ခြိမ်းခြောက်လျက် ရှိပါသည်။

တောရိုင်းတိရစ္ဆာန် ခိုးယူသတ်ဖြတ်မှုများကို နိုင်ငံတကာ ကွန်ဗင်းရှင်းများ၌ နိုင်ငံခေါင်းဆောင်များမှ တရားဥပဒေစိုးမိုးရေးနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေး အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်၍သော်လည်းကောင်း၊ စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်း၊ အချက်အလက်များ စုဆောင်းခြင်းနှင့် စားသုံးသူ အသိပညာပေး လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း စသည်တို့ကို စီမံကိန်းများချမှတ်ကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော်၍သော်လည်းကောင်း ကတိကဝတ်ပြု တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ လှူဒါန်းသူများ၏ ရန်ပုံငွေထောက်ပံ့မှုများကို ရယူနိုင်ပြီး ဥရောပသမဂ္ဂသည် တောရိုင်းတိရစ္ဆာန် မှောင်ခိုကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာ ချမှတ်ရေးဆွဲထားပြီး ကမ္ဘာ့အနှံ့တွင် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် ရန်ပုံငွေများ ထောက်ပံ့လျက်ရှိသည်။

ရလဒ်အတန်အသင့် ရရှိခဲ့သော်လည်း မှောင်ခိုမှုတိုက်ဖျက်သည့် ဆောင်ရွက်ချက်များ လုံလောက်မှုမရှိဘဲ မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ရန် နီးကပ်လာပြီး ဖြစ်ပါသည်။ ထိရောက်စွာ ထိန်းချုပ်ကာကွယ်နိုင်ရန် ဟန့်တားလျက်ရှိသော အရာများမှာ ခိုင်မာတည်မြဲသည့် နိုင်ငံရေးကတိကဝတ်မရှိခြင်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပြဿနာများ (ဥပမာ- စွမ်းဆောင်ရည် နိမ့်ပါးခြင်း၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရန် ခက်ခဲခြင်း၊ ဥပဒေမူဘောင်များမှာ အားနည်းခြင်း)၊ (ဝယ်လိုအားလျှော့ချရေး) စားသုံးသူပညာပေး လူထုလှုပ်ရှားမှုများကို ရေရှည်ဆောင်ရွက်ရန် လိုခြင်းနှင့် တောရိုင်းတိရစ္ဆာန်များကို မွေးမြူရောင်းချခြင်းကြောင့် ပြဿနာ ပိုမိုရှုပ်ထွေးလာခြင်း စသည်တို့ ဖြစ်ကြပါသည်။

တောရိုင်းတိရစ္ဆာန် ခိုးယူသတ်ဖြတ်မှုဆိုင်ရာ လက်ရှိပြဿနာ/ ခြိမ်းခြောက်မှုများကို ရေတိုဖြေရှင်းဆောင်ရွက်နိုင်သော နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- တောရိုင်းတိရစ္ဆာန်များ တရားမဝင် ရောင်းဝယ်ဖောက်ကားသည့် လမ်းကြောင်းတစ်လျှောက်ရှိ အရေးပါသော နေရာများနှင့် စစ်ဆေးရေးဂိတ်များတွင် တရားဥပဒေစိုးမိုးမှုကို အားကောင်းစေခြင်း။ လိုအပ်သော ကျွမ်းကျင်မှုများနှင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခွင့်ရှိသော အဖွဲ့အစည်းများ၊ NGOs များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုက်တွန်းအားပေးခြင်း။ မှောင်ခိုလမ်းကြောင်းတစ်လျှောက်ရှိ နယ်စပ်ဒေသများ၊ တရားရေးအဖွဲ့များ အကြား သတင်းအချက်အလက်များ မျှဝေနိုင်ရန်နှင့် ကွင်းဆင်းဆောင်ရွက်သူများအား မက်လုံးများပေးပြီး သင်တန်းများ ပို့ချနိုင်ရန် ကူညီပံ့ပိုးပေးခြင်း။ ရေရှည်တွင် ပူးပေါင်းစစ်ဆင်ရေး ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများသည် စံနှုန်းကျ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းတစ်ခုအနေဖြစ် သတ်မှတ်သင့်ပါသည်။

တောရိုင်းတိရစ္ဆာန် မှောင်ခိုကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ရေရှည်လုပ်ငန်းစဉ်အတွက် အရေးပါပြီး အကျိုးရလဒ်ရရှိရန် အချိန်ပေး လုပ်ကိုင်ရမည့် ကာလလတ်လုပ်ငန်း/ကြားကာလ လိုအပ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ဥပဒေ၊ မူဝါဒပြဋ္ဌာန်းချက်များကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် ပေါ်ပေါက်လာသော အားနည်းချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် မူဝါဒချမှတ်သူများ (လွှတ်တော် ကိုယ်စားလှယ်များ) ကို ကူညီပံ့ပိုးပေးခြင်း။ နိုင်ငံတကာ သဘောတူညီချက်များ အထူးသဖြင့် CBD နှင့် CITES တို့သည် အရေးပါသော လုပ်ငန်းအဆင့်များဖြစ်ပြီး မှောင်ခိုမှုနှင့် နယ်စပ်ဖြတ်ကျော်ပြစ်မှုများ တိုက်ဖျက်ရေးနှင့် လုံခြုံစိတ်ချမှုဆိုင်ရာ အာဆီယံသဘောတူညီချက်များမှာလည်း အရေးပါလေသည်။ မူဝါဒများ ရေးဆွဲရမည့် နယ်ပယ်များတွင် (က) တင်သွင်းသူများကို ကုန်ပစ္စည်းများ၏ တရားဝင်မှုနှင့် နောက်ကြောင်း လိုက်နိုင်မှုကို သက်သေပြနိုင်ရန် တာဝန်ယူမှု ရှိစေခြင်း၊ (ခ) တောရိုင်းတိရစ္ဆာန်များကို မွေးမြူရောင်းချသည့် လုပ်ငန်းများကို ထိန်းချုပ်ကန့်သတ်ခြင်း၊ (ဂ) တောရိုင်းကောင်များ ထိန်းသိမ်းရေးကို ဟန့်တားနှောင့်ယှက်သည့် မွေးမြူရေးသားကောင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများ ကုန်သွယ်မှုကို ပိတ်ပင် တားဆီးခြင်း စသည်တို့ ပါဝင်လေသည်။ အကောင်အထည်ဖော် ဆောင်ရွက်မှုများရှိ အားနည်းချက်များမှာ ပြစ်မှုဒဏ်ချမှတ်မှု မပြင်းထန်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူမှု နည်းပါးခြင်း စသည်တို့ ဖြစ်ကြသည်။



ကမ္ဘောဒီးယားနိုင်ငံ၊ ကဒါမွန်တောင်ရှိ တမလန်းမှောင်ခိုသစ်စက်။
တရားမဝင်သစ်မှောင်ခိုမှုများကို တိုက်ဖျက်သည့် လုပ်ဆောင်ချက်များကြောင့် သစ်မျိုးစိတ် ၃၀၀ ခန့်ကို ၂၀၁၇ ခုနှစ်တွင် CITES စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့သည်။

- တောရိုင်းတိရစ္ဆာန် မှောင်ခိုရောင်းချမှု၊ အဂတိ လိုက်စားမှု၊ ငွေကြေးခဝါချခြင်းနှင့် နယ်စပ်ဖြတ်ကျော် ပြစ်မှုကျူးလွန်ခြင်း စသည်တို့ ပတ်သက်ဆက်နွယ်မှုတို့ကို အလေးထားဆောင်ရွက်ပြီး ပြဿနာ ဖြေရှင်းရာတွင် ရှိပြီးသား အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် လုပ်ဆောင်ချက်များကို ထိရောက်စွာ အသုံးချခြင်း။
- တောရိုင်းတိရစ္ဆာန် ခိုးယူသတ်ဖြတ်မှုများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ခိုင်မာသည့် ရန်ပုံငွေအရင်းအမြစ်များကို ဖော်ထုတ်ရယူခြင်း။ ယင်းရန်ပုံငွေ အရင်းမြစ်များတွင် ဖမ်းဆီးခံ မှောင်ခိုသမားများမှပြုလုပ်သောလျော်ကြေးငွေပေးချေမှုများနှင့် တရားဝင် ကုန်သွယ်ခွင့် လျှောက်ထားသော ပေးချေရသော အခွန်ငွေနှင့် ဝန်ဆောင်ခ ငွေကြေးများအပါအဝင် ငွေကြေးခဝါချမှုကို ဖမ်းဆီးဖော်ထုတ်မှုများမှ ရရှိသော ရန်ပုံငွေများလည်း ပါဝင်လေသည်။ မှောင်ခို ကူးသန်းလုပ်ကိုင်နိုင်ခွင့် မရှိစေရန် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ ဥပမာအားဖြင့် တောရိုင်းတိရစ္ဆာန် မှောင်ခိုကူးမှုကင်းသော လေကြောင်းလိုင်း၊ ရေလမ်းသယ်ယူပို့ဆောင်ရေး ကုမ္ပဏီများအဖြစ် ထောက်ခံချက်ပြုပေးခြင်း။

ငြိမ်းခြောက်ခံ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးကို ဖော်ဆောင်ရာတွင် ရေရှည်ဆောင်ရွက်ရန် လိုသည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးနိုင်ငံများတွင် ဝယ်လိုအားလျှော့ချနိုင်ရန် စားသုံးသူ အသိပညာပေး လူထုလှုပ်ရှားမှုများကို ကူညီပံ့ပိုးပေးခြင်း။ အဆိုပါ အသိပညာပေး လူထုလှုပ်ရှားမှုများကို ပူးတွဲစီမံကိန်းရေးဆွဲပြီး တိုင်းတာရရှိသော ရလဒ်များ၊ မျှဝေသင်ယူရရှိသော သင်ခန်းစာများကို အခြေခံ၍ ထိရောက်စွာ အကောင်အထည် ဖော်သင့်ပါသည်။ ရေရှည်တည်တံ့သည့် ရန်ပုံငွေ (အထူးသဖြင့် နိုင်ငံတွင်း) ကူညီပံ့ပိုးမှုများ ရှိရန် လိုအပ်ပါသည်။ လူထုလှုပ်ရှားမှု ပညာပေးပွဲများ ကျင်းပရာတွင် ပြဋ္ဌာန်းရန် လိုအပ်သည့်အရာများအား ဆုံးဖြတ်ချက် ချမှတ်သူများ အနေဖြင့် ချမှတ်ရန် စည်းရုံးလှုံ့ဆော်သည့် အနေဖြင့် မှောင်ခိုကုန်ကူးမှုများ၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကုန်ကျမှုနှင့် ပတ်သက်သည့် အချက်အလက်များကို ပြုစု၍ ခိုင်မာအောင် ဆောင်ရွက်သင့်ပါသည်။

### ၅.၂.၂ ပိုမို ထိရောက်သော သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ကူညီပံ့ပိုးပေးခြင်း

မြေပြောင်းလဲ အသုံးချမှုများသည် သဘာဝဂေဟစနစ်များ ထိခိုက်ပျက်စီးခြင်း၊ အတန်းအစားကျဆင်းခြင်းနှင့် ပြန့်တီး ပျောက်ကွယ်ခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်။ တောရိုင်းတိရစ္ဆာန် ကောင်ရေကို လျော့နည်းစေပြီး ဂေဟစနစ်အသိုင်းအဝိုင်းတွင် ဖြစ်တည်မှုများကို နှောင့်ယှက်ကာ ဒေသခံများအတွက် ဂေဟစနစ် ဝန်ဆောင်မှုများနှင့် တောတွင်းထွက်ပစ္စည်းများ ထောက်ပံ့ပေးဆောင်




## စာကွက် ၂- တောင်လဲဆတ် Tonle Sap ရေကန်၊ ကမ္ဘောဒီးယားနိုင်ငံ (KLC 16)

Tonle Sap ရေကန်သည် အရှေ့တောင်အာရှရှိ အကြီးဆုံးသော အမြဲတမ်း ရေချိုကန်ဖြစ်ပြီး များစွာ အသုံးဝင်သော ရေချိုဂေဟစနစ်လည်း တည်ရှိပါသည်။ ထိုရေကန်သည် မဲခေါင်မြစ်၏ မိုးရာသီ နှစ်စဉ် ရေကြီးရေလွှမ်းမှုကြောင့် ရေမပြတ်ကျန်ရှိကာ ကန်အနက် ၁ မီတာ ၉ ဒသမ ၅ မီတာခန့်ရှိပြီး အကျယ်အဝန်း ၂၅၀၀ စတုရန်းကီလိုမီတာမှ ၁၅,၀၀၀ စတုရန်းကီလိုမီတာခန့် ရှိလေသည်။ ငါးများ သားပေါက်ရာ အရပ်ဖြစ်သော နေရင်းဒေသများကို ဖြစ်ပေါ်စေပြီး အနီးဝန်းကျင်ရှိ သစ်တောများနှင့် မြက်ခင်းပြင်များကို ရေလွှမ်းမိုးပါသည်။ ရေကန်တွင်းရှိ ငါးများသည် ကမ္ဘောဒီးယား ကျေးလက်စီးပွားရေးလုပ်ငန်းအတွက် အရေးပါပြီး ထိုရေကန်ကြောင့် ဒေသခံပြည်သူများသည် ရေလုပ်ငန်းကို အင်တိုက်အားတိုက် လုပ်ကိုင်နိုင်ခဲ့သည်။ ခန့်မှန်းတွက်ချက်မှုများအရ Tonle Sap ရေကန်သည် နိုင်ငံလူဦးရေထက်ဝက်ခန့်ကို အကျိုးအမြတ်ဖြစ်စေပြီး လူသန်းပေါင်း ၁ ဒသမ ၂ ခန့်သည် မိမိတို့၏ အသက်မွေးမှုလုပ်ငန်းများအတွက် အဆိုပါကန်အပေါ် မှီခိုလျက်ရှိသည်။

Tonle Sap ကန်သည် ကမ္ဘာတစ်ဝန်းရှိ ခြိမ်းခြောက်ခံ ငှက်မျိုးစိတ်များ အပါအဝင် အရှေ့တောင်အာရှရှိ ရေပျော်ငှက်ကြီးများ အုပ်စုလိုက် ကျက်စားရာ အရပ်လည်းဖြစ်သည်။ ထိုငှက်များထဲတွင် စုံတွဲအကောင်ရေ ၂၀၀၀ ကျော်ခန့်သာရှိသော spot-billed pelican မျိုးစိတ်နှင့် စုံတွဲ ၂၀၀၀၀ ကျော်ခန့်ရှိသော storks မျိုးစိတ်များလည်း ပါဝင်လေသည်။ အဆိုပါ ငှက်များသည် ကန်ရှိ နှစ်စဉ် ရေလွှမ်းမိုးသည့် နေရာများတွင် နေထိုင် သားဖောက်ကြသောကြောင့် ငါးဖမ်းယူရရှိမှုမှာ လွန်စွာ များပြားလှသည်။

Tonle Sap ရေကန်သည် မဲခေါင်မြစ်ညာနှင့် မြစ်လက်တက်များအတွင်း တည်ဆောက်မည့် ရေအားလျှပ်စစ် စီမံကိန်းများ၏ ခြိမ်းခြောက်မှုဒဏ် ခံနေရပါသည်။ ဆည်များသည် မဲခေါင်မြစ်၏ ရေစီးလမ်းကြောင်းများကို ပြောင်းလဲစေနိုင်ပြီး ရာသီအလိုက် ရေလွှမ်းမိုးမှုမှာလည်း လျော့ကျသွားနိုင်ပါသည်။ ဆည်များသည် နွေရာသီရေ အမြင့်ကို မြင့်တက်လာစေနိုင်ပြီး တောင်ပေါ်မှ စီးဆင်းလာသော မြေဆီသြဇာကြွယ်ဝသည့် နုန်းနများမှာလည်း လျော့ပါလာနိုင်ပါသည်။ ကန်အနီးဝန်းကျင်ရှိ ရေဝေရေလဲဒေသများအတွင်း သစ်တောဖုံးလွှမ်းမှု ကျဆင်းလာခြင်းဖြင့် မိုးရေစီးဆင်းမှု များပြားလာကာ ရေတိုက်စားမှုဖြစ်ကာ ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။

အတိတ်ကာလများတွင် ကန်အတွင်း ငါးဖမ်းလုပ်ငန်းကို စနစ်တကျ ထိန်းချုပ်ကန့်သတ်၍ ပုဂ္ဂလိက လုပ်ပိုင်ခွင့်များကို စာချုပ်ချုပ်ဆိုကာ ပေးအပ်လုပ်ကိုင်စေခဲ့ပါသည်။ လွန်ခဲ့သော ၁၀ နှစ် ၁၅ နှစ်မှစ၍ ဒေသခံပြည်သူများ စီမံအုပ်ချုပ်မှုများကို ဖော်ဆောင်နိုင်ရန် ထိုလုပ်ပိုင်ခွင့်ပေးသည့်စနစ်ကို ဖျက်သိမ်းခဲ့သည်။ ကောင်းမွန်သော ဆောင်ရွက်ချက်ဖြစ်ခဲ့သော်လည်း ဒေသခံပြည်သူ အစုအဖွဲ့ ရေလုပ်ငန်း စီမံအုပ်ချုပ်မှုလုပ်ငန်းကို ထိရောက်စွာ အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ထိန်းချုပ်မှုမရှိသော ငါးဖမ်းနည်းလမ်းများ (အဆိပ် အသုံးပြုခြင်း) ကို အသုံးပြုလျက်ရှိပြီး ငါးများ ကျက်စားရာဒေသများ ဖျက်ဆီးခံနေရပါသည်။ ငါးများ၏ နေရင်းဒေသများကို ထိန်းသိမ်း ကာကွယ်ထားသော နယ်မြေအနည်းငယ်သာ ရှိလေသည်။

ဦးစားပေးလုပ်ငန်းများမှာ ငါးထွက်နှုန်းနှင့် ကန်ဂေဟစနစ်များအပေါ် ဆည်များ၏ သက်ရောက်မှုများကို နားလည်သဘောပေါက်ခြင်း၊ ဆည်များ၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်ရန် ရေဝေဒေသရှိ နိုင်ငံများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ (ရေကန် ဂေဟစနစ်များ ပါဝင်သော) သဘာဝထိန်းသိမ်းရေး နယ်မြေ စီမံအုပ်ချုပ်မှုကို တိုးတက်ကောင်းမွန်လာစေခြင်း၊ ဒေသခံ ပြည်သူအစုအဖွဲ့ ငါးလုပ်ငန်းစီမံအုပ်ချုပ်သည့် လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ခြင်း၊ ကန်အနီးဝန်းကျင် သစ်တောများဖြင့် ဖွဲ့စည်းထားသော သဘာဝထိန်းသိမ်းရေး အုပ်ချုပ်လုပ်ကိုင်မှု တိုးတက်ကောင်းမွန်လာစေခြင်း စသည်တို့ ဖြစ်ပါသည်။



လာအိုနိုင်ငံ၊ Nakai-Nam Theun အမျိုးသားထိန်းသိမ်းရေး နယ်မြေတွင် ကင်းလှည့်အဖွဲ့ဝင်တစ်ဦးကို သစ်တောမှရရှိသော ဝိုင်ယာ ထောင်ချောက်နှင့်အတူ တွေ့ရစဉ်။ Nakai-Nam Theun သည် saola၊ large muntjac နှင့် Indochina warty pig စသော နို့တိုက်သတ္တဝါများအတွက် အရေးပါသော နေရင်းဒေသဖြစ်ပါသည်။

နိုင်မှုကို အားနည်းစေပါသည်။ အကြောင်းအရင်းများမှာ ရှုပ်ထွေးပြီး မြေယာလုပ်ပိုင်ခွင့် မခိုင်မာခြင်း၊ မြေယာအငြင်းပွားမှုများ၊ ဆင်းရဲနွမ်းပါးမှုများ၊ စက်မှုလယ်ယာမြေများ တိုးချဲ့ခြင်း၊ ပုစွန်၊ ငါးကန်နှင့် အခြား မွေးမြူရေးလုပ်ငန်း၊ မြို့ပြချဲ့ထွင်ခြင်းနှင့် လူဦးရေ တိုးတက်လာသည်နှင့်အမျှ သယံဇာတများအပေါ် ဖိအားတိုးပွားလာခြင်း စသည်တို့ ဖြစ်ကြပါသည်။

နိုင်ငံအသီးသီးသည် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေး ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်ကာ ကိုယ်စားပြု သဘာဝ ဂေဟစနစ်များကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ သဘာဝထိန်းသိမ်း ရေးနယ်မြေများကို ဖွဲ့စည်းထားပါသည်။ စာရွက်စာတမ်းများအရ ထိန်းသိမ်းရေး နယ်မြေများသည် (ကမ္ဘောဒီးယားနိုင်ငံ) ၏ ၂၆ ရာခိုင်နှုန်း၊ (မြန်မာနိုင်ငံ၏) ၇ ရာခိုင်နှုန်းစသည်ဖြင့် အသီးသီး ဖုံးလွှမ်းထားရှိပါသည်။ သို့သော်လည်း ထိုင်းနိုင်ငံရှိ သဘာဝ ထိန်းသိမ်းရေး နယ်မြေတစ်ခုတည်းသာလျှင် ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းများကို လုံလောက်သော ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိပြီး အခြားနိုင်ငံများရှိ ထိန်းသိမ်းရေးနယ်မြေများကို စီမံအုပ်ချုပ်ရာတွင် နိုင်ငံတကာ NGO အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုနှင့် လှူဒါန်းသူများ ပံ့ပိုးသော စီမံကိန်းရန်ပုံငွေများကိုသာ များစွာ မှီခိုရလေသည်။ အဆိုပါ စီမံကိန်းများသည် ထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်လုပ်ကိုင်မှုများ ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်များကို ကူညီမြှင့်တင်ပေးနိုင်ခဲ့ပြီး ထိုင်းနိုင်ငံအနောက်ခြမ်း သစ်တောနယ်မြေများတွင် ကျက်စားလျက်ရှိသော ကျားကောင်ရေ တိုးပွားလာခြင်း စသော ရလဒ်ကောင်းများကို ရရှိခဲ့သော်လည်း ထိုလုပ်ဆောင်ချက်များ ရေရှည်တည်တံ့နိုင်ရန်မှာ မလွယ်ကူလှပေ။ စီမံကိန်း၏ ပံ့ပိုးမှုများမရှိခဲ့စဉ်က တရားမဝင် မြေပြောင်းလဲ အသုံးချမှုများနှင့် အမဲလိုက် သတ်ဖြတ်မှုများကို သဘာဝ ထိန်းသိမ်းရေး နယ်မြေတိုင်းတွင် လုပ်ကိုင်လျက် ရှိသည်။ အချို့သော တရားဝင် မြေအသုံးချခွင့် လိုင်စင်များသည် ထိန်းသိမ်းရေးနယ်မြေများအပေါ် ကျရောက်လျက်ရှိသည်။ ထိရောက်သော ထိန်းသိမ်းရေးနယ်မြေ ကွန်ရက်ဖွဲ့စည်းရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများမှာ ထိန်းသိမ်းရေးနယ်မြေများ၏ စီးပွားရေးနှင့် လူမှုရေး တန်ဖိုးများကို ထည့်သွင်းစဉ်းစားမှု မရှိခြင်း၊ အခြားသော ကဏ္ဍများမှ မြေယာနှင့် သယံဇာတ အသုံးပြုခွင့် ယှဉ်ပြိုင်ရယူလိုခြင်း၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းရာတွင် ဒေသခံများ၏ အကျိုးစီးပွားကို လုံလောက်စွာ ထည့်သွင်းစဉ်းစားမှုမရှိခြင်း စသည်တို့ ဖြစ်ကြပါသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် PAs အဖြစ် ဖွဲ့စည်းထားခြင်းမရှိသည့် အခြားသော ဂေဟစနစ်များ စသည်တို့ကို ဖြေရှင်းဆောင်ရွက်ရန် လတ်တလော ရေတိုလုပ်ကိုင်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ဦးစားပေး ထိန်းသိမ်းရေးနယ်မြေများ၏ ကွင်းတွင်း ထိန်းသိမ်းရေးလုပ်ငန်းများနှင့် အုပ်ချုပ်လုပ်ကိုင်သည့် လုပ်ငန်းများကို ကူညီပံ့ပိုးပေးခြင်း။ တရားဥပဒေ စိုးမိုးရေး ဖော်ဆောင်နိုင်ရန် ရှိပြီးသား အရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်း၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ PA များအပေါ် ကျရောက်လျက်ရှိသော ဖိအားများကို လျှော့ချခြင်း၊ ဝန်ထမ်းများနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် လိုက်လျောညီထွေသည့် အုပ်ချုပ်လုပ်ကိုင်မှုဖြစ်စေရန် စောင့်ကြည့်လေ့လာခြင်း စသည်တို့ ပါဝင်လေသည်။
- ဇီဝမျိုးစုံမျိုးကွဲများ ပျံ့နှံ့တည်ရှိမှုနှင့် ထိန်းသိမ်းရေး လိုအပ်ချက်များကို လေ့လာ ဆန်းစစ်ဖော်ထုတ်ပြီး အမျိုးသား သဘာဝ ထိန်းသိမ်းရေးနယ်မြေများကို ခိုင်မာအားကောင်းစေခြင်း။ ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများကိုထည့်သွင်းစဉ်းစားခြင်း၊ နယ်မြေကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အစားထိုး ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းများ (ဥပမာ- ပြည်သူအခြေပြု၊ ပုဂ္ဂလိက) ကို ဖော်ထုတ်ခြင်း။

စပါးခွံကိုအသုံးပြု၍ စပါးစက်လည်ပတ်ရာတွင် သုံးစွဲနိုင်ရန် စွမ်းအင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်အလေအလွင့်များနှင့် လောင်စာသုံးစွဲမှုတို့ကို လျော့ချနိုင်ခဲ့ကာ လယ်သမားများလည်း ဝင်ငွေတိုးခဲ့သည်။ ဥရောပသမဂ္ဂစီမံကိန်းတစ်ခုသည် NGOs၊ အစိုးရဌာန၊ တောင်သူလယ်သမားများ အသင်းတို့ ပူးပေါင်း၍ ကမ္ဘောဒီးယားနိုင်ငံရှိ တောင်ဇလုပ်ကန်အနီးဝန်းကျင်ရှိ စပါးစိုက်ဒေသများတွင် အဆိုပါ နည်းပညာများကို စတင်ဖြန့်ဝေအသုံးပြုနိုင်ရန် ရန်ပုံငွေထောက်ပံ့ခဲ့သည်။



PAs ဆိုင်ရာ မူဝါဒ ဥပဒေပြဋ္ဌာန်းချက်များ တိုးတက်ကောင်းမွန်လာစေရန် ကာလလတ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောက်တွင် ဖော်ပြထားပါသည်။

- စီးပွားရေး လုပ်ကိုင်ခွင့်ပေးနိုင်ရေး ထိန်းသိမ်းရေးနယ်မြေအား ပယ်ဖျက်မှုများ မဖြစ်စေရန် ဥပဒေလမ်းကြောင်းအရ လုံလောက်သော အကာအကွယ်ပေးရန် အပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေစီမံ အုပ်ချုပ်မှုဆိုင်ရာ ထိရောက်မှုကို ဖော်ဆောင်ရာတွင် ဟန့်တားလျက်ရှိသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရေးဆွဲခြင်း။ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆွေးနွေးညှိနှိုင်းရာတွင် အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရေးဆွဲခြင်း။ သဘာဝထိန်းသိမ်းရေးနယ်မြေ ဖွဲ့စည်းထားရှိမှုကို လေးစားသိမှတ်ပြုနိုင်ရန် စက်ရုံများ၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများထံမှ ကတိကဝတ်များကို ရယူခြင်း။
- လှူဒါန်းသူများ၏ ရန်ပုံငွေထောက်ပံ့မှု၊ ဂေဟစနစ်ဝန်ဆောင်မှု၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ ဝင်ကြေးငွေနှင့် ကော်ပိုရိတ်များ၏ ထောက်ပံ့မှုများအပြင် အမျိုးသားအဆင့် သဘာဝ ထိန်းသိမ်းရေး နယ်မြေဆိုင်ရာ အစိုးရ၏ ရန်ပုံငွေ ဘတ်ဂျက် ခွဲဝေသုံးစွဲမှုကို မြှင့်တင်အားပေးခြင်း။ စောင့်ကြည့်လေ့လာခြင်းနှင့် လိုက်လျောညီထွေမှုရှိသော စီမံအုပ်ချုပ်မှုဆိုင်ရာ အသုံးချသုတေသနများ ဆောင်ရွက်ခြင်းများအပါအဝင် ကွင်းဆင်းလုပ်ငန်းများကို ဦးစားပေးချီးမြှောက်သော ရန်ပုံငွေထောက်ပံ့သည့် အစီအစဉ်ကို ကူညီပံ့ပိုးပေးခြင်း။
- ဆင်းရဲနွမ်းပါးမှု၊ မြေယာသုံးချခွင့် မရှိခြင်းနှင့် နည်းပညာ၊ ဈေးကွက်တို့ကို လက်လှမ်းမမီခြင်း စသော ထိန်းသိမ်းရေး နယ်မြေများအတွင်း တရားမဝင်နှင့် ရေရှည်မတည်တံ့သော ထုတ်ယူသုံးစွဲမှုများကိုဖြစ်စေသော အကြောင်းရင်းများကို ဖြေရှင်းဆောင်ရွက်ခြင်း။ သဘာဝထိန်းသိမ်းရေး နယ်မြေ အနီးဝန်းကျင်ရှိ ဒေသခံများ၏ အသက်မွေးမှု ခိုင်မာလာအောင် ဖော်ဆောင်ခြင်း။

အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုများနှင့် ကတိကဝတ်များ ရရှိထားသော သဘာဝထိန်းသိမ်းရေး နယ်မြေများကို ဖွဲ့စည်းသတ်မှတ်ရန် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- သဘာဝထိန်းသိမ်းရေး နယ်မြေများကို အမျိုးသားအဆင့် ကိုယ်စားမှုနှင့် ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်သော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း ပြည်သူများ နားလည်သိရှိလာစေရန် အသိအမြင်ဖွင့် ပညာပေးခြင်း။ သဘာဝထိန်းသိမ်းရေး နယ်မြေနှင့် စပ်လျဉ်းသည့် စီးပွားရေး၊ သိပ္ပံနည်းကျ၊ ရှုခင်းပဒေသာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖော်ပြ ရှင်းလင်းချက်များကို အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အစိုးရဌာနနှင့် နိုင်ငံရေး ခေါင်းဆောင်များကို စည်းရုံးလှုံ့ဆော်ပြောဆိုခြင်း။ သဘာဝထိန်းသိမ်းရေး နယ်မြေကို အသိအမှတ်ပြုသော နိုင်ငံတကာအစီအစဉ်များတွင် တိုးမြှင့်ပါဝင် ဆောင်ရွက်ပြီး SDG (စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုက်မှုဆိုင်ရာ မျှော်မှန်းချက်များ) နှင့် ချိတ်ဆက်လုပ်ကိုင်မှုကို မြှင့်တင်ခြင်း။




## စာကွက် ၃- Annamite တောင်တန်း (KLCs ၁၉၊ ၂၀ နှင့် ၂၅)

Annamite တောင်တန်းသည် ဟိမဝန္တာအရပ်မှ စတင်ကာ ဖြန့်ကြက်တည်ရှိသော တောင်ဖျားစွန်းရှိ တောင်စဉ်တောင်တန်းများပင် ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ နယ်စပ်ဒေသတို့အတွက် အရေးပါသော တောင်တန်းဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံအထိ ကျယ်ပြန့်လေသည်။ ဒေသတွင်း ရှားပါး၍ ခြိမ်းခြောက်ခံနေရသော အာရှ မြင်းဖြူကို ရှာဖွေဖော်ထုတ်ခဲ့သော ၁၉၉၀ အစောပိုင်း ခုနှစ်များမှစ၍ ထိန်းသိမ်းရေးလုပ်ငန်းများကို အာရုံစိုက် လုပ်ကိုင်လာခဲ့ကြသည်။ ၁၀၀ ကီလိုဂရမ်လေး၍ အမြင့်ပေ ၈၅ စင်တီမီတာ၊ အရှည် ၁ ဒသမ ၅ မီတာခန့်ရှိသော မျိုးစိတ်သစ်ကို ရှာဖွေဖော်ထုတ်နိုင်ခြင်းကြောင့် ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်များတွင် သိပ္ပံပညာရှင်များ စိတ်ဝင်စားလာခဲ့ကြသည်။ ထိုကာလတွင် လွန်ခဲ့သော နှစ်သန်းပေါင်း ၁၁ သန်း သက်တမ်းရှိသော ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် နီးစပ်သည့် the giant muntjac, the largest species of muntjac; the Laotian rock rat or kha-nyou စသော ရှားပါးမျိုးစိတ်များကို ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ပါသည်။

Annamite တောင်တန်းတွင် ထူးခြားသော ဇီဝမျိုးစုံ မျိုးကွဲများ တည်ရှိခြင်းကြောင့် ရေခဲခေတ်တွင် ပူနွေးစွတ်စိုခဲ့ပါသည်။ အရှေ့တောင် အာရှ ဒေသအနှံ့တွင် စိုစွတ်သော အမြဲစိမ်းတောများနှင့် တောင်ခြောက်များ စသည်ဖြင့် အမျိုးမျိုးကွဲပြားသော နေရင်းဒေသများရှိပြီး Annamite တောင်တန်းရှိ ပုံမှန်မဟုတ်သော ရာသီဉတု အခြေအနေများသည် မိုးသစ်တော တည်ရှိမှုကို ပံ့ပိုးပေးပြီး သစ်တောများနှင့် တောရိုင်းတိရစ္ဆာန်များ ဆင့်ကဲပြောင်းလဲရပ်တည်မှုကို အထောက်အကူပြုလေသည်။

ဇီဝမျိုးစုံမျိုးကွဲများကို အလွန်အကျွံ အမဲလိုက်သတ်ဖြတ်ခြင်း၊ မှောင်ခို ရောင်းဝယ်ဖောက်ကားခြင်းနှင့် ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်မှုများ အပါအဝင် မြေပြောင်းလဲ အသုံးချမှုများသည် များစွာခြိမ်းခြောက်လျက်ရှိသည်။ ထိုစိန်ခေါ်မှုများထဲမှ တောရိုင်းတိရစ္ဆာန်များ မှောင်ခိုကုန်ကူးမှုသည် အဓိကခြိမ်းခြောက်လျက် ရှိသော အရာဖြစ်ပြီး အချို့မျိုးစိတ်များမှာ ခုဂဏန်း၊ ရာဂဏန်းသာ ကျန်ရှိတော့၏။ ဥပမာအားဖြင့် ကမ္ဘာပေါ်ရှိ ခြိမ်းခြောက်ခံရဆုံး ပရိုင်းမိတ်မျိုးစိတ် ၅ မှ ၂၅ မျိုးထိကို Annamites တောင်တန်းတွင် တွေ့ရသည်။ ရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်မှုများသည် နယ်မြေ၏ ဂေဟအခြေအနေ တည်ရှိမှုကို အတန်းအစား ကျဆင်းစေကာ အရေးပါသော နေရင်းဒေသများ ဆုံးရှုံး ပျောက်ကွယ်သွားစေသည်။ သဘာဝ ထိန်းသိမ်းရေး နယ်မြေအများစုမှာ စီမံအုပ်ချုပ်မှုလုပ်ငန်းများ လုပ်ကိုင်ရန် ရန်ပုံငွေမရှိခြင်း၊ အခြေခံအဆောက်အအုံ၊ ဝန်ထမ်းများနည်းပါးခြင်း၊ နိုင်ငံရေးအရ ထောက်ခံအားပေးမှု မရှိခြင်း စသည်တို့ကြောင့် စာရွက်ပေါ်တွင်သာ ထိန်းသိမ်းရေး နယ်မြေများအဖြစ် သတ်မှတ်ထားနိုင်ပါသည်။ ထိန်းသိမ်းရေးနယ်မြေများအတွင်း မြေခုတ်ထွင်ရှင်းလင်းမှုများနှင့် အမဲလိုက်မှုများမှာ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ဦးစားပေးလုပ်ငန်းများတွင် ဇီဝမျိုးစုံ မျိုးကွဲများအားလုံးကို ကာကွယ်ထိန်းသိမ်းနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ကူညီပံ့ပိုးပေးနိုင်ရန် (ဥပမာ- ပြည်သူလူထု အခြေပြုခရီးသွားလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့်) သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ ထိရောက်သော စီမံ အုပ်ချုပ်လုပ်ကိုင်မှုကို ဖော်ဆောင်ခြင်း၊ အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများကို တိုးတက် ကောင်းမွန်လာစေခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် စောင့်ကြည့်လေ့လာခြင်း၊ သတ္တုတွင်းများနှင့် ရေအားလျှပ်စစ်စီမံကိန်းများ၏ သက်ရောက်မှုများကို လျော့ချနိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အမဲလိုက်သတ်ဖြတ်မှုနှင့် တောရိုင်း တိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှုတို့ကို ပိတ်ပင်တားဆီးခြင်း စသည်တို့ ဖြစ်ပါသည်။



ချင်းပြည်နယ်၊ မြန်မာနိုင်ငံ။ ဒေသတွင် စီးပွားရေးဖွံ့ဖြိုးမှုများ ဖြစ်ထွန်းလျက်ရှိသော်လည်း ချင်းပြည်နယ်တွင် ဆင်းရဲနွမ်းပါးမှုများ ကျန်ရှိဆဲပင် ဖြစ်သည်။ အထူးသဖြင့် သဘာဝထိန်းသိမ်းရေး နယ်မြေများအနီး နေထိုင်သောသူများမှာ နွမ်းပါးကြဆဲပင် ဖြစ်သည်။

### ၅.၂.၃ ဇီဝမျိုးစုံ မျိုးကွဲတန်ဖိုးများကို ခိုင်မာတည်ရှိစေရန်နှင့် အသက်မွေးမှုများ တိုးတက်ကောင်းမွန်လာစေရန် နယ်မြေတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်မှုကို တိုးမြှင့်ခြင်း

စိုက်ပျိုးရေး၊ သစ်တော စသော ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် သဘာဝနေရင်းဒေသများ ပြောင်းလဲလျက်ရှိသော သဘာဝနယ်မြေတစ်ခွင်တစ်ပြင်တွင် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ တန်ဖိုးများ ကျန်ရှိကာ ဂေဟစနစ်ဝန်ဆောင်မှုကို ထောက်ပံ့ပေးနိုင်လေသည်။ သို့သော်လည်း နယ်မြေ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ်လုပ်ဆောင်ချက်များမှာ သယံဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ မြေယာအလွန်အကျွံအသုံးချမှုများ၊ ညစ်ညမ်းမှုများ၊ ဆည်၊ သတ္တုတွင်း၊ စက်မှုလယ်ယာ လုပ်ပိုင်ခွင့်များနှင့် မြို့ပြဖွံ့ဖြိုးလာခြင်း စသော မြေပြောင်းလဲအသုံးချမှုများ စသည်တို့ကြောင့် ပျက်စီးယိုယွင်းလာခဲ့ပါသည်။ အဖြောင့်တည်ဆောက်သော အခြေခံအဆောက်အအုံများ (လမ်း၊ ပိုက်လိုင်း၊ ဓာတ်အားလိုင်း၊ ခြံစည်းရိုး) မှာ နယ်မြေ တစ်ခွင်တစ်ပြင်ပေါ် သက်ရောက်မှု နည်းပါးသော်လည်း တောရိုင်းတိရစ္ဆာန်များ ဖြတ်သန်းသွားလာရာတွင် အဟန့်အတားဖြစ်စေပြီး တောင်သူများနှင့် မုဆိုးများ သွားလာရ လွယ်ကူစေသည်။

နယ်မြေတစ်ခွင်တစ်ပြင်သည် သဘာဝထိန်းသိမ်းရေး နယ်မြေများအကြား ထိစပ်နယ်မြေ ကော်ရစ်ဒါ သို့မဟုတ် ကြားခံနယ်မြေ သဖွယ် တည်ရှိနေပါက တောရိုင်းတိရစ္ဆာန်ကြီးများသည် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ အရေးပါသော ကြားခံနယ်မြေ ဖြစ်လာမည်ဖြစ်သည်။ နယ်မြေတစ်ခွင်တစ်ပြင်၏ ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးများ ပပျောက်ဆုံးရှုံးခဲ့ရပါက ချိတ်ဆက် တည်ရှိနေမှုလည်း ပျက်စီးကာ ထိန်းသိမ်းရေးနယ်မြေသည်လည်း သီးခြားဖြစ်တည်သွားမည် ဖြစ်သည်။ ယင်းတို့အတွင်း ကျက်စားလျက်ရှိသော ဇီဝမျိုးစုံ မျိုးကွဲများသည် အလွန်အကျွံထုတ်လုပ်မှုများ၊ ရောဂါပိုးမွှားများနှင့် မီးကဲ့သို့သော သဘာဝဘေးများစသည်တို့၏ အန္တရာယ်များနှင့် ကြုံတွေ့လာရနိုင်ပါသည်။

နယ်မြေတစ်ခွင်တစ်ပြင်တွင် အကျိုးဆက်စပ် ပတ်သက်သူများသည် လုပ်ငန်းစဉ်မျိုးစုံကို ဆောင်ရွက်လျက်ရှိသောကြောင့် ယင်းနည်းလမ်းသည့် အကျိုးဆက်စပ် ပတ်သက်သူများစွာ ပါဝင်သော နည်းလမ်းပင်ဖြစ်ပြီး ထိန်းသိမ်းရေးဆိုင်ရာ ဦးစားပေး သတ်မှတ်ချက်များ၊ ဒေသန္တရ သယံဇာတစီမံခန့်ခွဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ အကျိုးစီးပွားစသည်တို့အကြား အပေးအယူ ညှိနှိုင်းတိုင်ပင်များကိုလည်း ပြုလုပ်နိုင်ပါသည်။ ထိန်းသိမ်းရေး လုပ်ငန်းများကို အုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှုစီမံကိန်းများကို ဆောင်ရွက်ခြင်းတို့ကို ပေါင်းစည်းဖော်ဆောင်နိုင်သော်လည်း လက်တွေ့တွင်မူ ညံ့ဖျင်းသော စီမံအုပ်ချုပ်မှု၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်နိမ့်ပါးခြင်း၊ ပဋိပက္ခများ၊ ကဏ္ဍအလိုက် မတူညီသော လုပ်ငန်းစီစဉ်များနှင့် လိုင်စင်ထုတ်ပေးခြင်း ကိစ္စများကို ကြပ်မတ်ဆောင်ရွက်ရန် ခက်ခဲခြင်း စသည်တို့ကြောင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိပေ။

နယ်မြေတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းသည် ထိန်းသိမ်းရေးနယ်မြေများနှင့် တောရိုင်းတိရစ္ဆာန် ပြစ်မှုများ စသည်တို့နှင့် စပ်လျဉ်းသည့်စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး ကာလလတ်ဆောင်ရွက်ချက်များပင် ဖြစ်သည်။

- နယ်မြေတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်ရန် လိုသည့်နေရာကို သတ်မှတ်ဖော်ထုတ်ခြင်း။ ရွေးချယ် ဖော်ထုတ်ရာတွင် ဇီဝမျိုးစုံ မျိုးကွဲတန်ဖိုးများ၊ အရေးပါသော ဂေဟစနစ် ဝန်ဆောင်မှုများ၊ သယံဇာတများကို မိရိုးဖလာဓလေ့အတိုင်း စီမံအုပ်ချုပ်လျက်ရှိသော ကျေးရွာများ၊ ဒေသန္တာရ အစိုးရ၏ စိတ်ပါဝင်စားမှုနှင့် စက်မှုလုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်လိုမှု စသည်တို့ကို ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။
- နယ်မြေတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်မှုဆိုင်ရာ မျှော်မှန်းချက်များကို ကဏ္ဍဆိုင်ရာ စီမံကိန်းနှင့် ဘတ်ဂျက်ခွဲဝေမှုတို့တွင် ညှိနှိုင်း ပေါင်းစည်းထည့်သွင်းမှုကို အထောက်အကူပြုရန် မြေအသုံးချမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း စသော တည်ဆဲစီမံအုပ်ချုပ်မှုဆိုင်ရာ အစီအမံများတွင် ပေါင်းစပ်ဖော်ထုတ်ထားသော ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ စနစ်များနှင့် အဖွဲ့အစည်းများကို ဖွဲ့စည်းချမှတ်ခြင်း။
- ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် နယ်မြေတစ်ခွင်တစ်ပြင် ဆောင်ရွက်မှုများကို ထည့်သွင်းဖော်ပြနိုင်ရန် ဇီဝမျိုးစုံ မျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ၏ တန်ဖိုးဖြတ် တွက်ချက်မှုကို ကူညီ ပံ့ပိုးပေးခြင်း။
- နယ်မြေသည် နယ်စပ်ဖြတ်ကျော်သော ဧရိယာများ ပါဝင်ပါက နိုင်ငံတကာနှင့် ညှိနှိုင်းဆောင်ရွက်သည့် စနစ်များကို ချမှတ်ရန် လိုသည်။
- ရေရှည်တည်တံ့သော ရန်ပုံငွေများကို ထိရောက်စွာ အသုံးချနိုင်ပြီး အပြန်အလှန် ဆက်စပ် ပတ်သက်သူ အခြေပြု အကဲဖြတ်သုံးသပ်မှုများ ပြုလုပ်ကာ လိုအပ်ချက်အခြေပြု ဦးစားပေး သတ်မှတ်ခြင်း စသည်တို့ကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ နယ်မြေတစ်ခွင်တစ်ပြင်အနှံ့ လျှုဒါန်းသူများ ညှိနှိုင်းတိုင်ပင်သည့် စနစ်ကို ချမှတ်ခြင်း။
- ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများဖြစ်စေသည့် လုပ်ငန်းများမှ ရေရှည်တည်တံ့သည့် အသက်မွေးမှုများကို ပြောင်းလဲ လုပ်ကိုင်ရန် ဒေသခံပြည်သူများကို ကူညီပံ့ပိုးပေးခြင်း။

နယ်မြေတစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းကို ရေရှည်တည်တံ့စွာ အကောင်အထည်ဖော်နိုင်ရန် သင့်လျော်သော မူဝါဒများ၊ ထောက်ခံအားပေးသော ပုဂ္ဂလိကကဏ္ဍလုပ်ငန်းစဉ်များနှင့် နိုင်ငံတကာ ကူညီပံ့ပိုးမှုများ လိုအပ်လေသည်။

- ဌာနေတိုင်းရင်းသားများနှင့် ဒေသခံများ၏ သယံဇာတအသုံးပြုမှုနှင့် စီမံအုပ်ချုပ်မှုကို အသိအမှတ်ပြု ထောက်ခံအားပေးသော ဥပဒေ၊ မူဝါဒဆိုင်ရာ မူဘောင်များကို လိုအပ်သလို ခိုင်မာအားကောင်းစေခြင်း။
- ထိန်းသိမ်းရေး တန်ဖိုးမြင့်သော သစ်တောများကို ကာကွယ်ထားခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသော အခြေခံအဆောက်အအုံများကို တည်ဆောက်ခြင်း စသည်တို့အားဖြင့် ပုဂ္ဂလိကကဏ္ဍ ကတိကဝတ်များကို အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ရယူခြင်း။
- အမျိုးသားအဆင့်နှင့် နိုင်ငံတကာ ကတိကဝတ်များ၊ လုပ်ငန်းအစီအစဉ်များနှင့် (ဥပမာအားဖြင့် FLEGT VPA အကောင်အထည်ဖော်ခြင်း၊ CBD/Aichi လျာထားချက်များနှင့် UNFCCC/INDC) ချိတ်ဆက် ဖော်ဆောင်ခြင်း။ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲပြီး စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ရာတွင် ဇီဝမျိုးစုံ မျိုးကွဲနှင့် ဂေဟစနစ် အညွှန်းကိန်းများကို ထည့်သွင်း စဉ်းစားခြင်း။ ရရှိလာသော အချက်အလက်များကို CBD/Aichi လျာထားချက်၊ SDGs နှင့် အခြားနိုင်ငံတကာ ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များနှင့်ပတ်သက်သည့် အမျိုးသားအဆင့် ဆောင်ရွက် ပြီးမြောက်မှုကို အကဲဖြတ်သုံးသပ်ရာတွင် အသုံးပြုရန် တိုက်တွန်းအားပေးခြင်း။

### ၅.၂.၄ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာများနှင့် တိုးချဲ့ပညာပေးမှုများကို မြှင့်တင်ခြင်း

ဇီဝမျိုးစုံ မျိုးကွဲများ၊ ဂေဟစနစ်ဝန်ဆောင်မှုများ၊ ၎င်းတို့အပေါ် ခြိမ်းခြောက်လျက်ရှိသော အရာများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ၏ သက်ရောက်မှုများ စသည်တို့နှင့် ပတ်သက်သည့် အချက်အလက်များမှာ မူဝါဒရေးဆွဲခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ စီမံအုပ်ချုပ်ရာတွင် ထည့်သွင်း စဉ်းစားရမည့် အခြေခံလိုအပ်ချက်များပင် ဖြစ်သည်။ လက်ရှိအချိန်တွင် ထိန်းသိမ်းရေးဆိုင်ရာ ရှုထောင့်မျိုးစုံနှင့် ပတ်သက်သည့် သတင်းအချက်အလက်များမှာ ပြီးပြည်စုံမှုမရှိဘဲ စီမံကိန်းအလိုက်သာ ပြုစုထားရှိလေသည်။ ရရှိသော အချက်အလက်များမှာလည်း အသုံးပြုရန် ခက်ခဲပြီး မွမ်းမံပြုစုသော အချက်အလက်များ မဟုတ်ပေ။ ထို့အပြင် စီမံကိန်းရေးဆွဲ၍ အကဲဖြတ်သုံးသပ်ရာတွင် သတင်းအချက်အလက်များကို အသုံးချသော အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် မည်သို့ ထိရောက်စွာ အသုံးပြုရမည်ကို သိရှိခြင်း မရှိပေ။

ထို့ကြောင့် ဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာ သတင်းအချက်အလက်များကို တိုက်ဆိုင် စစ်ဆေး စုဆောင်းသော အစီအစဉ်များမှာ နယ်မြေအဆင့်၌သော်လည်းကောင်း၊ အမျိုးသားအဆင့်၊ နိုင်ငံတကာ အဆင့်၌သော်လည်းကောင်း ရှိပါသည်။ သို့သော်လည်း မွမ်းမံပြင်ဆင်ခြင်းများ မရှိသောကြောင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်း မရှိပေ။

ရှိပြီးသားအသိပညာ ဖြန့်ဝေသည့် အစီအစဉ်များကို တိုးတက်ကောင်းမွန်စေနိုင်သည့် ရေတိုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ထိန်းသိမ်းရေးနယ်မြေအတွင်း လုံလောက်စွာ ကာကွယ်စောင့်ရှောက်ထားခြင်း မရှိသော မျိုးစိတ်များ၊ လူသိနည်းပြီး ခြိမ်းခြောက်ခံမျိုးစိတ်များနှင့် စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုး



မြန်မာနိုင်ငံ၊ မင်းဇုန်တောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၏ စောင့်ကြည့် မျှော်စင်ပေါ်ရှိ ဝန်ထမ်းများ။
ဘေးမဲ့တောတွင် ခြိမ်းခြောက်ခံနေရသော မြန်မာကြယ်လိပ်များကို သဘာဝအတိုင်း
ကာကွယ်စောင့်ရှောက်ထားပြီး သားဖောက်ခြင်းနှင့် မျိုးဆက်သွင်းခြင်း လုပ်ငန်းအစီအစဉ်များကို
ဆောင်ရွက်လျက်ရှိသည်။

များရှိသော မျိုးစိတ်များ စသည်တို့ကို ဦးစားပေး၍ သုတေသနပြု ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မျိုးစိတ်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်း။

- ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော နယ်မြေများ၏ သတင်းအချက်အလက်များ အပါအဝင် ဒေသအတွက် အရေးပါသော ဇီဝမျိုးစုံ မျိုးကွဲနယ်မြေ သတ်မှတ်ခြင်း လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း။ အချက်အလက်များကို ထိန်းသိမ်းမွမ်းမံပြီး အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်း။
- အရေးကြီးသော မူဝါဒများ ချမှတ်ရန် လိုသည့် ကိစ္စရပ်များကို အသိပေးနိုင်ရန် မဟာဗျူဟာကျသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ သုတေသနပြုလုပ်ခြင်း။ သုတေသန နယ်ပယ်များတွင် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ်တန်ဖိုးများ၊ စိုက်ပျိုးမြေများရှိ ဇီဝမျိုးစုံ မျိုးကွဲများ၊ တောကောင်များ မွေးမြူရောင်းချခြင်းလုပ်ငန်း၏ သက်ရောက်မှုများနှင့် CITES စာရင်းဝင်ဖြစ် သတ်မှတ်ရန် လျာထားသည့် မျိုးစိတ်များကို လေ့လာဆန်းစစ်ခြင်း စသည်တို့ ပါဝင်လေသည်။

ထိန်းသိမ်းရေး စီမံချက်များ ရေးဆွဲရာတွင် ထိရောက်စွာအသုံးချနိုင်ရန် အချက်အလက်များကို ပေါင်းစည်းထိန်းသိမ်းသည့် စနစ်များကို ကြားကာလတွင် ဖော်ဆောင်နိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

- ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အချက်အလက်များနှင့် လေ့လာဆန်းစစ်ချက်များကို အစိုးရဌာနများ၊ စက်မှုလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းများ အသုံးပြုနိုင်သည့်စနစ်ကို ခိုင်မာအားကောင်းစေခြင်း။ အာဆီယံဇီဝမျိုးစုံ မျိုးကွဲဆိုင်ရာဌာနနှင့် အမျိုးသားအချက်အလက် စုဆောင်းရေးဌာနတို့ လုပ်ငန်းဆောင်ရွက်ချက်များ အပါအဝင် ဒေသဆိုင်ရာ လုပ်ငန်းစီစဉ်များကို မြှင့်တင်ခြင်း။
- ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဆိုင်ရာ သုတေသနနှင့် လေ့လာဆန်းစစ်ချက်များ (ဇီဝဗေဒဆိုင်ရာ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များ အပါအဝင်) ပြုလုပ်နိုင်ရန် ဒေသတွင်း စွမ်းဆောင်ရည်များကို တည်ဆောက်မြှင့်တင်ခြင်း။

## ၅.၂.၅ ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးတွင် ပါဝင်သော အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ကော်ပိုရိတ်တို့၏ အခန်းကဏ္ဍကို မြှင့်တင်ခြင်း

အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ သာမန်အားဖြင့် များပြားလာပါသည်။ တစ်ဆက်တည်းမှာပင် အမျိုးသားအဆင့် အစိုးရအဖွဲ့များသည် မြေယာနှင့် သယံဇာတ အခြေပြု ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် တိုက်တွန်း အားပေးလာကြပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံခြားကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံသူများ၏ မတူကွဲပြားသော လုပ်ငန်းစီစဉ်များသည် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးမှုကိုဖော်ဆောင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပေါ် မှီခိုအားထားမှုများကို လျှော့ချနိုင်ရေး ရေရှည်မျှော်မှန်း၍ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန် ရေရှည်တည်တံ့သည့် ကူညီပံ့ပိုးမှုများရှိရန် လိုသည်။ လှူဒါန်းသူများသည် သတ်မှတ်ထားသည့် စွမ်းဆောင်ရည် တည်ဆောက်မှုများတွင် ပံ့ပိုးကူညီ၍ အရပ်ဘက်အဖွဲ့အစည်းများ အမျိုးသားနှင့် နိုင်ငံတကာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အားပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စဉ်ဆက်မပြတ် စီးပွားရေး အလ့အထကောင်းများ ဖော်ဆောင်နိုင်ရန် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ကောင်းမွန်သည့် အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းအားပေးရပါမည်။

ကြားကာလတွင် လိုက်နာဆောင်ရွက်ရမည့် မဟာဗျူဟာကျသည့် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းများ အောက်ပါအတိုင်း ဖြစ်ပါသည်။

- အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် ဦးစားပေး ထိန်းသိမ်းရေးနယ်မြေများတွင် အရပ်ဘက်အဖွဲ့များ ပူးပေါင်းမှု စသည်တို့ကို မြှင့်တင်ခြင်း။ အစိုးရ၏ လုပ်ငန်းအစီအစဉ်များ၊ ပုဂ္ဂလိကကဏ္ဍ၏ ဆောင်ရွက်ချက်များကို အရပ်ဘက်အဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာမှုကို အားပေးခြင်း။ အရပ်ဘက် အဖွဲ့အစည်းထောက်ပံ့သည့် လုပ်ငန်းအစီအစဉ်များကို သဘာဝထိန်းသိမ်းရေးနယ်မြေများ ကူညီပံ့ပိုးမှုဆိုင်ရာ လုပ်ငန်းအစီစဉ်များတွင် ပေါင်းစပ်ဖော်ပြခြင်း။
- ပုဂ္ဂလိက ကဏ္ဍအစီအစဉ်များ အထူးသဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ပါးစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသောကုမ္ပဏီများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်း စသည်တို့ကို ထောက်ခံအားပေးခြင်း။ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များကို ဖြည့်ဆည်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည် မြှင့်တင်ရန် တိုက်တွန်းအားပေးခြင်း။

တစ်သီးပုဂ္ဂလ ကုမ္ပဏီများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ရေရှည်ကျယ်ပြန့်စွာ ဖော်ဆောင်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကုမ္ပဏီကြီးများမှ သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို မူဝါဒဆိုင်ရာ ထောက်ခံ အသိအမှတ်ပြုနိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စများတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို အသိအမှတ်ပြု၍ ပွင့်လင်းမြင်သာမှုကို တိုးမြှင့်နိုင်ရန် အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## နီဂိုး

ယခုအခန်း၌ ဖော်ပြထားသော ဒေသများတွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုများ ဖြစ်ပွားလျက် ရှိသည်။ စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်းနှင့် မြို့ပြချဲ့ထွင်လာခြင်းတို့ကို ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့တွင် ကောင်းစွာ ဖော်ဆောင်လျက်ရှိပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေကြပြီဖြစ်သည်။ ကမ္ဘာ့ ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး ဒေသတွင် ကုန်သွယ်ရေးလမ်းကြောင်းများ တည်ရှိသည့်အပြင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါ လွှမ်းမိုးမှုများသည် တိုက်ရိုက်မျိုးစိတ်များကို သတ်ဖြတ်ခြင်းများဖြင့်သော်လည်းကောင်း၊ မြေယာနှင့် ရေသယံဇာတများအပေါ် ဖိအားများကျရောက်၍သော်လည်းကောင်း ဂေဟာစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုများ ပိုမို ကျရောက်စေပါသည်။ အစိုးရများသည် အဆိုပါ ဖိအားများကို ဖြေရှင်းဆောင်ရွက်လျက် ရှိသော်လည်း ရရှိသော အရင်းအမြစ်များမှာ လုပ်ငန်းများဆောင်ရွက်ရန် လုံလောက်မှု မရှိပေ။ ဒေသတွင်း နိုင်ငံအသီးသီးတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပူးပေါင်း ပါဝင်ပတ်သက်မှုမှာများစွာ မရှိသေးသော်လည်း တိုးပွားလာပြီ ဖြစ်သည်။ အစိုးရဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လှူဒါန်းသူများနှင့် နိုင်ငံတကာ NGOs များ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသ၏ သယံဇာတများကို ထိန်းသိမ်းကာကွယ်၍ ရေရှည်စီမံအုပ်ချုပ်မှုများ ဖော်ဆောင်ရာတွင် များစွာ အထောက်အကူပြုလျက် ရှိပါသည်။

နိုင်ငံအများရှိ သဘာဝထိန်းသိမ်းရေး နယ်မြေများသည် စီမံအုပ်ချုပ်မှုလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန် လှူဒါန်းသူများနှင့် နိုင်ငံတကာ NGOs များအပေါ် များစွာ မှီခိုနေရပြီး အခြား ရေရှည်ရရှိနိုင်သော ထောက်ပံ့မှုများကို ရှာဖွေဖော်ထုတ်စဉ် လက်ရှိ ကူညီပံ့ပိုးမှုများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်ရန် လိုသည်။ စီမံကိန်းများသည် ဒေသခံများ၏ အသက်မွေးမှုများနှင့် စဉ်ဆက်မပြတ် သယံဇာတ စီမံအုပ်ချုပ်မှုများကို ပေါင်းစည်းလုပ်ကိုင်သော တောတောင်ရေမြေ တစ်ခွင်တစ်ပြင် ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းကို ကူညီပံ့ပိုးပေးလျက်ရှိပြီး မျှဝေ လေ့လာ၍ မြှင့်တင် ဆောင်ရွက်နိုင်သော သင်ခန်းစာများနှင့် အတွေ့အကြုံများစွာကိုလည်း ထောက်ပံ့ပေးလေသည်။ တောရိုင်းတိရစ္ဆာန် မှောင်ခိုကုန်ကူးမှုများကို တိုက်ဖျက်နိုင်ရန် တရားဥပဒေ စိုးမိုးရေး လုပ်ငန်းများနှင့် အသိပညာပေး လူထုလှုပ်ရှားမှုများကို ကူညီပံ့ပိုးပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်လျက် ဂေဟာစနစ်နှင့် ဇီဝမျိုးစုံ မျိုးကွဲတန်ဖိုးများကို ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပေါင်းစပ် ထည့်သွင်းဖော်ပြခြင်းသည် ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည် ထိန်းသိမ်း၍ ဂေဟာစနစ် ဝန်ဆောင်မှုများ တည်တံ့ရေးကို ဖော်ဆောင်ရာတွင် အရေးပါလှလေသည်။

# Photo credits

p.4: © Allan Michaud; p.12: © Cyril Ruoso/naturepl.com; p.14: © Shutterstock; p.18: © Cyril Ruoso/naturepl.com; pp.20, 22, 27, 29, 30: © Shutterstock; p.30: © George Dian Balan; p.31: © Jeremy Holden/Fauna & Flora International; p.32: © Shutterstock; p.36: © Roland Seitre/naturepl.com; p.39: © Kayleigh Ghiot/Freeland; p.40: © Kayleigh Ghiot; pp.41, 42, 45: © Shutterstock; p.46: © ADB; p.48: © Shutterstock; p.49: © AusAID; pp.50, 52: © Shutterstock; p. 58: © Barrie Britton/naturepl.com; p.64: © Eleanor Briggs/WCS; © George Dian Balan; p.65: © Silvia Facchinello; p.66: © Eleanor Briggs/WCS; p.68: © Freeland/Kayleigh Ghiot; p.69: © UNODC/Piotr Zarovski; pp.71, 72: © Shutterstock; p.75: © David Hulse/WWF; p.76: © Jeremy Holden/Fauna & Flora International; p.78: © James Eaton; p.80: © ADB; p.81: © Shutterstock; p.83: © ADB; p.84: © Paul Bates, Harrison Institute; p.86: © EU; © Montakan Tanchaisawat/USAID; p.87: © Terry Sunderland/CIFOR; p.91: © EU; p.94: © Michael D. Kern/naturepl.com; p.97: © UNODC/Piotr Zarovski; p.98: © Dominique Le Roux/WCS; p.101: © Adam Oswell/WWF-Greater Mekong; p.102: © L. Lee Grismer; p.103: © O. Langrand/CEPF; p.104: © Tim Laman/naturepl.com; p.106: © Shutterstock; p.118: © Jeremy Holden/Fauna & Flora International; p.120: © Global Wildlife Conservation/Bill Robichaud; p.121: © Silvia Sartori/SWITCH-Asia Network Facility; p.123: © Shutterstock; p.125: © Eleanor Briggs/WCS

HM-01-19-219-MY-N













Publications Office

978-92-9238-618-4